http://www.dhammadownload.com

K-

# ဗုဒ္ဓဓမ္မပြဿနာများ
# (၅)



ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

## ဤစာအုပ်တွင်

- သုရဿတီ မယ်တော်ကြီးက ပိဋကတ်သုံးပုံစောင့်ပါသလား၊
- ဘယ်လိုလူ့ရုပ်မလဲဘုရား၊
- သုခဝေဒနာပဲ ရှုမယ်ဘုရား၊
- ကျောက်ဆင်းတုကိုယ်တော်သားကျနေတာပဲ၊
- ဘယ်မသာကအကျက်လဲ၊
- ဝိဇ္ဇာဆိုတာရှိပါသလားဘုရား၊
- ရုပ်သံနာမ်သံကြား နိဗ္ဗာန်နားနီး၊
- တပည့်တော်တို့ အကုသိုလ်တွေ ကုန်သွားပြီဘုရား၊
- ဝေဒနာတွေ ရေမျှောခဲ့တယ်ဘုရား၊
- ကျေးဇူးရှင်ကြီး၏ နောက်ဆုံးခရီး၊
- နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာရှိပါသလားဘုရား၊
- နင့်ဆရာ တရားမျိုးမှတ်လို့လား၊
- မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

စသည် စသည်တို့ဖြင့် ဤစာအုပ်တွင် အကျယ်တဝင့် ရှင်းလင်း ဖော်ပြထားပါသည်။

http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ — ၅

တေဒက်

အရှင်ပညာဇောတ
(ဝိသိဋ္ဌဒီဃဘာဏကနှင့်သိရီပဝရဓမ္မာစရိယ)

http://www.dhammadownload.com

**စာမူခွင့်ပြုအမှတ်** – (၇၃၅)
**မျက်နှာဖုံးခွင့်ပြုအမှတ်** –
**ပုံနှိပ်ခြင်း** – ပထမအကြိမ်
**အုပ်ရေ** – (၂၀၀၀)
**တန်ဖိုး** – (    ) ကျပ်
**ထုတ်ဝေသည့်လ** – ၁၉၈၀ ခုနှစ်၊ ဧပြီလ

**ထုတ်ဝေသူ** – ဦးသောင်း (၀၁၁၁၉)
**ရွှေပင့်ကူ** စာပေတိုက်
**ပုံနှိပ်သူ** – ဦးအုန်းစိန် (၀၃၀၉)
**ရွှေပြည်စိုး** ပုံနှိပ်တိုက်

**ဖြန့်ချိရေး**

ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်၊ ဖုန်း–၆၆၀၁၄၈

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | သူရဿတီမယ်တော်ကြီးက ပိဋကတ်သုံးပုံ စောင့်ပါသလား | ၁ |
| ၃။ | ဘယ်လို လှူရပါ့မလဲဘုရား | ၁၄ |
| ၄။ | သုခဝေဒနာဘဲ ရှုမယ်ဘုရား | ၂၉ |
| ၅။ | ကျောက်ဆင်းတုကိုယ်တော်သားကျနေတာပဲ | ၄၆ |
| ၆။ | ဘယ်မသာကအကျက်လဲ | ၅၉ |
| ၇။ | အရှင်ဘုရားမပြောင်းပါနဲ့ဘုရား | ၇၅ |
| ၈။ | ဝိဇ္ဇာဆိုတာ ရှိပါသလားဘုရား | ၈၃ |
| ၉။ | ပါဠိမရွတ်ပါနဲ့ဘုရား | ၁၀၃ |
| ၁၀။ | လူစုတဲ့သဘောလောက်ပဲတွေ့ရတယ် | ၁၁၄ |
| ၁၁။ | ရုပ်သံနာမ်သံကြားနိဗ္ဗာန်နားနီး | ၁၃၁ |
| ၁၂။ | မလိုချင်တော့ဘယ့်နှယ်လုပ်မလဲ | ၁၄၃ |
| ၁၃။ | တပည့်တော်တို့ကုသိုလ်တွေကုန်သွားပြီဘုရား | ၁၆၁ |
| ၁၄။ | ဝေဒနာတွေရေမျှောခဲ့တယ်ဘုရား | ၁၇၂ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ကျေးဇူးရှင်ကြီး၏ နောက်ဆုံးခရီး | ၁၈၇ |
| ၁၆။ | သက်သတ်လွတ်မစားရဘူးပေါ့ | ၂၀၁ |
| ၁၇။ | သဘောရိုးနဲ့လားတိုက်တာလား | ၂၁၄ |
| ၁၈။ | ကိစ္စပြီးနေပြီမှတ်လို့ | ၂၃၁ |
| ၁၉။ | နိဗ္ဗာန်ဆိုတာကိုယ်ထဲမှာရှိပါသလားဘုရား | ၂၄၁ |
| ၂၀။ | နင့်ဆရာတရားမျိုး မှတ်လို့လား | ၂၅၈ |
| ၂၁။ | ကိုယ့်ဂုဏ်ကိုယ်ဖော်မသူတော်တဲ့ | ၂၇၁ |
| ၂၂။ | သူခိုး...သူခိုးအော်ကောင်းပါသလား | ၂၈၅ |
| ၂၃။ | မသာတစ်ခေါက်ကျောင်းဆယ်ခေါက် | ၂၉၈ |
| ၂၄။ | အရှင်ဘုရားကော မပြောင်းသေးဘူးလား | ၃၁၆ |
| ၂၅။ | မလွန်လွန်းဘူးလားတဲ့ဘုရား | ၃၃၀ |
| ၂၆။ | မျက်နှာကိုက ပြုံးစိပြုံးစိနဲ့ | ၃၄၅ |
| ၂၇။ | အတ္တစွဲ မကြီးလွန်းဘူးလားဘုရား | ၃၆၆ |
| ၂၈။ | ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ် | ၃၈၀ |
| ၂၉။ | နိဂုံး | ၃၉၃ |

http://www.dhammadownload.com

(က)

# နိဒါန်း

## "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" 

ဗုဒ္ဓသည် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ဖြစ်သော တရားအရာတို့၌ အချိန်ကာလအားလျော်စွာ ဟောကြားတော်မူလေ့ရှိ၏။

ဟုတ်မှန်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏။ အကျိုးနှင့်စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏။ အကြောင်းနှင့်စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏။ အကျင့်နှင့် စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏။ ဆုံးမချက်နှင့်စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏။

မိမိသည် ယင်းသို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓ၏တပည့်သာဝကကောင်းတစ်ယောက်ဖြစ်၏။ ယခုအခါ ထိုဗုဒ္ဓမရှိပြီ။ ဗုဒ္ဓ၏တာဝန်သည် သာဝက၏ တာဝန်ဖြစ်ချေပြီ။ မိမိသည် ယင်းသို့မြင်သည်၊ ယင်းသို့တွေးသည်။

ယင်းသို့ မြင်တွေးသည့်အားလျော်စွာ ဗုဒ္ဓ၏ကောင်းသောဗုဒ္ဓဖြစ်ကြောင်းပြသရန်၊ သိစေရန် မိမိသည် ဗုဒ္ဓနှင့်ပတ်သက်သော ပြဿနာများကို ရေးသားခဲ့ရာ ယခုအခါ အမှတ်(၅)သို့ ရောက်လာချေပြီ။

http://www.dhammadownload.com

# (၁)

ဗုဒ္ဓသည် အချိန်ကာလအားလျော်စွာ ဟောကြားတော်မူလေ့ရှိသလို မိမိလည်း အချိန်ကာလအားလျော်စွာ ဖြစ်ပေါ်လာသော ဗုဒ္ဓဓမ္မပြဿနာများကို ရှင်းလင်းရေးသားပါ၏။

ဗုဒ္ဓသည် ဟုတ်မှန်သည်ကိုသာ ဟောကြားတော်မူလေ့ရှိသလို မိမိလည်း ဟုတ်မှန်သော ဗုဒ္ဓဓမ္မပြဿနာများကိုသာ ရေးသားလေ့ရှိပါ၏။

သရက်ပင်တစ်ပင်မှ အသီးကောင်းကိုစားလို၍ အပင်ပေါ်သို့ တက်၍ လှုပ်ချသောအခါ လိုသောအသီးကောင်းသာမက မလိုသောအသီးအပုပ်တွေလည်း ကြွေကျလေ၏။

ဤအတူပင် ဗုဒ္ဓသည် အဟုတ်အမှန်ကိုသာ ဟောကြားလေ့ရှိသည့်အားလျော်စွာ ဟောကြားတော်မူသည့်အခါ အသီးပုပ်နှင့်တူသည့် မဟုတ်မမှန် ကျင့်ကြံသူတို့ကို ထိရောက်ကုန်၏။

စင်စစ်တော့ ဗုဒ္ဓသည် အသီးကောင်းနှင့်တူသော အဟုတ်အမှန်ကို ကျင့်ကြံသောသူတွေအတွက် အဟုတ်အမှန် တရားတော်ကို ဟောကြားပေးခြင်းဖြစ်ပေ၏။

ဗုဒ္ဓသည် အသီးကောင်းနှင့်တူသူ အဟုတ်အမှန်ကျင့်သူကို ရည်မှန်းပြီး အဟုတ်အမှန် တရားတော်ကို အဟုတ်အမှန်မကျင့်သူ အသီးပုပ်နှင့်တူသူတွေ ထိရောက်မှာစိုး၍ ဟောတော်မမူပါလျှင် အသီးကောင်းနှင့်တူစွာ အဟုတ်အမှန်ကျင့်သူများ တရားရပါမည်လော၊ မဟုတ်မမှန်သူများလည်း မဟုတ်မမှန်ဘဝမှ ကျွတ်လွတ်မည်လော၊ တရားမရနိုင်၊ မကျွတ်လွတ်နိုင်ပါ။

http://www.dhammadownload.com

# (၈)

ယခနေ့ မိမိ၏ ဗုဒ္ဓဓမ္မပြဿနာများ အဟုတ်အမှန် တရားများကို အဟုတ်အမှန်ကို ကျင့်ရန်လိုလား အမျိုးကောင်းသားသမီးဟူသော အသီးကောင်းများအတွက် ရေးသားခဲ့၏။

ယင်းသို့ရေးသားရာတွင် အမှန်တရားကို ဖယ်၍ မမှန်တရားအမှားလမ်းသို့ သွားနေသူ၊ အသီးအပုပ်နှင့်တူသူများကို မိမိမရည်ရွယ်ပါ။ သို့သော် ထိကောင်းထိပါမည်။

ယင်းကို မထိအောင်ရှောင်လျှင် အသီးကောင်းနှင့်တူသည့် အဟုတ်အမှန်လိုလားသူများလည်း တရားအမှန်မသိနိုင်တော့၊ အမှားလမ်းသို့ သွားနေသူများပါ အမှန်လမ်းသို့ မရောက်နိုင်တော့။

သို့ဖြစ်၍ အမှန်လိုလားသူများအတွက် အမှန်ကိုရရှိစေရန်၊ အမှားလမ်းကို အမှားလမ်းမှန်းမသိဘဲ အရမ်းသွားနေသူများအတွက် အမှန်လမ်းပေါ်သို့ ပြန်လည်ရောက်ရှိစေရန် တကယ့်ဖြစ်ရပ် ကိုယ်တွေ့ ဗုဒ္ဓဓမ္မပြဿနာများကို တကယ့်ဖြစ်ရပ်အတိုင်း မေတ္တာကရုဏာ အပြည့်အဝထား၍ ရေးသားပါသည်။

ယင်းသို့ မေတ္တာကရုဏာအပြည့်အဝထား၍ ရေးသားသည့်အလျောက် အမှားလမ်းမှ အမှန်လမ်းပေါ်သို့ ရောက်သွားသူဦးရေသည် အတော်များခဲ့ပေပြီ။

အမှန်လိုလား လမ်းမှန်သွားနေသူများလည်း အားရဝမ်းသာရဲတင်းစွာ ဆက်လက်၍ လမ်းမှန်ပေါ်သို့ လျှောက်သွားလျက်ရှိချေပြီ။

http://www.dhammadownload.com

## (ဃ)

ဗုဒ္ဓသည် အကျိုးနှင့်စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိသလို မိမိလည်း သတ္တဝါများ၏ ကောင်းကျိုးချမ်းသာရေးနှင့် ပတ်သက်သော ဗုဒ္ဓဓမ္မပြဿနာများကိုသာ ရေးပါ၏။

ဗုဒ္ဓသည် အကျိုးမဲ့သောဓမ္မကို ဟောတော်မမူသလို ဗုဒ္ဓ၏ သာဝကကောင်းဖြစ်သော မိမိသည်လည်း အကျိုးမဲ့နှင့်စပ်သော ဓမ္မများကို မရှင်းလင်းမဖော်ပြပါ။

ဗုဒ္ဓသည် အကြောင်းနှင့်စပ်သည်ကို ဟောကြားလေ့ရှိသလို မိမိသည်လည်း အကြောင်းနှင့်စပ်၍ ဖြစ်ပေါ်လာသော ပြဿနာများကိုသာ ရေးသားဖော်ပြထားပါသည်။

ဗုဒ္ဓသည် အကျင့်ဆုံးမချက်နှင့် စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိသကဲ့သို့ မိမိသည်လည်း ဗုဒ္ဓ၏တပည့်ကောင်းဖြစ်သည့်အားလျော်စွာ အကျင့်ဆုံးမချက်နှင့်ပတ်သက်သော ဓမ္မများကိုသာ ရေးသားဖော်ပြပါသည်။

ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသောအချိန်မှစ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူသောအချိန်တိုင်အောင် ဤကာလအတွင်း၌ ဗုဒ္ဓဟောကြားတော်မူသမျှ၊ မိန့်မြွက်တော်မူသမျှ၊ ညွှန်ပြတော်မူသမျှသည် မှားယွင်းချွတ်ချော်သည်ဟူ၍ မရှိချေ။ ဟောမိန့်မြွက်ဟာ ညွှန်ပြတော်မူသောအတိုင်း မှန်ကန်သည်သာဖြစ်၏။

အမှန်အကန်ကိုသာ ဟောတော်မူခဲ့သော ယင်းဗုဒ္ဓ၏ ဓမ္မတို့ကို အချို့မှာ အမှန်အကန်အတိုင်း မသိမမြင်မယူမှတ်တတ်ကြပေ။

http://www.dhammadownload.com

# (၄)

အချို့မှာ အမှန်အကန်ကို အမှားထင်ကာ အမှားကိုမှ အမှန်အကန်ထင်မှတ်၍ ကျင့်သုံးနေသူတွေလည်း ရှိသည်။

မိမိသည် ယင်းတို့ကို မြင်သည်၊ သိသည်၊ သို့ဖြစ်၍ အမှားကိုလည်း အမှားအတိုင်းမြင်စေ၊ သိစေ၊ အမှန်ကိုလည်း အမှန်အတိုင်းမြင်စေ၊ သိစေလိုသည့်အတွက် ဖြစ်ပေါ်လာသော ဗုဒ္ဓဓမ္မပြဿနာများကို တင်ပြနေသည်။

ဗုဒ္ဓ၏ တရားဓမ္မတွေသည် "ဒီအရပ်မှဒီကိုလာလှည့်၊ ဒီတရားကို ရှုကြည့်စုံစမ်းလှည့်" ယင်းသို့သော အစီအရင်တိုက်တွန်းခြင်းငှာ ထိုက်သော တရားတော်ဖြစ်၏။

ယင်းသို့ "လာလှည့်၊ ရှုလှည့်"ဟူသော အစီအရင်ထိုက်သည့် ဗုဒ္ဓဓမ္မ အမှန်များကို မဟုတ်မဟတ် လုပ်ဇာတ်တရားများ၊ အတုအယောင်တရားများ ဝင်လာချေပြီ၊ သွင်းလာချေပြီ၊ ပကာသနများ လွှမ်းလာချေပြီ။ ယင်းတို့ကို မိမိသိသည်၊ မြင်သည်။

သို့ဖြစ်၍ ယင်းတို့ကို ခွဲဝေသိစေခြင်းငှာ "မဟုတ်မဟတ်လုပ်ဇာတ်တရားက သည်လို၊ အတုအယောင်ကသည်နည်း၊ ပကာသနကသည်နှယ်"ဟု အသွယ်သွယ်အဝဝ ပေါ်လာသောပြဿနာများဖြင့် မိမိတင်ပြရှင်းလင်းခဲ့ရာ ယခုအခါ အမှတ်(၅)သို့ရောက်ခဲ့ပြီ။

အို–စာရှုသူ ဤမျှလောက်ဆိုရင် မိမိ၏ ဗုဒ္ဓဓမ္မပြဿနာများကို ရေးခြင်းရည်ရွယ်ချက် သိလောက်ပါပြီ။

အို–စာရှုသူ ညွှန်ကြားပါရစေ၊ မိမိ၏ ဗုဒ္ဓဓမ္မပြဿနာများဖြစ်စေ၊ အခြားသောစာအုပ်များကိုဖြစ်စေ ဖတ်ရှုသည့်အခါ မိမိ

http://www.dhammadownload.com

# (၈)

တွင်ရှိနေသော ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ ဘာသာစွဲကို သတိမထား ဖယ်ရှားပြီးဖတ်ပါ။ သို့မှ အမှန်ရပါမည်။

တစ်ဖန် ဖတ်ရှုသည့်စာပေအပေါ်တွင်လည်း မိမိ၏ ပုဂ္ဂိုလ် အယူအဆ၊ ဂိုဏ်းအယူအဆ၊ ဘာသာအယူအဆနှင့် မထင်ဟပ် ဘဲ စာ၏ဆိုလိုချက်ကဘာ၊ ရည်ညွှန်းချက်ကဘယ်လို၊ ယုတ္တိ ရှိ့မရှိ၊ သဘာဝကျ မကျ၊ လိုက်နာသင့်သည်၊ ပယ်ရှားသင့်သည် စသည်ကိုသာ သတိပြု၍ ရှုကြည့်သင့်ပါ၏။

အို–စာရှုသူ၊ မှန်ကန်စွာ ကျင့်ကြံအားထုတ် တကယ်တမ်း အလုပ်လုပ်သော သူတို့ကို ယင်းသို့ကျင့်ကြံအားထုတ်သော အချိန်မှစ၍ နှလုံးသားကိုရော၊ ဦးနှောက်ကိုပါ နှစ်သိမ့်အေးမြ စေလျက် အပူဒုက္ခနှင့် ယင်း၏မျိုးစေ့ကိုပါ အကြွင်းမဲ့ ပျောက် ငြိမ်းစေနိုင်၏။ ယင်းတရားကား မုချအားဖြင့် တရားမှန် ဖြစ် သတည်း။ ယင်းတရားသည်ကား တကယ်တမ်း အားထား၍ ယုံကြည်ကိုးကွယ်ရာ တရားဖြစ်သတည်း။

ဗုဒ္ဓ၏တရားတော်တွေကား ယင်းသို့သော တရားတော်တွေ ဖြစ်၏။ ယင်းဗုဒ္ဓ၏ တရားအနှစ်သာရတွေကား ယခုအခါတွင် အပွေး၊ အခွံ၊ အကာပမာ အခြားသော အနှစ်မရှိသော တရား များက ရောယှက်လျက်ရှိ၏။

ယင်းသို့ဖြစ်၍ မိမိသည် ဗုဒ္ဓ၏ အနှစ်တရားနှင့် အခြားသော အနှစ်မဲ့သည့်အပွေး၊ အခွံ၊ အကာပမာ မခိုင်မာသည့် တရားများကို ခွဲခြားလျက် ဗုဒ္ဓဓမ္မပြဿနာများတွင် ရှင်းလင်းဖော်ပြထားသည်။

http://www.dhammadownload.com

(ဆ)

မိမိ၏ ရှင်းလင်းဖော်ပြချက်အရ အပွေး၊ အခွံ၊ အကာများ ဖယ်ရှားပြီး အနှစ်သာရ တရားများကို သိရှိရသဖြင့် အားရရွှင်လန်း ဝမ်းမြောက်သူများလည်း များစွာရှိချေပြီ။

မှန်၏။ အညစ်အကြေးကင်းသော မှန်ကြေးမုံပြင်၌ အပြင် အပမှ အရိပ်များသည် ကြည်လင်ပြတ်သားစွာ ထင်မြင်လာကြ ကုန်သကဲ့သို့ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ အယူဝါဒစွဲ၊ ဘာသာစွဲ၊ အညစ် အကြေးမှ ကင်းဝေးစင်ကြယ်သော ဉာဏ်အမြင်ရှိသူ၏ နှလုံး သား ဟဒယအကြည်၌မူ ခိုင်မြဲမှန်ကန်သော၊ စစ်မှန်လေးနက် သော၊ အနှစ်သာရရှိသော ဓမ္မတရားသည် ထင်လင်းပြတ်သား စွာ ပေါ်လွင်၍ လာပေပြီ။

အို–စာရှုသူ၊ စာရှုသူသည် လူသားတစ်ယောက်ဖြစ်၏။ လူသားသည် ကိုယ်ပိုင်ဉာဏ်ကို သုံးနိုင်သူ ဖြစ်၏။

စာရှုသူတွင် ရှိနေသော ကိုယ်ပိုင်ဉာဏ်ကို အသုံးချ၍ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ အယူဝါဒစွဲတည်းဟူသော အစွဲအလန်း သေတ္တာ၌ သော့ပိတ်ကာ မထားပါလင့်။

စာရှုသူတွင်ရှိသော ကိုယ်ပိုင်ဉာဏ်ကို အသုံးချ၍ ဗုဒ္ဓ၏ ဓမ္မအမှန်တို့ကို အမှန်အတိုင်း သိရှိရအောင် ဝေဖန်စစ်ဆေး၍ အမှန်ကို လက်ခံ၍ကျင့်သုံးပါလော့။

အမှန်တရားရှာဖွေရေးအတွက် ဗုဒ္ဓဓမ္မပြဿနာများ(၅)က လှေခါးထစ်သဖွယ် သွယ်တန်းပေးထား၍ လျှောက်ရန်သာ လိုတော့၏။ အို–စာရှုသူ၊ နောက်မဆုတ်လင့်၊ ရှေ့သို့သာတက်

http://www.dhammadownload.com



ပါလော့၊ နောက်ဆုတ်ခြင်းသည် သင့်အတွက် အကျိုးမရှိ၊ ရှေ့သို့ တက်ခြင်းသည်သာ သင့်အတွက် အကျိုးရှိ၏။

အို–စာရှုသူ၊ အမှန်တရားကို တွေ့ရှိထားပါလျက်၊ လက်ခံနိုင်တဲ့ နှလုံးသားရှိပါလျက် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ အယူဝါဒစွဲ ပတ်ဝန်းကျင်တို့ကြောင့် အမှန်တရားကို လက်မခံနိုင်ဘဲ လွဲရပါလျှင် သင့်အတွက် ဒီထက်ပိုလွန်၍ ရှုံးသောအရှုံးသည် ဒီဘဝတွင် မရှိတော့ပြီ။

အို–စာရှုသူ၊ အစွဲအလန်းများကြောင့် အမှန်တရားကို အရှုံးခံမည်လော၊ အစွဲအလန်းများကို ပယ်ဖျောက်၍ အမှန်တရားကို လက်ခံမည်လော။

မိမိသည် ဗုဒ္ဓဓမ္မပြဿနာများဖြင့် အမှားပယ်ခွင်း အမှန်သွင်း၍ ရှင်းလင်းပေးနေပြီ။ လျှောက်လော့၊ သွားလော့၊ နောက်မဆုတ်လင့်။

နောက်လည်း စာရှုသူအတွက် အမှတ်(၆–၇)စသော ဗုဒ္ဓဓမ္မပြဿနာများဖြင့် ဆက်ကာဆက်ကာ ရှင်း၍ရှင်း၍ ပေးဦးမည်သာတည်း။။

**တေဒင်္ဂ–အရှင်ပညာဇောတ**

ဓမ္မဒူတတောရ

တောင်စွန်းမြို့–ဘီးလင်းမြို့နယ်

မွန်ပြည်နယ်

၁၃၄၁–ခုနှစ်၊ ကဆုန်လပြည့်နေ့

(၁၀–၅–၇၉)

http://www.dhammadownload.com



# သုရဿတီမယ်တော်ကြီးက ပိဋကတ်သုံးပုံစောင့်ပါသလား?

## ( ၁ )

နတ်ပြည်၊ ဗြဟ္မာပြည်များ ထင်ရှားရှိပါသည်။ ယင်းနတ်ပြည်၊ ဗြဟ္မာပြည်များသို့ ဘုရားရှင်ကြွတော်မူကြောင်းလည်း ကျမ်းဂန်တွင် အထင်အရှားရှိပါသည်။ ဘုရားရှင်မှတစ်ပါး ရှင်မဟာမောဂ္ဂလာန်စသော တန်ခိုးကြီးရဟန္တာများ နတ်ပြည်ကြွတော်မူကြောင်းလည်း ကျမ်းဂန်များတွင် အထင်အရှားရှိပါသည်။

တစ်ဖန် နတ်များ၊ ဗြဟ္မာများ၊ ရံခါတစ်ဦးချင်း၊ ရံခါအများစုဝေးပြီး ဘုရားရှင်ထံလာရောက်ဖူးမြော်ကြောင်း၊ တရားလာရောက်နာကြောင်း၊ ပြဿနာလာရောက်မေးလျှောက်ကြောင်းများလည်း ကျမ်းဂန်များတွင် အထင်အရှားရှိပါသည်။

http://www.dhammadownload.com



မှန်ပါသည်၊ ဘုရားရှင်လက်ထက်တော်အခါက ကျွတ်တန်းဝင်ကြသူများတွင် လူသားထဲမှ လူများမှာ နည်းပါးလှပါ၏။ နတ်ဗြဟ္မာများမှာ မရေမတွက်နိုင်လောက်အောင် ကျွတ်တန်းဝင်ကြ၏။

ဓမ္မစကြာ၊ မင်္ဂလသုတ်၊ မဟာသမယသုတ်စသော သုတ္တန်များကို ဟောသောအခါ တစ်သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာများ လာရောက်တရားနာယူခဲ့ရာ တရားထူးရကြသော နတ်ဗြဟ္မာများမှာ မရေမတွက်နိုင်လောက်အောင် များပြားလှ၏။

နယ်ဗြဟ္မာများမှာ ဘုရားတရားတော်ကို လွန်စွာလေးစား၍ နာကြားကြရန် မျှော်လင့်ငံ့စားလျက်ရှိကြောင်း ကျမ်းဂန်များအရ သိရ၏။

နတ်များ၏ အကူအညီ အစောင့်အရှောက်ကို ရလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် နတ်များကို ဖိတ်ကြ၏။ နတ်များကို ကိုးကွယ်ကြ၏။

နတ်မှာ နတ်ကောင်း နတ်ဆိုး နှစ်မျိုးရှိပေသည်။ အချို့သော ကပ်ရောဂါများ အန္တရာယ်များ၌ နတ်ဆိုးများ၏ ပယောဂများလည်း ပါဝင်တတ်၏။

ယင်းသို့ နတ်ဆိုးများပါဝင်ရာ၌ နတ်ကောင်းများလာလျှင် နတ်ဆိုးများပြေးရှောင်တတ်၍ အန္တရာယ်ကင်းခြင်းစသော အကျိုးပြီးရေး၌ နတ်ကောင်းများလာရောက်ရေးကို လိုလားအပ်သည်။ သို့ဖြစ်၍ မင်္ဂလာအခါဦးများ၌ နတ်များကို ဖိတ်ကြားခြင်း အစဉ်အလာတစ်ခု ဖြစ်ရသည်။

http://www.dhammadownload.com



ယင်းသို့ဖိတ်ကြားရာ၌ မိမိတို့ယုံကြည်သော ကိုးကွယ်သော နတ်များကို ဖိတ်ကြသည်။ ဤတွင် နတ်အဓိပ္ပာယ်ကို အနည်းငယ်ရှင်းလိုသည်။

လောက၌ ကိုးကွယ်အားထားရာဟု မှီခိုကပ်ရောက်အပ်သော ပုဂ္ဂိုလ်များကို "ဒေဝ=နတ်"ဟု ဆိုအပ်ပေသည်။ ထို့ကြောင့် "ဥပပတ္တိနတ်"ခေါ် နတ်ပြဟ္မာများသာမက လူအများအားထားကိုးစားရာ မင်း၊ ရဟန္တာများကိုပင် "သမ္မုတိနတ်၊ ဝိသုဒ္ဓိ နတ်"ဟု ခေါ်ရခြင်းဖြစ်၏။

ဘုရားရှင်လည်း သတ္တဝါတို့၏ ကိုးကွယ်ရာအဖြစ် မှီခိုချဉ်းကပ်အပ်သောကြောင့် "ဒေဝ=နတ်"ပင် ဖြစ်ပါသည်။ သို့သော် သာမန် "ဒေဝ=နတ်"မျှမဟုတ်၊ သမ္မုတိနတ်၊ ဥပပတ္တိနတ် မှန်သမျှတို့၏ အားထားကိုးကွယ်ရာဖြစ်၍ "နတ်မှန်သမျှတို့၏ နတ်၊ နတ်တို့ထက်နတ်"ဟု ဆိုအပ်ပေသည်။

ယင်းသို့ဆိုသော် နတ်ဆိုတာ မရှိသလောမေးသော် ရှိ၏ဟု ဖြေရမည်။ သို့သော် ယင်းနတ်များနှင့်ပတ်သက်၍ ယနေ့ ဗုဒ္ဓသာသနာဝင်လောကတွင် ရေပန်းစားနေသော နတ်တစ်ပါး ရှိ၏။

ယင်းနတ်ကား တစ်ခြားမဟုတ်၊ သူရဿတီမယ်တော်ကြီး ပင်ဖြစ်၏။ ယင်းသူရဿတီမယ်တော်ကြီးကို ဗုဒ္ဓသာသနာဝင် လောကတွင် လူအများသာမက အချို့ရဟန်းများပင် ကိုးကွယ် နေကြသည်။

http://www.dhammadownload.com



ယင်းကို အချို့က ဟုတ်,မဟုတ်၊ မှန်,မမှန်၊ အကျိုးရှိ,မရှိ သိလိုကြသည်။ သိလိုသော်လည်း အချို့မှာ မမေးမြန်းတတ်၍ မမေးကြသဖြင့် သိခွင့်မရကြ၊ အချို့မေးမြန်းတတ်၍ မေးသဖြင့် သိရသော်လည်း မိမိတစ်ဦးသာ သိရသည်။ မိမိမှတစ်ပါး အခြားသူများ ကျယ်ပြန့်စွာမသိရပေ။

ယင်းသူရဿတီမယ်တော်ကြီး ပြဿနာကို မိမိအား တစ်ချိန်က ဒကာတစ်ယောက်က မေးခဲ့ဖူး၏။ မိမိလည်းဖြေခဲ့၏။ သို့သော် စာဖြေအဖြစ်မရောက်လာ၊ ယခုမှ သိရန်လိုလားသူများအတွက် ပြန်လည်ဖော်ပြပါအံ့။

တစ်ချိန်ကဖြစ်ခဲ့၏။ မိမိသည် ဓမ္မသဘင် ခရီးစဉ်အတိုင်း လှည့်လည်နေချိန် မြို့ကြီးတစ်မြို့ရောက်ခိုက်ဖြစ်၏။ တစ်နေ့ နေ့လည်တွင် ဒကာတစ်ယောက်ရောက်လာပြီး ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား၊ သူရဿတီမယ်တော်ကြီးက ပိဋကတ်သုံးပုံ စောင့်ပါသလားဘုရား"

"အင်း...အဲဒါမှ ဖြေရခက်တယ်"

"ဘာဖြစ်လို့ပါလဲဘုရား"

"အဲဒီသူရဿတီနတ်သမီး၊ သူရဿတီမယ်တော် အယူအဆတွေက သိပ်ရှုပ်တယ်ဒကာကြီး"

"ရှင်းနိုင်ရင် ရှင်းပေးပါဘုရား"

http://www.dhammadownload.com



"ရှင်းတော့ရှင်းမယ်၊ ရှင်းရင်းရှုပ်ခြင်း၊ ရှင်းရင်းရှုပ်ခြင်း ဖြစ်ရင်တော့ မတတ်နိုင်ဘူးနော်"

"မှန်ပါဘုရား၊ ဖြေသာဖြေပါဘုရား၊ သူ့ပင်ရင်းက ရှုပ်လို့ ရှုပ်တာတော့ ဘယ်တတ်နိုင်မလဲဘုရား။ သဘာဝပေါ်ရင် တော်ပါပြီဘုရား"

"ကဲ...ဒါဖြင့် ရှင်းမယ်နော်"

"မှန်ပါ၊ ရှင်းပါဘုရား"

"ရှင်းဆိုရင် အစကတည်းကရှုပ်မယ်၊ သူရဿတီဆိုတာ ပင်ရင်းနာမည်မဟုတ်ဘူး"

"ဟင်...သူရဿတီမဟုတ်ရင် ဘယ်သူပါလဲဘုရား"

"သရဿဝတီတဲ့၊ ဆရတ်ဝတီတဲ့၊ ဒီနတ်သမီးက ဗြဟ္မဏဝါဒမှာလာတဲ့ နတ်သမီးပါ"

"အစကတည်းက ဗြာဟ္မဏဝါဒနတ်ဆိုတော့ ဗုဒ္ဓဘာသာနတ် မဟုတ်ဘူးပေါ့ဘုရား"

"အင်း..."

"ဆက်ရှင်းပါဦးဘုရား"

"သရဿတီတဲ့၊ ဆရတ်ဝတီဆိုတာ Watery= ရေရှိသော အရာ'မြစ်'အဓိပ္ပာယ်ရတယ်"

"ဒီလိုဆိုတော့ "သူရဿတီ"ဆိုတာ နတ်သမီးမဟုတ်ဘူး၊ မြစ်ပေါ့ဘုရား"

"အင်း–သူတို့ ဗြာဟ္မဏတို့ရဲ့ဝေဒကျမ်းများမှာ "သရဿတီ"

http://www.dhammadownload.com



ဆိုတာ မြစ်ရဲ့အမည်ပဲ၊ နောက်ပိုင်းကျတော့ မြစ်နဲ့နတ်သမီး နှစ်မျိုးလုံးအတွက် သရဿတီဆိုတဲ့ အမည်ကို သုံးစွဲလာကြတယ်"

"ဒီမြစ်က ဘယ်မှာရှိပါသလဲဘုရား"

"ဟို အိန္ဒိယပြည် အရှေ့ပိုင်း ပန်ဂျပ်နယ်မှာ ရှိတယ် ဒကာကြီး"

"မှန်ပါ ဆက်ရှင်းပါဘုရား"

"အဲဒီမြစ်ကို အဲဒီဒေသသားတွေက ယခုခေတ်တိုင်အောင် 'ဆရဿတီ'လို့ ခေါ်ကြသေးတယ်"

"ယခုခေတ်မှာ ဂင်္ဂါမြစ်ကို ဟိန္ဒူလူမျိုးများ အထွတ်အမြတ်ထားကြသလို ရှေးက အရိယာန်လူမျိုးတွေက အဲဒီ 'သရဿတီမြစ်'ကို အလေးအမြတ်ပြုကြတယ်"

"အမှန်က မြစ်ဆိုတာ ရေရှားပါးတဲ့ အရပ်ဒေသတွေမှာ လူတို့ရဲ့အသက် သွေးခဲပဲ၊ ဒီတော့ 'သရဿတီမြစ်'ရဲ့ ကြည်လင်သန့်ရှင်းသော၊ ဖြူစင်သော၊ မြေဩဇာကောင်းစေတဲ့ရေကို ကြည့်ပြီးတော့ မြစ်ရေကိုပေးတဲ့ မြစ်ကို စိတ်ကူးနဲ့ ဖန်တီးပြီး ကျေးဇူးတင်ကြတယ်။ နတ်အဖြစ်နဲ့ ပူဇော်ပသကြတယ်တဲ့နော်"

"မှန်ပါဘုရား"

"အေး...အဲဒီသရဿတီမြစ်ကမ်းတစ်လျှောက်မှာ နေထိုင်ကြတဲ့ ရှေးက အရိယာန်လူမျိုးတွေက မြစ်ရေကို ရေအဖြစ်မျှလို့ သူတို့က မမြင်ကြဘူးတဲ့"

http://www.dhammadownload.com



"သူတို့က ဘယ်လိုမြင်ကြပါသလဲဘုရား"

"သူတို့ကလား၊ မြစ်ရေဟာကြည်လင်တယ်၊ အညစ်အကြေး ဆေးကြောသုတ်သင်တတ်တယ်၊ အဲဒီလို ဂုဏ်ကျေးဇူးများကို နတ်သမီးက ပြုလုပ်ပေးတယ်လို့ ထင်ကြတယ်။ အမှန်စင်စစ်က ရေဓာတ်သတ္တိပဲနော်"

"မှန်ပါဘုရား"

"မြစ်ရေဟာ သတ္တဝါတွေကို အသက်ရှင်သန်အောင် အကျိုး ပြုတယ်။ သီးပင်၊ ပွင့်ပင်၊ စားသုံးပင်တွေဟာ ရေကိုအမှီပြုပြီး တော့ ဖြစ်ထွန်းကြတယ်၊ ဒါဟာ သဘာဝပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ဆေးပင်၊ ဝါးပင်တွေက လူတွေရဲ့အသက်ကို ရှင်သန်စေတယ်ဆိုတာလဲ သဘာဝပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...အဲဒီသဘာဝအားလုံးကို မြစ်စောင့်နတ်သမီးက ပေးတယ်လို့ အဲဒီအရိယာန်လူမျိုးတွေက ထင်မြင်ယူဆတယ်။ သူတို့အယူအဆပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ သူတို့က နှလုံးအေးတဲ့ မသေဆေးကို သရဿတီ နတ်သမီးလို့ ဂုဏ်ထင်ကြတယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တချို့ မန္တရများမှာ သိန္ဓုမြစ်၊ ယမုံနာမြစ် စသော အခြားမြစ်များနှင့်အတူ သရဿဝတီမြစ်ကို ချီးမွမ်းဂုဏ်ပြုထားတာကိုလည်း တွေ့ရသေးတယ်"

"ဒီလိုဆိုတော့ သရဿတီဆိုတာ မြစ်ပေါ့နော်"

"အင်းပေါ့၊ အဲဒီမြစ် စီးဆင်းပုံကို တခမ်းတနား ဖွဲ့ထားတာတွေ ရှိသေးတယ်"

"ဘယ်လိုဖွဲ့ပါသလဲဘုရား"

"ဟို...ဟိမဝန္တာတောင်မှစပြီး တောင်ခေါင်းတွေကို ဖြတ်ပြီးတော့ စီးဆင်းတယ်၊ အချို့တောင်ကုန်း၊ တောင်ပူစာ၊ တောင်ထွတ်တွေကိုဖြတ်ပြီးတော့ စီးဆင်းတယ်၊ တဂျုံးဂျုံး တဝုန်းဝုန်း မြည်ဟီးပြီးတော့ ကြီးမားတဲ့အသံကိုပြုပြီးတော့ ဒလဟော စီးဆင်းတယ်။ အမှိုက်သရိုက် အညစ်အကြေးတွေကို သယ်ဆောင်ရှင်းလင်းတယ် စသည်ဖြင့် ဖွဲ့နွဲ့ကြတယ်"

"ဒါကတော့ မြစ်တိုင်းရဲ့ သဘာဝပဲဘုရား"

"အေး...အဲဒါသူတို့ကတော့ 'Divine=နတ်သမီးရဲ့ တန်ခိုးအရှိန်အဝါတွေ အဖြစ်ဖြင့် စီကုံးကြတယ်။ နတ်သမီးကို 'တိုင်တည်ဆုတောင်းခြင်း=Propitiation' ပြုကြတယ်တဲ့နော်"

"မှန်ပါဘုရား"

"အေး...မြစ်ရေတွေ လျော့နည်းလာတာကို တွေ့ရတဲ့အခါကျတော့လည်း မယ်တော်ရဲ့ နို့ချိုများကို မတွန့်တိုပါမယ့်အကြောင်း ဆုတောင်းကြသတဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"တချို့သူတွေ မြစ်နဲ့အင်မတန်ဝေးကွာတဲ့ ဒေသသို့ လွင့်ပါး ထွက်ခွာသွားကြတာကို မြင်ရတဲ့အခါ မယ်တော်သရဿတီ ထံပါးမှ ဝေးလံတဲ့ ဒေသများသို့ မနှင်ပါမယ့်အကြောင်း ဆုတောင်း ကြသတဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ နွေရာသီမှ မိုးရာသီသို့ ရာသီပြောင်းခါနီး လှိုင်း တံပိုး သည်းထန်စွာနဲ့ စီးဆင်းလာတာကို မြင်ရပြန်တော့ သရဿတီ နတ်သမီးရဲ့ နို့အုံများကြီးထွားလာပုံ၊ အဲဒီနို့အုံများမှ စီးကျလာတဲ့ နို့ရေများက အလုံးစုံသော ကြီးပွားတိုးတက်ခြင်းကို ပေးပုံများကိုလည်း သူတို့ရဲ့ ကျမ်းများမှာ တခမ်းတနား ဆိုထား သေးတယ်"

"မှန်ပါဘုရား"

"ပြီးတော့ မီးဟာ ရေမှပေါက်ဖွားတယ်၊ ရေဟာ မီးရဲ့ပေါက် ဖွားရာဖြစ်တယ်၊ မီးကို ရေကပေါက်ဖွားစေတဲ့အချက်ကို အစွဲပြု ပြီးတော့ သရဿတီကို မိခင်လို့ သုံးနှုန်းထားပြန်တယ်"

"အမျိုးမျိုးပါလားဘုရား"

"အင်း...ရှံခါ မြစ်တို့ရဲ့မိခင်၊ ရှံခါကျတော့ မြစ်တို့ရဲ့အမကြီး အဖြစ်ဖြင့်လည်း ခေါ်ဝေါ်ထားကြသေးတယ်လို့မှတ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တချို့သောဝေဒကျမ်းရဲ့ အကိုင်းအခက်ဖြစ်တဲ့ အဆွယ်အပွားကျမ်းများကြတော့ 'သာရသွတ'မည်တဲ့ စစ်သားကြီးရဲ့ ဖနီးအဖြစ်ဆိုသည်ကိုလည်း တွေ့ရသေးတယ်"

"ဟင်...ရှုပ်လို့ပါလား"

"ရှုပ်တယ်၊ ပြီးတော့ စကားနတ်သမီး၊ နှုတ်စောင့်နတ်သမီး၊ သရဿတီတဲ့"

"တပည့်တော်က အဲဒီအချက်ကို နားစွန်နားဖျား ယူတာနဲ့ တူပါတယ်ဘုရား"

"အင်း...ဟုတ်မှာပါ၊ တချို့လူတွေက ဘာမှစဉ်းစားတာ မဟုတ်ဘူး၊ ရမ်းပြီးတော့ယုံတာပဲ"

"မှန်ပါဘုရား"

"တချို့နေရာတွေကျပြန်တော့ လူသားတို့အား အသိဉာဏ်နဲ့ ရဲစွမ်းသတ္တိပေးကြောင်းလည်း ဆိုပြန်တယ်"

"များလှပါလားဘုရား"

"တချို့သောနေရာကျတော့ နတ်တို့ရဲ့ဖနီးမယားအဖြစ်လည်း တွေ့ရပြန်တယ်"

"အမျိုးတွေများလှပါလားဘုရား"

"ရှိသေးတယ်၊ တချို့နေရာတွေကျတော့ ဗြဟ္မာမင်းကြီးရဲ့ မယားအဖြစ်ဆိုပြန်တယ်"

"တချို့နေရာတွေကျတော့ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့အခါ ဗြဟ္မာကြီးရဲ့ အဖော်အဖက် ဖနီးမယားအဖြစ် ဆိုပြန်တယ်"

http://www.dhammadownload.com



"တပည့်တော်တော့ ဘာကိုယုံရမှန်းမသိတော့ပါဘုရား"

"မသိဖြစ်မနေနဲ့ ရှိသေးတယ်"

"အမိန့်ရှိပါဦးဘုရား"

"တချို့နေရာတွေကျတော့ သိကြားမင်းရဲ့ နတ်မိဖုရားအဖြစ် ဆိုထားပြန်တယ်နော်"

"မှန်ပါဘုရား"

"စကားနတ်သမီး၊ ဗြဟ္မာမင်းကြီးရဲ့ကြင်ယာ၊ အသိဉာဏ်နဲ့ နှုတ်ရေးကြွယ်မှုကို ပေးတတ်တယ်ဆိုတာတွေကတော့ ခပ်များများ တွေ့ရတယ်နော်"

"မှန်ပါဘုရား"

"တချို့နေရာတွေကျတော့ သရဿတီ နတ်သမီးဟာ သေးသွယ်တဲ့ ကိုယ်ထည်ရှိပြီး ညို့စာတ်အပြည့်ရှိပြီးတော့ လှပတဲ့ ဗြဟ္မာမင်းကြီးရဲ့ သမီးကညာလို့ ဆိုပြန်တယ်"

"ဇနီးနဲ့သမီးဆိုတော့ ကွာလှချည်လားဘုရား"

"ဒါကတော့ အရှိ အတွေ့ပြောရတော့ ကိုယ့်သဘောနဲ့ ကိုယ်ပဲ ဆုံးဖြတ်ပေါ့"

"မှန်ပါဘုရား"

"ကဲ...ရှေ့မှာ အများကြီးရှိသေးတယ်။ ပြောရဦးမလား၊ တော်ရတော့မလား"

"တော်ပါတော့ဘုရား၊ တပည့်တော်မေးလျှောက်တဲ့ပြဿနာ ပဲ ဖြေပါတော့ဘုရား"

http://www.dhammadownload.com



"ဘာဖြေစရာလိုသေးလဲ၊ ကိုယ့်ဘာသာကိုယ်ပဲ အဖြေထုတ်ပေါ့"

"ဘယ်လိုအဖြေထုတ်မလဲဘုရား၊ တပည့်တော်မှ အဖြေမထုတ်တတ်တာပဲဟာ"

"ယခု သရဿတီအကြောင်း ပြောခဲ့တယ်။ တိတိကျကျ ရေရေရာရာရှိရဲ့လား"

"မရှိပါဘုရား"

"အေး...နတ်သမီးက မရေရာတော့ မရေရာတဲ့ နတ်သမီးက ဘုရားဟော ပိဋကတ်သုံးပုံကို စောင့်တယ်ဆိုတာ ယုတ္တိရှိပါ့မလား"

"ယုတ္တိမရှိပါဘုရား"

"ပြီးတော့ ခုနက ပြောခဲ့တဲ့အထဲမှာလည်း ပိဋကတ်သုံးပုံစောင့်တယ်ဆိုတာ အရိပ်အမြွက်တောင်ပါရဲ့လား"

"မပါပါဘုရား"

"အမှန်က ဘုရားရှင်ရဲ့ ပိဋကတ်သုံးပုံကို မပျောက်မပျက်အောင်စောင့်ရှောက်နေတာက ပရိယတ်ဝန်ဆောင် သံဃာတော်တွေပါ"

"သူရဿတီမယ်တော် မဟုတ်ပါဘူးနော်"

"မှန်ပါဘုရား"

"သူရဿတီ မယ်တော်နဲ့ ပတ်သက်လို့လည်း ဘုရားရှင်ရဲ့ ပိဋကတ်တော်ထဲမှာ လုံးဝမပါပါဘူး။ ဒီတော့ ပိဋကတ်သုံးပုံစောင့် ဖြစ်နိုင်ပါ့မလား"

http://www.dhammadownload.com



"မဖြစ်နိုင်ပါဘုရား"

"အမှန်ကတော့ သူတို့ရဲ့ ဝေဒကျမ်းထဲမှာကိုက စကား နတ်သမီးလောက်ပဲ ဆိုထားတော့ ဝေဒခေါ်တဲ့ ဗေဒင်သုံးပုံစောင့် နတ်သမီးဆိုရင်တော့ ဖြစ်ကောင်းဖြစ်မယ်"

"ဘာဖြစ်လို့ပါလဲဘုရား"

"ဩော်...ဗေဒင်ဟောတော့ စကားနဲ့ဟောရတော့ ဗေဒင် သုံးပုံစောင့်ဆိုရင် ဖြစ်နိုင်တယ်ပြောတာပေါ့၊ တကယ်တော့ နတ်သမီးအယူအဆကိုက မရေရာတော့ ဗေဒင်သုံးပုံစောင့် နတ် သမီးလည်း မဖြစ်နိုင်ပါဘူး"

"မှန်ပါဘုရား"

"ကဲ... တော်ရောပေါ့"

"ဦးတင်ပါသည်ဘုရား"

- နတ်ဟုဆိုလျှင်၊ လူပြိန်းတွင်၊ အထင်ကြီးကြသည်။
- ကိုယ်ထင်ကြီးငြား၊ နတ်အများ၊ သိထားဖို့လိုသည်။
- မသိဘဲလျှင်၊ ရမ်း၍ထင်၊ ပါစင်လွဲတော့သည်။
- မလွဲမှားချင်၊ ကြိုကြိုတင်၊ ဆင်ခြင်သိရမည်။

http://www.dhammadownload.com



# ဘယ်လိုရှောင်ရပါ့မလဲဘုရား

( ၂ )

## အပြစ်ခြောက်ပါး

မူးယစ်စေတတ်သော စိမ်၍ချက်၍ ပြုအပ်သော အရက် အမျိုးမျိုး၊ မစိမ်ဘဲ မချက်ဘဲ အလျဉ်ဖြင့်ပြင်းလာသော ထန်းရည် စသော အရည်များနှင့် မူးယစ်စေတတ်သော ဘိန်းစသည်များကို ပါဠိလို 'မဇ္ဇ'ဟု ခေါ်၏။

ယင်းသို့သဘောရှိသော မူးယစ်စေတတ်သော သေရည် အရက်၊ ဘိန်းစသည်ကို သောက်ခြင်း ရှူခြင်းကြောင့်–

၁။ ဥစ္စာကုန်ခန်းပျက်စီးခြင်း၊

၂။ ခိုက်ရန်ဖြစ်ပွားခြင်း၊

၃။ ရောဂါအမျိုးမျိုးဖြစ်စေတတ်ခြင်း၊

http://www.dhammadownload.com



၄။ ဂုဏ်အာသရေမဲ့၊ ကျော်စောမဲ့ကို ဖြစ်စေတတ်ခြင်း၊

၅။ လျှို့ဝှက်ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများကို လှစ်ပြတတ်ခြင်း၊

၆။ ပညာဉာဏ်ကို အားနည်းအောင်ပြုတတ်ခြင်းဟူ၍ အပြစ်ခြောက်ပါးဖြစ်နိုင်ကြောင်းကို ဘုရားရှင်ဟောတော်မူ၏။

ယင်းတို့ကို သတိမမူသူအချို့က အရက်သောက်ခြင်းကို အပြစ်မရှိဟု သာမန်ပေါ့ပေါ့ပဲယူဆကာ သောက်စားမြဲ သောက်စားနေကြ၏။ တချို့တော့လည်း အပြစ်ရှိမှန်းသိသည်။ သို့သော် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြောင့် သောက်နေရသည်လည်းရှိ၏။

လူ့လောကထဲ၌ နေရပါက ပတ်ဝန်းကျင်ကို လွန်ဆန်၍ မရနိုင်ပါ။ ပတ်ဝန်းကျင်ရှိရမည်။ ပတ်ဝန်းကျင်ကို ငဲ့ရမည်။ ပတ်ဝန်းကျင်ကို အရွဲ့မတိုက်ရ၊ ပတ်ဝန်းကျင်ကို အရွဲ့တိုက်သော် ပတ်ဝန်းကျင်က ပြန်လှန်ပြီး ဒဏ်ခတ်မည်။

သို့ဖြစ်၍ ပတ်ဝန်းကျင်ကို မလွန်ဆန်ရ၊ သို့သော် မိမိက ပတ်ဝန်းကျင်နောက် လိုက်မည်လော၊ မိမိနောက်သို့ပါအောင် ပတ်ဝန်းကျင်ကို ဆွဲဆောင်မည်လော၊ ယင်းနှစ်ချက်ကိုမူ စဉ်းစားရပေမည်။

မှန်၏။ ပတ်ဝန်းကျင်သည် ကောင်းသော ပတ်ဝန်းကျင်ရှိသလို၊ မကောင်းသော ပတ်ဝန်းကျင်လည်း ရှိ၏။ ကောင်းသော ပတ်ဝန်းကျင်နောက်သို့ မိမိလိုက်ပါ၍ ပတ်ဝန်းကျင်နှင့် လျော်

http://www.dhammadownload.com



အောင်နေရမည်။ ယင်းသို့နေသော် ပတ်ဝန်းကျင်နှင့် အဆင်ပြေ၍ ပတ်ဝန်းကျင်၏ အကူအညီရပြီး ကိုယ်စိတ်ချမ်းသာမှုကိုရမည်။

မကောင်းသော ပတ်ဝန်းကျင်ကိုမူ ကိုယ့်နောက်သို့ပါအောင် ဆွဲဆောင်၍ ကိုယ့်အလိုကျဖြစ်အောင် ပြုပြင်ပြီး ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင်နေရမည်။ ကိုယ့်အလိုကျ ဆွဲဆောင်မရသော် မကောင်းသော ပတ်ဝန်းကျင်နောက်သို့ မလိုက်ဘဲ ပတ်ဝန်းကျင်ကို တောင်းပန်၍ ပတ်ဝန်းကျင်နှင့် "ကိုယ့်ပေါင်းစိတ်ခွာ"နေလျက် ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင်ပေါင်းရမည်။

## ပတ်ဝန်းကျင်ပြောင်းသူ

တစ်နေ့ဖြစ်၏။ ယင်းတစ်နေ့ကိုတော့ မိမိတစ်သက်တွင် မမေ့မရသောနေ့တစ်နေ့အဖြစ်နှင့် မှတ်တမ်းတင်ရပေမည်။ အဘယ်လိုနေ့မို့ မမေ့မရသောနေ့အဖြစ်နှင့် မှတ်တမ်းတင်ရမလဲဟု စာရှုသူက သိချင်လှပေမည်။ အမှန်စင်စစ် သိလည်းသိထိုက်တဲ့ တစ်နေ့ပင်ဖြစ်ပါသည်။

ထိုနေ့ကား သာသနာတော်သက္ကရာဇ် ၂၅၂၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၀-ခုနှစ် တပို့တွဲလပြည့်ကျော် ၁-ရက်နေ့ပင် ဖြစ်ပါသည်။ ခရစ်သက္ကရာဇ် ၁၉၇၉-ခု၊ ဖေဖော်ဝါရီလ ၁၂ ရက် နေ့ ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ပြည်ထောင်စုအလံ သယ်ယူပွဲကြီး ခြိမ့်ခြိမ့်သဲ ချီတက်ကျင်းပနေဆဲအချိန်ဖြစ်၏။ ထိုနေ့ထိုအချိန်မှာ မိမိသည်

http://www.dhammadownload.com



ဓမ္မဒေသနာခရီးသည်အဖြစ်နှင့် ခရီးသွားရန် ပြင်ဆင်နေရချိန် ဖြစ်သည်။

ပြင်ဆင်ပြီးသော် သင်္ဘောသို့ ဆင်းခဲ့ရ၏။ သင်္ဘောမှာ ရောဝတီတိုင်း မြို့တော်ဆီသို့ ခုတ်မောင်းမည့် သင်္ဘောဖြစ်၏။ ထိုနေ့သင်္ဘောမှာ "ဗန္ဓုလ"ဖြစ်၏။ သင်္ဘောပေါ်ရောက်သော် အိပ်ခန်းတွင် ပစ္စည်းများကိုချပြီး လိုက်ပို့သူများနှင့် စကားပြော နေသည်။

ထိုစဉ် ဒကာကြီးတစ်ယောက်နှင့် ဒကာငယ်တစ်ယောက် ရောက်လာသည်။ ရှိခိုးဦးချပြီးသော် ဒကာကြီးက ဒကာငယ်နှင့် မိမိအား မိတ်ဆက်ပြီးသော် ထွက်ခွာသွားသည်။ မိမိနှင့် ဒကာ ငယ်မှာ စကားလက်ဆုံကျနေ၏။

"တပည့်တော်ကို ဆုံးမပါဘုရား"

ဒကာငယ်မှာ စကားပြောရည်မွန်စွာနှင့် သူ့ကိုဆုံးမဖို့ လျှောက် ထားနေသည်။

"အေး...ဟုတ်ပြီ၊ အဆုံးအမခံယူဖို့ လိုလားသူတစ်ယောက် အဖို့ ကြီးပွားချမ်းသာဖို့ အကြောင်းများစွာရှိပါတယ်"

"တပည့်တော်ဟာ သောက်စားမှုမှတစ်ပါး အခြားအားလုံး ကောင်းပါတယ်ဘုရား"

"အေး...သောက်စားမှုမှတစ်ပါး အခြားအားလုံးကောင်းတယ် ဆိုတော့သောက်စားမှုဟာ မကောင်းဘူးလို့မင်းသိတယ်မဟုတ်လား"

"မှန်ပါ၊ သိပါတယ်ဘုရား"

http://www.dhammadownload.com



"မကောင်းမှုန်းသိရဲ့နဲ့ ဘာဖြစ်လို့သောက်လဲ"

"ပတ်ဝန်းကျင်ကတိုက်လို့ သောက်ရပါတယ်ဘုရား၊ တပည့်တော်တို့က အလုပ်သဘောအရ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်နေရတော့ သူတို့တိုက်တာ သောက်ရပါတယ်ဘုရား"

"ဪ...ဒါကလွယ်ပါတယ်"

"ဘယ်လိုလွယ်ပါလဲဘုရား"

"ကိုယ်ကတိုက်ရတာမှ မဟုတ်ဘဲ၊ သူတို့က တိုက်ရတာပဲ၊ ကိုယ်မသောက်ခြင်းကြောင့် သူတို့မှာ ဘာမှလဲ ထိခိုက်မသွားတဲ့ အပြင် အကုန်တောင် သက်သာသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ သူတို့ကို တောင်းပန်ပေါ့၊ တခြားနည်းနဲ့ သူတို့ကို အကူအညီပေးပေါ့၊ တခြားနည်းနဲ့ အလိုလိုက်ပေါ့၊ ဒီတော့ ပတ်ဝန်းကျင်ကို အရွဲ့မတိုက်ပါဘူး၊ ပတ်ဝန်းကျင်ကရော ကိုယ့်ကို အရွဲ့မတိုက်ပါဘူးနော်"

"မှန်ပါဘုရား"

"တပည့်တော်ကို ဆုံးမပါဘုရား၊ တပည့်တော်ဟာ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာထဲ ပြောင်းလာတာ မကြာသေးပါဘုရား"

"ဪ...ဒီလိုလား၊ ဒီလိုဆိုတော့ မင်းအကြောင်းကို ငါသိချင်သွားတယ်၊ ဘယ်သူကဆွဲခေါ်လို့ မင်းဗုဒ္ဓဘာသာထဲ ရောက်လာတာလဲ"

http://www.dhammadownload.com



"ဘယ်သူကမှ မဆွဲဆောင်ပါဘုရား။ တပည့်တော်နဲ့ အဖော်တစ်ယောက်ပါဘုရား။ တပည့်တော်၏ ခရစ်ယာန်၊ တပည့်တော်အဖော်က မူဆလင်ပါဘုရား"

"အေး...ခရစ်ယာန်နဲ့ မူဆလင် ဘယ်လိုဖြစ်လာသလဲ၊ ပြောစမ်းပါဦး"

"တပည့်တော်တို့နှစ်ယောက် ( )ကျောင်းမှာ ပုတီးစိပ်ပါတယ်ဘုရား"

"ပုတီးစိပ်တော့ ဘာကိုစိပ်သလဲ"

"အရဟံဂုဏ်တော်ကို စိပ်ပါတယ်ဘုရား"

"အေး...ကဲ၊ ဆက်ပြောပါဦး၊ အရဟံဂုဏ်တော်စိပ်တော့ ဘယ်လိုဖြစ်လဲ"

"တပည့်တော်တို့စိတ်တွေ တည်ငြိမ်ချမ်းသာမှုတွေ ဖြစ်လာပါတယ်တယ်ဘုရား"

"အေး..."

"အဲဒီလို စိတ်တည်ငြိမ်ချမ်းသာမှုမျိုး တစ်ခါမှ မရဘူးပါဘုရား"

"အေး..."

"အဲဒါနဲ့ အဲဒီနောက်ပိုင်းမှာ တပည့်တော်မိတ်ဆွေကလည်း သူ့မူဆလင်ဘာသာစွန့်၊ တပည့်တော်ကလည်း ခရစ်ယာန်ဘာသာစွန့်ပြီး ဗုဒ္ဓဘာသာထဲ ဝင်လိုက်ပါတယ်ဘုရား"

http://www.dhammadownload.com



"အေး...အေး၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ တို့ဘုရားရှင်ရဲ့ တရားတော်တွေက ကိုယ်တိုင်သိမြင်ထိုက်တဲ့ 'သန္ဒိဋ္ဌိက' တရားတွေပဲ၊ သူတစ်ပါးအပြောနဲ့ ယုံကြည်လက်ခံရမယ့် တရားတွေ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ယခု မင်းတို့ကို ဘယ်သူကမှ ဗုဒ္ဓဘာသာထဲဝင်ဖို့ ပစ္စည်းရေး၊ လူမှုရေးစသည် အကူအညီပေးပြီး ဆွဲဆောင်တာ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"တရားတော်ရဲ့ ကောင်းသောတရားတော်အဖြစ်၊ အပြစ်ကင်း၍ ငြိမ်းချမ်းသောတရားတော်အဖြစ် ကိုယ်တိုင်သိလို့ ကိုယ်တိုင်မြင်၍ ဗုဒ္ဓဘာသာထဲ ဝင်တာပေါ့နော်"

"မှန်ပါဘုရား"

"ကဲ...အရက်သောက်တာ မင်းတို့ ခရစ်ယာန်ဘာသာမှာလည်း အပြစ်မရှိဘူးလား"

"အပြစ်ရှိပါတယ်ဘုရား"

"ဒါဖြင့် မင်းအခု ဗုဒ္ဓဘာသာထဲ ဝင်လာပြီး ဗုဒ္ဓဘာသာမှာလည်း အပြစ်ရှိတဲ့အရက်ကို ဆက်သောက်နေတော့ မင်းအဖို့ ဘာများထူးသေးလဲ"

"ပုတီးစိပ်တာတစ်ခုပဲ ထူးပါတယ်ဘုရား"

http://www.dhammadownload.com



"ပုတီးစိပ်တာကလည်း မင်းအဖို့ ဘာနဲ့တူနေလဲ ဆိုတော့ '**လက်နဲ့ရေး ခြေနဲ့ဖျက်**' ဆိုတာလို ဖြစ်နေပြီ"

"ဘယ်လိုပါလဲဘုရား"

"ပုတီးစိပ်တယ်ဆိုတာက လက်နဲ့ရေးတာနဲ့တူတယ်၊ အရက်သောက်တာက ခြေနဲ့ဖျက်တာနဲ့ တူတယ်"

"အရက်သောက်တာ ဗုဒ္ဓဘာသာမှာ ဘယ်လိုအပြစ်တွေ ပြထားပါသလဲဘုရား"

## ဥစ္စာပျက်စီးခြင်း

"အပြစ်တွေကတော့ အများကြီးပဲ ပြထားတယ်။ ကဲ... ငါမေးမယ်၊ မင်းကြိုက်သလိုဖြေနော်၊ မူးမေ့နေတဲ့အရက်သမားဟာ ကိုယ့်ပစ္စည်းကို ကိုယ်ကာကွယ်စောင့်ရှောက်ရမှန်းမသိ ဖြစ်နေတော့ ခိုးသူလုယက်ခြင်း စသည်ဖြင့် ပစ္စည်းတွေမကုန်ဘူးလား၊ ကုန်သလား"

"ကုန်ပါတယ်ဘုရား"

"အရက်သောက်ထားတော့ သွေးတွေကြွပြီး ပကတိစိတ်ကောင်းတွေပျောက်ပြီး ဖောက်ပြန်နေတော့ နဂိုက နှမြောတတ်သူတောင်မှ အရက်သောက်ထားခိုက် နှမြောရမှန်းသိသေးရဲ့လား"

"မသိတော့ပါဘုရား"

"အေး...မသိတော့ '**အသုံးနဲ့အဖြုန်း**' ခွဲခြားမသိတော့ဘဲ

http://www.dhammadownload.com



**'အသုံးမပြု အဖြုန်းသာပြု'**တော့ ဥစ္စာစီးပွားတွေ များစွာမပြုန်းကုန်ဘူးလား"

"ပြုန်းကုန်ပါတယ်ဘုရား"

"ပြီးတော့ အရက်သမားမှာ အခြားအပျော်အပါး လောင်းကစားတွေလည်း ပါမလာဘူးလား"

"ပါလာပါတယ်ဘုရား"

"ဒီတော့ အရက်ကိုအကြောင်းပြုပြီးတော့ ဥစ္စာစီးပွားတွေ များစွာမပျက်စီးဘူးလား"

"ပျက်စီးပါတယ်ဘုရား"

## ခိုက်ရန်ပွားခြင်း

"ပုထုဇဉ်ဆိုတာ အမှန်ကအရူးပဲ၊ အဲဒီအရက်သမားဟာ ပုထုဇဉ်အရူးထဲမှာ အဆိုးဆုံးအရူးပဲ၊ အရက်ကို ကြိမ်ဖန်များစွာ သောက်စားရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘ၀ ရောက်ရတယ်၊ အရက်ရဲ့ အပေါ့ဆုံးအပြစ်ဟာ အရူးနဲ့အနှမ်းဖြစ်တတ်တယ်လို့ အဌကနိပါတ် အဂုတ္တိုရ်မှာ ဟောထားတယ်နော်"

"မှန်ပါဘုရား"

"အရက်ရူးဟာ သူတစ်ပါးကို ဆဲရေးတတ်တယ်၊ ရိုက်ပုတ်တတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ဒီတော့ အရက်မူးသမားဟာ ပင်ကိုယ်က

http://www.dhammadownload.com



ယဉ်ကျေးလိမ္မာသူဖြစ်စေဦးတော့ မူးတဲ့အခါ ကိုယ်နဲ့နှုတ်နဲ့ ထိပါး ရမ်းကားတတ်တဲ့အတွက် ပြန်ပြီးတော့ အရိုက်ခံရ၊ အဆဲခံရ စသည်ဖြစ်တော့ ခိုက်ရန်မများဘူးလား"

"များပါတယ်ဘုရား"

"ခိုက်ရန်များတော့ ကျိုးပဲ့ခြင်း၊ ပစ္စည်းကုန်ခြင်း၊ မင်းပြစ် မင်းဒဏ် ခံရခြင်း စသည့်အပြစ်တွေ မများဘူးလား"

"များပါတယ်ဘုရား"

## ရောဂါဖြစ်ကြောင်း

"ပြီးတော့ အရက်သောက်များရင် ရောဂါအမျိုးမျိုး ဖြစ်တတ် ကြောင်းကိုလည်း ဆေးပညာရှင်တွေက ဆေးကျမ်းတွေမှာ ဖော်ပြ ထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အိပ်မှု၊ အရက်သောက်မှု၊ မေထုန်မှီဝဲမှုများကို မရောင့်ရဲ မတင်းတိမ်နိုင်တဲ့အရာများ ဖြစ်ကြောင်းကို ဘုရားရှင်ကလည်း တိကနိပါတ်အင်္ဂုတ္တရ်မှာ ဟောထားတယ်နော်"

"မှန်ပါဘုရား"

## အကျော်စောမဲ့ခြင်း

"အရက်သမားဟာ အရက်မူးပြီဆိုတော့ သူမပြုနိုင်တဲ့ မပြု ရက်တဲ့အမှုဆိုတာ မရှိတော့ဘူးတဲ့၊ ဒီတော့ အရက်သောက်မှုဟာ

http://www.dhammadownload.com



မကောင်းမှုဒုစရိုက်အားလုံးတို့ရဲ့ ဖြစ်ကြောင်း အခြေခံမကောင်းမှု မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ အရက်သမားဟာ ကျေးဇူးရှင်မိဘတွေ ဆရာသမားတွေကိုလည်း ဆဲဆိုရိုက်နှက် သတ်ဖြတ်နိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ အလွန်ချစ်လှစွာသော ဇနီးမယားနဲ့ သမီးသားတွေကိုလည်း ဆဲဆိုရိုက်နှက် သတ်ဖြတ်နိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အရက်သမားဟာ အရက်အရှိန်အဝါနဲ့ မကောင်းတာမှန်သမျှ ပြုရဲတယ်၊ ပြောရဲတယ်၊ ကြံရဲတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုမကောင်းပြု၊ မကောင်းပြော၊ မကောင်းကြံ ကြံတဲ့ အရက်သမား လူကဲ့ရဲ့ခံရခြင်း၊ မင်းဒဏ်ခံရခြင်း စသည်ဖြင့် မကောင်းသတင်းပဲ မထွက်ဘူးလား"

"ထွက်ပါတယ်ဘုရား"

## ဖုံးထားဖော်ပြ

"ဂုဏ်သရေရှိသူများဟာ လူရှေ့သူရှေ့မှာ အင်္ကျီ၊ ပုဆိုး စသည်ဖြင့် ဖုံးထားသင့်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ဖုံးထားပြီး လုံလုံခြုံခြုံ သွားလာနေထိုင်တတ်တယ်မဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"အရက်သမားကတော့ သူမဖော်ပြဂ့်၊ ဖော်မပြရဲတဲ့အင်္ဂါ ဆိုတာမရှိ၊ အကောင်းကိုအဆိုးထင်၊ အဆိုးတော့ အကောင်း ထင်ပြီး ဖုံးထားတာတွေ ဖော်ပြရဲတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လူကောင်းသူကောင်းတွေရဲ့ အကာအကွယ်ဆိုတာ အရှက် အကြောက်ပဲ၊ အရက်မူးနေတဲ့သူမှာ အရှက်အကြောက်မရှိဖြစ်နေ တော့ သူ့မှာ ရှက်မှုဆိုတာ ရှိဦးမလား"

"မရှိတော့ပါဘုရား"

"ကဲ–မရှက်ခြင်းရဲ့အကြောင်းက ဘာလဲ၊ အရက်ပဲမဟုတ် လား"

"ဟုတ်ပါတယ်ဘုရား"

## ပညာနည်းအောင်ပြုတတ်ခြင်း

"ပညာဆိုသည်မှာ သတိတရား၊ သညာတရားနဲ့တွဲလျက် ရှိပေသည်။ သညာကင်းနေသည့် အရက်မူးသမားအဖို့ သတိ ကောင်းကောင်းလည်း ရှိပါဦးမလား"

"မရှိတော့ပါဘုရား"

"သတိနဲ့သညာမရှိတော့ အသိပညာလည်း အားနည်းမသွား ဘူးလား"

"အားနည်းသွားပါတယ်ဘုရား"

http://www.dhammadownload.com



"ဒါဖြင့် အရက်ကိုသောက်သင့်လား၊ မသောက်သင့်ဘူးလား"

"မသောက်သင့်ပါဘုရား"

"အေး...အဲဒီလိုအပြစ်ရှိမှန်းလည်း ကိုယ်တိုင်သိနေတဲ့ အရက်ကို ကိုယ့်ဖာသာကိုယ်လည်း မသောက်သင့်ဘူး၊ ပတ်ဝန်းကျင်ငဲ့လို့လည်း မသောက်သင့်ဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...မင်းပုတီးစိပ်ခြင်းဆိုတဲ့ လက်နဲ့ရေးမှုတွေကို အရက်သောက်ခြင်းဆိုတဲ့ ယခုပြခဲ့တဲ့အပြစ်၊ ခြေနဲ့ဖျက်မှုတွေက ဖျက်တော့ မင်းမှာ အကျိုးရသင့်သလောက် မရတော့ဘူးပေါ့၊ ဒီတော့ မင်းအရက်မဖြတ်သင့်ဘူးလား"

"ဖြတ်သင့်ပါတယ်ဘုရား၊ တပည့်တော် အရက်လှူချင်လာပါပြီဘုရား၊ ဘယ်လိုလှူရပါ့မလဲဘုရား"

"အေး...လှူ...လှူ သိပ်ကောင်းတယ်၊ လှူလိုက်ရင် မင်းပတ်ဝန်းကျင်ကို 'လှူထားလို့ မသောက်ပါစေနဲ့'လို့ တောင်းပန်လို့ ပိုကောင်းသွားတယ်၊ ဒီတော့လှူပါ၊ ငါတိုက်တွန်းတယ်"

"မှန်ပါ၊ လှူပါ့မယ်ဘုရား"

"ကဲ...ဒါဖြင့် လက်အုပ်ချီ ငါချပေးမယ်၊ မင်းလိုက်ပြီးတော့ဆိုပေါ့"

"အရှင်ဘုရား...တပည့်တော်သည် မျက်မှောက်မျက်ကွယ် နှစ်သွယ်နှစ်ဝ အပြစ်တွေများလှသော အရက်ကို ယနေ့ကစ၍ မသောက်တော့ပါဘုရား၊ အရက်သောက်

http://www.dhammadownload.com



မှုကို အရှင်ဘုရားအား လှူဒါန်းလိုက်ပါသည်ဘုရား။ တပည့်တော် အရက်သောက်မှုကို စွန့်လှူလိုက်ရတဲ့ ကောင်းမှုကံကြောင့် တပည့်တော်ရဲ့ ကောင်းသော လိုအင်ဆန္ဒအဝဝ မြန်မကြာ ပြည့်စုံပါရစေသားအရှင်ဘုရား၊ ကဲ...ဦးချ၊ ဒါဆိုရင် မင်းရဲ့အရက်သောက်မှုကို စွန့်လှူဒါန်းမှုကိစ္စ ပြီးသွားပြီနော်"

"မှန်ပါဘုရား"

လူငယ်မှာ သွက်လက်ရွှင်ပြလာသည်၊ ကြည်လင်လာသည်၊ အေးငြိမ်းလာသည်။

"အေး...ဒီလိုလှူလိုက်တော့၊ မင်ပတ်ဝန်းကျင်ကို လှူထားလို့ မသောက်ပါရစေနဲ့လို့ တောင်းပန်ရင်လည်း ပတ်ဝန်းကျင်က ခွင့်လွှတ်နိုင်ပါတယ်နော်"

"မှန်ပါဘုရား"

'ဗန္ဓုလ'သင်္ဘောကား ထွက်ခါနီးပြီ၊ လူငယ်လည်း ဦးချပြန်သွားပြီ၊ မိမိအခန်းတွင် မိမိနှင့်မိမိကပ္ပိယနှစ်ဦးသာ ကျန်ရစ်ခဲ့သည်၊ မိမိဘာလုပ်မည်လဲ။

စာရှုသူက သိချင်ကောင်းသိချင်ပေမည်၊ မိမိလည်း စိတ်တွေရွှင်ပျပီတိသောမနသတွေ ဖြစ်ရသည်။ တစ်ယောက်တည်းသော တရားနာပရိသတ်ကို ဟောလိုက်ရသည်မှာ အရာတစ်ထောင်တစ်သောင်းမကသော ပရိသတ်ကိုဟောရသည်ထက် ဝမ်းမြောက်

http://www.dhammadownload.com



ရှင်ပျလှပါသဖြင့် လူငယ်အကြောင်းအရာကို မှတ်တမ်းတင်စဉ်မှာ သဘော်ထွက်ခွာပါသတည်း။

- အရက်သေစာ၊ သောက်သူမှာ၊ ဥစ္စာကုန်ခန်းသည်။
- အရက်သေစာ၊ သောက်သူမှာ၊ ခိုက်ရန်များပြားသည်။
- အရက်သေစာ၊ သောက်သူမှာ၊ ရောဂါများပြားသည်။
- အရက်သေစာ၊ သောက်သူမှာ၊ ရှိန်ဝါမဲ့ရသည်။
- အရက်သေစာ၊ သောက်သူမှာ၊ အင်္ဂါလှစ်ပြသည်။
- အရက်သေစာ၊ သောက်သူမှာ၊ ပညာနည်းရသည်။
- ထို့ကြောင့်သေချာ၊ အရက်ဟာ၊ သောက်တာမသင့်သည်။

http://www.dhammadownload.com



# သုခဝေဒနာဘဲ ရှမယ်ဘုရား

(၃)

ချမ်းသာသုခ၊ တစ်ခုမျှဥ်၊
လောကအထု၊ အကုန်စု၏။
ပုပုရွရွ၊ မြင်သမျှလည်း၊
သုခဘို့ချည်း၊ လှုံ့လသည်း၏။ ။(**လယ်တီ**)

ခပ်သိမ်းသောသတ္တဝါတို့သည် ချမ်းသာသုခကိုသာအလိုရှိကြကုန်၏။ ချမ်းသာသုခကိုသာ တရှာတည်းရှာ၍ နေကြကုန်၏။ ချမ်းသာသုခကိုအလိုမရှိသော သတ္တဝါဟူ၍မရှိပေ။

အယုတ်အားဖြင့် ပိုးရွခြပုန်းတို့သည်ပင်ဖြစ်သော်လည်း ချမ်းသာသုခကိုသာ အလိုရှိကြကုန်၏။ ချမ်းသာသုခကိုသာရှာမှီး

http://www.dhammadownload.com



ကြကုန်၏။ ခပ်သိမ်းသောသတ္တဝါတို့၏ အလိုဆန္ဒကိစ္စအမှုသည် ချမ်းသာသုခတစ်ခုမျှ၌ ဆုံမိကြ၏။

ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ ကောင်းကင်သတ္တဝါအားလုံး တို့သည် နေ့နေ့ညည တရုံးရုံးတရွရွ တကြွကြွလှုပ်ရှားကြ၊ အားထုတ်ကြ၊ ကြောင့်ကြစိုက်ကြ၊ အပြင်းအထန်အပင်ပန်းခံကြ ရသမျှသည်လည်း ချမ်းသာသုခရဖို့ချည်းသာဖြစ်၏။

အယုတ်အားဖြင့် မိမိကိုယ်ကို သေစေလို၍ အဆိပ်ဆေးကို မျိုသောသူ၊ ကြိုးဆွဲချသောသူ၊ ရေထဲသို့ခုန်ချသောသူ၊ လက်နက် နှင့် သတ်သောသူတို့သည်လည်း "သေမှအေးမည်၊ သေမှချမ်းသာ မည်"ဟု ချမ်းသာကိုလို၍ ပြုမူပင်ဖြစ်သည်။

သို့ဖြစ်၍ "ချမ်းသာသုခ၊ တစ်ခု၌၊ လောကအထု၊ အကုန် စု၏။ ပုပုရွရွ၊ မြင်သမျှလည်း၊ သုခဖို့ချည်း၊ လှုံ့လသည်း၏" ဆိုသောစကားနှစ်ရပ်ဖြင့် ယင်း 'ခံစားမှုဝေဒယိတ' ဓာတ်ကြီး သည် ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာ လဲလျောင်းရာဖြစ်၏။ အကြီးအကဲအချုပ်အချာ ဖြစ်၏။

အချည်းသူမြတ်၊ ပရမတ်ကို၊
ချန်လှပ်ထား၍၊ အများလောက၊
ရှိသမျှကို၊ ဒုက္ခပွားမှု၊
များစွာပြုသည်၊ သုခဝေဒနာ စွမ်းရည်တည်း။

(လယ်တီဆရာတော်)

http://www.dhammadownload.com



ပရမတ္တအရိယာဖြစ်သော သူတို့ကို ချန်လှပ်ထား၍ ခပ်သိမ်းသော ပုထုဇဉ်သတ္တဝါတို့ကို အနမတဂ္ဂ သံသရာနှင့်အမျှ ဒုက္ခပွားအောင် ပြု၍နေသည်ကား အခြားတရားမဟုတ်။ ဤချမ်းသာမှု ဝေဒနာခေတ်ကြီး၏ အတတ်ပင်ဖြစ်တော့သည်။

အဘယ်သို့လျှင် သုခဝေဒနာခေတ်ကြီးက ဒုက္ခပွားအောင် ပြုသနည်း?။ ဤသုခဝေဒနာခေတ်ကြီးသည် ဒွါရခြောက်ပါးတို့၌ "ကောင်းသောအတွေ့-ဣဋ္ဌဖဿ" ထင်လင်းရှိခိုက်၌သာ မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်၍နေနိုင်၏။ "ကောင်းသောအတွေ့-ဣဋ္ဌဖဿ" ချုပ်ကွယ်လျှင် ချုပ်ကွယ်လေ၏။

ကောင်းသောအတွေ့-ဣဋ္ဌဖဿသည်လည်း မကောင်းသော ဣဋ္ဌာရုံနှင့် ပူးပေါင်းထွေးယှက် ဆက်ဆံရောနှောမှု ထင်လင်းရှိခိုက်၌သာ ဒွါရခြောက်ပါးမှာ ဖြစ်ပေါ်နေနိုင်၏။

ဣဋ္ဌာရုံနှင့်ထွေးလုံးရောယှက်မှု ကင်းကွာပြန်လျှင် ကင်းကွာဆဲခဏမှာ ချုပ်ပျောက်လေ၏။

ဣဋ္ဌာရုံဟူသည်မှာလည်း မမြဲသော အနိစ္စတရားဖြစ်၏။ မကြာမီ ဖောက်ပြန်ဆုတ်ယုတ်ကုန်ဆုံးသော တရားစုဖြစ်၏။

ဣဋ္ဌာရုံကုန်ပြန်လျှင် "တွေ့ထိမှု ဖဿ" ကုန်ပြန်၏။ ဖဿကုန်ပြန်လျှင် သုခဝေဒနာ ကုန်ပြန်၏။

သုခဝေဒနာကို အလိုရှိပြန်လျှင် ဣဋ္ဌာရုံကို တဖန်ရှာရပြန်၏။ အဆမထင်သော အနမတဂ္ဂ သံသရာတစ်ခွင်မှာ သုခဝေဒနာ

http://www.dhammadownload.com



ကို ခင်တွယ်သည့်အတွက် ဣဋ္ဌာရုံရှာမှုနှင့် တပန်းတည်းပန်း၍ နေကြ၏။

ဥပမာဆိုသော် အလွန်တရာပူပြင်းလှသော နွေအခါ၌ ကိုယ်အင်္ဂါကို အေးမြစေသော သုခဝေဒယိတခေတ်ကို အလွန် တရာပင် အလိုရှိကြ၏။

ယင်းသုခဝေဒယိတ ခေတ်သည်လည်း ကိုယ်သန္တာန်မှာ "ချမ်းသာသော အတွေ့-သုခသမ္ဖဿခေတ်" ဖြစ်ပေါ်သောအခါမှ ဖြစ်ပေါ်နိုင်ပေသည်။

"ချမ်းသာသောအတွေ့-သုခသမ္ဖဿခေတ်" သည်လည်း အပြင်အပ ဗဟိဒ္ဓက အေးမြသောလေ၊ အေးမြသောရေ ကိုယ်၌ ထိခိုက်လုံးထွေး၍နေဆဲအခါမှ ကိုယ်သန္တာန်မှာဖြစ်ပေါ်နိုင်ပေသည်။

"ကိုယ်မှာထိခိုက်သောလေအေး၊ ရေအေးဟူသော ဣဋ္ဌာရုံ သည်လည်း ကိုယ်သန္တာန်မှာ အမြဲတည်နေနိုင်သော နိစ္စတရား မဟုတ်။ ကိုယ်သန္တာန်၌ ထိကာမတ္တနှင့် ခဏခြင်းခဏခြင်း ကုန်ဆုံးကွယ်ပျောက်သော အနိစ္စတရားသာဖြစ်၏။

ထို့ကြောင့် အသစ်အသစ်သောလေ၊ အသစ်အသစ်သောရေ ထပ်မနားထိ၍ တိုက်၍နေပါမှ "ချမ်းသာသော အတွေ့-သုခသမ္ဖဿ" ထပ်မနားဖြစ်ပေါ်ပြီး "ချမ်းသာခံစားမှု-သုခ ဝေဒနာ" အစဉ်ဖြစ်ပွားနေနိုင်၏။ ထိခိုက်သော လေ၊ ရေ၊ ပြတ်ဆဲပျောက်ဆုံးပြန်လျှင် "ချမ်းသာသော အတွေ့-သုခဖဿ" "ချမ်းသာသောခံစားမှု-သုခဝေဒနာ" ပျောက်ဆုံးပြန်၏။

http://www.dhammadownload.com



ယင်းသုခဝေဒနာခေါ်သော ဝေဒယိတစာတ်ကြီးသည်လည်း သုခဖဿဓာတ်ပေါ်ရှိမှ ပေါ်နိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏။

ယင်းသုခသမ္ဖဿဓာတ်သည်လည်း အေးမြသော လေ၊ အေးမြသောရေ ထိပါးမှုထင်လင်းရှိပါမှ ပေါ်ရှိနိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်၏။

ယင်းလေ၊ ယင်းရေစုသည်လည်း ယပ်လေခပ်ပေးသူ၊ ရေကို ခပ်ဆောင်သူရှိပါမှ ရှိနိုင်သော ပဋိစ္စသမုပ္ပါဒ်မျိုးဖြစ်၏။

ယင်းသို့ ပဋိစ္စသမုပ္ပါဒ်မျိုးချည်းဖြစ်၍ ယပ်လေနှင့်စပ်သော သုခဝေဒယိတဓာတ်ကို ခင်မင်နှစ်သက် ငြီတွယ်သောသူမှာ ယပ်လေခပ်မှုနှင့် စပ်သော ဒုက္ခသည် အပြီးကပ်လျက်စွပ်လျက် ငြိလျက်ပါ၍နေ၏။

ထို့အတူပင် ရေနှင့်စပ်သော သုခဝေဒယိတဓာတ်ကို ခင်မင် နှစ်သက်ငြိကပ်တွယ်တာသောသူသည်လည်း ရေမှုနှင့်စပ်သော ဒုက္ခသည် အမြဲအစွဲစွပ်လျက် ကပ်လျက် ငြိလျက်နေ၏။

## ခပ်ဟပ်ချက်

တစ်ထောင့်ငါးရာ ကိလေသာတို့ဖြင့် လည်းကောင်း၊ ရာဂမီး၊ ဒေါသမီး အစရှိသော (၁၁)ပါးသော မီးတို့ဖြင့်လည်းကောင်း၊ အလွန်အိုက်ပူ၍နေသော အစမထင်သော သံသရာကြီးသည် နွေရာသီကြီးနှင့် တူ၏။

"ချမ်းသာသောအတွေ့–သုခသမ္ဖဿ ၆–ပါး" နှင့် "ချမ်းသာ

http://www.dhammadownload.com



ခံစားမှု–သုခဝေဒယိတခေတ် ၆–ပါး” သည် နွေအခါ၌ လေ၊ ရေနှင့်စပ်၍ ဖြစ်ရသော သုခသမ္ဖဿ၊ သုခဝေဒနာနှင့်တူ၏။

ဘုံ၊ ဗိမာန်၊ စည်းစိမ်၊ ဥစ္စာ၊ သား၊ မယား စသော လူ့ချမ်းသာ အဆောက်အအုံ၊ နတ်ချမ်းသာ အဆောက်အအုံ၊ ဣန္ဒာရုံစုသည် နွေအခါ၌ ယပ်လေအဆောက်အအုံ၊ ရေ အဆောက် အအုံစုနှင့် တူ၏။

## ဒုက္ခပွားအောင်ပြု၏

ယခုရှိနေကြသော လူနတ်ပြဟ္မာ ပုထုဇ္ဇဉ်သတ္တဝါတို့သည် ယင်းသုခဝေဒနာကို နှစ်သက်ခင်မင် တွယ်တာမက်မောကြကုန်၏။

ယင်းသုခဝေဒနာသည် ခင်မင်နှစ်သက် တွယ်တာမက်မောသော သူတို့ကို အဘယ်သို့လျှင် အမြဲတမ်းဆင်းရဲဒုက္ခပွားများ အောင် ပြုသနည်း?။

ဤနေရာတွင် မီးပူဖော်သော ပုဏ္ဏားဥပမာဖြင့် ပြဆိုပေအံ့။ ပုဏ္ဏားတို့၌ အယူမှားကြီးတစ်ခုရှိ၏။ ယင်းကား အဘယ်နည်း?။

ပုဏ္ဏားတို့၌ သူငယ်ယောကျ်ားမွေးဖွားသောအခါ “ဖွားဘက် မီး” ယူ၍ မသေရအောင် မိဘတို့က မွေးမြူ၍ထားကြရ၏။ ထိုဖွားဘက်မီးကို မသေရအောင် တစ်သက်လုံး ကျွေးမွေးပူဇော် နိုင်လျှင် သေသည်၏ အခြားမဲ့၌ ပြဟ္မာ့ပြည်သို့ သွားရ၏ဟု မှားသောအယူရှိသည်။

ထိုသူငယ် ၁၆–နှစ်အရွယ်သို့ရောက်သောအခါ “သားမယား

http://www.dhammadownload.com



ယူ၍ လူလုပ်မည်လော၊ မီးပူဇော်၍ ဗြဟ္မာ့ပြည်သို့သွားမည်လော?ဟု မေး၍ "မီးပူဇော်မည်" ဆိုလျှင် မီးကိုရိယာစုနှင့်တကွ မီးကိုအပ်၍ ရသေ့ပရိဗိုဇ်အသွင်နှင့် မီးကို လုပ်ကျွေးစေ၏။

အနှစ်သာရရှိသော ထင်းသစ်သားပေါ်များရာ၌ နေ၍ လုပ်ကျွေး၏။ ထောပတ်၊ ဆီဥစသော မီးကြိုက်သော အကောင်းအမွန်ရသမျှ မီးကို ကျွေးရ၏။ အကောင်းအမွန်ကျွေးရလျှင် အကျိုးအထူးကြီးသည်ဟု အယူရှိ၏။

အမှန်စင်စစ် မီးမည်သည် ပဋိစ္စသမုပ္ပါဒ်မျိုးပင် ဖြစ်သည်။ အဘယ်သို့လျှင် မီးသည် ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်သနည်း?။

မီးစာထင်းရှိပါမှ မီးစာထင်းကိုစွဲ၍ ဖြစ်ပေါ်နိုင်သည်။ တည်နေနိုင်သည်။ မီးစာထင်း လျော့ပါးလျှင် လျော့ပါး၏။ မီးစာထင်းကုန်လျှင် ကုန်၏။ မီးစာထင်းနှင့်ကင်း၍ မျက်တောင်တစ်ခတ်မျှ မတည်နိုင်ပေ။ ဤသည်ကား မီး၏ ပဋိစ္စသဘောတည်း။

မီးစာထင်းမည်သည်လည်း မီးထဲသို့ကျလျှင် ခဏမစဲတရဲရဲ ကုန်ခမ်းကုန်ဆုံးခြင်း၊ အနိစ္စသဘော အလွန်မြန်၏။ တစ်နေ့တစ်နေ့အဖို့တွင် ထင်းများစွာများစွာ ကုန်ခန်း၏။

ထို့ကြောင့် ထိုမီးသည် မီးကိုအကောင်းထင်သော အမှားအယူကို မစွန့်သမျှကာလပတ်လုံး ထိုပုဂ္ဂိုလ်ကို မီးစာထင်းမှုကိစ္စနှင့် ဒုက္ခက အမြဲနှိပ်စက်၏။

မိုးအတွက် လေအတွက် ထင်းပျက်ရန် မီးသေရန်အမှုနှင့် အမြဲနှိပ်စက်၏။ ထမ်းဆောင်သည်ပိုးမှုနှင့် အမြဲနှိပ်စက်၏။

http://www.dhammadownload.com



ပူအိုက်ခါ၌ ပူမှု၊ အိုက်မှုနှင့် အမြဲနှိပ်စက်၏။ ကိုယ်လွတ် လက်လွတ်မသွားသာ မနေသာ၊ ကျဉ်းမြောင်းကျပ်တည်းမှုနှင့် အမြဲနှိပ်စက်၏။

စုတေပြန်လျှင်လည်း ထိုအယူမှားအတွက် အပါယ်သို့ သွားရသည်များ၏။

## ခပ်ဟပ်ချက်

တစ်ယောက်တစ်ယောက်သော ပုထုဇဉ် သတ္တဝါတို့၏ ခန္ဓာကိုယ်၌–

၁။ စက္ခုအကြည်နှင့်တကွ မျက်လုံးအိမ်နှစ်ခုသည် မီးအိုးခင်းကြီး နှစ်ခုနှင့်တူ၏။

၂။ သောတအကြည်နှင့်တကွ နားအိမ်နှစ်ခုသည် မီးအိုးခင်းကြီး နှစ်ခုနှင့်တူ၏။

၃။ ဃာနအကြည်နှင့်တကွ နှာခေါင်းအိမ်နှစ်ခုသည် မီးအိုးခင်းကြီး နှစ်ခုနှင့်တူ၏။

၄။ ဇိဝှာအကြည်နှင့်တကွ လျှာတစ်ခုလုံးသည် မီးအိုးခင်းကြီး တစ်ခုနှင့်တူ၏။

၅။ ကာယအကြည်နှင့်တကွ ကိုယ်အင်္ဂါအားလုံးသည် မီးအိုးခင်းကြီး တစ်ခုနှင့်တူ၏။

၆။ မနောအကြည်နှင့်တကွ ဟဒယ နှလုံးအိမ်တစ်ခုလုံးသည် မီးအိုးခင်းကြီး တစ်ခုနှင့်တူ၏။

http://www.dhammadownload.com



❀ ဖသာ ၆–ပါးသည့် မီးမှုတ်သော ပြောင်း ၆–ခု၊ မီးပြင်သော ယောက်မ ၆–ခုနှင့် တူ၏။

❀ သုခဝေဒယိတခေတ် ၆–ပါးသည့် မီးတောက် ၆–မျိုးနှင့် တူ၏။

## ထင်းပုံထင်းစု

လူလောက နတ်လောကတို့၌ ရှိသမျှသော ဘုံ, ဗိမာန်၊ ရွှေ ငွေ ရတနာ လယ်ယာ မိုးမြေ၊ လှည်း၊ လှေ၊ ဆင်၊ မြင်း၊ သစ်ပင်၊ ခြွေရံ ဝတ်စားတန်ဆာ၊ အစရှိသော အလုံးစုံတို့ကို ၆–ပုံ ၆–စု ပြုသည့်ရှိသော် တစ်စုသည် စက္ခုမီးတောက်ဖို့ရန် ရသော ထင်းပုံထင်းစု ဖြစ်၏။

အကြွင်းငါးခုကိုလည်း အကြွင်းမီးတောက် ငါးခုနှင့် ဝေဖန်ပြီး တော့ သိပါလေ။

## ခြောက်မျိုးမွေးရ၏

ထိုပုဏ္ဏားမှာ မီးတစ်မျိုးကိုသာ မွေးမြူရ၏။ ဤသတ္တဝါတို့မှာ မီးတောက် ၆–မျိုး၊ မီးအိုးခင်းကြီး ငယ် ၆–ခုကို မွေးမြူကြရ၏။

ထိုမီး၏ အနိစ္စမှု၊ ပဋိစ္စသမုပ္ပါဒ်မှုထက် ဝေဒနာမီးတောက် ၆–ပါး၏ အနိစ္စမှု၊ ပဋိစ္စသမုပ္ပါဒ်မှုသည် အလွန်ကြီးကျယ်လှ၏။

ယခု မျက်မြင်လောက၌ ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့နေ့ ညည အုံးအုံးတက် ကြွက်ကြွက်ဆူသွားလာ၊ ရပ်ထိုင် လုပ်ကိုင်

http://www.dhammadownload.com



ရှာဖွေမှု ကြီးကျယ်ပုံကို မြင်ကြလျှင် မီးတောက် ၆-ပါးအတွက် မီးစာထင်းမှုအလုပ် အဘယ်မျှ ကြီးကျယ်ကျပ်တည်းသည်ဟု မြင်နိုင်ရာ၏။

မိမိတို့ ကျင်လည်၍ လာခဲ့သော အစမထင် သံသရာဘဝ အဆက်ဆက်ကို ဤနည်းအတိုင်း မြင်နိုင်ရာ၏။

## ဆင်းရဲပါလျက်ရှိ၏

မီးပူဇော်သော ပုဏ္ဏားသည် ထိုမီးကို သာယာသော မှားသောအယူကို မစွန့်သမျှကာလပတ်လုံး သွားလေရာ၊ နေလေရာ မီးနှင့်စပ်သော ဒုက္ခစက်ကွင်းကြီး အပြီးထက်ကြပ်စွပ်လျက် ပါလေဘိသကဲ့သို့ ပုထုဇဉ်သတ္တဝါတို့မှာလည်း ထိုဝေဒနာကို ငါဟု စွဲလန်းသော သက္ကာယဒိဋ္ဌိကို မစွန့်သမျှ အစမထင် သံသရာ ကာလပတ်လုံး ရောက်လေရာရာဘဝ၌ ဒုက္ခစက်ကွင်းကြီး အပြီး စွပ်လျက် ပါ၍နေ၏။

အဘယ်ဒုက္ခများနည်းဆိုသော် တစ်ခု တစ်ခုသော ဖြစ်ရာ ဘဝ၌ ထိုဝေဒနာမီးတောက် ၆-ပါးနှင့် အသက်တမ်းစေ့နေရ အောင် အာရုံ ဝတ္ထု၊ မီးစာ၊ ဆင်းရဲဒုက္ခ နောင်ဘဝမှာ ထင်းမီးစာ ပြည့်စုံစွာရခြင်းငှာ ရှေးရှေးဘဝက တင်ကူး၍ ပြုကြရသော-

၁။ ဒါနမှုဒုက္ခကြီး၊

၂။ သီလမှုဒုက္ခကြီး၊

၃။ ကာသိုဏ်းပြဟ္မဝိဟာရ ဘာဝနာမှုဒုက္ခကြီး

ဤဒုက္ခမှုတို့သည် ဖြစ်လေရာရာ စွပ်လျက်ပါကုန်၏။

http://www.dhammadownload.com



ထိုဒါနမှုဒုက္ခ၊ သီလမှုဒုက္ခ၊ ဘာဝနာမှုဒုက္ခစုကို မပြုပြန်လျှင် သုခ ၆–ပါးမှ လွတ်၍ အပါယ်ဘဝ ဒုက္ခကြီး ၆–ပါးသို့ ပြောင်းရလေ၏။

ထိုပုဂ္ဂိုလ်များသည် ထိုအယူများကိုစွန့်၍ ထိုမီးလက်လွတ်သော အခါမှ မီးစာထင်းမှု ဒုက္ခငြိမ်းလေ၏။

ထို့အတူ ဝေဒနာမီးတောက် ၆–ပါး၌ စွဲလန်းတွယ်တာသော တဏှာဒိဋ္ဌိကို စွန့်နိုင်သောအခါမှ သံသရာဒုက္ခ စက်ကွင်းကြီး ကျွတ်လွတ်၏။

သံသရာဒုက္ခစက်ကွင်းကြီး ကျွတ်ရန်၊ လွတ်ရန် သတ္တဝါ အများသည် လိုလားတောင့်တကြ၏။ တောင့်တကြသည့် အလျောက် ကျွတ်လွတ်ရန်လည်း နည်းအမျိုးမျိုးဖြင့် ကြိုးစားကြ၏။ သို့သော် အချို့အချို့တို့၏ ကြိုးစားမှုမှာ မကျွတ်မလွတ်သည့် အပြင် ဒုက္ခစက်ကွင်း ဆင်းမိလျက်၊ နင်းမိလျက် ဖြစ်နေကြပါသည်။

ယင်းသည်ကား အဘယ့်ကြောင့်ဖြစ်သနည်း?။ ကျွတ်လွတ်အောင် မကျင့်ကြံမီ ရှေးဦးစွာသိရမည့် ရှေးဦးသိ သုတမယဉာဏ် မမှန်သောကြောင့် ဖြစ်၏။

မှန်၏။ သုတမယဉာဏ် မှန်ကန်သူမှာကား ယင်းသို့ မဖြစ်နိုင်ပါ။ တရားရသည် မရသည်မှာ မိမိရဲ့ ကံ, ဉာဏ်, ဝီရိယ အပေါ်မှာ မူတည်သည်။ သို့သော် အမှားနှင့်တွေ့ပြီး အမှားလမ်းသို့တော့ မလျှောက်မိတာ အမှန်ပင် ဖြစ်သည်။

http://www.dhammadownload.com



အများလမ်းသို့တော့ မလျှောက်မိဘဲ အမှန်လမ်းသို့ လျှောက်မည့် လူငယ်တစ်ဦးနှင့်တွေ့ရ၏။ အချိန်မှာ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မြို့ကြီးတစ်မြို့တွင် (၁၀)ရက်စခန်း တရားပွဲစဉ်ကဖြစ်ခဲ့၏။

တရားပွဲ၏ လေးငါးရက်အရတွင် ယောဂီသစ် လူငယ်တစ်ဦး တိုးလာသည်။ အသစ်ဆိုသော်လည်း ပုံကိုကြည့်ရသည်မှာ ယောဂီ ဟောင်းနှင့် တူနေသည်။ သို့နှင့် မိမိက မေးကြည့်မိသည်။

"မင်း တရားအားထုတ်ဖူးသလား?"

"အားမထုတ်ဖူးသေးပါဘုရား"

"မင်းကြည့်ရတာ အားထုတ်ဖူးတဲ့ ယောဂီဟောင်းနဲ့ တူနေလို့ မေးကြည့်တာ"

"တပည့်တော် တရားတော့ တော်တော်နာဖူးပါတယ်ဘုရား။ ဒါပေမယ့် အားထုတ်တဲ့အဆင့်တော့ မရောက်သေးပါဘုရား"

"အင်း...ယခု အားထုတ်တဲ့အဆင့် ရောက်လာပြန်တော့လည်း တစ်ဝက်တစ်ပျက်မှုပါလား။ ဘယ်လိုဘယ်လို စိတ်ကူးနဲ့ ရောက်လာတာလဲ"

"ယခုလည်းပဲ ပထမတော့ အားထုတ်ဖို့ ရည်ရွယ်ချက် မရှိပါဘုရား။ တရားဟောချိန်လောက်မှသာ တရားနာရုံသက်သက် လောက်ပဲ သဘောထားပါတယ်ဘုရား"

"အင်းနာရုံမှ အားထုတ်တဲ့အဆင့် ရောက်သွားတာ ဘယ်လို သံဝေဂဉာဏ် ရရှိသွားလို့လဲ"

http://www.dhammadownload.com



"တပည့်တော်က 'ငါ ငယ်ပါသေးတယ်၊ ယခုတော့ နာရုံ လောက်ပဲ နာဦးမယ်၊ နောက်မှ အားထုတ်တာပေါ့'လို့ ယူဆပြီး နေပါတယ်ဘုရား"

"အင်း"

"အရှင်ဘုရားက ရပ်ပြစ်ရှစ်ပါးတရား ဟောလိုက်တော့မှ တပည့်တော် သံဝေဂ တော်တော်ဖြစ်သွားပါတယ်ဘုရား"

"အင်း"

"ယခု နာလိုက်ကြားလိုက်ရတော့မှ သဘောပေါက်သံဝေဂ ဖြစ်သွားပြီး 'နာရုံသက်သက်နဲ့တော့ မဖြစ်သေးပါဘူး၊ အားထုတ် ဦးမှပဲ'လို့ ဆုံးဖြတ်ချက်ချပြီး အားထုတ်ပါတယ်ဘုရား"

"အားထုတ်တော့ သဘောပေါက်ရဲ့လား"

"ပေါက်သင့်သလောက် ပေါက်ပါတယ်ဘုရား"

"အေး...၊ မိမိက သူများတွေရဲ့နောက်မှ အားထုတ်ရတာ ဆိုတော့ သူများတွေထက် ကြိုးစားမှ တော်ရုံကျမယ်နော်"

"မှန်ပါ၊ ကြိုးစားပါမယ်ဘုရား"

"အားထုတ်ပုံ အားထုတ်နည်းနဲ့ ပတ်သက်ပြီး မသိရင် မရှင်းလင်းရင် အချိန်မရွေး လာပြီးမေးနော်၊ အားမနာနဲ့၊ မကြောက်နဲ့"

"မှန်ပါဘုရား"

"သံသယတင်းလင်းနဲ့ အားထုတ်နေရင် ဘယ်တော့မှ မရဘူး၊ တချို့က မမေးနဲ့ ခိုင်းတဲ့အတိုင်းလုပ်၊ နောက်တော့

http://www.dhammadownload.com



သံသယတွေ ပြေလည်သွားလိမ့်မယ်လို့ယူဆပြီး အတင်းအားထုတ်နိုင်းတယ်၊ မရဘူးလားဆိုတော့ ရတော့ရပါတယ်၊ ကြာမှရပါတယ်၊ ပင်ပန်းဆင်းရဲပြီးမှ ရပါတယ်။ တရားဟာ အားထုတ်ပုံမှန်ကန်ရင် မပင်ပန်းပါဘူး"

"တပည့်တော် ဝေဒနာနုပဿနာကို အားထုတ်တဲ့အခါ သုခဝေဒနာကို ရှာပြီးအားထုတ်လို့ မဖြစ်ဘူးလားဘုရား"

"ဖြစ်တာပေါ့၊ ဘုရားရှင်က ဘယ်ဟာမှ အားထုတ်ရမယ်လို့ သတ်မှတ်ချက်ထားပြီး အားမထုတ်ခိုင်းပါဘူး၊ ကြိုက်ရာအားထုတ်နိုင်အောင် သတ္တဝါအကြိုက်လိုက်ပြီး နည်းအမျိုးမျိုး ဟောပေးထားတာပဲဟာ"

"ဒီလိုဆို တပည့်တော် သုခဝေဒနာပဲ ရှုမယ်ဘုရား၊ ဖြစ်ပါ့မလား"

"ဖြစ်တာပေါ့၊ နေပါဦး မေးပါရစေ၊ မင်းက ဘာဖြစ်လို့ သုခဝေဒနာကို ရှုချင်တာလဲ၊ ပြောစမ်းပါဦး၊ အကြောင်းကို"

"သတ္တဝါတိုင်း ဒုက္ခကို ကြောက်ကြပါတယ်ဘုရား၊ ဒုက္ခကို မလိုလားကြပါ၊ ဒုက္ခကို ရှောင်ရှားကြပါတယ်"

"အင်း"

"သုခကို လိုလားတောင့်တကြပါတယ်၊ တစ်နေ့တစ်နေ့ သတ္တဝါတွေဟာ သုခရရေးကိုပဲ ကြိုးစားနေကြပါတယ် ဘုရား"

"အင်း"

http://www.dhammadownload.com



"အဲဒီသုခအတွက်နဲ့ပဲ သတ္တဝါတွေဟာ ဒုက္ခရောက်နေကြရပါတယ်ဘုရား"

"အင်း"

"သုခကို သဘောပေါက်အောင်ရှုထားတော့ သုခရဲ့ဒဏ်ကို တပည့်တော် ခံနိုင်ရည်ရှိမယ်လို့ ထင်ပါတယ်ဘုရား"

"အင်း"

"အများအားဖြင့် တပည့်တော် တွေ့ရသလောက်ဟာ ဒုက္ခဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိသော်လည်း သုခဒဏ်ချက်နဲ့ကျတော့ လန်ကျတာပဲ တွေ့ပါတယ်ဘုရား"

"အင်း"

"အဲဒီတော့ အကျနာပါတယ် ဘုရား"

"အင်း"

"သုခဝေဒနာရှုမယ်ဆိုတော့ မင်း ရှုပွားအားထုတ်နည်းကို သိပြီးပြီလား"

"မှန်ပါ၊ အရှင်ဘုရား ဟိုတစ်နေ့က ဟောပြပြီးတော့ တပည့်တော် လက်တွေ့ စမ်းသပ်အားထုတ်ကြည့်ပါတယ်ဘုရား"

"အင်း"

"အားထုတ်ကြည့်တော့ တပည့်တော် အားထုတ်တတ်ပါတယ်ဘုရား"

"ဝေဒနာက ကမ္မဋ္ဌာန်းထဲမှာ အခက်ဆုံးပဲ၊ တချို့ဝေဒနာဆိုပြီး အားထုတ်တယ်၊ ဝေဒနာမဟုတ်ဘူး၊ ဓာတ်တွေ ဖြစ်နေ

http://www.dhammadownload.com



တယ်၊ အာရုံလွဲနေတာပေါ့၊ မင်း သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ဘုရား"

"ဘယ်လို ပေါက်လဲ၊ ရှင်းပြစမ်းပါဦး"

"ဝေဒနာဆိုတာက ခံစားမှုသဘောတရား သက်သက်ကလေးပါဘုရား"

"ဘယ်လို ခံစားမှုသဘောသက်သက်ကလေးလဲ"

"ဥပမာဆိုပါတော့ဘုရား၊ လေပြည်လေညင်းကလေး တိုက်ခတ်တော့ အေးသွားတယ်၊ အေးတာက ဓာတ်ပါဘုရား၊ အေးသဘောကလေးကို ခံစားတာ၊ သဘောကျ အားရတာက ဝေဒနာပါဘုရား"

"အင်း"

"သူတစ်ပါးတွေက တပည့်တော်ကို ချီးမွမ်းတဲ့အခါ သဘောကျသွားတာဟာလည်း ဝေဒနာပါဘုရား"

"အင်း"

"အဲဒီ ဝေဒနာမျိုးပဲ တပည့်တော် ရှုပါမယ်ဘုရား၊ အဲဒီဒဏ် ခံနိုင်ရင် တပည့်တော် အကျိုးရှိမယ် ထင်ပါတယ်ဘုရား"

"အေးဟုတ်ပြီ၊ ရှု-ရှု၊ မင်းပြောတာ ဟို...လယ်တီဆရာတော်ဘုရားကြီးရဲ့ 'ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာ'နဲ့လည်း ကိုက်ညီတယ်"

"ဒါဖြင့် တပည့်တော်အယူအဆ မှန်တယ်ပေါ့ဘုရား"

"မှန်တာပေါ့"

"တပည့်တော် ဝမ်းသာလိုက်တာဘုရား"

http://www.dhammadownload.com



- ဝေဒနာမှု၊ ယူမတူ၊ အမှုကွဲတတ်သည်။
- ဝေဒနာရှုက၊ သဘာဝ၊ ကျနသိရမည်။
- ဝေဒနာဆို၊ နာတာကို၊ ထိုထိုယူကြသည်။
- ခံစားတာဟာ၊ ဝေဒနာ၊ သေချာသိရမည်။
- ကောင်းဆိုးခံစား၊ နှစ်မျိုးပြား၊ သိနားလည်ရမည်။

http://www.dhammadownload.com



# ကျောက်ဆင်းတုကိုယ်တော်သားကျနေတာပဲ

{၄}

ဝမ်းမြောက်ဝမ်းသာ၊ ဤလူ့ရွာဝယ်၊
ကျွမ်းဝင်ရာညွှတ်၊ ကြိုက်ရာနတ်နှင့်၊
မမှတ်ဂုဏ်ဝါ၊ ထူးမရှာဘူး။
ကြည်ညိုရာမြတ်၊ ချစ်ရာတတ်၏။
ဆတ်ဆတ်ကေန်၊ မှန်သည်မရှိ။
လူ့ထုံးသိလော့။
လောကီလူတမ်း၊ လူ့နွတ်ခမ်းကား၊
ချီးမွမ်းကဲ့ရဲ့၊ ဖြစ်တတ်ခဲ့ရှင့်။
ပြစ်ဘွဲ့ကြည်ညို၊ ပြောကြဆိုလည်း၊
ပြောဆိုသူနှင့်၊ နှိုင်းကာချင့်တည့်။
ယခင်ထိုသူ၊ ယုတ်မြတ်ဟူလည်း၊
အယူတူမျှ၊ ကြည်ညိုကြ၏။

http://www.dhammadownload.com



အို...စာရှုသူ၊ အထက်ပါ လင်္ကာကလေးများကို အပြန်ပြန် အထပ်ထပ် ဖတ်ရှုစမ်းပါဘိ။ ဖတ်ရှုပြီးလျှင် သဘောသဘာဝကို အပြန်ပြန်အထပ်ထပ် စဉ်းစားစမ်းပါဘိ။

ယင်းလင်္ကာလေးများကို အပြန်ပြန်အထပ်ထပ် ဖတ်ရှုပြီးလျှင် အပြန်ပြန်အထပ်ထပ် စဉ်းစားသော် လောကသဘော လူ့တို့ သဘောသည် လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ အကွင်းသား အရှင်းသား ပေါ်လွင်ထင်ရှား လာပါလိမ့်မည်။

ယင်းသို့ လောကသဘော၊ လူ့တို့သဘော အကွင်းသား အရှင်းသား ပေါ်လာသော် 'လူ့တို့သဘောဟာ ဒီလိုရှိပါလား'လို့ သိသဖြင့် စာရှုသူအား လူ့တို့သဘောနှင့် ပတ်သက်ပြီး ဝမ်းမြောက်မှု ဝမ်းနည်းမှု မဖြစ်နိုင်တော့ပြီ။ ပုထုဇဉ်သဘာဝ ဖြစ်သော် လည်း ဖြစ်ကြောမရှည်တော့ဘဲ ဖြေဆည်နိုင်ပြီ။

လူ့တို့သဘာဝ သိအောင်၊ မိမိစိတ်ကို ဖြေဆည်နိုင်အောင် လေ့ကျင့်ရေးသည် အရေးကြီးလှ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းသဘောမျိုးနှင့် မိမိနှင့် ခဏခဏ တွေ့ရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

မှန်၏။ မိမိလည်း ယင်းသဘောမျိုးနှင့် ခဏခဏ တွေ့ခဲ့ ရပါ၏။ ယင်းအတွေ့များထဲမှ အကြောရှည်သော တွေ့မှုတစ်ခုကို ဖော်ပြပါမည်။

တစ်ချိန်က ဆောင်းကာလဖြစ်ခဲ့၏။ မိမိသည် မြို့ငယ်တစ်ခု တွင် တရားဟော၏။ တရားပွဲမှာ အလှူပွဲဖြစ်၏။ အလှူရှင်မှာ

http://www.dhammadownload.com



မြို့ကြီးတစ်မြို့မှ ဖြစ်၏။

မိမိမှာ အလှူကျောင်းပရာနှင့် အလှမ်းကွာသော လူရှင်းသော ကျောင်းငယ် တစ်ခုတွင် တစ်ပါးတည်း တည်းခိုနေသည်။ အလှူနေ့တွင် မိမိထံသို့ အလှူလာသူများ အတက်အဆင်း အဝင်အထွက် အသွားအလာမှာ မပြတ်လှပါ။

အစုလိုက် အစုလိုက် ဝင်ထွက်သွားလာသူများအား မိမိသည် စကား မပြောမိလိုက်သည်လည်း ရှိပါလိမ့်မည်။ မိမိမှာကား အမှတ် မထားမိပါ။

အလှူပြီးသော နောက်နေ့တွင် မိမိထံသို့ မိမိနှင့် ရင်းနှီးသူ ဒကာမကြီးငယ်တစ်စု ရောက်လာပြီးလျှင် ရှိခိုးဦးချကာ ထိုင်ကြသည်။ စကားပြောကြသည်။ ယင်းမှ တစ်ယောက်က မေးလျှောက်သည်။

"ဆရာတော်ထံ မနေ့က (......)တို့ လာပါသလားဘုရား"

"လာလား၊ မလာလားမသိဘူး၊ လူတွေတော့ တော်တော်များများလာတယ်၊ သူ့အုပ်စု၊ သူ့အုပ်စုနဲ့ပဲ"

"လာတယ်ဘုရား၊ ဆရာတော်ဘုရားကို စကားပြောလိုတဲ့ စကားတစ်ခုတောင် ဖြစ်နေတယ်"

"ဘယ်လို စကားဖြစ်နေလဲ ပြောစမ်းပါဦး"

"တို့က စာရေးဆရာ ဘုန်းကြီး၊ တရားဟောဘုန်းကြီးလို့ ပြောတာနဲ့ သွားဖူးပါတယ်၊ '**ကျောက်ဆင်းတုကိုယ်တော်သားကျနေတာပဲ**' စကားလည်း တစ်လုံးမှ မပြောဘူးတဲ့ ဘုရား"

http://www.dhammadownload.com



"အဲဒါ ဘာဖြစ်လဲ"

"တပည့်တော်တို့ ကြားခဲ့တယ် ဆရာတော်ဘုရား"

"ကပ်သီးကပ်သပ် ဘယ်လိုကနေ ဘယ်လိုကြားရတာလဲ"

"တပည့်တော်တို့က သူတို့နဲ့ အခန်းချင်းကပ်နေတာဘုရား၊ သူတို့ ဆရာတော်ဘုရားထံ လာတာလည်း မသိပါဘူး၊ နောက် အဲဒီ အသံကြားတော့မှ ထွက်ကြည့်တော့ သူတို့သွားလို့ ပြန်လာ မှန်း သိတယ်"

"ကဲ...၊ အဲဒီလိုဆို သိတော့ ဘာဖြစ်လဲ၊ ကျောက်ဆင်းတု ကိုယ်တော်နဲ့ တူတယ်ဆိုတာပဲ ဘာနာစရာရှိလို့လဲ၊ အဆင့်အတန်း တောင် မြင့်သွားသေးတယ်"

"ဘယ်ကောင်းမလဲ ဘုရား၊ ကိုယ့်ဆီ ဧည့်သည်လာတာ ကိုယ်က စကားမပြောလို့ ကဲ့ရဲ့ခံရတာ"

"မျက်နှာကြီး စကားမပြောမိလို့ ကဲ့ရဲ့ခံရတာ ကိစ္စမရှိပါဘူး၊ မျက်နှာငယ် စကားမပြောလို့ ကဲ့ရဲ့ခံရတာမှ ခက်တယ်"

"ဘာဖြစ်လို့လဲဘုရား"

"မျက်နှာငယ် စကားမပြောမိလို့ ကဲ့ရဲ့တော့ သူ့အပြစ် ရှိမှာပေါ့၊ သူက 'တို့က မျက်နှာမရှိလို့ စကားမပြောတာ' လို့ အထင်မှားမှာကို၊ မျက်နှာကြီးကတော့ အဲဒီလို အထင်မမှားဘူး"

"ဘယ်လို ထင်မလဲဘုရား"

"ဒီ ဘုန်းကြီး တယ် အ,တဲ့ဘုန်းကြီးလို့ ထင်ချင်ထင်မယ်၊ ဒီဘုန်းကြီး ဟိတ်ဟန်ကြီးတယ်လို့ ထင်ချင်ထင်မယ်၊ ဒါပဲ"

http://www.dhammadownload.com



"ခု ကျောက်ဆင်းတု ကိုယ်တော်သားကျနေတာပဲဆိုတာက ဘယ်လိုပါလဲဘုရား"

"အဲဒါက ဟိတ်ဟန်ကြီးတယ်လို့ ထင်တဲ့အထင်ထဲ ပါမှာပေါ့"

"ဆရာတော်ဘုရားကလည်း ကိုယ့်ဆီလာတာပဲ စကားလေး ဘာလေး ပြောမှပေါ့ဘုရား"

"အပြောက လွယ်တယ်၊ စကားပြောရတာ ဘယ်လောက် ခက်လဲ၊ တရားသာ နှစ်နာရီ သုံးနာရီ ဟောလိုက်ချင်တယ်၊ စကားကို လေးငါးမိနစ်လောက် ပြောရမှာ သိပ်တာဝန်ကြီးတယ်"

"ဘာဖြစ်လို့ပါလဲ ဘုရား"

"တရားဟောတာက ဘုရား တရားတွေ ရှိနေတော့ ဘုရားရှင် ဟောတဲ့အတိုင်း ဟောပေးလိုက်ရင် ပြီးတာပဲ၊ စကားကတော့ မပြီးဘူး၊ အလိုက်အထိုက် ကြည့်ပြောရတာ မလွယ်ဘူး၊ သူ့အကြိုက်လည်း ကိုယ်ကမလိုက်နိုင်၊ ကိုယ့်အကြိုက်လည်း သူက မလိုက်နိုင်နဲ့၊ ခက်တယ်၊ ဝါသနာမပါဘူး"

"ခက်တာနဲ့၊ ဝါသနာ မပါတာနဲ့ မပြောတော့ အကဲ့ရဲ့ခံရ တာပေါ့ဘုရား"

"ဘုန်းကြီးက စကားပြောတဲ့ လူနဲ့သာ စကားပြောတတ်တာ၊ စကားမပြောတဲ့လူနဲ့ စကားမပြောတတ်ဘူး၊ သူတို့က စပြီးတော့ မပြောတော့ ကိုယ်ကလည်း မပြောတတ်ဘူး၊ အဲဒီလို နှစ်ဦး မပြောဘဲ နေပြန်တော့လည်း အနေရခက် မျက်နှာပူတယ်၊

http://www.dhammadownload.com



ပို့ပြီးတော့မပြောတတ်တော့ဘူး၊ အဲဒါနဲ့ မပြောဘဲ နေလိုက်တော့ ကဲ့ရဲ့ခံရတာပေါ့”

“ဒီတော့ ဘယ်ကောင်းမလဲ ဆရာတော်ဘုရား”

“ဒါကတော့ ခုမှ မဟုတ်တာပဲ၊ ရှေးကလဲ ရှိတာပဲဟာ”

“အမိန့်ရှိပါဦးဘုရား၊ ရှေးက ဘယ်လိုရှိလာတယ်ဆိုတာကို တပည့်တော်တို့ သိရအောင်”

## အတုလဥပါသကာ

“ဟို ဘုရားရှင် လက်ထက်တော်အခါက သာဝတ္ထိပြည်မှာ ဥပါသကာ ငါးရာအခြံအရံရှိတဲ့ အတုလဥပါသကာဆိုတာရှိတယ်”

“မှန်ပါဘုရား”

“အဲဒီ အတုလဥပါသကာဟာ တစ်နေ့ သူ့အခြံအရံ ဥပါသကာ ငါးရာနဲ့အတူတကွ ရှင်ရေဝတထံသွားပြီး ရှိခိုးထိုင်နေကြတယ်”

“မှန်ပါဘုရား”

“ရှင်ရေဝတက ဆိပ်ငြိမ်ရာအရပ်မှာ မွေ့လျော်တယ်။ ခြင်္သေ့ကဲ့သို့ တစ်ပါးတည်း ကေစာရီ သီတင်းသုံးတယ်။ ဒါကြောင့် အတုလဥပါသကာနဲ့ ဘာတစ်ခွန်းမျှ စကားမပြောလိုက်ဘူး”

“ဆရာတော် ဟိုဒကာမကြီးတွေ စကားမပြောသလိုပေါ့ နော်”

http://www.dhammadownload.com



"ဆိုပါတော့၊ အဲဒီလိုမပြောတော့ အဲဒီအတုလဉပါသကာက 'ဒီကိုယ်တော်ဟာ စကားကလေး တစ်ခွန်းတောင် ပြောဖော်မရဘူး' ဆိုပြီး စိတ်ဆိုးပြန်သွားသတဲ့"

"မှန်ပါဘုရား"

"ပြန်ပြီးတော့ ရှင်သာရိပုတ္တထံ သွားတယ်။ ရှင်သာရိပုတ္တက အကြောင်းမေးတော့ သူကလည်း မထိန်မချန် ပြန်ပြီးလျှောက်တယ်။ တရားလည်းဟောဖို့ လျှောက်တယ်"

"မှန်ပါဘုရား"

"ရှင်သာရိပုတ္တက ကဲဒါဖြင့် ထိုင်လို့ဆိုပြီးတော့ အဘိဓမ္မာတရားတွေ များစွာဟောလိုက်တယ်"

"မှန်ပါဘုရား"

"ဒီတော့ အတုလ ဉပါသကာက 'အဘိဓမ္မာတရားဆိုတာ အလွန်သိမ်မွေ့နက်နဲတယ်။ ရှင်သာရိပုတ္တကလည်း အဘိဓမ္မာတရားတွေ များစွာဟောတယ်၊ ငါတို့အား ဒီအဘိဓမ္မာတရားတွေဖြင့် ဘာအကျိုးရှိအံ့နည်း' လို့ ကဲ့ရဲ့ပြီးတော့ စိတ်ဆိုးထပြန်သွားပြန်တယ်"

"မှန်ပါဘုရား"

"အရှင်အာနန္ဒထံ ရောက်တော့ ရှင်အာနန္ဒကလည်း မေးတယ်။ အကျိုးအကြောင်းပေါ့။ အဲ–အတုလ ဉပါသကာကလည်း ရှင်ရေဝတအပေါ် အလိုမကျခဲ့ပုံ၊ ရှင်သာရိပုတ္တအပေါ်

http://www.dhammadownload.com



အလိုမကျ။ အလုံးစုံ လျှောက်ထားတယ်။ လျှောက်ထားပြီး ရှင်အာနန္ဒအား တရားဟောဖို့ တောင်းပန်တယ်"

"မှန်ပါဘုရား"

"ရှင်အာနန္ဒက ဒီလိုဆို ထိုင်ကြလို့ မိန့်တော်မူပြီးတော့ သူတို့သိလွယ် မှတ်လွယ်အောင် အနည်းငယ်သော တရားကို အပိုအလိုမရှိ ဟောပေးလိုက်တယ်"

"မှန်ပါဘုရား"

"ဟောပေးလိုက်တော့ ရှင်အာနန္ဒကိုလည်း စိတ်ဆိုးပြီးတော့ ဘုရားထံသွားပြန်တယ်"

"တယ်ဆိုးတဲ့ဒကာကြီးပါလားဘုရား၊ သူစိတ်မဆိုးတဲ့ ဘုန်းကြီးပဲ မရှိတော့ပါလား"

"အင်း ဒါကြောင့် ပြောတာပေါ့။ "ကဲ့ရဲ့ချီးမွမ်း အဆန်း မဟုတ်"တဲ့၊ မှတ်ထား၊ နေ့တိုင်း တွေ့ရတဲ့ အရိုးတရား၊ မတုန် လှုပ်နဲ့"

"မှန်ပါ၊ ဆက်အမိန့်ရှိပါဦးဘုရား"

"ဘုရားထံရောက်တော့ ရှိခိုးပြီးထိုင်နေတယ်။ ဘုရားရှင်က ဘာကိစ္စလာတာလဲ မေးတော့ တရားနာရန် လာပါတယ်ဘုရား လို့ လျှောက်ထားတယ်။ ဒီတော့ ဘုရားရှင်က နာခဲ့ရလားလို့ မေးတော့ နာခဲ့ရကြောင်း လျှောက်ထားပြီး ရှင်ရေဝတမှအစ ရှင်အာနန္ဒအဆုံး။ အကုန်လုံးလျှောက်ထားတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီတော့ ဘုရားရှင်က အဲဒီအတုလဥပါသကာရဲ့ စကားကို နားထောင်ပြီးတော့-

"အတုလ ဒီကဲ့ရဲ့တဲ့ သဘောဟာ ရှေးကာလမှ စတင်ခဲ့တဲ့ အလေ့အလာ သဘောတရားပါ။ ယခုမှ ပေါ်လာတဲ့ ခေတ်ပေါ်တရား မဟုတ်ပါဘူး"

"တိတ်တိတ်နေတဲ့ လူကိုလည်း ကဲ့ရဲ့တာပဲ။ များစွာပြောတဲ့ လူကိုလည်း ကဲ့ရဲ့တာပဲ၊ နှိုင်းချိန်ပြောတဲ့ လူကိုလည်း ကဲ့ရဲ့တာပဲ။ စင်စစ် လုံးဝကဲ့ရဲ့ခံရတဲ့ လူရယ်လို့ မရှိပါဘူး။ လုံးဝချီးမွမ်းခံရတဲ့ လူရယ်လို့လဲ မရှိပါဘူး"

"မင်းကို အချို့က ချီးမွမ်းကြတယ်။ အချို့က ကဲ့ရဲ့ကြတယ်။ မဟာပထဝီမြေကြီးကိုလည်း အချို့က ကဲ့ရဲ့ကြတယ်။ အချို့က ချီးမွမ်းကြတယ်။ လ၊ နေတို့ကိုလည်း အချို့က ချီးမွမ်းကြတယ်။ အချို့က ကဲ့ရဲ့ကြတယ်"

"ကောင်းကင် စသည်ကိုလည်း အချို့က ကဲ့ရဲ့ကြတယ်၊ အချို့က ချီးမွမ်းကြတယ်၊ ပရိသတ်လေးပါးအလယ်ဝယ် တင့်တယ်သပ္ပာယ်စွာ တရားဟောနေတဲ့ တရားမင်းဘုရင် ဘုရားရှင်ကိုလည်း အချို့က ကဲ့ရဲ့ကြတယ်၊ အချို့က ချီးမွမ်းကြတယ်"

"မှန်ပါတယ် အတုလ၊ လူမိုက်တွေရဲ့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟာ ပမာဏမဟုတ်ပါဘူး၊ ကြောင်းကျိုးမြင်သိ ပညာရှိပုဂ္ဂိုလ်ကတော့ စိစစ်ပြီးတော့ ကဲ့ရဲ့သင့်က ကဲ့ရဲ့တယ်။

http://www.dhammadownload.com



စိစစ်ပြီးတော့ ချီးမွမ်းသင့်က ချီးမွမ်းတယ်လို့ မိန့်တော်မူလိုက်တယ်။ ပြီးတော့ ဂါထာစကားနဲ့လည်း တရားဟောလိုက်တယ်။ အဲဒီတရားစကားအဆုံးမှာ ဥပါသကာ ငါးရာဟာ သောတာပန် ဖြစ်သွားတယ်နော်"

"မှန်ပါဘုရား"

"ယခုလည်း '**ကျောက်ဆင်းတုကိုယ်တော်သားကျနေတာပဲ**' ဆိုတဲ့အကြောင်းလျှောက်လို့ ရှင်းပြတဲ့စကား နားထောင်ရတဲ့သူတွေ သောတာပန်ပဲ ဖြစ်သွားသလား။ ထပ်ပြီးပဲ ကဲ့ရဲ့စကား ပြောကြားဦးမလားတော့ မသိဘူး။ အဲဒီ အတုလ ဥပါသကာကို ဟောကြားချက်ကို မဃဒေဝလင်္ကာမှာ ဒီလိုလင်္ကာသီကုံးထားတယ်"

"ခပဲထွေပြား၊ ဤလူများ၌၊ စကားနည်းသူ၊ ထိုသည့်လူကို၊ မတူလူချင်း၊ နှုတ်ဟင်းလင်းနှင့်၊ ခံတွင်းမဟဲ့၊ လျှာမဲ့ ငါးယောင်၊ အယောင်တုံချက်၊ မငက်ငက်ဟု၊ အမျက်စောင်းမဲ့၊ ဆိုကဲ့ရဲ့၏"

"ကျယ်ဘွဲ့စကား၊ များလှအားလည်း၊ ဖွားဖွား သွက်သွက်၊ အမှုပ်ထွက်အောင်၊ ထန်းရွက်လေခတ်၊ တတင့်တင့်ဟု၊ ရေရွတ်မဲ့မဲ့၊ ဆိုကဲ့ရဲ့၏"

"နှိုင်းရှဲ့သောအား၊ စကားမပြည့်၊ တိုရှည်သင့်ရုံ ပြောပါတုံလည်း၊ နိတုံနိက္ခ၊ ရွှေပေးရသို့၊ မျှတာအကယ်၊ ကုန်နိုးဖွယ်ဟု၊ လူဝယ်နှုတ်ရွှံ့၊ ဆိုကဲ့ရဲ့၏၊ ပြစ်ဘွဲ့ဆိုတင်း၊ ကဲ့ရဲ့

http://www.dhammadownload.com



ခြင်းမှ၊ လွတ်ကင်းသသူ၊ မရှိဟူရှင့်"တဲ့၊ ကဲ-အကဲ့ရဲ့ လွတ်တဲ့လူ လောကမှာ ရှိသေးရဲ့လား။ မရှိတော့ဘူးနော်"

"မှန်ပါဘုရား"

"ဒီတော့ တကယ်အချီးအမွမ်း ခံချင်ပါတယ် ဆိုရင် ပညာရှိ သူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကို ခံရအောင် ကြိုးစားရမယ်နော်"

"မှန်ပါဘုရား"

"အကဲ့ရဲ့ခံရမှာ ကြောက်ပါတယ်ဆိုရင်လည်း ပညာရှိ သူတော်ကောင်းတွေရဲ့ ဉာဏ်ပညာနဲ့ စိစစ်ပြီးတော့ ကဲ့ရဲ့ထိုက်လို့ ကဲ့ရဲ့ခံရတာကို ကြောက်ရမယ်နော်"

"မှန်ပါ့ဘုရား"

"သာမန် သူလိုကိုယ်လို လူတွေက သူတို့သဘောနဲ့ တိုက်ဆိုင်လို့ ချီးမွမ်း၊ မတိုက်ဆိုင်လို့ ကဲ့ရဲ့တာက ပမာဏ မဟုတ်ပါဘူးနော်"

"မှန်ပါဘုရား"

အဲဒီလို ကဲ့ရဲ့ ချီးမွမ်းမှုနဲ့ ပတ်သက်ပြီးတော့ မဃဒေဝ လင်္ကာမှာ လင်္ကာသီထားတာ ရှိသေးတယ်၊ ဘာတဲ့လဲ"

"တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတစ်ယောက်၊ ပြစ်တင် ကြောက်လော့"

http://www.dhammadownload.com



"ရှေ့နောက်မဆဲ၊ လူ့ဗာလတို့၊ ဂုဏာဒေါသာ၊ နှစ်စ ကျိုးပြစ်၊ စိစစ်မြော်မြင်၊ မဆင်ခြင်ဘူး၊ ဆိုချင်မက်မော၊ ဆိုလျှင်ဇော‌ဖြင့်၊ သဘောအလိုက်၊ တုတ်နှင့်ရိုက်သို့၊ သူမိုက်ချီးမွမ်း၊ ဂုဏ်နာနွမ်း၏"တဲ့။ ကဲ–သဘောပေါက်လား၊ သဘောပေါက်အောင်လည်းစဉ်းစား၊ ကဲ့ရဲ့ချီးမွမ်း သဘောပေါက်လို့ ခံနိုင်ရည်ရှိရင် လောကထဲမှာနေရတာ အများကြီး ချမ်းသာမယ်နော်"

"မှန်ပါဘုရား"

"ကဲ့ရဲ့ချီးမွမ်း သဘောပေါက်လို့ 'ဆုတ်နစ်မှု၊ ဝမ်းမြောက်မှုတွေ' ဖြစ်နေရင်လဲ လောကထဲမှာ နေရတာ အမြဲ ဆင်းရဲနေရမယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ကိုယ်ကလည်း လောကထဲက မထွက်နိုင်သေးတဲ့ အတူတူ၊ လောကထဲမှာ နေရသေးတဲ့ အတူတူတော့ လောကတဲမှာ ချမ်းသာအောင်နေပေါ့နော်"

"မှန်ပါဘုရား"

"ဘုန်းကြီးအတွက်တော့ ဘာမှမပူနဲ့။ အဲဒီချီးမွမ်းကဲ့ရဲ့နှစ်ခုက အမြဲကြုံနေတော့ ကျင့်သားရနေပြီ"

"မှန်ပါဘုရား"

"ကဲ တော်သေးပြီ"

http://www.dhammadownload.com



- မုန်းချစ်နှစ်တန်၊ လူတို့ဘြာန်ဝယ်၊ အမှန်သဘော၊ မရှိသောရှင့်၊ (မဃဒေဝ)
- လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏။ (မဃဒေဝ)
- ပညာမဲ့ထ၊ ဗာလလူကို၊ ချီးမွမ်းဆိုသော်၊ ထိုလူဗာလ၊ ကဲ့ရဲ့ကလည်း၊ မှုချပဏ္ဍိ၊ အမှန်သိရှင့်။ (မဃဒေဝ)
- မှတ်ဘိအဟုတ်၊ လူအစုတ်၌၊ သူယုတ်သဘော၊ ခေတ်မနှော၍၊ မြတ်သောသူကို၊ မကြည်ညိုဘူး၊ အလိုစက္ကဝါ၊ ဝေးကြကွာ၏။ (မဃဒေဝ)

http://www.dhammadownload.com



# ဘယ်မသာကာအကျက်ဆဲ

(၅)

သရဏဂုံသည် နေ့ရက်အပိုင်းအခြားနှင့် မှန်းထား၍ ခံယူဆောက်တည်ရသော အရာမျိုးမဟုတ်၊ နေ့ရက် အပိုင်းအခြားနှင့် ခံယူဆောက်တည်၍လည်း မရ။

အသက်ထက်ဆုံးပြု၍ ဆောက်တည်ခံယူရသော အရာမျိုး ဖြစ်ပေသည်။ အသက်ထက်ဆုံးပြု၍ ခံယူဆောက်တည်မှ ရ၏။

ထို့ကြောင့် သိက္ခာပုဒ်တို့၌သာလျှင် ပိုင်းခြားသော နေ့ရက်ကို လွန်လျှင် ပျက်မှုဟူ၍ အသီးအခြားရှိသည်။ သရဏဂုံ၌မူ ပိုင်းခြားသောနေ့ရက်ကို လွန်၍ ပျက်မှုဟူ၍မရှိ။ သေလွန်မှသာ ပျက်မှုဟူ၍ ရှိသည်။

မှန်၏။ သရဏဂုံမူ၌ ကျူးလွန်မှုမည်သည် ဗုဒ္ဓသာသနာတော်ကို စွန့်၍ တစ်ခြားဘာသာသို့ ပြောင်းရွှေ့ခြင်းတစ်ပါးသာ ရှိ၏။

http://www.dhammadownload.com



တစ်ကြိမ် ဆောက်တည်၍ထားသော သရဏဂုံ မည်သည် မသေမီအတွင်း၌ ဗုဒ္ဓဘုရား၊ ဗုဒ္ဓဘုရား၏တရား၊ ဗုဒ္ဓဘုရား၏ တပည့်သား သံဃာ၊ ဗုဒ္ဓသာသနာတော်ကို မကိုးကွယ်လိုပြီဟု ဗုဒ္ဓသာသနာကိုစွန့်၍ တစ်ခြားဘာသာကို ပြောင်းရွှေ့မှပင် သရဏဂုံ ပျက်တော့သည်။

ထို့ကြောင့် သရဏဂုံမည်သည် တစ်ကြိမ်ခံယူဆောက်တည် ပြီးနောက် ဗုဒ္ဓသာသနာတော်ကို မစွန့်သမျှ ကာလပတ်လုံး အမြဲ တည်၏။

အခါခါ ခံယူဆောက်တည်မှုကိစ္စ မရှိပြီ။ သို့သော်လည်း အခါခါ ခံယူဆောက်တည်မှုသည် ကုသိုလ်တရား အသစ်အသစ် ပွင့်လင်းမှုဖြစ်၏။

ထို့ကြောင့် ယခုကာလ၌ လူတို့သည် သရဏဂုံကိုလည်း သီလနှင့်အတူ အခါခါခံယူဆောက်တည်ကြကုန်၏။ သို့သော် သိရမည်မှာ ငါးပါးသီလကဲ့သို့ ကျူးလွန်မိခဲ့သော် ပျက်စီးခဲ့သော် ဟု မိမိကိုယ်ကို မိမိ စိတ်မချသာရှိ၍ အခါခါ ခံယူဆောက် တည်ကြရကုန်သည်မဟုတ်။ ဥပုသ်သီလကဲ့သို့ ယခင်က ခံယူ ဆောက်တည်သော နေ့ရက်အပိုင်းအခြားကိုလွန်၍ ငြိမ်းခဲ့ပြီဟု အခါခါ ခံယူဆောက်တည်ကြကုန်သည်လည်း မဟုတ်ဟုသိပါ။

ဤ၌ ကိုးကွယ်ရာပြုမှု နှစ်ပါး ခြားနားပုံကို သိသင့်၏။ လောက၌ ကိုးကွယ်ရာ ပြုမှုမည်သည်–

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာပြုမှုတစ်မျိုး၊

http://www.dhammadownload.com



၂။ အထူးကုသိုလ် ဖြစ်ပွားရန်ကိစ္စနှင့် ကိုးကွယ်ရာ ပြုမှု တစ်မျိုးဟူ၍ ကိုးကွယ်ရာပြုမှု ၂–မျိုးရှိ၏။ ယင်းနှစ်မျိုး ခြားနား ပုံကို သိသင့်၏။ ခြားနားပုံကား–

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာ ပြုမှုဆိုသည်ကား သက် တော်ထင်ရှား ရှိတော်မူသော ဗုဒ္ဓဘုရားရှင်ကိုလည်းကောင်း၊ မဂ် ၄–တန်၊ ဖိုလ် ၄–တန်၊ နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ သီလဝန်၊ ဂုဏ ဝန်၊ ကလျာဏပုထုဇဉ် ရဟန်းသံဃာနှင့်တကွ ရှစ်ယောက်သော အရိယာသံဃာတော်မြတ်တို့ကိုလည်းကောင်း၊ အသက်ထက်ဆုံး နိစ္စအားဖြင့် ယခုဘဝ၌ မိမိကိုးကွယ်ရာဟု ခံယူဆောက်တည်၍ ကိုးကွယ်မှုသည် သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာ ပြုမှုမည်သည်။

၂။ စေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတု တည်ထောင်၍ ကိုးကွယ်မှု၊ မိမိတို့ ကြည်ညိုလေးမြတ်ရာ ဂိုဏ်း၊ သံဃာ၊ ပုဂ္ဂိုလ် ကို မိမိတို့ဆိုင်ရာ ဆရာသမား ပြုလုပ်၍ အသီးသီး ကိုးကွယ်ကြမှု များသည် အထူးကုသိုလ်ပွားရန် ကိုးကွယ်မှုမည်၏။

ယင်းနှစ်မျိုးတို့တွင်–

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာပြုမှုသည် ဗုဒ္ဓသာသနာ ဝင် မှန်ကြသူ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါခပ်သိမ်း တစ်ထပ်တည်း တူမျှကြ၏။ ဘယ်သူ၏ ကိုးကွယ်ရာက ယုတ်ညံ့သည်။ ဘယ်သူ၏ ကိုးကွယ်ရာက မြင့်မြတ် သည်ဟူ၍ မရှိကြ။

http://www.dhammadownload.com



၂။ အထူးကုသိုလ်ဖြစ်ပွားရန် ကိစ္စနှင့် ကိုးကွယ်ရာ ပြုကြမှု၌ကား ဘယ်သူ၏ ကိုးကွယ်ရာက ယုတ်ညံ့သည်၊ ဘယ်သူ၏ ကိုးကွယ်ရာက မြင့်မြတ်သည်ဟူ၍ အထူးထူးအထွေထွေရှိကြ၏။

အထူးကုသိုလ် ဖြစ်ပွားရန်ကိစ္စနှင့် ကိုးကွယ်ရာ ပြုကြမှုသည်ကား သရဏဂုံကိစ္စမျိုး မဟုတ်။ ဤကဲ့သို့ ကိုးကွယ်မှုနှင့် သရဏဂုံကိစ္စ ပြီးစီးသည်လည်း မဟုတ်။ သရဏဂုံကိစ္စကို ညစ်နွမ်းစေတတ်၊ ပျက်စီးစေတတ်သည်လည်း မဟုတ်။ ထို့ကြောင့် ခုဒ္ဒကပါဌ အဋ္ဌကထာ၌–

"ဤသရဏဂုံသို့ ကပ်ပြီးသောသူအား တစ်ပါးသော ဘိက္ခုသံဃာ၌လည်းကောင်း၊ ဘိက္ခုနီသံဃာ၌လည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာ၌လည်းကောင်း၊ စတုဝဂ္ဂ စသည် အပြားရှိသော သမ္မုတိသံဃာ၌လည်းကောင်း၊ ဗုဒ္ဓဘုရားရှင်ကို ရည်စူး၍ ပဗ္ဗဇိတအဖြစ်သို့ ရောက်သော သိက္ခမာန်၊ သာမဏေ သီတင်းသည် ရသေ့ပရိဗိုဇ်တို့၌လည်းကောင်း၊ ရှိခိုးခြင်း စသည်ကို ပြုခြင်းကြောင့် ခံယူဆောက်တည်၍ ထားအပ်သော ပကတိသရဏဂုံသည် ပျက်စီးခြင်း၊ ညစ်နွမ်းခြင်းမရှိ"

ဤအဋ္ဌကထာပါဌ်ဖြင့် ပကတိသရဏဂုံကိစ္စနှင့် အထူးကိုးကွယ်မှု ကိစ္စနှစ်ပါး၏ ကွဲပြားခြားနားမှုသည် အလွန်ထင်ရှား၏။

http://www.dhammadownload.com



အထူးကိုးကွယ်မှု တစ်မျိုးဖြစ်၍ ရဟန်းသံဃာ၌ ရှိခိုးမှုစသည် ကိုပင် သရဏဂုံပျက်ကြောင်းမဟုတ်ဟု ကွက်ခြား၍ မိန့်ဆိုရလေသည်။

မျက်မှောက် ပစ္စုပ္ပန် အကျိုးစီးပွားအတွက်နှင့် မင်းစိုးရာဇာကို ရှိခိုးမှု၊ မိရိုးဖလာနတ်တို့ကို ရှိခိုးမှု စသည်တို့သည်လည်း ထို့အတူ သရဏဂုံပျက်ကြောင်း မဟုတ်ကုန်။

သရဏဂုံ ခံယူဆောက်တည်မှုမည်သည် တစ်ဦးတစ်ယောက်သောရဟန်း၏ အထံ၌သော်လည်းကောင်း၊ နှစ်ပါး သုံးပါးသောဂိုဏ်း၏အထံ၌သော်လည်းကောင်း၊ လေးပါး ငါးပါးသော သံဃာ၏ အထံ၌သော်လည်းကောင်း တစ်ကြိမ်တစ်ခါ ခံယူတည်ဆောက်သည်ရှိသော် အသက်ထက်ဆုံး ခံယူတည်ဆောက်မှု ပြီးသည်သာလျှင် ဖြစ်၏။

ဗုဒ္ဓသာသနာတော်မှ တစ်ပါး အခြားဘာသာ ဖြစ်သော ကိုးကွယ်ရာ ဘာသာတစ်ပါးသို့ မပြောင်းသည်ရှိသော် ထပ်မံ၍ အဖန်ဖန်အခါခါ ခံယူဆောက်တည်ဖွယ် ကိစ္စမရှိပေ။

ယင်းသို့ တစ်ကြိမ်တစ်ခါ ခံယူဆောက်တည်မှုကို ပြုပြီးသည့်နောက်၌ ယခုကာလ၌ကဲ့သို့ သီလနှင့်အတူ အဖန်ဖန်ထပ်၍ ခံယူဆောက်တည်မှုတို့၌ကား ဘယ်ပုဂ္ဂိုလ်အထံ၌ ခံယူဆောက်တည်ရမည်ဟူ၍ ဆိုဖွယ်ကိစ္စမရှိ၊ ကုသိုလ်အသစ်အသစ် ပွင့်လင်းရုံမျှ ခံယူဆောက်တည်ရသော အရာမျိုးဖြစ်၍ နှုတ်မြွက်မှုပြုလျှင် ကုသိုလ်အသစ်အသစ် ပွင့်လင်းမှုမြောက်တော့သည်သာ။

http://www.dhammadownload.com



ယခုအခါ၌ သာသနာပိုင် သာသနာပြု ဆရာတော်ကြီး၏ အထံမှာပင် ခံယူဆောက်တည်သော်လည်း ထိုဆရာတော်ကြီးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောအမှု မဟုတ်။ ဆရာတော်ကြီးကို ရှေးရှုပြု၍ တိုင်တည်ရုံမျှ သွန်သင်၍ ပေးစေရုံမျှသာ ဖြစ်သည်။ သရဏဂုံမှာမူကား နှုတ်မြွက်မှုနှင့် ပြီးစီးလေသည်။

နှစ်ပါး သုံးပါးသော ဂိုဏ်း၏ အထံမှာ ခံယူရာ၌လည်းကောင်း၊ လေးပါး ငါးပါး အစရှိသော သံဃာ၏အထံမှာ ခံယူရာ၌လည်းကောင်း၊ ထိုဂိုဏ်းသံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည်မဟုတ်။ ဂိုဏ်းသံဃာတို့ကို ရှေးရှုပြု၍ တိုင်တည်ရုံမျှ သွန်သင်၍ ပေးစေရုံမျှသာဖြစ်သည်။ သရဏဂုံမူကား နှုတ်မြွက်ရုံမျှနှင့် ပြီးစီးလေသည်။

မှန်၏၊ သရဏဂုံပေးသည်၊ သီလပေးသည် ဟူသောစကားမျိုး၌ သွန်သင်၍ ပေးမှုကိုသာ ဆိုလိုရင်းဖြစ်သည်။

သာသနာပိုင် ဆရာတော်ကြီးပင် ဖြစ်သော်လည်း ဤသူ၌ သရဏဂုံတည်စေ၊ သီလတည်စေဟု အစိုးရမှုနှင့် ပေးနိုင်သော အမှုမျိုးမဟုတ်၊ ခံယူဆောက်တည်သူ၏ ကိုယ်၊ နှုတ်၊ နှလုံးသည်သာ ပေးနိုင်လေသည်။ ဝစီဘေဒ နှုတ်မြွက်ဆိုမှုသည်သာ ပဓာနဖြစ်လေသည်။ ဘယ်ပုဂ္ဂိုလ်၏အထံမှာ ခံယူသော်လည်း နှုတ်မြွက်ခြင်း ဝစီဘေဒအတွက်သာ သရဏဂုံ သီလရကြသည်။ ထိုပုဂ္ဂိုလ်၏ပေးမှုနှင့် ရကြသည် မဟုတ်ပေ။

http://www.dhammadownload.com



ယနေ့ ဗုဒ္ဓသာသနာဝင် လောကတွင် ယင်းသရဏဂုံ အကြောင်းကို မသိသူ အတော်များများ ရှိပါသည်။ မသိဘဲနှင့် ယင်းသရဏဂုံအပေါ်မှာ အလေးသွားပြီး ထားတာလည်း ရှိပေသေး၏။

တစ်ချိန်က ဖြစ်ခဲ့၏။ ရွာတစ်ရွာတွင် ဒကာကြီးတစ်ယောက်က လျှောက်ထား၏။ ဒကာကြီးမှာ သာသနာတော်ကို လွန်စွာ မြတ်နိုးကြည်ညိုသူ ဒကာကြီးဖြစ်၏။

"အရှင်ဘုရား၊ တပည့်တော်ကို သူများတွေက ပြောကြတယ်ဘုရား"

"အင်း–ဘယ်လိုပြောလဲ"

"ခင်ဗျား ဘုန်းကြီး ကိုးကွယ်ထားတဲ့။ တော်တော်ကြာသေတဲ့အခါ ဘုန်းကြီးမပါရင် အစိမ်းသေ ဖြစ်နေလိမ့်မယ်တဲ့ဘုရား"

"နို့–ဒကာကြီးက ဘုန်းကြီး မကိုးကွယ်ဘူးလား"

"တပည့်တော်က တကယ့်သီလ၊ သမာဓိ၊ ပညာရှိတဲ့ (......) ဆရာတော်ကြီးကို ကိုးကွယ်ပါတယ်ဘုရား"

"နို့...အဲဒါဆို ဘုန်းကြီး ကိုးကွယ်သားပဲ။ ဘာဖြစ်လို့ သူတို့က ဒီလိုပြောရတာလဲ"

"အဲဒီတပည့်တော် ကိုးကွယ်တဲ့(......) ဆရာတော်ကြီးက သာရေးနာရေး မလိုက်ဘူးဘုရား"

"အင်း...ဒီတော့ ဘာဖြစ်လဲ"

http://www.dhammadownload.com



"အဲဒီ (......) ဆရာတော်ကြီးက သာရေး နာရေး မလိုက်တော့ တပည့်တော်သေရင် ဘုန်းကြီးမပါတော့ အစိမ်းသေလို့ သူတို့ ပြောလိုတာပါဘုရား"

"နို့...ဒကာကြီးက သာရေး နာရေးလိုက်တဲ့ ဒကာကြီးတို့ရွာက အများကိုးကွယ်တဲ့ ဘုန်းကြီးကို မကိုးကွယ်ဘူးလား"

"အဲဒီ သူတို့ ကိုးကွယ်တဲ့ ဘုန်းကြီးတော့ တပည့်တော် မကိုးကွယ်ပါဘုရား။ အဲဒီလို မကိုးကွယ်လို့လည်း သူတို့ ပြောတာပါဘုရား"

"ဘာဖြစ်လို့ ဒကာကြီးက အဲဒီအများကိုးကွယ်တဲ့ ဘုန်းကြီးကို မကိုးကွယ်ရတာလဲ"

"အရှင်ဘုရား ကိုးကွယ်တယ်ဆိုတာ လွယ်တဲ့အလုပ်မဟုတ်ပါဘုရား၊ အဲဒီ ဘုန်းကြီးမှာက ကိုးကွယ်နိုင်လောက်တဲ့ သီလ၊ သမာဓိ၊ ပညာမှမရှိတာ တပည့်တော်က ဘာသွားပြီး ကိုးလို့ ဘာသွားပြီး ကွယ်ရမလဲဘုရား"

"အင်း အဲဒါလည်း အရေးကြီးတယ်'**ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး**' ဆိုတာမျိုး ဖြစ်နေတတ်တယ် နော်"

"မှန်ပါဘုရား၊ တပည့်တော် အဲဒါသိပ်ပြီးတော့ ကြောက်ပါတယ်ဘုရား"

"လူတွေဟာ ဘဝလမ်းညွှန်၊ သံသရာလမ်းညွှန် အနေနဲ့ ကိုးကွယ်တဲ့ အခါမှာ ကိုးကွယ်ရာ မရွေးတတ်ဘူး၊ အရမ်း

http://www.dhammadownload.com



ကိုးကွယ်တာပဲ၊ သူတို့လို မရမ်းတဲ့လူကို သူတို့က ပြောသေး တယ်ဘုရား"

"ဟုတ်တယ်၊ ဒီလောကမှာ ဘုရား၊ တရား၊ သံဃာ ဟူ၍ သတ္တဝါတို့ အထွတ်အထိပ်ထား၍ ကိုးကွယ်ဆည်းကပ် ယုံကြည် အပ်သော ရတနာသုံးပါးရှိတယ် မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"တစ်ခြား ဟိုဟာ ဒီဟာ မဆိုထားနဲ့၊ အဲဒီ ရတနာဟူ၍ ခေါ်ဝေါ်သမုတ်အပ်တဲ့ အတိုင်း ကောင်းမွန်လှပြီ မြတ်နိုးအပ်လှပြီ အားကိုးအပ်လှပြီရယ်လို့ စိတ်မချသာ သေးဘူးနော်"

"မှန်ပါဘုရား၊ စိတ်မချသာပါဘုရား"

"ဥပမာ စိန်၊ မြ၊ ပတ္တမြားစတဲ့ ရတနာများကို လောက လူများက အထွတ်အထိပ် အမြတ်တနိုးသုံးစွဲကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို သုံးပေမယ့် ရတနာရဲ့ သဘော၊ ရတနာရဲ့ အမှန်အစစ် အဖိုးထိုက် မထိုက်ကို မသိတတ်တဲ့ လူတို့ရဲ့ လက်ထဲသို့ရောက်သွားရင် အဖိုးမထိုက်မတန်၊ အမျိုးမစစ်မမှန် တဲ့ ရတနာများကိုပင်သော်လည်း အဆင့်ဆင့် ပြောစကားနဲ့ တကယ်ပင် ရတနာကောင်း ရတနာစစ် ထင်မြင် မှတ်မှား၍ အားကိုး အားထားသုံးစွဲကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒီရတနာရဲ့ အကြောင်းကို ကောင်းစွာနားလည် သိရှိတဲ့သူနဲ့တွေ့တော့ ရတနာစစ်မဟုတ်ကြောင်း၊ ရတနာမျိုး မမှန်ကြောင်း၊ အဖိုးမတန်ကြောင်းပြောမှ မိမိတို့ ဉာဏ်ပညာနည်းပါး၍ ရတနာမှားရကြောင်း သိရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး ဒီတော့ သံသရာရေးနဲ့ စပ်ဆိုင်တဲ့ လောကုတ္တရာရတနာများကို မဆိုထားဘိ၊ လောကီ မျက်မှောက်ခဏခေတ္တနှင့်သာ စပ်ဆိုင်တဲ့ စိန်၊ မြ၊ ပတ္တမြားရတနာ သာမညများကိုမှသော်လည်း အမျိုးမှန် အဖိုးတန်သည် သုံးစွဲခြင်းငှာ သင့်သည်၊ မသင့်သည်ဟူ၍ သိရှိခြင်းငှာ ထိုက်သေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း ခဏ ခေတ္တသုံး ရတနာတောင်မှ ဒီလောက်စီစစ်ရသေးရင် ဘဝလမ်းညွှန် သံသရာလမ်းညွှန်အနေနဲ့ ကိုးကွယ်ရမယ့် ဘုရား၊ တရား၊ သံဃာဟူသော လောကုတ္တရာရတနာများရဲ့ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန် အဖြစ်ကိုမူကား သာ၍သာ၍ပင် စီစစ်ထိုက်တယ်၊ အရေးတကြီး အမှန်အကန် နေရာတကျ သိသင့်သိထိုက်တယ် မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ–ဘုရားမှား၊ တရားမှား၊ သံဃာမှားဟု ဆိုအပ်တဲ့ ကိုးကွယ်ရာ ရတနာသုံးပါးအမှားကြီးတွေကို အကောင်းအမွန် အမှန်အကန်ထင်၍ ကိုးကွယ်မြတ်နိုး အားကိုးဆည်းကပ်၍

http://www.dhammadownload.com



နေပါလျှင် ရတနာတုတွေကိုဝတ်ဆင်၍ နေတဲ့သူအား ရတနာအမျိုးမျိုးကိုသိရှိပြီး ရတနာစစ်ရတနာမှန်ကို နားလည်တဲ့ပညာရှိတို့မြင်ရင် ကဲ့ရဲ့ရှုတ်ချဖွယ်ဖြစ်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး-လောကမျက်မှောက်မှာ ပညာရှိတို့ရဲ့ ကဲ့ရဲ့ဖွယ်ရောက်တဲ့အပြင် သံသရာတခွင်လုံးမှာလည်းရှုံးခြင်းကြီးရှုံးခြင်းနှင့်တွေ့ကြုံရတတ်တယ်နော်"

"မှန်ပါဘုရား"

"ဦးပဥ္စင်းတို့ ဗုဒ္ဓဘုရားရှင်ကတော့ ဘုရားမှန်ပဲ၊ အဲဒီဘုရားမှန်ရဲ့ တရားတော်ဟာလည်းတရားမှန်ပဲ၊ အဲဒီ ဘုရားမှန် တရားမှန်ကို သိအောင် ပြောပြပေးဖို့ သံဃာစစ် သံဃာမှန်ကို ကိုးကွယ်ဖို့အရေးမကြီးဘူးလား"

"အလွန်အရေးကြီးပါတယ်ဘုရား၊ တပည့်တော်က ဒါကြောင့်(......) ဆရာတော်ကြီးကို ကိုးကွယ်တာပေါ့ဘုရား၊ အဲဒါ မသိတဲ့ရွာသားတွေက ရွာကဘုန်းကြီး မကိုးကွယ်လို့ တပည့်တော်သေရင်ဘုန်းကြီးက မကြွတော့ ဘုန်းကြီးမပါလို့ အစိမ်းသေဖြစ်မယ်လို့သူတို့က ပြောကြတယ်ဘုရား"

"ဘုန်းကြီးမပါတာနဲ့ အစိမ်းသေနဲ့ ဘာဆိုင်လဲ"

"မှန်ပါ၊ တပည့်တော်လည်း ဒီလောက် နားမလည်တဲ့လူတွေကို ရှင်းမပြချင်တာနဲ့ '**ဘယ်မသာက အကျက်လဲ**' လို့ပြောလိုက်တယ်ဘုရား"

http://www.dhammadownload.com



"အင်း-ကောင်းတယ်၊ ကောင်းတယ်၊ မသာပါဆိုမှပဲ အစိမ်းသေ၊ အကျက်သေရှိရသေးလား။ အကုန်လုံး အစိမ်းသေချည်းပဲပေါ့"

"မှန်ပါဘုရား"

"သူတို့ ပြောလိုတာက ဘုန်းကြီးမပါတော့ သရဏဂုံမတင်ရလို့ အစိမ်းသေပြောတာနဲ့ တူပါတယ်"

"မှန်ပါဘုရား"

## လူသေသရဏဂုံတင်ခြင်း

"သရဏဂုံက အသက်ပျောက်တာနဲ့ တစ်ပြိုင်နက် နဂိုရ်ကတည်ပြီးသား သရဏဂုံတောင်ပျက်သွားပြီပဲ။ ဘယ်လိုလုပ်ပြီး သရဏဂုံတင်မလဲ"

"မှန်ပါဘုရား"

"ပြီးတော့ သရဏဂုံဆိုတာ နှုတ်မြွက်ဆိုမှ သရဏဂုံမြောက်တယ်၊ သရဏဂုံရရှိတယ်။ အသေကောင် အသုဘမသာကြီးက နှုတ်မြွက်ပြီးတော့ သရဏဂုံခံယူဆောက်တည်နိုင်ပါ့မလား"

"မဆောက်တည် မခံယူနိုင်တော့ပါဘုရား"

"ဒါဖြင့် ဘုန်းကြီးပါတော့ကော ဒီအသုဘ မသာကောင်အတွက် ဘာအကျိုးထူးမှာလဲ"

"အကျိုးမထူးပါဘုရား"

http://www.dhammadownload.com



"သရဏဂုံဆိုတာ အသက်ရှိစဉ်မှာသာ မြဲမြဲအောင် မပျက်အောင် မညှိုးအောင် လုံခြုံအောင် ဆောက်တည်ခံယူထားရမှာ။ သေရင် ပျက်ပြီး ဘယ်မှာ အသေကောင်ကို သရဏဂုံတင်လို့ ရမလဲ"

"မှန်ပါဘုရား"

"ဒီတော့ သူတို့ သံဃာကိုးကွယ်တာက အသက်ရှိစဉ် အတွင်းမှာ ဘဝလမ်းညွှန်အနေနဲ့ သံသရာလမ်းညွှန်အနေနဲ့ တစ်သက်တာလုံး မသိတာကိုသိအောင်၊ အမှားကို အမှန်ဖြစ်အောင် ဆုံးမညွှန်ကြားဖို့ ကိုးကွယ်တာမဟုတ်ဘဲသေကာမှ သရဏဂုံတင်ပြီး အသုဘချဖို့ သံဃာကိုးကွယ်တဲ့ အဓိပ္ပာယ် ရောက်မသွားဘူးလား"

"မှန်ပါ၊ ရောက်သွားပါတယ်ဘုရား"

"အေး–အသက်ရှိစဉ်က သံဃာများတွေကို ကိုးကွယ်ပြီး သေကာမှသံဃာပါတော့ အဲဒီသံဃာကပါ အမှားတစ်ခါဖြစ်ရင် နှစ်ခါမှားတောင် မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အရေးကြီးတာက အသက်ရှိစဉ် ဘဝလမ်းညွှန် သံဃာစစ် သံဃာမှန် သံဃာကောင်းတွေကို ကိုးကွယ်ထားဖို့ အရေးကြီးတယ်။ အဲဒီလို ကိုးကွယ်ထားရင် သရဏဂုံလည်းမြဲနေတယ်။ သေလို့ သံဃာမပါလည်း ကိစ္စမရှိဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီခေတ်အနေနဲ့ သံဃာ သံဃာနဲ့ အရမ်း မကိုးကွယ်နဲ့။ သံဃာဟာ သရဏဂုံထိုက်တဲ့သံဃာ၊ သရဏဂုံမထိုက်တဲ့ သံဃာလို့ နှစ်မျိုးရှိတယ်"

"အမိန့်ရှိပါဘုရား"

"ခန္ဓာတရား၊ အာယတနတရား၊ ဓာတ်တရား၊ ပဋိစ္စသမုပ္ပါဒ် တရား၊ ဗောဓိပက္ခိယတရား အဲဒီတရားတွေကို ခွဲခြမ်းစိတ်ဖြာပြီး တော့ သိတတ်တဲ့ ဉာဏ်မျက်စိမရှိတဲ့ ရဟန်းသံဃာဟာ ဝါ(၆၀) ပင်ရသော်လည်း အကန်းအန္ဓပဲ။ အဲဒီ သံဃာကို ကိုးကွယ်လို့ သရဏဂုံမရဘူး။ အဲဒီသံဃာဟာ သရဏဂုံမထိုက်ဘူး"

"အဲဒီခန္ဓာတရားစသည်တို့မှာ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်တဲ့ ဉာဏ်မျက်စိနဲ့ ပြည့်စုံတဲ့ ရဟန်းသံဃာသည်သာ ကောင်းတဲ့ ကလျာဏပုဂ္ဂိုလ်ဖြစ်လို့ သရဏဂုံထိုက်တယ်။ အဲဒီကဲ့သို့သော ရဟန်းသံဃာကို ကိုးကွယ်မှ သရဏဂုံရတယ်နော်"

"ဒီလိုဆို တပည့်တော်တို့ရွာက လူတွေ ဘယ်သရဏဂုံ ရမလဲဘုရား"

"ဘာဖြစ်လို့လဲ"

"ဘုန်းကြီးက စာလည်းမတတ်၊ အကျင့်ကလည်း မကောင်း ဆိုတော့ ဝါကြီးတာပဲရှိတာ။ ခန္ဓာတရား စသည်လည်း ဘာမှမသိ။ ဒါ့ကြောင့် တပည့်တော်က မကိုးကွယ်တာပါဘုရား။ ရွာသား တွေတော့ အခက်ပဲဘုရား။ သူတို့က တပည့်တော်ကိုပြောတယ်။

http://www.dhammadownload.com



ခုလိုဆို သူတို့ကို တပည့်တော်က ပြောရမှာ။ သူတို့အတွက် တပည့်တော် ပူရမှာပေါ့ဘုရား"

"အင်း…ခက်ပါတယ်ဒကာကြီးရာ။ လူတွေဟာ အင်မတန် ပေါ့ကြပါတယ်"

"မှန်ပါဘုရား"

"အမှန်က ဘုရားရဲ့ ကောင်းမွန်မှန်ကန်သော ဘုရားအဖြစ်၊ တရားတော်ရဲ့ ကောင်းမွန်မှန်ကန်သော တရားတော်အဖြစ်၊ သံဃာရဲ့ ကောင်းမွန်မှန်ကန်သော သံဃာအဖြစ်ကို မိမိ အသက်ရှိစဉ်၊ အချိန်ရှိစဉ် အရေးတကြီး စောစောစီးစီး ရှေးဦးမဆွ နေရာတကျ သိသင့် သိထိုက်တယ်။ သိပြီးတော့ တကယ်လည်း ဆည်းကပ် ကိုးကွယ်ထားရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်နှင့် တွေ့ဆုံကြုံကြိုက်လို့ ပြည့်စုံကောင်းမွန်တဲ့ သာသနာတော်ကို ကြည်ညိုဆည်းကပ်ရပါလျှင်လည်း လောကီအကျိုး လောကုတ္တရာအကျိုးတွေဟာ ပြည့်စုံပြီး မိမိတို့ မျှော်လင့်ရည်ရွယ်တိုင်းသော အကျိုးကို ခံစားရမယ်နော်"

"မှန်ပါဘုရား"

ကဲ–အချုပ်ပြောပြမယ်၊ ဘဝလမ်းညွှန် သံသရာလမ်းညွှန် အနေနဲ့ ကိုးကွယ်ဆည်းကပ်မယ်ဆိုရင် သရဏဂုံထိုက်တဲ့ သီလ၊

http://www.dhammadownload.com



သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားနဲ့ ပြည့်စုံတဲ့ သံဃာကို ကိုးကွယ်ဆည်းကပ်နော်"

"မှန်ပါဘုရား"

"ဘေးကြောက်လို့၊ ရန်ကြောက်လို့၊ အန္တရာယ်ကြောက်လို့၊ စီးပွားချမ်းသာရချင်လို့ ကိုးကွယ်တယ်ဆိုရင် ကိုးကွယ်ချင်တာ ကိုးကွယ်ပေါ့ ဟုတ်လား"

"မှန်ပါဘုရား၊ တကယ်လည်း အဲဒီ ရတနာသုံးပါး အစစ် အမှန်မှတစ်ပါး တခြားဟာတွေက ခုနက အကျိုးတွေ ပေးနိုင် ပါ့မလား ဘုရား"

"တကယ်တော့ မပေးနိုင်ပါဘူး။ အထောက်အပံ့လောက် တော့ ရမှာပေါ့"

"ဒါဖြင့်မကိုးကွယ်တာဘဲ ကောင်းပါတယ်ဘုရား။ ရတနာ စစ် ရတနာမှန်တွေရဲ့ တန်ဖိုး လျော့သွားတာပေါ့ဘုရား"

- သရဏဂုံ၊ ကိုယ်လုံးခြုံ၊ မျိုးစုံဘေးလုံသည်။
- သက်ရှိစဉ်သာ၊ လုံစေပါ၊ သေခါပျက်တော့သည်။
- သေပြီးကာမှ၊ ပြန်တင်က၊ မရဖြစ်တော့သည်။
- မသေခင်သာ၊ ကိုးကွယ်ပါ၊ သေခါမလိုပြီ။
- မသေခင်ပယ်၊ သေမှတွယ်၊ ကျိုးတယ်မရှိပြီ။

http://www.dhammadownload.com



# အရှင်ဘုရားမပြောင်းပါနဲ့ဘုရား

## ( ၆ )

ပြောင်းခြင်းသည် အမျိုးမျိုးရှိ၏။ အကောင်းမှ အဆိုးသို့ ပြောင်းခြင်း၊ အဆိုးမှ အကောင်းသို့ ပြောင်းခြင်း၊ ရုပ်ပြောင်းခြင်း၊ စိတ်ပြောင်းခြင်း စသည် အမျိုးမျိုးရှိ၏။

ယင်းသို့ အမျိုးမျိုးရှိသော်လည်း ရုပ်ပြောင်း၊ စိတ်ပြောင်း နှစ်မျိုးထဲသို့ အကုန်ဝင်ပါသည်။ ယင်းနှစ်မျိုးတွင်လည်း တစ်မျိုး ပြောင်းသော် တစ်မျိုးပြောင်းပြန်၏။

မှန်၏။ ပုဂ္ဂိုလ်တစ်ယောက်သည် ရုပ်ဝတ္ထု တိုးတက်ပြောင်းလဲမှုကို အကြောင်းပြု၍ စိတ်ပြောင်းသွားတတ်သည်။ ယင်းသို့ အပြောင်းသည် အရှိတိုင်းသော အခြေအနေမှ ဘဝင်မြင့်သော အခြေအနေသို့ ရွေ့လျော ပြောင်းလဲသွားသဖြင့် အကောင်းမှ

http://www.dhammadownload.com



မကောင်းတဲ့ဘက်သို့ ပြောင်းသွားခြင်းမျိုး ဖြစ်သည်။ ယင်းသို့ ပြောင်းနည်းမျိုးမှာ မကောင်းပါ။ မပြောင်းသင့်ပါ။

တချို့ ပြောင်းနည်းမှာ ရှိပြီးသား ရုပ်ဝတ္ထုများ ပျက်စီးရွေ့လျောသွားခြင်းကြောင့် ပြောင်းလဲသွားပြန်သည်။ ယင်းသို့ အပြောင်းအလဲမှာ ဆင်းရဲလေလေ သံဝေရရသဘောနှင့် ပြောင်းလဲသွားလျှင် အဆိုးထဲမှအကောင်းရ၍ ကောင်းသောပြောင်းခြင်းဟူ၍ပင် ဆိုရပါမည်။

သို့မဟုတ်ဘဲ ရုပ်ဝတ္ထုတွေ ရွေ့လျောပျက်စီးခြင်းကြောင့် စိတ်ဓာတ်တွေပါ ရွေ့လျောပျက်စီးကာ အကောင်းစိတ်ဓာတ်မှ မကောင်းတဲ့စိတ်ဓာတ်သို့ ပြောင်းလဲသွားပါမူ အဆိုးထဲမှ အဆိုးပဲ ထပ်ရ၍ နစ်နာလှပါသည်။

ယင်းအတူပဲ ပညာမတတ်ခင်နှင့် ပညာတတ်ပြီး ရာထူးမရှိခင်နှင့် ရာထူးရှိပြီး ရှိပြီးသားရာထူး စသည်များ ကျဆင်းသွားချိန်နှင့် ရာထူးစသည် တည်နေချိန် ယင်းတို့မှာ တူညီပါသလား၊ ပြောင်းလဲပါသလား။

ပြောင်းလဲရာတွင် အကောင်းပြောင်းလား၊ အဆိုးပြောင်းလား၊ အကောင်းထဲမှ အဆိုးပြောင်းလား၊ အဆိုးထဲမှ အကောင်းပြောင်းလား။ ယင်းသို့စသည် သိဖို့မှာ မလွယ်ကူလှပါ။ သို့သော်လည်း အခြေအနေကို ထိန်းထားနိုင်ဖို့မှာ ပိုပြီးတော့ မလွယ်ကူလှပါ။

မှန်ပါသည်။ အများစုသည် အတ္တလွှမ်းကဲသည်၊ အတ္တသမားသည် ယင်းအတ္တကိုသာကြည့်သည်။ အတ္တကိုကြည့်သူ အတ္တ

http://www.dhammadownload.com



ဆန်သူသည် အကောင်းမှ မကောင်းသို့ အပြောင်းများပါသည်။ အဆိုးမှ အဆိုးထဲသို့သာ အပြောင်းများပါသည်။

ယင်းကိုသိသူ မြင်သူ အချို့က တိုးတက်လာသူ၊ မိမိတို့နှင့် ဆက်စပ်နေသူ အချို့ကို သတိပေးတတ်သည်။ မပြောင်းလဲဖို့ မူလအခြေအနေအတိုင်း ဆက်လက်ကျင့်သုံးဖို့။

ယင်းကို မိမိသည် တစ်ဆင့်စကားဖြင့်ကြားရ၍ ဝမ်းသာလှသည်။ ကိုယ်တိုင်မြင်တွေ့ရ၍ ပို၍ဝမ်းသာသည်။

အချိန်ကား ပိတောက်တွေ ရွှေရည်လူးသော တန်ခူးလဖြစ်သည်။ ငုပန်းဝါဝါတို့ဖြင့် ထူးလှ၏။ မြန်မာ့သဘာဝ ထူးခြားသော အတာရေသဘင်လဖြစ်၏။

မြန်မာ့ရိုးရာ ဓလေ့ထုံးစံအရ နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ ရောက်ရန် ရက်ပိုင်းမျှသာ လိုတော့သောအချိန်၊ အတာသင်္ကြန်ချိန်ဖြစ်၏။

နှစ်ဟောင်းမှသည် နှစ်သစ်သို့ပြောင်းမည့်အချိန်ဖြစ်သည်။ ယင်းသို့ ပြောင်းခြင်းကို အကောင်းသို့ ပြောင်းခြင်းဟူ၍ ဆိုမည်လော။ သို့မဟုတ် အဆိုးသို့ ပြောင်းခြင်းဟူ၍ ဆိုမည်လော။

နှစ်ပြောင်းအရဆိုလျှင်မူ အသက်တစ်နှစ်ကြီးသွား၍ နေဖို့ရန် တစ်နှစ်နည်းသွားပြီ။ သေဖို့ရန် တစ်နှစ်နီးသွားသောကြောင့် မကောင်းသော ပြောင်းခြင်းဟူ၍ ဆိုရပါမည်။

http://www.dhammadownload.com



တဖန် စိတ်ပြောင်းအရဆိုသော် အသက်ကြီးသော်လည်း၊ သို့မဟုတ် နှစ်ပြောင်းသွားသော်လည်း စိတ်မပြောင်းဘဲနေမှု ယင်းအပြောင်းသည် မကောင်းသော အပြောင်းပဲ ဆိုရပါမည်။

အတာရေသဘင်တွေ အကြိမ်ကြိမ်နွှဲခဲ့ပြီ၊ နှစ်သစ်တွေလည်း အကြိမ်ကြိမ်ပြောင်းခဲ့ပြီ။ ယင်းအပြောင်းနှင့်အတူ စိတ်ဆိုးမှ စိတ်ကောင်းသို့သာ ပြောင်းလွဲ–ပြောင်းလွဲသွားပါမူ ခေတ်သည် ကောင်းသထက် ကောင်းလာမည်ဖြစ်၏။

ယခုမူ ကောင်းပါ၏လော။ ကောင်းသည် ဆိုးသည်ဟု မိမိမဆုံးဖြတ်လို။ စာရှုသူတို့၏ အသိအမြင်ဖြင့်သာ ဆုံးဖြတ်ပါ။

ယင်းသို့ အကြိမ်ကြိမ် ပြောင်းနေသော အတာသင်္ကြန် အချိန်တွင်ဖြစ်၏။ မိမိမှာလည်း ဟိုပြောင်းဒီရွှေ့ ရွှေ့နေချိန်ဖြစ်၏။

ကားတစ်စင်းနှင့် လူးလာခေါက်တုံ့ သွားနေရချိန်ဖြစ်၏။ ထိုစဉ် မိမိသည် "**အရှင်ဘုရား မပြောင်းပါနဲ့ဘုရား**"ဆိုသည့် သတိပေးစကားတစ်ခု ဝင်လာ သတိရလာသည်။

ယင်းစကားမှာ အဘယ်မှ စတင် ဖြစ်ပေါ်လာသနည်း။ အတိတ်တစ်ချိန်က ဖြစ်ခဲ့သည်။ ပုဂ္ဂိုလ်ကျော်တစ်ဦး ဘွဲ့ထူးကြီး တစ်ခု ဆွတ်ခူးချိန်ကဖြစ်၏။

သတိပေးသူမှာလည်း အထွတ်အထိပ်ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်၏။ အထွတ်အထိပ်ပုဂ္ဂိုလ်မှာ ပုဂ္ဂိုလ်ကျော်အား ဘွဲ့ထူးကြီးပေးရသည့် ပုဂ္ဂိုလ်ဖြစ်၏။

http://www.dhammadownload.com



ပုဂ္ဂိုလ်ကျော်အား ဘွဲ့ထူးကြီးပေးအပ်ပြီးသောအခါ အထွတ်အထိပ်ပုဂ္ဂိုလ်က လက်အုပ်ချီမိုး ရှိခိုးလျှောက်ထား၏။

"အရှင်ဘုရား၊ ယခု ဒီဘွဲ့ထူးကြီးကိုရတာ အစပဲရှိပါသေးတယ်ဘုရား။ နောင်အခါမှာ ဒီဘွဲ့ထူးကို အကြောင်းပြုပြီး အရှင်ဘုရား ဘုန်းကြီးစရာ များစွာရှိပါသေးတယ်ဘုရား။ အရှင်ဘုရား ဘုန်းကြီးသော်လည်း ယခုအနေမှ မပြောင်းပါနဲ့ဘုရား"

စကားမှာ လှပ၏၊ ယဉ်ကျေး၏၊ မေတ္တာအပြည့်အဝနှင့် ပြောသောစကား၊ လျှောက်သောစကား၊ သတိပေးသောစကား ဖြစ်၏။

အထွတ်အထိပ် ပုဂ္ဂိုလ်ကြီးက ပုဂ္ဂိုလ်ကျော်အား မေတ္တာစေတနာ အပြည့်အဝနှင့် သတိပေးစကား လျှောက်ထားလိုက်၏။ ပုဂ္ဂိုလ်ကျော်က ဘယ်သို့စကား တုံ့မေးမည်နည်း။

မျက်နှာထား မှုန်တေတေနှင့် တုဏှိဘာဝေ ဆိတ်ဆိတ်နေမည်လား၊ ကိုယ်ခက်တရော် စိတ်ကြွမ်းထော်နှင့် အော်မြည်လေမည်လား၊ သို့မဟုတ် အသံကလေးခပ်အုပ်အုပ်နဲ့ မလှုပ်တလှုပ် မပွင့်တပွင့် ပြန်လည်မြွက်ကြားမည်လား၊ စာရှုသူက ထင်ကောင်းထင်မည်။

စင်စစ်တော့ ယင်းသို့မဟုတ်ပါ။ ပုဂ္ဂိုလ်ကျော်က မျက်နှာရွှင်ပျ ကြည်သာလှသော အသံတော်နှင့် တည်ကြည် ငြိမ်သက်စွာ မိန့်ကြားပြန်ကြားလိုက်သည်မှာ "ဒကာကြီး ယခုအခြေအနေမှ ဘယ်တော့မှ မပြောင်းပါ" တဲ့။

http://www.dhammadownload.com



အို–စာရှုသူ၊ ယင်းပြန်လည်မိန့်ကြားဖြေကြားချက်ကို ကြားရလျှင် လျှောက်ထားသူမှာ အဘယ်မျှ ဝမ်းသာမည်နည်းဆိုတာ စာရှုသူ စဉ်းစားသာကြည့်ပါတော့။

အနီးအနားမှ ကြားရသူအများကလည်း အဘယ်မျှ ဝမ်းသာမည်နည်း။ သို့သော် ယင်းတို့၏ ဝမ်းသာခြင်းကား ခရီး မဆုံးသေးသော ဝမ်းသာခြင်းဖြစ်၍ သံသယနှင့် ဝမ်းသာခြင်းမျိုး ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

အဘယ်သို့လျှင် သံသယနှင့် ဝမ်းသာခြင်းမျိုး ဖြစ်ပါသနည်း။ အဘယ်သို့ ခရီးမဆုံးသေးသနည်း။ မှန်၏၊ မေးဖို့လို၏၊ သိရန်သင့်၏။

သံသရာခရီး သွားရမည့် ကန္တာရကြီးကို မဆိုထားဘိ၊ လက်ရှိမျက်မှောက်ခရီးပင်လျှင် သွားရမည်မှာ ရှည်ဝေးလှ၏။ မသေမခြင်း သွားရမည်ဖြစ်၏။

ယင်းသို့ မသေမီအတွင်း ခရီးသွားနေစဉ် ခရီးတစ်လျှောက်တွင် အကောင်းမှ အဆိုးသို့၊ အဆိုးမှ အကောင်းသို့ ပြောင်းလဲဖောက်ပြန်သွားနိုင်သည် မဟုတ်ပါလား။

ပုဂ္ဂိုလ်ကျော်၏ သွားရန်ခရီးကလည်း အများကြီး အရှည်ကြီး ကျန်သေးသည် မဟုတ်ပါလော။ ယင်းသို့ ကျန်နေသေးသော၊ မိမိလည်း မပိုင်ဆိုင်သော အနာဂတ်ခရီးအတွက် အာမဝန်တာခံယူသော်လည်း သံသယနှင့်ဝမ်းသာခြင်းမျိုး ဖြစ်သူတို့အတွက် အဆိုးမဆိုသင့်ပါပေ။

http://www.dhammadownload.com



ယနေ့ မျက်မှောက်တွင် မိမိတို့အမြင်တွင် အထူးပင် လှုပ်ရှား ပြောင်းလဲဖောက်ပြန်နေတာကို မိမိတို့ တွေ့နေရသည် မဟုတ်ပါလော။

သို့တမူ ပုဂ္ဂိုလ်ကျော်၏ ဟိုစဉ်က အနာဂတ်ခရီးသည် ယနေ့ မျက်မှောက်ခရီး ဖြစ်ခဲ့ပြီ။ ပုဂ္ဂိုလ်ကျော်၏ ဘဝအခြေအနေ စိတ်နေစိတ်ထား ခံယူချက်တို့မှာ ဆံခြည်တစ်မျှင်မျှ ပြောင်းလဲအံ့မထင်။

အများက စံတင်ရသော ပုဂ္ဂိုလ်ကျော်အဖြစ် ဆက်လက်၍ ရပ်တည်ဆဲပင်။ ရှေ့သို့လည်း ဆက်လက်၍ ဆက်လက်၍ ရပ်တည်ဦးမည်ပင်။

ယင်းသို့ ရှေးနှင့် ယခု အမူမကွဲ တစ်မူထဲရပ်တည်နေသော ပုဂ္ဂိုလ်ကျော်ကို မိမိ၏မျက်မှောက်မျက်မြင်အနေဖြင့် ဤတစ်ပါးမျှသာ စံတင်၍ မြင်ရချေသေးသည်။

တန်ခူးလခါ သင်္ကြန်ကား အကြိမ်ကြိမ်ပြောင်းခဲ့ပြီ၊ သို့သော် ပုဂ္ဂိုလ်ကျော်က ရှေးနှင့်ယခု တမူမခြား အတူသွားလျက်ပင်။

ပိတောက်တွေ အကြိမ်ကြိမ်ရွှေရည်လူးခဲ့ပြီ။ ငုပန်းဝါလည်း အဖြာဖြာ လှိုင်ခဲ့ပြီ။ နှစ်သစ်တွေလည်း အကြိမ်ကြိမ်ပြောင်းခဲ့ပြီ။ သို့သော် ပုဂ္ဂိုလ်ကျော်ကား ရှေးနှင့်မခြား ပြောင်းမသွားဘဲ ကျောက်သားပမာ ငြိမ်သက်စွာပင်။

အို...အတာသင်္ကြန်၊ သင်ကား ပြောင်းခြင်းသဘာဝမို့ အကြိမ်ကြိမ် ပြောင်းခဲ့ပြီ။ သင်နှင့်အတူ သက်ရှိသက်မဲ့အားလုံး

http://www.dhammadownload.com



ကိုလည်း အိုမင်းဆွေးမြေ့ခြင်းသို့ ဆွဲဆောင်ပြောင်းလဲခဲ့ပြီ။

အို...အတာသင်္ကြန်၊ သင့်စွမ်းအားကား ကြီးမားပါဘိ၊ သို့သော် အသင်အတာသင်္ကြန်သည် ပုဂ္ဂိုလ်ကျော်၏ မူလအနေအထားမှ ဖောက်ပြားသွားအောင် တစ်ရွေးသားမျှ ပြောင်းလဲဆွဲဆောင်ခြင်းငှာ မစွမ်းပါပေ။

အို...အတာသင်္ကြန်၊ သင့်အပြောင်းကား နှစ်ဟောင်းမှ နှစ်သစ်ပြောင်းသည် ဆိုသော်လည်း အကောင်းမှ အဆိုးပြောင်းခြင်းပင် မဟုတ်လော။

အို...အတာသင်္ကြန်၊ သင့်အပြောင်းကား ပုဂ္ဂိုလ်ကျော်၏ တသမတ်တည်းထားအပ်သော စိတ်ဓာတ်ကိုကား မပြောင်းလဲနိုင်ပါပေ။

ဤကား ၁၃၄၀–ပြည့်နှစ်မှ ၁၃၄၁–ခုနှစ်သို့ ကူးပြောင်းမည့် အတာသင်္ကြန်အတွင်း ဒေသနာခရီးသည်အဖြစ် ကားတစ်စင်းနှင့် ပြေးလွှားရင်း ပြန်လည်၍ ကြားယောင် မြင်ယောင်လာသော အတိတ်ဖြစ်ရပ် ဗုဒ္ဓဝမ္မ ပြဿနာတစ်ရပ်ပင် ဖြစ်ပါသတည်း။

❀ သူရောကိုယ်ပါ၊ အမြဲသာ၊ ပြောင်းကာနေကြသည်။
❀ မကောင်းမှသည်၊ အကောင်းဆီ၊ သင်သည်ပြောင်းရမည်။
❀ အကောင်းမှသည်၊ မကောင်းဆီ၊ ပြောင်းသည်ရှောင်ရမည်။
❀ ကောင်းနေပါက၊ ကောင်းဘာဝ၊ ကျနရပ်ရမည်။
❀ ကောင်းသထက်သာ၊ ကောင်းအောင်သာ၊ ရွှေ့ကာပြောင်းရမည်။

http://www.dhammadownload.com



# ဝိဇ္ဇာဆိုတာ ရှိပါသလားဘဲ့ရှေး

## (၇)

"**ဝိဇ္ဇာ**" ဟူသောအသံကိုကြားလျှင် အများစုသည် အလွန်တရာ စိတ်ဝင်စားကြသည်။ သို့သော် ယင်းစိတ်ဝင်စားသူ အများစုသည် ဝိဇ္ဇာဆိုတာ ဘယ်လိုလူကို ခေါ်တာလဲ?၊ ဝိဇ္ဇာရဲ့ ကျင့်စဉ်တွေက ဘာလဲ?၊ ဝိဇ္ဇာရဲ့ အစွမ်းသတ္တိ ဘယ်လောက်ရှိလဲ?၊ စသည်ဖြင့် အမေးပုစ္ဆာ ပြဿနာ ထုတ်ကြည့်သော် "မသိပါ၊ မသိပါ" ဟူ၍ အဖြေထွက်မည့်သူသာ များပါမည်။

ယင်းသို့ များသော်လည်း ယင်းအများစုသည် မိမိတို့မသိသည့် ဝိဇ္ဇာကို ဘယ်လို ထင်မှတ်ယုံကြည်နေသနည်းဆိုသော် "ဝိဇ္ဇာဇော်ဂျီတွေကို သူတစ်ပါးတို့ နှိပ်စက်ညှဉ်းဆဲလို့ မရနိုင်။ မြေလျှိုးမိုးပျံ သိဒ္ဓိတန်ခိုး အမျိုးမျိုးရှိ၍ လိုတရသော လူစွမ်းကောင်းများဖြစ်သည်" ဟု ထင်မှတ်ကြသည်။

http://www.dhammadownload.com



အမှန်က ယင်းသို့မဟုတ်ပါ။ ဝိဇ္ဇာဟူသော အသုံးကို သူ့နေရာနှင့်သူ သုံးတတ်ဖို့ လိုပါသည်။ သိဖို့လည်း လိုပါသည်။ ယခုခေတ် အများခေါ် သက်ဆိုင်ရာ အတတ်ပညာတွေမှာ သူများတွေထက် တော်သူကို ဝိဇ္ဇာဘွဲ့ထူးတပ်ကာ "ဗေဒင်ဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အပြေးဝိဇ္ဇာ၊ ခြင်းဝိဇ္ဇာ၊ ဘောလုံးဝိဇ္ဇာ" ဟူ၍ ခေါ်ကြသည်။

တစ်ဖန် သူများတွေထက် လုပ်ရပ်ထူးနေသော အဘိုးကြီး အမယ်ကြီးတွေကို သာမန်လူတန်းစားတွေက "ထွက်ရပ်ပေါက်ဆရာကြီး၊ အထက်ဆရာကြီး၊ ဘိုးဘိုးကြီး၊ ဘဘကြီး၊ အဖေကြီး၊ အမေကြီး"စသည်ဖြင့် ခေါ်ဝေါ်ကာ မြှောက်တင်ကိုးကွယ်ကြ၏။

ယင်းသို့ခေါ်ဝေါ်ကာ မြှောက်တင် ကိုးကွယ်သော်လည်း ယင်းလူစုတို့သည် မိမိတို့ မြှောက်တင်ကိုးကွယ်သူ၏ သမိုင်းကြောင်းကို ဘယ်မျှလောက်သိရှိပြီး နားလည်ပြီး ကိုးကွယ်ပါသနည်း။

"ထွက်ရပ်ပေါက်ဆရာကြီး"ဟု ဆို၏။ အဘယ်အရပ်မှထွက်ပြီး အဘယ်အရပ်သို့ ပေါက်သွားသနည်း၊ သို့မဟုတ် အဘယ်အရပ်မှ အဘယ်အရပ်သို့ ထွက်သွားသနည်း။ ထွက်ရပ်ပေါက်သူရောက်သွားရာအရပ်မှာ ဘယ်လိုနေထိုင် စားသောက်ရသလဲ စသည်မေးကြည့်သော် မသိပါဟူ၍ပင် ပြောမည်ဖြစ်၏။

"အထက်ဆရာကြီး"ဟူ၍ဆို၏။ ဘယ်သူ့ရဲ့အထက်လဲ၊ ဘယ်လောက်အထက်ကျလဲ၊ အဲဒီအထက်ဆရာ ဘယ်မှာနေလဲ၊

http://www.dhammadownload.com



သူက ဘယ်လိုအမျိုးအစားလဲ၊ သူ့သတ္တိဘယ်လောက်ရှိလဲ၊ သူ့ကျင့်စဉ်တွေက ဘာတွေလဲ စသည်မေးကြည့်သော် မသိပါဟူ၍ပင် ပြောကြမည်ဖြစ်၏။

သို့ဖြစ်၍ ယင်းတို့ရဲ့အကြောင်းကို သိရှိချင်သူတို့ မေးလျှောက်သဖြင့် မိမိလက်လှမ်းမီသမျှ အချုပ်ဖော်ပြပါမည်။

## ဝိဇ္ဇာမျိုးခုံ

ဗေဒင်ဝိဇ္ဇာ၊ သို့မဟုတ် ဗေဒင်ဝိဇ္ဇာဓိုရ်ဟူသည် သာမ၊ ယဇု၊ ဣရု၊ အာထဗ္ဗဏဟူသော ဗေဒင်ကျမ်းများကို ကမ်းတစ်ဖက်ရောက် ကျွမ်းကျင်တတ်မြောက်သူကို ဗေဒင်ဝိဇ္ဇာဓိုရ်ဟု ခေါ်သည်။

မန္တန်ဝိဇ္ဇာဓိုရ်ဟူသည်မှာ ဗေဒင်ကျမ်းမှ တစ်ပါးသော နှုတ်မှုပညာ၊ လက်မှုပညာ စသောပညာရပ်များကို တတ်ကျွမ်းသူများကို ခေါ်သည်။

တစ်ဖုံဆိုသော် မန္တန်ဖြင့်မန်းမှုတ်၍ မန္တန်ရွတ်ဆို၍ ကောင်းကင်ပျံ ကိုယ်ပျောက်စသည်ဖြင့် စွမ်းနိုင်သူကို မန္တန်ဝိဇ္ဇာဓိုရ်ဟု ခေါ်သည်။

တဖန်ဆိုသော် စူဠဂန္ဓာရီဝိဇ္ဇာဓိုရ်ဟူ၍လည်းရှိသည်။ ယင်းသည် ကောင်းကင်သို့ပျံသန်းနိုင်သော အစွမ်းသတ္တိရှိသည်။ သူတစ်ပါးတို့၏ အကြံအစည်ကိုလည်းသိသည်။ သို့သော် ယင်းစူဠဂန္ဓာရီဝိဇ္ဇာဓိုရ်များသည် ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်

http://www.dhammadownload.com



သာဝကများ အပါအဝင်ဖြစ်သော "**အရိယာဝိဇ္ဇာမိုရ်**"များလောက် အစွမ်းသတ္တိမရှိပါ။

ယခုခေတ် အချို့သောသူများက ရုဋ္ဌဂန္ဓာရီဝိဇ္ဇာဟူသည်၊ လောကီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဟူသည် လောကုတ္တရာဝိဇ္ဇာ၊ အရိယာဝိဇ္ဇာဟူ၍ ထင်မှတ်ကြသည်။

အမှန်စင်စစ်မဟုတ်ပါ။ ယင်းသို့ ခေါ်ဝေါ်ပြောဆိုနေခြင်းဖြင့် ယင်းတို့သည် ယောင်ဝါးဝါးနှင့် ဝိဇ္ဇာလမ်းသွားနေသူများ မိမိတို့ ကိုယ် မိမိတို့ ဘာမှန်းမသိသူများဟု ဆိုစရာသာရှိပါတော့သည်။

ယင်းသို့ဆိုသော် ဘာမှန်းမသိသူ၊ သို့ယောင်ဝါးဝါးနှင့် ဝိဇ္ဇာလမ်းသွားနေသူအား ယုံကြည်ကိုးစား အားထားသူကိုတော့ အဘယ်သို့ ခေါ်ပါမည်နည်း။ ယင်းကိုတော့ စာရှုသူကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ အမည်တပ်ပါတော့။

မိမိတို့ရှင်းပြလိုသည်မှာတော့ ဂန္ဓာရီ ဝိဇ္ဇာအကြောင်း သိကောင်းစရာပင်ဖြစ်ပါသည်။

## ဂန္ဓာရီဝိဇ္ဇာ

ဂန္ဓာရအမည်ရှိတဲ့ ရသေ့သည် စီရင်အပ်သော မန္တန်အတတ် ကို တတ်သူကို ဂန္ဓာရီဝိဇ္ဇာဟူ၍ခေါ်သည်။ တစ်နည်းဆိုသော် ဂန္ဓာရတိုင်း၌ဖြစ်သော မန္တန်အတတ်ကို တတ်သူကို ဂန္ဓာရီဝိဇ္ဇာ ဟူ၍ ခေါ်သည်။

http://www.dhammadownload.com



ယင်းဂန္ဓာရီဝိဇ္ဇာသည် စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဟူ၍ နှစ်မျိုးရှိသည်။ ဂန္ဓာရီဝိဇ္ဇာဟူ၍ သာမညအသုံးပြုလျှင် စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီနှစ်မျိုးလုံးနှင့် သက်ဆိုင်သည်။

ယင်းသို့ဆိုသော် စူဠနှင့်မဟာ ဘယ်သို့ခွဲမည်နည်း?

၁။ သုံးနှစ်ကျော်က သေခဲ့ပြီးသော သတ္တဝါ၏ဖြစ်ရာ ဘုံဌာနကိုသိသော အတတ်ပညာသည် စူဠဂန္ဓာရီမည်၏။

၂။ သေခဲ့ပြီးသော သတ္တဝါ၏ဖြစ်ရာ ဘုံဌာနကိုလည်းသိဖို့ ထက် အလွန်လည်းသိသော အတတ်ပညာသည် မဟာဂန္ဓာရီဝိဇ္ဇာမည်၏။

ယင်းစူဠဂန္ဓာရီ၊ မဟာဂန္ဓာရီဝိဇ္ဇာဓိုရ်များသည် အရိယာဝိဇ္ဇာဓိုရ်များရှိရာအရပ်၌ မိမိတို့အတတ်ပညာများ အသုံးချ၍မရ။ အစွမ်းမထက်၊ ပျက်တတ်ပါသည်။

## ပိလိန္ဒဝစ္ဆဝိဇ္ဇာ

သာဓကပြရသော် ဗုဒ္ဓလက်ထက်တော်အခါ သာဝတ္ထိပြည်သား ပိလိန္ဒဝစ္ဆအမည်ရှိ ဂန္ဓာရီဝိဇ္ဇာဓိုရ်တစ်ယောက်ရှိ၏။ သူသည် ကောင်းကင်သို့လည်း ပျံတက်သွားလာနိုင်၏။ သူတစ်ပါးတို့၏ စိတ်ကိုလည်းသိသည်။ အရိယာဝိဇ္ဇာဓိုရ်ဖြစ်သော ဂေါတမဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူသောအခါ၌ကား ယင်းပိလိန္ဒ

http://www.dhammadownload.com



ဝဋ္ဋဝိဇ္ဇာဓိုရ်၏ အတတ်ပညာများသည် အစွမ်းအစမရှိ ဖြစ်နေပေသည်။ ထိုအခါ သူက စဉ်းစားသည်–

"အရိယာဝိဇ္ဇာဓိုရ်များရှိရာအရပ်၌ ဂန္ဓာရီဝိဇ္ဇာတို့ အတတ်ပညာသည် အစွမ်းမထက် ပျက်တတ်၏။ ငါ့ရဲ့ ဂန္ဓာရီဝိဇ္ဇာအတတ်များ အစွမ်းမထက် သုံးမရဖြစ်ရသည်ကား ကေန်မုချ အရိယာဝိဇ္ဇာဓိုရ် တစ်ဦးဦးရောက်နေသောကြောင့် ဖြစ်ရမည်။ ယခုလောလောဆယ်၌လည်း ရှင်တော်ဂေါတမသည် ရာဇဂြိုဟ်ပြည်သို့ ရောက်နေပေ၏။ ကေန်စင်စစ် ရှင်ဂေါတမသည် အရိယာဝိဇ္ဇာဓိုရ်ဖြစ်ပေလိမ့်မည်"

ယင်းသို့စဉ်းစားပြီး ရှင်တော်ဂေါတမသည် အမှန်မုချ အရိယာဝိဇ္ဇာဓိုရ် ဖြစ်ရမည်ဟု ဆုံးဖြတ်ကာ ဘုရားရှင်ထံသို့ သွားရောက်ကာ အတတ်ပညာသင်ပေးရန် တောင်းပန်ရလေသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းပြုစေပြီး တရားပြ တရားအားထုတ်စေရာ မကြာမီပင် အာသဝေါကင်းကွာ အရိယာဝိဇ္ဇာဓိုရ် ဖြစ်သွားသည်။

အို...စာရှုသူ၊ ယင်းကို အဖန်ဖန်စဉ်းစားကြည့်ပါဘိ။ ဂန္ဓာရီဝိဇ္ဇာလမ်းသည် သာသနာပတွင် အရိယာဝိဇ္ဇာလမ်းစဉ် မရှိ၍သာ လိုက်စားရသော မရှိသုံးလမ်းစဉ်မဟုတ်ပါလော။

ယခုအခါကား သာသနာတွင်းဖြစ်သည်။ စာရှုသူလိုက်စားချင်တာက အရိယာဝိဇ္ဇာလမ်း မဟုတ်ပါလား၊ သို့သော် မိမိ

http://www.dhammadownload.com



ကိုယ်ကိုမိမိ ဆန်းစစ်ကြည့်ပါဘိ၊ ငါသည် ဂန္ဓာရီဝိဇ္ဇာလမ်း လိုက်စားနေသူလော၊ အရိယာဝိဇ္ဇာလမ်း လိုက်စားနေသူလော။

သာသနာတွင်း အရိယာဝိဇ္ဇာလမ်းတွေ အထင်အရှားရှိနေပါလျက်နဲ့ သာသနာပသို့ညွှန်းကာ ဂန္ဓာရီဝိဇ္ဇာလမ်းသို့ လိုက်စားနေပါလျှင် စာရှုသူ လိုချင်ရောက်ချင် ဖြစ်ချင်သော အရိယာဝိဇ္ဇာဖြစ်ဖို့ နီးသလော၊ ဝေးသလော၊ တိုသလော၊ ရှည်သလော၊ ကြာသလော၊ မြန်သလော စဉ်းစားပါဘိ။

တဖန်ဆိုသော် ဝိဇ္ဇာမိုရ်အကြောင်းကို အတိအကျ ဘာမှန်းမသိသူအချို့က ဝိဇ္ဇာမိုရ်ဆိုလျှင် တကာယ်တန်ခိုးရှင် ကယ်တင်ရှင် အနေထင်မှတ်ကြပေသည်။ လူစွမ်းကောင်း သူတော်ကောင်း ထင်မှတ်နေတတ်ကြပါသည်။

## ကြာခိုသောဝိဇ္ဇာခိုရ်

ယင်းသို့ ဟုတ်မဟုတ် သမုဂ္ဂဇာတ်လာဝိဇ္ဇာမိုရ်အကြောင်း ပြောပြပါမည်။ အခါတစ်ပါး တာနောယက္ခဘီလူးသည် လူသားမိန်းမငယ်နှင့် ပေါင်းသင်းနေထိုင်၏။

အလွန်တရာချစ်ခင်လှ၍ ရွှေကြုတ်ထဲထည့်ပြီး ယင်းရွှေကြုတ်ကို ဝမ်းတွင်း၌ မျိုသွင်းကာ စောင့်ရှောက်ထားသည်။

ယင်းအကြောင်းကိုသိသော ဂန္ဓာရီဝိဇ္ဇာမိုရ်တစ်ယောက်က ယင်းကြုတ်အတွင်းသို့ တန်ခိုးဖြင့်ဝင်ရောက်ကာ ကြုတ်တွင်းရှိ မိန်းမငယ်နှင့် ချစ်တင်းနှီးနှောနေလေသည်။

http://www.dhammadownload.com



ယင်းသို့ ဂန္ဓာရီဝိဇ္ဇာမိုရ်၏ သူများမယား ကြာခိုမှုကိုသိသော အဘိညာဉ်ရ ရသေ့တစ်ပါးက ပြောဆိုသောအခါ ဘီလူးကြီးက ကြုတ်ကို ထွေးအန်ပြီး ဖွင့်ကြည့်သောအခါ ဂန္ဓာရီဝိဇ္ဇာမိုရ်သည် ရသေ့နှင့် ဘီလူးတို့ကြည့်နေစဉ်ပင် ကောင်းကင်သို့ ပျံတက်သွား လေသည်။

## ဇဋိလဖခင်ဝိဇ္ဇာမိုရ်

၎င်းပြင် ဇဋိလသူဌေးကြီး၏ဖခင် ဝိဇ္ဇာမိုရ်အကြောင်းကို ပြောပြပါဦးမည်။

ဗာရာဏသီပြည် သူဌေးကြီးတစ်ဦး၌ အလွန်ချောမောလှပ သော သမီးငယ်တစ်ယောက်ရှိသည်။ အရွယ်ရောက်သော် ခုနစ် ထပ်ရှိ တိုက်အပေါ်ဆုံးထပ်သို့ တင်ကာ အစောင့်အရှောက်နှင့် ထားသည်။

တစ်နေ့သော် ကောင်းကင်ပျံ ဂန္ဓာရီဝိဇ္ဇာမိုရ်တစ်ယောက်က တွေ့ရှိပြီး ချစ်ကြိုက်သောကြောင့် ဝင်ရောက်ပေါင်းဖော်လေရာ ကိုယ်ဝန်ရှိလာသည်။ ဖွားမြင်ပြီးမြောက် ကြီးပြင်းခြင်းသို့ ရောက်သောအခါ ကျော်ကြားလှသော ဇဋိလသူဌေးကြီး ဖြစ်လာ သည်။

သူဌေးဖြစ်သည်မှာ ဖခင်ဝိဇ္ဇာမိုရ်က မ,စ၍ မဟုတ်ပါ။ ရှေးက ပြုခဲ့တဲ့ အတိတ်ကုသိုလ်ကံနှင့် ပစ္စုပ္ပန် ကံ,ဉာဏ်,ဝီရိယကြောင့် ပင် သူဌေးဖြစ်ပါသည်။

http://www.dhammadownload.com



# ကြောက်လီစိဗ္ဗာ

ဝိဗ္ဗာဂရေဇာတ်လာ ဝိဗ္ဗာအကြောင်း ပြောပြပါဦးမည်။ ဗာရာဏသီပြည်၌ ဝိဗ္ဗာမိုက်ရဲတစ်ယောက်ရှိပါသည်။ ယင်းဝိဗ္ဗာမိုက်ရဲသည် မိမိတန်ခိုးဖြင့် ညဉ့်အခါတွင် ဗာရာဏသီပြည့်ရှင် ဘုရင်ကြီး၏ မိဖုရားကြီးကိုသွား၍ ပြစ်မှားကျူးလွန်လေ့ရှိသည်။

နေ့အခါ၌မူ ရဟန်းအသွင်ဝတ်ဆင်ပြီး သင်္ချိုင်းကုန်းသို့သွားကာ နေကို ရှိခိုး၍ ခြေတစ်ဖက်ဖြင့်သာ ရပ်လျက်နေသည်။

ယင်းအကြောင်းကို ဘုရင်ကြီးအား ဖွင့်ဟပြောကြားလျှင် ဘုရင်ကြီးသည် မိဖုရားကြီးနှင့် တိုင်ပင်၍ ဝိဗ္ဗာမိုက်ရဲကို မှတ်မိအောင် အမှတ်အသားလုပ်၍ နံနက်လင်းသောအခါ အမှုထမ်းတို့အား ရှာဖွေစေရာ သင်္ချိုင်းကုန်း၌ တွေ့ရလေသည်။

မင်းချင်းတို့က ဝိုင်း၍ဖမ်းမည်ပြုသောအခါ ကောင်းကင်ပျံတက်၍ လွတ်ထွက်သွားလေသည်။

အို...စာရှုသူ၊ ယင်းတို့ကိုထောက်သော် ဂန္ဓာရီဝိဗ္ဗာဆိုတာ ရှိပါသည်။ မရှိမဟုတ်ပါ။ တန်ခိုးလည်းရှိပါသည်။

သို့သော် ယင်းသို့ တန်ခိုးရှိ၍ မိုးပျံနိုင်သော ဂန္ဓာရီဝိဗ္ဗာမိုက်ရဲတို့သည် ရိုးရိုးလူများကဲ့သို့ပင် ချစ်ကြိုက်ခြင်း သံယောဇဉ်မကင်းကြောင်း၊ သူတစ်ပါးသမီးပျိုများ ချစ်တင်းနှီးနှောပျော်ပါးကာထားခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

http://www.dhammadownload.com



လွှတ်လပ်သော သူတစ်ပါး သမီးပျိုနှင့် နှီးနှောပျော်ပါးတာကို ခွင့်လွှတ်နိုင်ဦးတော့၊ သူတစ်ပါးသားမယားကို မတော်မတရားပြစ်မှားကျူးလွန်တာကိုတော့ အဘယ်သို့ ခွင့်လွှတ်နိုင်ပါအံ့နည်း။

ယင်းသို့ဖြင့် ပိဋကတ်စာပေတွင် ဂန္ဓာရီဝိဇ္ဇာများအကြောင်း ယင်းသို့ပင် လာရှိသည်ကို တွေ့ရတော့ "ဝိဇ္ဇာဆိုတာ ရှိပါသလား"ဆိုတဲ့ အမေးအရ ရှိပါသည်ဟုပင် ဖြေပါမည်။

သို့သော် ကျမ်းဂန်တွင် ဝိဇ္ဇာဓိုရ်တို့ရဲ့ ကယ်တင်ပုံ၊ မ,စပုံကိုတော့ မတွေ့ရပါ။ အထက်ဖော်ပြပါ ကြာခိုဇာတ်လမ်းတွေသာ တွေ့ရပါသည်။

ယနေ့မျက်မှောက်ခေတ် ဝိဇ္ဇာဓိုရ်စခန်း၊ ဝိဇ္ဇာဓိုရ်လမ်းသွားနေသူများကော အဘယ်သို့နည်း။ မ,စ ကယ်တင်သဟင်းကြားရပါသလော။ လိမ်ညာသတင်း၊ ကြာခိုသတင်း ကြားရပါ သလော။ မိမိပြောစရာမလိုပါ။ စာရှုသူတို့ရဲ့ အကြားအမြင်ပင် ဖြစ်ပါသည်။

အို...စာရှုသူ၊ ယင်းဂန္ဓာရီဝိဇ္ဇာဓိုရ်လမ်းထက် အဆင့်မြင့်သော လောကီဝိဇ္ဇာလမ်းဆိုသည် ရှိပါသေးသည်။ ယင်းကား ဈာန်အဘိညာဉ်လမ်း ဖြစ်ပါသည်။

အချုပ်ပြရသော် ရူပဈာန် ၄-ပါး၊ အရူပဈာန် ၄-ပါးကို သမာပတ်ရှစ်ပါးဟု ခေါ်ပါသည်။

၁။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သည့် "**ဣဒ္ဓိဝိဓအဘိညာဉ်**"

၂။ နတ်တို့၏ နားကဲ့သို့ အဝေး-အနီး အတိုး-အကျယ် အသံ အမျိုးမျိုးကို ကြားနိုင်သည့် "**ဒိဗ္ဗသောတ အဘိညာဉ်**"

http://www.dhammadownload.com



၃။ နတ်တို့၏ မျက်စိကဲ့သို့ အဝေးအနီး၊ အကြီးအသေး ရူပါရုံအမျိုးမျိုးကို မြင်နိုင်သည့် "**ဒိဗ္ဗစက္ခုအဘိညာဉ်**"

၄။ သူတစ်ပါးတို့ တွေးတောကြံစည်သမျှ စိတ်များကို သိနိုင်သည့် "**ပရစိတ္တဝိဇာနနအဘိညာဉ်**"

၅။ ရှေးရှေး ဘဝပေါင်းများစွာ လွန်ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်သိနိုင်သည့် "**ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်**"ဟူ၍ အဘိညာဉ် ၅–ပါးရှိပါသည်။

ယင်းသမာပတ် ၈–ပါး အဘိညာဉ် ၅–ပါးကို လောကီဝိဇ္ဇာဟု ခေါ်ပါသည်။

ယင်းလောကီဝိဇ္ဇာ ပိုင်ဆိုင်ရရှိသူများကို လောကီဝိဇ္ဇာဓိုရ်ဟု ခေါ်ပါသည်။ ယင်းလောကီဝိဇ္ဇာဓိုရ်များကား ဂန္ဓာရီဝိဇ္ဇာဓိုရ်များထက် အလွန်တရာ တန်ခိုးကြီးမားလှပါသည်။

ယင်းလောကီဝိဇ္ဇာဓိုရ်များသည် ဂန္ဓာရီဝိဇ္ဇာဓိုရ်များကဲ့သို့ သူများမယား ကြာခိုခြင်းစသည် မပြုလုပ်တော့ပါ။

ယင်းလောကီဝိဇ္ဇာဓိုရ်များသည် ကာမ တဏှာကိုလည်းပယ်ခွာ၊ ဒေါသကိုလည်းပယ်ခွာထားရကား အလွန်တရာ သိမ်မွေ့နူးညံ့လှပါသည်။ မကြမ်းတမ်း မယုတ်မာပါ။

ရှင်းရှင်းပြောရသော် ဂန္ဓာရီဝိဇ္ဇာလမ်းသည် အောက်လမ်းဖြစ်၍ ကြမ်းတမ်းယုတ်မာသည်။ အလုည့်အပတ် အလိမ်အညာများသည်။ ယင်းသို့ ကြမ်းတမ်းယုတ်မာ လှည့်ပတ်လိမ်ညာနိုင်မှ အစွမ်းထက်သည်။

http://www.dhammadownload.com



လောကီဝိဇ္ဇာသည် အထက်လမ်းဖြစ်၍ သိမ်မွေ့နူးညံ့သည်။ မလှည့်ပတ် မလိမ်မညာ ရိုးဖြောင့်သည်။ သိမ်မွေ့နူးညံ့ ရိုးဖြောင့်နိုင်မှ တန်ခိုးရှိသည်၊ အစွမ်းထက်သည်။ အစွမ်းရှိသည်။

ယနေ့ မျက်မှောက်ခေတ်တွင် ခေတ်စားနေသော ဝိဇ္ဇာအမည်ခံ ဂိုဏ်းအဖွဲ့အသင်း ပုဂ္ဂိုလ်များသည် ဂန္ဓာရီဝိဇ္ဇာလား၊ လောကီဝိဇ္ဇာလား၊ သို့မဟုတ် အထက်လမ်းလား၊ အောက်လမ်းလား၊ အထက်ဆရာလား၊ အောက်ဆရာလားဆိုတာ ခွဲခြား၍ လေ့လာနိုင်ပါစေ။ လေ့လာနိုင်လောက်ပါပေပြီ။

အထက်ဆရာဖြစ်သော လောကီဝိဇ္ဇာများသည် အရိယာဝိဇ္ဇာများတမျှ ငြိမ်သက်တည်ကြည်၍ ကိုယ်ကျင့်သီလ ကောင်းကြ၍ တန်ခိုးအမျိုးမျိုး ရှိပေသည်။ ယင်းတို့ကား–

၁။ အဝေးကိုအနီးဖြစ်စေနိုင်ခြင်း၊
၂။ အနီးကို အဝေးဖြစ်စေနိုင်ခြင်း၊
၃။ အများကိုအနည်း ဖြစ်စေနိုင်ခြင်း၊
၄။ အနည်းကိုအများ ဖြစ်စေနိုင်ခြင်း၊
၅။ အရသာမရှိသည်ကို ရှိစေနိုင်ခြင်း၊
၆။ အဝေးမှ အဆင်းကို မြင်နိုင်ခြင်း၊
၇။ အဝေးမှ အသံကို ကြားနိုင်ခြင်း၊
၈။ သူတစ်ပါးစိတ်ကူးကို သိနိုင်ခြင်း၊
၉။ ကိုယ်ထင်ရှားပြ၍ ဖြေးနှေးစွာ ဗြဟ္မာ့ပြည်သို့သွားနိုင်ခြင်း၊

http://www.dhammadownload.com



၁၀။ ကိုယ်ရောင်ဖျောက်၍ လျင်မြန်စွာ ဗြဟ္မာ့ပြည်သို့ သွားနိုင်ခြင်း၊

၁၁။ ဗြဟ္မာပင်လျှင် ခွဲခြားမသိနိုင်အောင် မိမိ၏ ရုပ်ပွား ပြုနိုင်ခြင်း၊

၁၂။ ဗြဟ္မာ၏ရှေ့၌ ရုပ်ပွားကို တရားဟောစေခြင်း၊ အမေး အဖြေ ပြုစေခြင်း၊

၁၃။ ဗြဟ္မာပင် အံ့ဩလောက်အောင် ရုပ်ပွားကို တန်ခိုး ပြစေနိုင်ခြင်း၊

၁၄။ မိမိကဲ့သို့ပင် ရုပ်ပွားကို ဗြဟ္မာနှင့် တရားဆွေးနွေးစေ နိုင်ခြင်း၊

ယင်းသို့ဖြင့် (၁၄)မျိုးကို အကျဉ်းချုပ်၍ ဖော်ပြပါရှိပါသည်။

ယင်းလောကီဝိဇ္ဇာ အတတ်ပညာများကား ဗုဒ္ဓသာသနာ တော်၌ သီလ၊ သမာဓိ၊ ပညာဟူသော သင်ယူလေ့လာရမည့် တရားသုံးမျိုးတို့တွင် သမာဓိတရားဖြစ်သည်။

သမထ၊ ဝိပဿနာဟု လုပ်ငန်းနှစ်မျိုးတွင် သမထလုပ်ငန်း မျိုးဖြစ်သည်။ ထို့ကြောင့် ယင်းလောကီဝိဇ္ဇာ အတတ်ပညာတို့ကို ဗုဒ္ဓသာသနာတော်တွင်း အရိယာဝိဇ္ဇာများလည်း လေ့လာသုံးစွဲ တော်မူကြသည်။

မှန်ပေသည်။ ယင်းလောကီဝိဇ္ဇာတို့သည်ကား ဘုရားပစ္စေက ဗုဒ္ဓါ အရိယာ သာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ရအပ် ရောက်အပ်သော ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့၌ အတွင်းဝင်ကုန်၏။

http://www.dhammadownload.com



ယင်းသို့ကြောင့်ပင် ယင်းလောကီဝိဇ္ဇာများအကြောင်းကို ဤသာသနာတော်တွင်း၌ ဟောကြားတော်မူအပ်သော တရားဒေသနာ စာပေကျမ်းဂန်တို့၌ များစွာပင် အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ပေသည်။

ဤမျှလောက်ဆိုလျှင် စာရှုသူသည် ဂန္ဓာရီဝိဇ္ဇာနှင့် လောကီဝိဇ္ဇာ ကွဲပြားလောက်ပါပြီ။ သို့ကွဲပြားသော် ယနေ့ မျက်မှောက်ခေတ်တွင် ခေတ်စားနေသော ဝိဇ္ဇာလမ်းများကို အဘယ်ထဲသို့ ထည့်မည်နည်း။

ခေတ်ဝိဇ္ဇာလမ်းများသည် သီလ၊ သမာဓိ၊ ပညာကို အခြေမခံ။ မန္တန်စသည်၊ အင်းအိုင်စသည်တို့ကို အခြေခံရကား ဂန္ဓာရီဝိဇ္ဇာ သာသနာပညွှန်းလမ်းစဉ်၊ သာသနာတွင်းမှ သာသနာပဆီသို့ ဆွဲထုတ်သောလမ်းစဉ်၊ သာသနာပြုအမည်ခံသော်လည်း သာသနာပြုမဟုတ်၊ အချို့မှာ သာသနာဖျက်သာ ဖြစ်ကြောင်း သိသာနိုင်ပါသည်။

ဤမျှဖြင့် စာရှုသူသည် ဂန္ဓာရီဝိဇ္ဇာနှင့် လောကီဝိဇ္ဇာ အကြောင်း ပြတ်သားစွာ သိသွားပါပြီ။ သိလောက်ပါပြီ။ ယခု ဆက်လက်ပြီး အရိယာဝိဇ္ဇာအကြောင်း ရှင်းပြပါမည်။

## အရိယာဝိဇ္ဇာ

အရိယာဝိဇ္ဇာကို ပွားများသော ဘာဝနာအားဖြင့် ခွဲခြား၍ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာဟူ၍လည်းကောင်း။ အကြောင်း

http://www.dhammadownload.com



နှင့်အကျိုးအားဖြင့်လည်းကောင်း ခွဲခြား၍ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာ ဟူ၍ ခွဲခြားရပေမည်။

ထိုတွင် မဂ္ဂဝိဇ္ဇာဟူသည် မဂ်ဉာဏ်လေးပါးကိုစွဲ၍ မဂ္ဂဝိဇ္ဇာမိုရ်လေးမျိုးဖြစ်လာသည်။ ဖလဝိဇ္ဇာမှာလည်း ဖိုလ်ဉာဏ်လေးပါးကို စွဲ၍ ဖိုလ်ဝိဇ္ဇာမိုရ်လေးမျိုးဖြစ်လာသည်။

အရိယာ ဝိဇ္ဇာမိုရ်အဖြစ် အစွမ်းသတ္တိကို ဖော်ပြရာ၌မူ မဂ်နှင့် ဖိုလ်မှာ အကြောင်းနှင့်အကျိုးသာ ကွာခြား၍ သဘောချင်းညီသောကြောင့်လည်းကောင်း၊ မဂ်ဝိဇ္ဇာမိုရ် အခိုက်အတန့် သက်တမ်းမှာ စိတ္တက္ခဏ တစ်ချက်။ မျက်စိတစ်မှိတ်၏ အပုံကုဋေတစ်သိန်းမှ တစ်ပုံမျှလောက်သာ အချိန်ကာလအားဖြင့် တည်နေသည်။

ထို့နောက် ဖိုလ်ဝိဇ္ဇာမိုရ်အဖြစ် ကူးပြောင်းသွားသောကြောင့် မှတ်သား လွယ်ကူစေရန် မဂ်ဝိဇ္ဇာမိုရ်တို့ကို မိမိဆိုင်ရာ ဖိုလ်ဝိဇ္ဇာမိုရ်၌ ပေါင်းလိုက်လျှင်...

၁။ သောတာပန် ဝိဇ္ဇာမိုရ်၊

၂။ သကဒါဂါမိ ဝိဇ္ဇာမိုရ်၊

၃။ အနာဂါမိ ဝိဇ္ဇာမိုရ်၊

၄။ ရဟန္တာ ဝိဇ္ဇာမိုရ်ဟူ၍ အရိယာဝိဇ္ဇာမိုရ် လေးမျိုးမျှသာ ဖြစ်တော့သည်။ ယင်းတွင် အဆင့်အနိမ့်ဆုံး သောတာပန်ဝိဇ္ဇာမိုရ်၏ စိတ်သန္တာန်သည်ပင် လူသာမန်တို့နှင့် နှိုင်းယှဉ်မရအောင် အလွန်မြင့်မြတ် ဖြူစင်လှပေသည်။

http://www.dhammadownload.com



သောတာပန် ဝိဇ္ဇာမိုရ်ရှိသည့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး မိမိပြုလုပ်အပ်သည့် ကံတရားနှင့် ယင်းကံတရား၏ အကျိုးကို ဟုတ်ပါသလော၊ ရှိပါသလောဟု ယုံမှားသံသယ မဖြစ်ချေ။ တကယ်ဟုတ်သည်၊ ရှိသည်ဟု တစ်ထစ်ချဆုံးဖြတ် ယုံကြည်လေတော့သည်။

လောက၌ တကယ်အထင်အရှားရှိ၍ သဘောယုတ္တိ မှန်ကန်သော အတွေးအခေါ် အယူအဆကိုသာ လက်ခံယုံကြည်တော့သည်။ မှားယွင်းသော အတွေးအခေါ် အယူအဆတို့ကို လက်မခံတော့ချေ။

သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ မဟုတ်မမှန် လိမ်ညာခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်းတို့ကိုလည်း မပြုလုပ်ပေ။

သောတာပန် ဝိဇ္ဇာမိုရ်ရှိသည့် ချစ်ခင်လိုလားမှုကြောင့် ဖြစ်စေ၊ မလိုမုန်းတီးမှုကြောင့်ဖြစ်စေ၊ အားနာကြောက်ရွံ့မှုကြောင့် ဖြစ်စေ၊ မသိနားမလည်မှုကြောင့်ဖြစ်စေ၊ မပြုထိုက် မပြောထိုက်သည့် အဂတိတရားလေးပါးကို ပြုလုပ်ခြင်းမရှိ၊ ပြောဆိုခြင်း မရှိတော့ပေ။

သောတာပန် ဝိဇ္ဇာမိုရ်ရှိသည့် မိမိပိုင် ပစ္စည်းဥစ္စာ အတတ်ပညာတို့ကိုလည်း သူတစ်ပါးအား မပေးနိုင်ဘဲ စေးနည်းဝန်တိုခြင်း မဖြစ်ပေ။

http://www.dhammadownload.com



သူတစ်ပါး ကောင်းစားသည်ကိုလည်း မနာလိုမရှုစိမ့် မဖြစ်ပေ။

သောတာပန် ဝိဇ္ဇာမိုရ်သည် လောက၌ ရှိရှိသမျှ သက်ရှိ သက်မဲ့ အရာဝတ္ထုအစုစုတို့၌ ချုပ်ပျောက် ပျက်စီး၍မမြဲသော သဘောရှိသည်ကို မချုပ်ပျောက် မပျက်စီး အမြဲတည်နေ၏ဟု လည်းကောင်း၊ အနှစ်အသားမရှိသည်ကို အနှစ်အသားရှိ၏ဟု လည်းကောင်း ယူဆခြင်းလည်း မရှိတော့ချေ။

လောက၌ ရှိရှိသမျှ သက်ရှိသက်မဲ့အပေါ်၌ ရွံရှာစက်ဆုပ် ဖွယ် ဖြစ်နေပါလျက် လှပတင့်တယ် ချစ်စဖွယ်ဖြစ်သည်ဟုလည်း ကောင်း၊ ဆင်းရဲဒုက္ခဖြစ်နေပါလျက် ချမ်းသာသုခ ဖြစ်နေပါသည်ဟု လည်းကောင်း စွဲလန်းယူဆခြင်းလည်း မရှိတော့ချေ။

ဤကား အရိယာ ဝိဇ္ဇာမိုရ်လေးမျိုးတွင် အောက်ဆုံးဝိဇ္ဇာ မိုရ်ကလေးဖြစ်သော သောတာပန်ဝိဇ္ဇာမိုရ်၏ စိတ်ဓာတ်သည်ပင် ရိုးရိုးလူသာမန်တို့ထက် အဆပေါင်းများစွာ ဖြူစင်မြင့်မြတ်ပုံဖြစ် သည်။

ဒုတိယအဆင့်ဖြစ်သော သကဒါဂါမ်အရိယာဝိဇ္ဇာမိုရ်သည် ကား သောတာပန်ဝိဇ္ဇာမိုရ် မပယ်မရှင်းနိုင်သည့် ကာမရာဂ၊ ဗျာပါဒအကြမ်းစားတွေကို ထပ်၍ ပယ်သတ်နိုင်ပေသည်။

တတိယအဆင့်ဖြစ်သော အနာဂါမ်အရိယာ ဝိဇ္ဇာမိုရ်သည် လောကီလူသားတို့ ကောင်းမြတ်သည်ဟု ယူဆမက်မောနေကြ သည့် ရုပ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ

http://www.dhammadownload.com



ဟူသော ကာမဂုဏ်တရားအာရုံငါးပါးတို့၌ တွယ်တာတပ်မက်ခြင်း ကင်းပြတ်လေပြီ။

စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဝမ်းနည်းခြင်း၊ ရန်ညိုးထားခြင်း စသော ဒေါသဆိုင်ရာ နာမ်တရား၏ အညစ်အကြေးများ ကင်းစင်ပေပြီ။

မိမိကိုယ်အပေါ်၌ပင် လုပ်သင့် လုပ်ထိုက်သည်ကို မလုပ်မိ၍ တွေးတောပူပန်ခြင်း၊ မလုပ်သင့်မလုပ်ထိုက်သည်ကို လုပ်မိ၍ တွေးတောပူပန်ခြင်း သဘောများမရှိတော့ပြီ။

အခြံအရံမရှိခြင်း၊ လာဘ်မရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်းတို့ကြောင့် စိတ်ဆိုး ဝမ်းနည်းခြင်း မဖြစ်တော့ချေ။

မတင့်တယ် မလှပဘဲ တင့်တယ်လှပသည်ဟု ဖောက်ပြန်စွာ မှတ်ထင်ခြင်း၊ သိမြင်ခြင်းမရှိတော့။ အမှန်အတိုင်းသာ မှတ်ထင် သိမြင်တော့သည်။

ချစ်ခင် သင့်မြတ်နေသူများကို မသင့်မမြတ်ဖြစ်၍ ကွဲပြားအောင် ရန်တိုက်ပေးမှု မပြုလုပ်သင့်သည့်ပြင် သူတစ်ပါး နားမခံသာအောင် ကြမ်းတမ်းယုတ်မာသည့် စကားကို ပြောဆိုခြင်း၊ ဆဲရေးခြင်း မပြုလုပ်တော့ချေ။ အခြားသူများ ပျက်စီးနစ်နာအောင်ကိုမူ ပြုလုပ်ရန် မဆိုထားဘိ စိတ်မှာပင် မကြံစည်ချေ။

ရဟန္တာ အရိယာ ဝိဇ္ဇာမိုရ်သည် နာမ်ပိုင်းဆိုင်ရာ အညစ်အကြေးဟူသမျှ အကုန်အစင် ပယ်ရှင်းအပ်လေပြီ။

http://www.dhammadownload.com



အလွန်သိမ်မွေ့သော အမှန်တရား မသိခြင်း၊ ဗြဟ္မာဘဝကို တပ်မက်ခြင်း၊ မိမိကိုယ်ကို မိမိ အထင်ကြီး၍ ထောင်လွှားတက်ကြွခြင်း၊ စိတ်မတည်ကြည် ပျံ့လွင့်ခြင်း၊ စိတ်ထိုင်းမှိုင်းခြင်း၊ အိပ်ငိုက်ခြင်း၊ မကောင်းသည့်အရာ၌ မရှက်ခြင်း၊ မလန့်ခြင်း ဟူသော နာမ်ပိုင်းဆိုင်ရာ အညစ်အကြေးများကို အကြွင်းမဲ့ ပယ်ခွာနိုင်ပေသည်။

အကျိုးမဲ့ အရွှတ်အနောက် ပြောခြင်း၊ မတော်မလျော် များ ယွင်းစွာ ကြိုးစားအားထုတ်ခြင်းတို့မှလည်း ကင်းလွတ်လေပြီ။ လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်းတို့၌ သာယာမှုမရှိပြီ။

ဆင်းရဲဒုက္ခ သဘောတရားကို ချမ်းသာသုခဟု ဖောက်ပြန်သော မှတ်ထင် သိမြင်မှုလည်းမရှိပြီ။ မတော်မသင့်သောအားဖြင့် သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်ခြင်းလည်း ကင်းပြီ။

ရုပ်ခန္ဓာကိုယ်ကြီး၌ မည်မျှပင် ဆင်းရဲမှု ဖြစ်နေစေကာမူ စိတ်မချမ်းသာမှု စသည့် ဆင်းရဲခြင်း အနည်းငယ်မျှ မရှိတော့ပေ။ မိမိစိတ်ကို လိုသလိုထားနိုင်သည့် စွမ်းအင်ကို ပိုင်ဆိုင်နေပြီ ဖြစ်သောကြောင့်–

၁။ စက်ဆုပ်ရွံရှာဖွယ် အာရုံကို စက်ဆုပ်ရွံရှာဖွယ် မဟုတ်ဟုလည်းကောင်း၊

၂။ စက်ဆုပ်ရွံရှာဖွယ် မဟုတ်သည့် အာရုံကို စက်ဆုပ်ရွံရှာဖွယ် အသုဘဟုလည်းကောင်း။

http://www.dhammadownload.com



၃။ ကောင်းသည့်အာရုံ ဆိုးသည့်အာရုံတို့ကို တွေ့ကြုံရာ၌ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းမပြု လျစ်လျူရှု၍လည်း ကောင်း၊ စိတ်ကိုပြုပြင်၍ ထားနိုင်ပေသည်။

ဤကား အဆင့်ဆင့်သော အရိယာဝိဇ္ဇာမိုရ်တို့၏ သဘော သဘာဝဖြစ်သည်။

အို...စာရှုသူ၊ ဤမျှသော စကားအစဉ်ဖြင့် "ဝိဇ္ဇာဆိုတာ ရှိပါသလား" ဆိုတဲ့ မေးခွန်းကိုဖြေရာ အချုပ်အားဖြင့်...

၁။ ဂန္ဓာရီဝိဇ္ဇာ၊

၂။ လောကီဝိဇ္ဇာ၊

၃။ အရိယာဝိဇ္ဇာဟူ၍ ၃-မျိုးခွဲ၍ ဖြေဆိုပြီးမြောက်ပေပြီ။ စာရှုသူသည် အဘယ်ဝိဇ္ဇာလမ်းစဉ်သို့ လိုက်နာနေသနည်း။ လမ်းစဉ်များနေက အမှန်သို့ မှန်နေက ပန်းတိုင်သို့ အမြန်ရောက် ရန် တက်လှမ်းရေးသည် အလွန်အရေးကြီးလှပါသတည်း။

- ဝိဇ္ဇာဆိုတာ၊ အပြောသာ၊ သိတာနည်းလှသည်။
- ဝိဇ္ဇာအပြား၊ ဘယ်နှစ်ပါး၊ သိထားရပေမည်။
- ပယ်ရန်ဝိဇ္ဇာ၊ လိုက်ဝိဇ္ဇာ၊ နှစ်ဖြာကွဲရမည်။
- ပယ်ရန်ကိုတွယ်၊ လိုက်ရန်ပယ်၊ အပါယ်ရောက်တော့မည်။
- ပယ်ရန်ကိုပယ်၊ လိုက်ရန်တွယ်၊ အေးဖွယ်ရောက်တော့မည်။

http://www.dhammadownload.com



# ပါဠိမရွတ်ပါနဲ့တဲ့ရှာ

( ၈ )

ကိုယ်တွင်းရောဂါ၊ ဝေဒနာလည်း၊
ဆရာကောင်းနှင့်၊ ဆေးကောင်းတွေ့မှ၊
ချမ်းသာရ၏၊ မုချမှန်စွာ၊
ဟူစပါရှင့်၊ မိစ္ဆာဒိဋ္ဌိ၊
ယူဘိယွင်းချော်၊ အပါယ်ဖော်တည့်။

သူတော်မဟုတ်၊ သူယုတ်တို့အား၊
ထိပါးရောယှက်၊ မိတ်ဖက်ဘယ်ခါ၊
မပြုရာဘူး။

ပညာရှိပေါင်း၊ သူတော်ကောင်းနှင့်၊
အကြောင်းသင့်မျှ၊ ပေါင်းမိကြ၍၊
သဒ္ဓမ္မသဝန၊ ကြားနာရမှ၊
ဝါဒသမ္မာ၊ တည်နိုင်စွာရှင့်။

http://www.dhammadownload.com



ကြားနာသုတ၊ မြတ်ဆန္ဒကို၊
သားလှရတနာ၊ မြဲမကွာနှင့်…။

တောထွက်ခါနီးတွင် သားကြီးဩရသအားခေါ်၍ ဆုံးမ ဟန်ကို ရေးထားသော မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာဖြစ်သည်။ လင်္ကာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ပေါ်လွင် ထင်ရှားလှသည်။

ပညာရှိ သူတော်ကောင်းနှင့် ပေါင်းမိ၍ သူတော်ကောင်း တရားကို နာရမှသာ မှန်ကန်တဲ့ အယူဝါဒမှာ တည်နိုင်မယ်။ သို့အတွက် သားကြီးဩရသဟာ သူတော်ကောင်းတရား နာကြားမှု ကို မကွာမကင်းပါနဲ့၊ အမြဲနာကြားပါဟု တိုက်တွန်း မှာကြား သည်။

မှန်ပါသည်။ သူတော်ကောင်းတရား နာကြားမှုသည် အရေးကြီးလှပါသည်။ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓအရှင်မှတစ်ပါး သာဝကအားလုံးမှာ သူတော်ကောင်းတရား နာကြားရမှသာ မှန်ကန်သော အမြင်ရှိ၍ သူတော်ကောင်း ဖြစ်နိုင်မည် မဟုတ်လော။

သို့ဖြစ်၍ နိဗ္ဗာန်ရောက်ရေးအတွက် ပထမအရေးအကြီးဆုံး မှာ တရားနာမှုပင် မဟုတ်လော။ တရားနာမှု နောက်မှသာ အားထုတ်မှုဖြစ်ပါသည်။ တရားနာမှု မှန်မှသာ တရားအားထုတ် မှု မှန်ပါမည်။ တရားနာမှုမမှန်ပါလျှင် တရားအားထုတ်မှု မမှန် နိုင်ပါ။

http://www.dhammadownload.com



ယင်းသို့ဆိုသော် အယူဝါဒအမှန်အကန်သို့ မသက်ရောက်နိုင်တော့ပါ။ အယူဝါဒ မမှန်ကန်သော် ပြုသမျှ ပြောသမျှ ကြံသမျှတွေဟာ ဒုက္ခရောက်ဖို့တွေသာဖြစ်ပါတော့မည်။အယူဝါဒ မှန်ကန်သော် ပြုသမျှ ပြောသမျှ ကြံသမျှတွေဟာ သုခရောက်ဖို့သာ ဖြစ်ပါတော့မည်။

ယင်းသို့ သုခရောက်ရေး၊ ဒုက္ခရောက်ရေး၏ ရှေ့တွင် ဘာရှိပါသလဲ၊ အယူဝါဒ အမှန်-အမှား ရှိပါသည်။ ယင်းအယူဝါဒအမှ-အမှား၏ရှေ့တွင် ဘာရှိသလဲ။ တရားနာမှုရှိပါသည်။

ယင်းတရားနာမှုသည် အရေးကြီးလှ၏။ တရားမှားကို နာမိသော် အယူမှားမည်။ တရားမှန်ကို နာပါမှ အယူမှန်မည်။ သို့ဖြစ်၍ အမှား-အမှန်တရားဖြင့် ကန့်သတ်နေသည်ကို သတိပြုရမည်။

ယခုခေတ်တွင် တရားတွေပေါ်နေသည်။ ပေါ်နေသည်။ အကောင်းတွေလော၊ အဆိုးတွေတော၊ အမှားတွေလော၊ အမှန်တွေလော၊ ဝေခွဲနိုင်သူရှိသလို၊ မဝေခွဲနိုင်သူတွေလည်း ရှိပေသည်။

အမှား အမှန်၊ အကောင်း အဆိုးကိုမဝေခွဲနိုင်သူ အဖို့ အမှန်နည်းပါး အမှားများမည်သာဖြစ်သလို အကောင်းနည်းပါး အဆိုးများမည်သာဖြစ်ပါသည်။

တရားဟော ဓမ္မကထိကတွေ အများကြီးပင်၍ တရားတွေ နာကြားကြသည်။ ဟောသူတွေ များသလောက် ဟောပုံ

http://www.dhammadownload.com



ဟောနည်းလည်း အမျိုးမျိုးဖြစ်သည်။ အချို့က အသံကို ဦးစား ပေး၍ဟောသည်။ ကြိုက်သူလည်းများသည်၊ ဘာကိုကြိုက်တာလဲ။

အချို့က ရယ်စရာ ဦးစားပေး၍ ဟောသည်။ ကြိုက်သူလည်း များသည်။ ဘာကိုကြိုက်တာလဲ၊ အချို့က အဆိုအငို ဦးစားပေး၍ ဟောကြသည်။ ကြိုက်သူများကြသည်။ ဘာကိုကြိုက်တာလဲ။

အချို့ကပါဠိပါဌ်သား ဦးစားပေး၍ ဟောကြသည်။ ကြိုက် ကြသည်။ ဘာကိုကြိုက်တာလဲ။

ယင်းသို့စသည်ဖြင့် ဟောသူအမျိုးမျိုး၊ တရားအမျိုးမျိုး၊ နာသူအမျိုးမျိုး၊ အကြိုက်အမျိုးမျိုးရှိနေရာ အဘယ်သို့လိုက်၍ ဟောမည်နည်း ?

## မိမိကိုယ်တွေ့

မိမိကိုယ်တွေ့အဖြစ်အပျက် တစ်ခုကို တင်ပြပါမည်။ မိမိသည် တရားဟောရာ၌ တိပိဋကရေဝတ္ထဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာ ဘိဝံသဆရာတော်၏ ဟောနည်းကိုသဘောကျသည်။

သို့ဖြစ်၍ မိမိသည် ပါဠိတော်ဟောစဉ်ဟောသည်။ ဆရာ တော်ဘုရားကြီးမှာ မည်သို့တွေ့မည် မပြောတတ်သော်လည်း မိမိမှုတစ်နေရာတွင်တရားဟောခိုက်ဒကာတစ်ယောက်၏ လျှောက် ထားချက်နှင့်တွေ့ရ၏။

"အရှင်ဘုရား တရားဟောတဲ့အခါ ပါဠိတွေက သိပ်များ တယ်ဘုရား။ အရှင်ဘုရားလည်းမော၊ တပည့်တော်တို့လည်း

http://www.dhammadownload.com



နားမလည်ပါဘုရား။ အရှင်ဘုရား မြန်မာလိုရှင်းပြတာ သိပ်ရှင်းပါတယ်ဘုရား။ **ပါဠိမရွတ်ပါနဲ့ဘုရား** အဲဒီလိုမြန်မာလိုပဲ ရှင်းပြပါဘုရား"

"အင်း–ပါဠိရွတ်တာက ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်တဲ့သဘောလည်းပါတယ် ဒကာကြီး။ ပြီးတော့ အလွန်တရာကြားနာရ ခဲယဉ်းလှတဲ့ ပါဠိတော်နာရတော့ ဒကာကြီးတို့နားမှာ အမြတ်ဆုံးသော နာကြားခြင်း "သဝနာနုတ္တရိယ"ဖြစ်စေချင်လို့ပဲ ဒကာကြီး"

"မှန်ပါ၊ ကောင်းတော့ ကောင်းပါတယ်။ နားမလည်ဖြစ်နေပါတယ်ဘုရား"

"အင်း–ခက်တော့ အခက်သား ဒကာကြီးရဲ့။ ပါဠိမပါပြန်တော့လည်းခက်တယ်။ ပါပြန်တော့လည်းခက်တယ်။ ဘယ်အခက်လိုက်မလဲ"

"ပါဠိမပါတော့ လူနည်းစုက မကြိုက်မှာပါဘုရား။ ပါဠိပါတော့ လူများစု မကြိုက်မှာပါဘုရား။ အရှင်ဘုရားကြည့်သာဟောပါဘုရား"

"အင်း... ဒီလိုဆိုရင် လယ်တီဆရာတော်ဘုရားကြီးလိုဟောမှနဲ့တူတယ်"

"ဘယ်လိုဘာလဲဘုရား"

"ဟို ၁၂၇၀–ပြည့်နှစ်လောက်က လယ်တီဆရာတော်ဘုရားကြီးဟာ ပုသိမ်မြို့သို့ ကြွရောက်ပြီး တရားဟောတော်မူတယ်တဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဆရာတော်ဘုရားကြီးက ကျမ်းရေးတော့လည်း မြန်မာလို အရေးများတယ်။ တရားဟောတော့လည်း မြန်မာလိုပဲ အဟော များတယ်"

"မှန်ပါဘုရား"

"ဒီတော့ ပါဠိပါမှကြိုက်တဲ့ ပုဂ္ဂိုလ်အချို့က မကြိုက်တော့ မကြိုက်တဲ့အသံ ထွက်ဟန်တူပါတယ်"

"မှန်ပါဘုရား"

"အဲဒီအသံကို လယ်တီဆရာတော်ဘုရားကြီး ပြန်ကြားတော့ တစ်ညတွင် ဆရာတော်ဘုရားကြီးက တရားဟောတော်မူရင်း အင်စပက်တော် မောင်ကျော်စံအား မိန့်ကြားတော်မူတယ်–

"မောင်ကျော်စံရေ– မင်းတို့ ပုသိမ်မြို့သူ မြို့သား လူအများတို့က တီးတိုးပြောဆိုကြတဲ့ စကားအချက်က သည်လိုတဲ့ကွယ်"

"လယ်တီဆရာတော် ဟောပြောတဲ့ တရားကလည်း ပါဠိတစ်တိုတစ်စ တစ်ပုဒ်တစ်ဂါထာမျှ မပါဘဲ မြန်မာ စကားပြေ သက်သက်နဲ့ ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက် ရှိလှချေရဲ့လို့ ပြစ်တင်စကား ကဲ့ရဲ့သံများကို ကြားရတယ် ကွယ့်။ သို့အတွက် သည်နေ့ညဥ့် တရားပွဲမှာ ပါဠိထည့်ပြီး ဟောရ လိမ့်ဦးမယ်။ ကိုင်း...နားထောင်ကြကွယ့်"

http://www.dhammadownload.com



"ဟေတုပစ္စယော–အဲဒါ ပါဠိကွယ့်၊ နားလည်ကြရဲ့လား။ အဲဒီပါဠိက ပဋ္ဌာန်းပါဠိတော်ကြီးမှာ အစဖြစ်တဲ့ အခြေခံ ပါဠိတော်ကွယ့်"

"တို့မြန်မာလူမျိုးတွေ ခက်နေတာက ကိုယ်နားမလည်တဲ့၊ ကိုယ်မပိုင်တဲ့ ပါဠိများကို ရွတ်ဆို မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီး ဟောပြောတဲ့ ပုဂ္ဂိုလ်များကိုမှ လူတော် လူကောင်း လူတတ် လူမြတ် လူသမတ်လို့ ပင့်မြှောက် ချီးကျူးကြပေတယ်"

"တို့မြန်မာလူမျိုးမှာ မြန်မာလို တိကျမှန်ကန်စွာ ပြန်ဆိုပြီး မြန်မာ့နားမှာ ကွက်ကွက်ကွင်းကွင်း ထင်းကနဲ ထင်းကနဲ ဝင်းကဲ ရှင်းကနဲ မြင်လုံးထွားအောင် မြန်မာဆန်ဆန် ဘာသာပြန်ကိန်းကြီး လိုနေတယ်ကွယ့်"

"ပဋ္ဌာန်း(၂၄)ကျမ်းကို နှုတ်ငုံဆောင်ပြီး ဟောကြားလို့ နာတဲ့သူက နာသော်လည်း အနက်အဓိပ္ပာယ် မြန်မာပြန်ကိန်းကြီး ချက်မပိုင်ရင် ဟောသူ နာသူမှာ ကုသိုလ်တော့ ဖြင့် ရပါရဲ့၊ ဓမ္မရသ–တရားအရသာ၊ ဓမ္မသဘာဝ–တရားသဘောကိုတော့ ရယူခံစားနိုင်တဲ့ အခြေအနေမဆိုက်ဘူးကွယ့်"

"လွန်စွာ ရခဲတဲ့ တွေ့ကြုံနိုင်ခဲတဲ့ ဘုရားသာသနာတော်ကြီးနဲ့ တွေ့ကြုံရတဲ့အခါမှာ ဟောမှု ပြောမှု နာမှု

http://www.dhammadownload.com



ကြားမှ ဝတ်ကျေ တမ်းကျေ ကုသိုလ်ရရုံမျှ တင်းတိမ်ရောင့်ရဲ မနေကြနဲ့ကွယ့် မောင်ကျော်စံရဲ့"

"ထိုကုသိုလ်မျိုးထက် အဆင့်အတန်းမြင့်တဲ့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ ဘေးဆိုးကြီးကို တွန်းလှန်ဖြိုဖျက်ပြီး အနတ္တသမ္မာဒိဋ္ဌိ မဂ္ဂင်ဝိဇ္ဇာဉာဏ် အမြင်သန်မှသာလျှင် အပါယ်ဘေးမှ စိတ်ချရတယ်ကွယ့်"

"တို့မြန်မာလူမျိုးမှာ ခက်နေတာက တစ်ခုကျန်သေးတယ်။ ကျမ်းစာရေးတော့မယ်၊ ကျမ်းစာပြု စီရင်တော့မယ် ဆိုရင် ဘီရိုတွေရှိသမျှ၊ စာတိုက်တွေရှိသမျှ ပေစာထုပ်တွေ ကျမ်းစာအုပ်တွေ ထုတ်လိုက်ရတာ ပိုးဟပ်တို့ အိမ်မြှောင်တို့တောင် ကောင်းကောင်းမနေရဘူး"

"ပေစာ၊ ဘုတ်အုပ်တွေ ထုတ်ပြီး ရှေ့ကထား 'ထို့ကြောင့် ပါဠိတော်က သည်လိုဆိုတယ်။ အဋ္ဌကထာက၊ ဋီကာက၊ ယောဇနာက၊ နိဿယ၊ အာစရိယဝါဒက သည်လိုဆိုတယ်'လို့ မိမိရေးတဲ့ ကျမ်းစာအုပ်မှာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ နိဿယ၊ အာစရိယဝါဒ၊ ပါဠိအကိုးအကား၊ အထောက်အထားတွေ မြိုင်မြိုင်နဲ့ ကျမ်းစာအုပ်များကို ရေးသားစီရင်ကြတယ်"

"စာကြည့်ပရိသတ်တွေကလည်း 'ပါဠိတော်တွေ စုံပါပေရဲ့၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ နိဿယစုံပါပေရဲ့၊

http://www.dhammadownload.com



နှံ့စပ်ပါပေရဲ့၊ ဂန္ထန္တရ ဗဟုသုတတွေများပါပေရဲ့'လို့ ချီးကျူး စကား ပြောကြားကြပေတယ်"

"ကျမ်းပြုဆရာကလည်း လူကြိုက်များတဲ့ ပါဠိ အကိုးအကား ငြိုင်ဆိုင်မှုတွေကိုသာ ဂရုစိုက်ကာ ရေးရတာ ကြောင့် ပါဠိတတ်ကျွမ်းတဲ့ ရဟန်းတော်တွေရဲ့ဘောင်မှာသာ ခေါင်းပေါင်းစ ထောင်ကြပါပေတယ်"

"ပါဠိအကိုးအကားများလို့ လူသာမန်တို့ မဖတ်နိုင်ဘဲ ခက်ခဲနက်နဲမှသာ ကျမ်းပြုဆရာ ဂုဏ်ထင်ပေါ်ကြသဖြင့် ပါဠိ အကိုးအကားများစွာနှင့် ထုတ်ဆောင်ကြရသောကြောင့် ပါဠိ မကျွမ်းကျင်ကြသော မြန်မာလူမျိုးများမှာ "ဓမ္မရသ–တရားအရသာ"များကို မခံစားကြရဘဲ ကုသိုလ်ရရုံလောက် မျှနဲ့သာ တစ်ဘဝပြီးဆုံးသွားကြရလေတော့တယ်"

"ငါတို့မန္တလေး စံကျောင်းတိုက်မှာနေစဉ် ဤအခက် အခဲကြီးတွေကို ကျော်လွှန်နိုင်အောင် ငါ စာတတ်လျှင် မြန်မာလူမျိုးများအတွက် မြန်မာပြန်ဆိုမှု လုပ်ငန်းစဉ်ကြီး များကို တွင်ကျယ်စွာ လုပ်မယ်လို့ မြန်မာစကား အပြော အဆို တတ်သိလိမ္မာကြတဲ့ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၊ လူပညာရှိ၊ စာတတ်၊ ပေတတ်၊ စကားတတ် ဦးဖားတို့ထံ သီတင်းနေ့တိုင်းဝတ်ထားပြီး မြန်မာစကား လေ့လာ ပြော ကြားမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်ခဲ့တယ်"

http://www.dhammadownload.com



"ငါတို့သဘောက 'ကျမ်းပြုဆရာ ဂုဏ်မထင်ပေါ်ချင်နေပါစေ၊ ကျမ်းစာကြည့်ရှုကြတဲ့ စာကြည့်ပရိသတ်တွေ ကွက်ကွက်ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်းကနဲ အသိအလိမ္မာဉာဏ်ရှင်များမှုကိုသာ ပဓာနထား၍ ရေးသားတဲ့ ကျမ်းစာတွေ များရမယ်"

"ပါဠိ အကိုးအကားများမှာ မထည့်လျှင်မဖြစ်မှသာ ထည့်တယ်။ ပါဠိပါဌ်သား နည်းနိုင်သမျှနည်းအောင် ဂရုစိုက်ပြီးရေးတယ်။ သို့သော် ပါဠိတော်စည်းမျဉ်း၊ ဓမ္မစည်းမျဉ်း အလွတ်ရေးတာမဟုတ်။ စည်းမျဉ်း ကိုက်ညီအောင် ရေးတယ်"

"အချို့က တို့ကျမ်းစာအုပ်တွေ ပါဠိပါဌ်သား မပါဘူး။ ပေါ့ပျက်ပျက် ရှိလှတယ်လို့ ကဲ့ရဲ့ကြတယ်"

"တို့က မြန်မာလူမျိုးများအတွက် ရေးတာ။ ပါဠိလူများအတွက် ရေးတာမဟုတ်ဘူးလို့ ပြောလိုက်ရတယ်ကွယ့် မောင်ကျော်စံရဲ့"

စသည်ဖြင့် အဲဒီလို မိန့်ကြားတော်မူတယ်။ ဒါဖြင့် ဒီနေ့ညဦးပဥ္စင်းတို့လည်း ပါဠိမပါ မြန်မာသက်သက်ပဲ ဟောမှန်းတူတယ်နော်"

"မှန်ပါ၊ ပါဠိတော့လည်း ပါပေါ့ဘုရား၊ ဒါပေမယ့် နည်းနည်းပေါ့"

http://www.dhammadownload.com



အို...စာရှုသူ၊ မိမိသည် တရားဟောရာတွင် ယင်းသို့ တွေ့သော်လည်း စာရေးရာတွင်မူ ပါဠိမပါလို့ဆိုသူနှင့် တွေ့ပြန်၏။ ပါဠိထည့်မိလို့ အခက်တွေ့သူနှင့် တစ်ခါတွေ့ပြန်၏။

ယင်းသို့ဖြင့် မိမိသည် တရားဟောလျှင် ပါဠိပါသော်လည်း စာရေးလျှင် ပါဠိမပါတော့ပါ။ ပါဠိမှာ နားနဲ့ထောင်၍ နားလည်သော်လည်း မျက်စိနဲ့ဖတ်၍ မတတ်သူအဖို့ အခက်တွေ့၍ ချန်ခဲ့ပါသတည်း။

❀ တရားဟောရာ၊ ပါဠိပါ၊ မပါရှိကြသည်။
❀ ပါဠိမပါ၊ ပါဠိပါ၊ နှစ်ဖြာကြိုက်မညီ။
❀ ပါဠိမပါ၊ လူနှစ်ဖြာ၊ သေချာနားလည်သည်။
❀ ပါဠိပါရာ၊ အချို့မှာ၊ သေချာမလည်ပြီ။
❀ နားလည်လေမှ၊ အကျိုးရ၊ ဟောရကျိုးနပ်သည်။

http://www.dhammadownload.com



# လူစွမ်းတို့သဘောဆောက်ပဲတွေ့ရတယ်

## ( ၉ )

"**သာသနာပြု**" ဟူသော အမည်သည် ကောင်း၏။ အလွန်ကောင်း၏၊ မွန်မြတ်လှ၏။ အလွန်မွန်မြတ်လှ၏။ သို့သော် ယင်းကောင်းသော၊ မွန်မြတ်သော အမည်နှင့် လိုက်လျောအောင်၊ ညီမျှ တန်းတူအောင် ပြုလုပ်ဆောင်ရွက်ဖို့ရန်ကား မလွယ်ကူလှချေ။

မှန်၏၊ သူများကို မေတ္တာထား၍ သနားလှပါသည်ဆိုကာ သာသနာပြုသူသည် မိမိတွင် အလျင်သာသနာတည်ရမည် ဖြစ်၏။ သာသနာတည်နေသူတွင် ကိုယ်၏ငြိမ်သက်မှု၊ နှုတ်၏ငြိမ်သက်မှု၊ စိတ်၏ငြိမ်သက်မှု ရှိရမည်ဖြစ်၏။

ယင်းသို့ ကိုယ်,နှုတ်,နှလုံး သုံးပါးလုံး ငြိမ်သက်တည်ကြည်၍ ကျင့်ကြံမှုရှိသူဖြစ်ရမည်။ အပြစ်ကင်း၍ သန့်ရှင်းစွာ ဟော

http://www.dhammadownload.com



ပြောနိုင်မှု စသည် ပြည့်စုံရမည်ဖြစ်၏။ သို့မပြည့်စုံက သာသနာ အပြုခံပုဂ္ဂိုလ်များသည် စိတ်ပျက်သွားတတ်သည်။

မှန်၏။ သာသနာပြုသူနှင့် သာသနာအပြုခံ နှစ်မျိုးတွင် သာသနာပြုသူသည် အရေးကြီးလှ၏။ သာသနာအပြုခံသူမှာ အသစ်အသစ်ကို တိုး၍တိုး၍ ရှာဖွေသူဖြစ်၏။ ယင်းသို့ အသစ်အသစ်ကို တိုး၍တိုး၍ ရှာဖွေသူသည် မူလရှိပြီး အယူအဆ ဟောင်း၊ အစွဲဟောင်း၊ ဘာသာဝါဒဟောင်းများကို စွန့်ပြီး အသစ် အသစ် စုံစမ်းကာ ရှာဖွေဝင်ရောက်လာခြင်းဖြစ်၏။

ယင်းအချက်ကို သာသနာပြုသူသည် မမေ့ရန်အထူးသဖြင့် သတိပြုနေရမည်၊ သတိရှိနေရမည်ဖြစ်၏။ အဘယ့်ကြောင့်နည်း? အသစ်အသစ် ရှာဖွေသူသည် ရပ်မနေ၊ ဆက်လက်၍ဝင်လာစ အယူဝါဒကို ရှာဖွေသည်၊ စုံစမ်းလေ့လာသည်။ သို့စုံစမ်းရှာဖွေ လျှင် အစုံစမ်းခံနိုင်ရမည်။ ဖွင့်ဖော်ပြရမည်။ သို့ကြောင့် သာသနာ ပြုသူသည် သာသနာပြုခံရသူ၏ အစုံစမ်းခံနိုင်ရည်ရှိသူ ဖြစ်ရမည် ဖြစ်၏။

အစုံစမ်းမခံနိုင် ဖွင့်ဖော်မပြနိုင်သော် အသစ် အသစ်ကို ရှာဖွေသူသည် စိတ်ပျက်သွားတတ်သည်။ ယင်းသို့ ဖြစ်ခြင်းသည် သာသနာပြုအမည်ခံသူ၏ ပျော့ကွက် ညံ့ကွက် ဟာကွက်ပင် ဖြစ်၏။

ယနေ့ မြန်မာပြည်တွင် ပရိယတ်မဖက် ပဋိပတ် သက်သက် ဖြင့် သာသနာပြုအမည်ခံ အဖွဲ့အစည်းတွေ ရိပ်သာတွေ များစွာ

http://www.dhammadownload.com



ရှိပေ၏။ သို့များစွာရှိသော်လည်း စုံစမ်းလေ့လာသူတို့ ချဉ်းကပ်၍ ခဏမျှ စုံစမ်းလေ့လာလျှင်ပင် အစုံစမ်း မခံနိုင်သော အခြေသို့ ရောက်ရှိရသော အဖွဲ့အစည်းရိပ်သာတွေသာ များလျက်ရှိပါသေးသည်။ အစုံစမ်းခံနိုင်သော အဆင့်မှာ မပြောပလောက်အောင် နည်းပါးလျက် ရှိပါသေး၏။

သို့ဖြစ်၍ ပဋိပတ်သာသနာပြု အမည်ခံသူတို့သည် အသစ်အသစ် လေ့လာ၍ ဝင်လာသူတို့၏ အစုံစမ်းခံနိုင်ရန် မိမိတို့၏ လက်ရှိအခြေအနေ၊ လက်ရှိအောင်မြင်မှုမျှလောက်နှင့် တင်းတိမ်အားရမနေဘဲ ဆက်လက်၍ အရည်အချင်းကို ဖြည့်သင့်၏။

ယင်းသို့ ကြိုးစားရာ၌ အဆောက်အဦး ကောင်းအောင်၊ အဆောက်အဦးများအောင်၊ လူစည်ကား အသင်းအဖွဲ့များအောင် ကြိုးစားမှုမျိုးကို မဆိုလိုပါ။

ဆိုလိုသည်မှာ မိမိတို့ပြုနေတဲ့ ပဋိပတ်သာသနာပြုနည်းလမ်းကို အစုံစမ်းအရှာဖွေ ခံနိုင်ရေးကို ကြိုးစားရမည်။ တဖန် မိမိတို့ကိုလည်း ပဋိပတ်အကျင့်မြတ်ရှိသူတွေ ဟုတ်,မဟုတ် အစုံစမ်းအရှာဖွေခံနိုင်ရည်ရှိအောင် ကြိုးစားရမည်ဖြစ်၏။

မှန်၏။ ပဋိပတ်အကျင့်မြတ်ကို ဖွင့်ဖော်ဟောပြ သာသနာပြုသူတို့တွင် ယင်းပဋိပတ်အကျင့်မြတ်ကို ပါးစပ်ဖျား၊ နှုတ်ဖျား၊ လျှာဖျားမျှနှင့် မပြောဟောဘဲ မိမိ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာကို လေ့လာကြည့်ခါမျှနှင့် မိမိတို့ဥာနသို့ ခဏခေတ္တ လေ့လာ

http://www.dhammadownload.com



ကြည့်ခါမျှနှင့် ခဏခေတ္တ ဆွေးနွေးကြည့်ရခါမျှနှင့်ကျေနပ်လောက် အောင် ကြိုးစားသင့်၏။

အဘယ့်ကြောင့်ဆိုသော် ခဏခေတ္တမျှ မြင်တွေ့စုံစမ်းလေ့လာ ရုံမျှ မခံနိုင်သူတွင် ကြာရှည်လေ့လာ စုံစမ်းရှာဖွေနိုင်လောက် သော အရည်အသွေး အရည်အချင်း ရှိပါအံ့နည်းဟူ၍ ဆုံးဖြတ် ကာ ထွက်ခွာသွားမည်သာ ဖြစ်သောကြောင့်ဖြစ်၏။

မှန်၏။ တစ်ချိန်က ကြုံခဲ့၏။

မိမိသည် ဒေသနာခရီးသည်အဖြစ်နှင့် ခရီးသွားခိုက်ဖြစ်၏။ ခေတ်ပညာရှိ ခေတ်အမြင်ရှိ ပညာရှိ လူကြီးလူကောင်း တစ်ယောက်နှင့် တစ်နေရာတွင် ဆုံမိ၏။ စကားစပ်မိ၏။ အပြော အဆို ဖြစ်၏။

"မောင်ပဥ္စင်း ဘယ်မှာသီတင်းသုံးပါသလဲ?"

"(......)ကျောင်းမှာ သီတင်းသုံးပါတယ်"

"ဘာတွေလုပ်ကိုင်နေပါသလဲ မောင်ပဥ္စင်း"

ဒကာကြီးမှာ အလွတ်နေတတ်သူမဟုတ်၊ အမြဲပင် အလုပ် တစ်ခုခုကို လုပ်ကိုင်နေတတ်သူ လေ့လာနေတတ်သူ ခေတ်အမြင် ရှိသူဖြစ်၏။ သူကား အလုပ်မရှိ အလကားနေသူကိုလည်း ကျေနပ်သူမဟုတ်ပေ။ သို့နှင့် မိမိက မိမိလုပ်နေသည့်အလုပ်မှန် ကို ဖွင့်ဖော်ပြောပြလိုက်သည်။

"ဦးပဥ္စင်း တရားအားထုတ်နေတယ် ဒကာကြီး"

http://www.dhammadownload.com



"အို-မောင်ပဥ္စင်းကလည်း ပရိယတ်စာပေတွေ ကြိုးစား ထားပြီး ပါလျက်နှင့်စာတော့ မပို့ချဘဲနှင့် မဟုတ်တရုတ် ဘရုတ် သုက္ခနှင့် တရားအားထုတ်နေရလား မောင်ပဥ္စင်းရဲ့"

"ဒကာကြီးကလည်း ပြောရက်လိုက်တာ၊ တရား အား ထုတ်တာဟာ ဘယ့်နှယ် မဟုတ်တရုတ်ဘရုတ်သုက္ခရမှာလဲ။ ဦးပဥ္စင်းတို့ သာသနာတော်မှာ ပရိယတ်ရယ်၊ ပဋိပတ်ရယ်လို့ လုပ်ငန်း နှစ်မျိုးပဲ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ် မောင်ပဥ္စင်း"

"ဒီတော့ ပရိယတ်သင်ပြီးလျှင် ပဋိပတ်အကျင့်မြတ်ကိုပဲ ပဋိဝေဓပေါက်အောင် ကျင့်ကြံအားထုတ်ရမယ် မဟုတ်လား"

"ကျင့်တော့ ကျင့်ရမှာပေါ့ မောင်ပဥ္စင်းရဲ့၊ ဒါပေမယ့် ခုခေတ် မြို့ထဲ၊ ရွာထဲမှာ ဖွင့်ထားတဲ့ အတော်များများသော ရိပ်သာတွေ ဟာ သိပ်ဟုတ်တာ မဟုတ်သေးဘူး"

"ဘာဖြစ်လို့ သိပ်မဟုတ်တာလဲ။ ဘာကိုကြည့်ပြောတာလဲ။ ကဲ-ပြောစမ်းပါဦး၊ အကြောင်းကို"

"တရားပြဌာန၊ ရိပ်သာအချို့က တရားပြဆရာ၊ တရား ဟောဆရာ တော်တော်များများဟာ အဟောအပြောနှင့် အလုပ် နှင့် မညီတာတွေ များစွာတွေ့ရတယ် မောင်ပဥ္စင်းရဲ့"

"ဘယ်လိုတွေ့ရလဲ ပြောစမ်းပါဦး"

"သူတို့ရဲ့နေတာ ထိုင်တာ ဟောတာ ပြောတာတွေဟာ ပရိယတ် စာသင်တိုက်က ပရိယတ်သက်သက် အားထုတ်ပါ

http://www.dhammadownload.com



တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလောက်တောင် ကြည်ညိုဖွယ် မဆောင်တာတွေ၊ မမှန်ကန်တာတွေ တွေ့ရတယ်”

“ဘယ်လိုတွေ့ရမလဲ ပြောစမ်းပါဦး ဒကာကြီးရဲ့”

“တချို့ရိပ်သာက ဓမ္မကထိကတွေဟာ အသံကလေးဆွဲကာ ချဲ့ကာချဲ့ကာ၊ ဂုဏ်တွေဖော်ကာ၊ သူများအကြောင်း မကောင်းပြော၊ ကိုယ့်အကြောင်းကို အကောင်းပြောနှင့် ဟောတာ ပြောတာတွေ တွေ့ရတယ် မောင်ပဥ္စင်းရဲ့”

“ဒါက တချို့တစ်လေပဲ ဒကာကြီးရဲ့”

“တချို့တစ်လေမလုပ်နဲ့ မောင်ပဥ္စင်းရဲ့ တော်တော်များတယ်”

“ကဲ…များတယ်ပဲထားပါဦး၊ အသံကလေးဆွဲ၊ အချဲ့လေးနှင့် ဂုဏ်ဖော်ဟောတော့ ပရိသတ်မစွဲမက်ဘူးလား”

“အဲဒါကြောင့် ခက်တာပေါ့ မောင်ပဥ္စင်းရဲ့”

“ဘာခက်လဲ ပြောစမ်းပါဦး”

“တရားဟောတာ ဘာအတွက်ဟောတာလဲ မောင်ပဥ္စင်း”

“အစွဲပြုတ်အောင် ဟောရတာပေါ့”

“တရားနာတာလည်း ဘာအတွက် နာတာလဲ မောင်ပဥ္စင်း”

“အစွဲပြုတ်အောင် နာရတာပေါ့”

“ကဲ… ခုတော့ အသံကလေးဆွဲကာ၊ ချဲ့ကာ၊ ဂုဏ်ဖော်ကာ ဟောတော့ ကိုယ့်အသံကိုယ်ပြန်ပြီးတော့ မစွဲနေဘူးလား”

“ဒါတော့ ဘယ်သိမလဲဒကာကြီးရဲ့”

http://www.dhammadownload.com



"ဘယ်သိမလဲ မလုပ်ပါနဲ့ မောင်ပဥ္စင်းရဲ့၊ မောင်ပဥ္စင်းလည်း '**ဒီပုတ်ထဲကဒီပဲ**'မို့ ဒီလိုပြောတာလား"

"အမယ်...မဟုတ်ရပါဘူး ဒကာကြီးရဲ့"

"အသံဆွဲတယ်၊ ချဲ့တယ်ဆိုတာ ကိုယ့်ဂုဏ်ကိုယ်ဖော်တယ်ဆိုတာ မစွဲမက်ဘဲ ဆွဲနိုင် ချဲ့နိုင် ဂုဏ်ဖော်နိုင်ပါ့မလား။ မောင်ပဥ္စင်း ရိုးရိုးဖြေနော်"

"ဆွဲရင်၊ ချဲ့ရင် ဂုဏ်ဖော်ရင်တော့ သာယာစွဲမက်လို့ပေါ့ ဒကာကြီးရဲ့"

"တစ်ခါဆွဲရင် အာပတ်တစ်ချက်မသင့်ဘူးလား။ သင့်သလား မောင်ပဥ္စင်း"

"သင့်တာပေါ့ဒကာကြီး"

"ဒါဖြင့် အသံဆွဲ၊ ချဲ့၊ ဂုဏ်ဖော်ဟောတဲ့ တရားပြဆရာ၊ တရားဟောဆရာတွေ တရားတစ်ပွဲမှာ အာပတ် ဘယ်လောက်သင့်ပါမလဲ မောင်ပဥ္စင်း"

"တရားတစ်ပွဲမှာ တစ်နာရီ နှစ်နာရီ အချိန်ကြာတော့ အာပတ် တစ်ရာ နှစ်ရာတော့ သင့်မှာပေါ့"

"ဒီတော့ ဒီတရားပြဆရာ၊ တရားဟောဆရာမှာ ဘုရားရှင်ရဲ့ ဝိနည်းတရားတော် တည်သေးရဲ့လား မောင်ပဥ္စင်းရဲ့"

"အင်း...ပြောရမှာ ခက်တယ်ဒကာကြီးရဲ့"

"မခက်ပါနဲ့ မောင်ပဥ္စင်းရဲ့၊ တပည့်တော် ယခုဆွေးနွေးနေတာ ပုဂ္ဂိုလ်ရေးအရ ဆွေးနွေးနေတာမဟုတ်ပါဘူး။ သာသနာရေးအရ သာသနာ့မျက်နှာကြည့်ပြီး ဆွေးနွေးနေတာပါ"

...

http://www.dhammadownload.com



"ဦးပဥ္စင်းလည်း ဒါကြောင့် နားထောင်နေတာပေါ့"

"ဒီလိုဆို မောင်ပဥ္စင်းဖြေပါလား"

"ဖြေဆို ဒကာကြီးကလည်း အဖြေထွက်နေပြီဟာ ဘာဖြေစရာလိုသေးလဲ"

"မောင်ပဥ္စင်းကလည်း ဝေ့လယ်ကြောင်ပတ်နဲ့"

"ဘယ်နှယ့် ဝေ့လယ်ကြောင်ပတ်ရမှာလဲ ဒကာကြီးရဲ့"

"တပည့်တော်မေးတယ်၊ အဲဒီလို အသံဆွဲ ချွဲပြီး ဂုဏ်ဖော်ဟောတဲ့ တရားပြဆရာ၊ တရားဟောဆရာမှာ ဝိနည်းတည်၊ မတည်လေ"

"အဲဒါတော့...အဲဒါနှင့် ပတ်သက်တဲ့ ဝိနည်း ဘယ်တည်တော့မလဲ"

"'**ဝိနယော နာမ သာသနဿ အာယု**' တဲ့။ ဝိနည်းမတည်ရင် သူ့မှာ သာသနာတည်ပါ့မလား"

"ဝိနည်းတည်မှ သာသနာတည်မှာပေါ့။ ဝိနည်းမတည်ရင် ဘယ်မှာလာပြီး သာသနာတည်မှာလဲ"

"သူ့မှာမှ သာသနာမတည်ဘဲနှင့် သူများလိုက်ပြီး သာသနာပြုလို့ရမှာလား မောင်ပဥ္စင်းရဲ့"

"ရလို့ပဲ လိုက်ပြီး သာသနာပြုနေတာ တစ်ပုံကြီးပဲ၊ ဒကာကြီး အတွေ့မဟုတ်လား?"

"အဲဒါတွေက သာသနာပြုနေတာ မဟုတ်ဘူးမောင်ပဥ္စင်းရဲ့"

"သာသနာမပြုလို့ ဘာလုပ်နေတာလဲ ဒကာကြီးရဲ့"

http://www.dhammadownload.com



"သာသနာပြုတာမဟုတ်ဘူး၊ လူစုနေတာ။ သူတို့အလုပ်မှာ လူစုတဲ့ သဘောလောက်ပဲ တွေ့ရတယ်"

"လင်းစမ်းပါဦး ဒကာကြီးဥစ္စာကို၊ ရှုပ်ကုန်ပါပြီ"

"မရှုပ်ပါနဲ့ မောင်ပဋ္ဌင်းရဲ့ အရှင်းကြီးပါ"

"ဘယ်လိုရှင်းလဲ"

"သာသနာပြုတယ်ဆိုတာ ကိုယ့်မှာ အလျှင်သာသနာတည် အောင်ပြု ပြီးတော့ သူများကို သာသနာတည်အောင်ပြု။ အဲဒါမှ သာသနာပြုတာပေါ့"

"နို့…ခုလည်း အဲဒီလိုမဟုတ်ဘူးလား"

"ခုက ဒီလိုမဟုတ်ဘူး။ အချွဲတွေ အဆွဲတွေနဲ့ မက်လုံးပေး ပြီး ပရိသတ်ရဲ့ သဒ္ဓါမှန်တွေဖျက်ပြီး ကိုယ့်ဖက်ပါအောင်၊ ကိုယ့် အုပ်စု ကြီးထွားအောင်၊ ကြီးပွားအောင် လူစုတဲ့သဘောလောက်ပဲ တွေ့ရတယ်"

"အင်း…ဒကာကြီးပြောမှပဲ လင်းတော့တယ်၊ ရှင်းတော့ တယ်။ ခက်တယ် ဒကာကြီးရယ်၊ လူများစုကလည်း အဲဒါမှ သဘောကျတယ်။ အကောင်းထင်တယ်၊ အမှန်ထင်တယ်။ ဒီတော့ ဘယ့်နှယ်လုပ်မလဲ။ ပရိသတ်က လက်ခံနေတော့ ပရိသတ်လိုချင် သူတွေဟာ ပရိသတ်အကြိုက်လိုက်နေရတာနှင့်တူပါတယ်"

"အဲဒါမှ ခက်တာပေါ့ မောင်ပဋ္ဌင်းရဲ့။ ကိုယ့်ကိုယ်ကို ဘာ မှန်းမသိဘူးဆိုတာ အဲဒါမျိုးကို ပြောတာပေါ့"

"ဘယ်လိုလဲ ပြောစမ်းပါဦး ဒကာကြီးရဲ့"

http://www.dhammadownload.com



## ဓမ္မဝိဟာရီသုတ်

"ဟို...ပဥ္စကနိပါတ် အင်္ဂုတ္တုရ်မှာ ဓမ္မဝိဟာရီသုတ်ဆိုတာ နှစ်သုတ်တောင်ရှိတယ် မဟုတ်လားမောင်ပဥ္စင်းရဲ့"

"အင်း...ရှိတာပေါ့"

"အဲဒီနှစ်သုတ်မှာ တစ်သုတ်နဲ့ ထောက်ပြမယ်နော်၊ မောင်ပဥ္စင်း"

"ထောက်ပြစမ်းပါဦး"

"အခါတစ်ပါးမှာ ရဟန်းတော် တစ်ပါးဟာ ဘုရားရှင်ထံ မှောက်သို့ ချဉ်းကပ်ပြီး ရှိခိုးလျှောက်ထားတယ်"

"အင်း...ဘယ်လိုလျှောက်ထားလဲ"

"မြတ်စွာဘုရား "**တရားနှင့်နေလေ့ရှိသူ၊ တရားနှင့်နေလေ့ ရှိသူ**"ဟု ဆိုပါ၏။ မြတ်စွာဘုရား "**အဘယ်မျှလောက်ဖြင့်ရဟန်း သည် တရားနှင့်နေလေ့ရှိသူ ဖြစ်ပါသနည်း**"လို့ လျှောက်ထား တယ်"

"အင်း...အဲဒီလိုလျှောက်ထားတော့ ဘုရားက ဘယ်လို ဖြေလဲ"

"ရဟန်း... ဒီသာသနာတော်မှာ ရဟန်းဟာ တရားကို သင်ယူတယ်။ တရားတော်ကို သင်ယူခြင်းနဲ့ပဲ နေ့ကိုကုန်စေ တယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းနေထိုင်မှုကို စွန့် လွှတ်တယ်။ မိမိရဲ့အတွင်းသန္တာန်၌ စိတ်ရဲ့ ကိလေသာမှ ငြိမ်းချမ်း

http://www.dhammadownload.com



မှုကို မကြိုးစားဘူး။ ရဟန်း အဲဒီရဟန်းမျိုးကို "**သင်ကြားမှု ပရိယတ်များသူ**"ဟုသာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသူဟူ၍ ကား မဆိုအပ်တဲ့ မောင်ပဥ္စင်းရဲ့ ဒီလိုဟောတယ်"

"ဒီလိုဟောတော့ ဘာဖြစ်လဲ ဆက်ပါဦး"

"ဒီလိုဟောတော့ ခုနက အဆွဲတွေ၊ အချွဲတွေ ဂုဏ်ဖော် ဝါကြွား၊ ဆွေမျိုးစပ် ဟောကြားတဲ့ ပဋိပတ် သာသနာပြု အမည်ခံ သူတွေဟာ မိမိရဲ့ အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းချမ်းမှု မရှိဘူး။ ငြိမ်းချမ်းအောင်လည်း မကြိုးစားဘူးဆိုတာ မထင်ရှား ဘူးလား"

"ထင်ရှားပါတယ်"

"ထင်ရှားရုံတင် ဘယ်ဟုတ်မလဲ၊ သူ့မှာ ပရိယတ်မျှ ဟော တတ်ရုံမျှသာ ရှိတယ်။ အားကိုးအားထားလောက်တဲ့ ပဋိပတ် အကျင့်မြတ် မရှိသေးဘူးဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်"

"ဒီတော့ အပြောအဟောကား ပဋိပတ်အကျင့်မြတ်၊ အလုပ် ကား ပရိယတ်မျှသာလို့ ကိုယ့်ကိုယ်ကို ဘာမှန်းမသိသူဖြစ်မနေ ဘူးလား"

"အင်း...ဒီအတိုင်းဆိုတော့ ဖြစ်နေတာပေါ့ ဒကာကြီးရဲ့"

"မောင်ပဥ္စင်း အဲဒီလိုမဖြစ်စေနဲ့။ အဲဒီအထဲ မပါစေနဲ့နော်"

"စိတ်သာချ၊ မပါစေရ၊ မဖြစ်စေရပါဘူး။ ကဲ...ပြောပါဦး ဆက်ပြီးတော့"

http://www.dhammadownload.com



"ဆက်တော့ ဘုရားရှင်က 'ရဟန်း၊ နောက်တစ်မျိုးက ရဟန်းဟာ ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ဟောတယ်။ အဲဒီ ရဟန်းဟာ တရားကို သူတစ်ပါးတို့အား သိစေခြင်းဖြင့် နေ့ကို ကုန်လွန်စေတယ်။ တစ်ယောက်တည်းကိန်းအောင်းမှုကို စွန့်လွှတ်တယ်။ မိမိရဲ့ အတွင်းသန္တာန်၌ စိတ်ရဲ့ ကိလေသာမှ ငြိမ်းအေးမှုကို မကြိုးစားဘူး။ ရဟန်း အဲဒီရဟန်းကို **'သိစေခြင်းများသူ'** ဟူ၍သာ ဆိုအပ်၏။ တရားနဲ့ နေလေ့ရှိသူဟူ၍ကား မဆိုအပ်တဲ့။ အဲဒီလိုဆက်ပြီး ဟောတယ်မောင်ပဥ္စင်းရဲ့"

"ကဲ...အဓိပ္ပာယ်လင်းပါဦး"

"လင်းဆို...ဒီမှာ သူတစ်ပါးသာ နားလည်အောင် အကျယ်ချဲ့ပြီး ဟောတတ်သူ သိစေခြင်းများသူတဲ့။ တရားနဲ့နေလေ့ရှိသူ မဟုတ်သေးဘူးတဲ့"

"အင်း...ဒီလိုဆိုတော့ အလုပ်နဲ့ အပြောအဟောနဲ့ ဟပ်မိဖို့ အရေးကြီးတယ်ပေါ့နော်"

"အရေးကြီးတာပေါ့မောင်ပဥ္စင်းရယ်၊ ယခုခေတ်မှာ ပိုပြီး အရေးကြီးလာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြောတိုင်းမယုံတဲ့ ခေတ်ဖြစ်နေလို့"

"ကဲ...နောက်တစ်မျိုးဆက်ပါဦး"

"နောက်တစ်မျိုးက 'ရဟန်း၊ နောက်တစ်မျိုးကား ရဟန်းဟာ ကြားနာအပ်၊ သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်

http://www.dhammadownload.com



အားဖြင့် ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့် နေ့ကိုကုန်လွန်စေတယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းမှုကိုစွန့်လွှတ်တယ်၊ မိမိရဲ့အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို မကြိုးစားဘူး။ ရဟန်း၊ အဲဒီရဟန်းကို '**ရွတ်အံသရဇ္ဈာယ်ခြင်းများသူ**'ဟူ၍သာ ဆိုအပ်၏။ တရားနဲ့နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်'တဲ့ မောင်ပဥ္စင်းရဲ့၊ အဲဒီလိုဟောတယ်"

"အင်း...ဒီလိုရွတ်အံသရဇ္ဈာယ်ခြင်းများသူက သပ်သပ်၊ တရားနဲ့နေလေ့ရှိသူကသပ်သပ် ဆိုတာ ပေါ်သွားပြီပေါ့နော်"

"ပေါ်တာပေါ့ မောင်ပဥ္စင်းရဲ့"

"ပေါ်ရင် ရှေ့ဆက်ရှင်းပါဦး"

"ရှေ့ဆက်ရှင်းတော့ 'ရဟန်း၊ နောက်တစ်မျိုးကား ရဟန်းဟာ ကြားနာအပ်၊ သင်ယူအပ်ပြီးတိုင်းသော တရားကို စိတ်နဲ့ကြံတယ်၊ သုံးသပ်တယ်၊ စိတ်နဲ့ အဖန်ဖန်ရှုတယ်၊ အဲဒီရဟန်းဟာ အဲဒီတရားကြံစည်မှု ဝိတက်တို့နဲ့သာ နေ့ကို ကုန်လွန်စေတယ်။ မိမိရဲ့ အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို မကြိုးစားဘူး။ ရဟန်း၊ အဲဒီရဟန်းကို '**ကြံစည်ခြင်းဝိတက်များသူ**' ဟူ၍သာ ဆိုအပ်တယ်။ တရားနဲ့ နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်'တဲ့ မောင်ပဥ္စင်းရဲ့"

"အင်း...ဒီမှာလည်း တရားနဲ့နေလေ့ရှိသူကသပ်သပ်၊ ကြံစည်ခြင်း ဝိတက်များသူက တစ်ဖုံဆိုတာ ရှင်းနေတာပဲနော်"

http://www.dhammadownload.com



"ရှင်းနေတာပေါ့ မောင်ပဥ္စင်းရဲ့၊ ဒါကြောင့် ကိုယ့်ကိုယ်ကို ဘာလို့သိဖို့ဆိုတာ အရေးကြီးတယ် ပြောတာပေါ့"

"အင်း...လောကထဲမှာ သိစရာတွေကလည်း များလိုက်တာ၊ ဆက်ပြီးရှင်းပါဦး"

"ဆက်ရှင်းဆို 'ရဟန်း၊ နောက်တစ်မျိုးကား ဒီသာသနာတော်မှာ ရဟန်းဟာ တရားကိုသင်ယူတယ်။ အဲဒီရဟန်းဟာ အဲဒီတရားတော်ကို သင်ယူခြင်းနဲ့ပဲ နေ့ကိုကုန်လွန်စေတယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းမှုကို မစွန့်လွှတ်၊ မိမိရဲ့ အတွင်းသန္တာန်၌ စိတ်ရဲ့ကိလေသာမှ ငြိမ်းအေးမှုကို ကြိုးစားတယ်။ ရဟန်း အဲဒီရဟန်းကို '**တရားနဲ့နေလေ့ရှိသူ**'ဖြစ်တယ်လို့ ဟောတယ် မောင်ပဥ္စင်းရဲ့"

"အင်း...ဒါဖြင့် တရားနဲ့နေလေ့ရှိသူဆိုတာ ရှားမှရှားပေါ့ နော်"

"ရှားမှရှားပေါ့ မောင်ပဥ္စင်းရဲ့၊ အဲဒီရှားတဲ့အထဲ မောင်ပဥ္စင်း ပါနိုင်အောင်ကြိုးစားပါ။ တပည့်တော်ရှာကြည့်တာတော့–

၁။ သင်ကြားခြင်းများသူ၊

၂။ သူတစ်ပါးတို့အားသိစေခြင်းများသူ၊

၃။ ရွတ်အံသရဇ္ဈာယ်ခြင်းများသူ၊

၄။ ကြံစည်ခြင်းဝိတက်များသူတို့သာ အတွေ့အကြုံများပါ တယ်မောင်ပဥ္စင်းရယ်။ သာသနာတော်အတွက် အားမရသေး ပါဘူး"

http://www.dhammadownload.com



"ဒီအဝတိုင်းဆိုတော့ ဘယ်မှာအားရစရာ ရှိသေးလို့လဲ၊ ကဲ... အားရရ၊ အားမရရ ရှေ့ဆက်ပါဦး"

"ရှေ့ဆက်ပါဆိုတော့ ဘုရားရှင်က အဲဒီငါးမျိုးဟောပြီးတော့ 'ရဟန်း၊ ဤသို့လျှင်ငါသည်-

၁။ သင်ကြားခြင်းများသူကို ဟောပြီးပြီ၊

၂။ သူတစ်ပါးတို့အား သိစေခြင်းများသူကို ဟောပြီးပြီ၊

၃။ ရွတ်အံသရဇ္ဈာယ်ခြင်းများသူကို ဟောပြီးပြီ၊

၄။ ကြံစည်ခြင်းဝိတက်များသူကို ဟောပြီးပြီ၊

၅။ တရားနဲ့နေလေ့ရှိသူကို ဟောပြီးပြီ"

"ရဟန်း၊ အစီးအပွားကို ရှာလေ့ရှိ၍ သနားစောင့်ရှောက်တတ်သည့် ဆရာဖြစ်သောငါသည် သင်တို့အား သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ သင်တို့အတွက် ပြုဖွယ်ကို ပြုပြီးပြီ"

"ရဟန်း ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း။ ဤသည်တို့ကား ဆိတ်ငြိမ်ရာ အရပ်တို့ပင်တည်း"

"ရဟန်း သင်တို့သည် ကပ်၍ ရှုကြည့်ကြကုန်လော့၊ မမေ့မလျော့ကြကုန်နှင့်၊ နောင်အခါမှ '**အားမထုတ်လိုက်ရလေခြင်း**' ဟု နောင်တပူပန်ခြင်း မဖြစ်စေကြကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပင်တည်း" တဲ့ မောင်ပဥ္စင်းရဲ့ ဘုရားရှင်ကဟောတယ်"

"အင်း...ဟောတော့ဘာဖြစ်လဲ"

http://www.dhammadownload.com



"ဟောတော့ ဘာဖြစ်ရမလဲ မောင်ပဥ္စင်းရဲ့၊ အဟော အပြော နဲ့ အလုပ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် တရားနဲ့နေလေ့ရှိသူဖြစ် အောင် အားထုတ်ဦး၊ အားထုတ်ဖို့ရာနေရာတွေ ညွှန်ပြထားတာ သတိပြုဖို့ပေါ့"

"နို့…ခုခေတ်ကလည်း တောထွက်စရာမလိုဘူး၊ တောထဲ နေတိုင်း တရားရရင် မျောက်တွေရကုန်ရောပေါ့ စသည်နဲ့ တရားပြ ဆရာအချို့ ရိပ်သာအချို့က ပြောဟောကုန်ပါရောလား"

"အဲဒါကြောင့် ခက်တာပေါ့ မောင်ပဥ္စင်းရဲ့၊ ကိုယ်က မြို့ရွာက မခွာနိုင်တော့ ကိုယ့်ဟာမှကောင်းတယ်ထင်အောင် တောတို့၊ သစ်ပင်တို့၊ ဆိတ်ငြိမ်ရာတို့ကို အပြစ်ပြောရတော့တာပေါ့"

"ဒီတော့ ဘုရားဟောတရားတွေကို ဖျက်ဆီးရာ၊ ပုတ်ခတ် ရာ မရောက်ကုန်ဘူးလား"

"ရောက်ကုန်တာပေါ့ မောင်ပဥ္စင်းရဲ့"

"ခက်ကုန်ပြီ ဒကာကြီး၊ တစ်ဖက်ကလည်း ဘုရားဟော တရားနဲ့အညီတဲ့။ တစ်ဖက်ကလည်း ဘုရားဟောကိုပဲ မျက်ကွယ် ပြုပြီး ပယ်နေတယ်၊ ဒီတော့ မှန်,မမှန်၊ ဟုတ်,မဟုတ် အစဉ်းစားရ ကြပ်နေတယ်"

"မောင်ပဥ္စင်းဘာမှ စဉ်းစားမနေနဲ့ ပရိယတ်ကိုအားပေး၊ သံဃာမွေး၊ စာချနေ။ သာသနာအရှည်တည်တံ့မယ်"

"အင်း…ယခုတော့ အဲဒါကို သဘောပေါက်သင့်သလောက် ပေါက်လို့ သံဃာလည်းမွေးထားတယ်၊ စာလည်းချပေးတယ်။

http://www.dhammadownload.com



အဝိကတော့ စာချမှုပဲ၊ စာလည်းရေးတယ်၊ တရားလည်း ဟော ပေးတယ်၊ တရားလည်းပြပေးတယ်"

"မောင်ပဥ္စင်းဟာကလည်း စုံလှချည်လား"

"အဝိက တစ်နှံပါတ်ကတော့ စာချပါပဲ၊ နှစ်နှံပါတ်က စာရေး တယ်။ သုံးနှံပါတ်က ကျောင်းမှာဥပုသ်နေ့တိုင်း တရားဟော၊ တရားပြပေးတယ်"

"ဩော်...ဒီလိုလား၊ ဒီလိုဆိုကောင်းပါတယ်။ ဒီသာသနာ တော်ဟာ ရဟန်းတွေကြောင့် တည်နေတာပါ။ ဒါကြောင့် ရဟန်း စုပါ လူမစုပါနဲ့ မောင်ပဥ္စင်း"

"သဘောပေါက်ပါပြီ၊ တော်လည်းတော်လောက်ပါပြီ"

"ဦးတင်ပါတယ်မောင်ပဥ္စင်း"

- သာသနာပြု၊ လူရှာစု၊ နှစ်ခုကွဲပါစေ။
- လူစုတာဟာ၊ သာသနာ၊ ပြုရာမရောက်ပေ။
- သာသနာပြု၊ သံဃာစု၊ ပြုစုစောင့်ရှောက်နေ။
- အမြတ်ဖူးရ၊ မြတ်ပြုရ၊ ရကြအမြတ်တွေ။

http://www.dhammadownload.com



# ရုပ်သံနာမ်သံကြား နိဗ္ဗာန်နားနီး

{၁၀}

ကမ္ဘာကုန်လုံး၊ ကျဉ်းချုံးသော်ခါ၊
ရုပ်နာမ်ကိုထား၊ တခြားမပါ၊
သိတတ်ညွတ်တတ်၊ ခေါ်မှတ်နာမ်သာ၊
မသိတတ်၊ ရုပ်မှတ်ဖောက်ပြန်တာ။

ရုပ်ကတခြား၊ နာမ်ကားတဖြာ၊
အကြောင်းပြုလို့၊ ပေါင်းစုမှီရာ၊
ချင်းချင်းမှီရ၊ ယှဉ်ကြမကွာ၊
နာမ်ကသွား၊ ရုပ်များပါရှာ။

http://www.dhammadownload.com



နာမ်ကြောင်းရုပ်ကျိုး၊ တစ်မျိုးမှတ်ပါ၊
ရုပ်ကြောင်းနာမ်ကျိုး၊ ခေါ်ရိုးတစ်ဖြာ၊
ကြောင်းကျိုးနှစ်ရပ်၊ ဆက်စပ်နေတာ၊
သတိထား၊ ရှုပွားရှင်းအောင်သာ။

လှေကိုလူစီး၊ ခရီးမြစ်ညာ၊
လှော်ခတ်ကုန်ဘိ၊ သွားသည့်ပမာ
ရုပ်ကိုမှီငြား၊ နာမ်များဖြစ်လာ၊
နာမ်မှီစွဲ၊ ရုပ်လည်းဖြစ်ရပါ။

ရုပ်ကိုလှေထား၊ လှော်သားနာမ်သာ၊
ဉာဏ်တရားကား၊ စီးသွားသူပါ၊
ရုပ်နာမ်အရှို၊ မှန်သိဉာဏ်လာ၊
ငြီးငွေ့ပြင်း၊ လိုကင်းမဂ်ဉာဏ်လာ။ ။

တရားကို တကယ်လက်တွေ့ အားထုတ်သော ယောဂီများအတွက် အထူးလိုအပ်သော လင်္ကာများဖြစ်၏။ မှန်၏။ ယောဂီသည် တရားအားထုတ်သောအခါ သုတမယဉာဏ်အနေနဲ့ ယင်းလင်္ကာများအရ ရုပ်နာမ်သဘောကို သိထားရပါမည်။

ထို့နောက် သုတမယဉာဏ်ကို အစဉ်မှီးပြီး စိန္တာမယဉာဏ်နဲ့ ကြံစည်စဉ်းစားပြီး တကယ်သိ၊ အဟုတ်သိ၊ ခန္ဓာသိ ဖြစ်အောင် ဘာဝနာမယဉာဏ်နဲ့ ရှုပွားအားထုတ်ရပါမည်။

http://www.dhammadownload.com



ယင်းသို့ သုတမယသိ၊ စိန္တာမယသိ၊ ဘာဝနာမယသိနဲ့ ရုပ်နာမ်ကိုသိမှု အကျိုးတရား အဘယ်မျှကြီးပါမည်နည်း။ အလွန်တရာ ကြီးမည်သာတည်း။

မှန်၏။ တစ်ချိန်က ဖြစ်ခဲ့၏။ မိမိသည် ဓမ္မဒေသနာခရီး သည်အဖြစ်နှင့် လှည့်လည်စဉ်က ဖြစ်၏။ ရွာတစ်ရွာတွင် တရားဟော၏။ ညနေဘက်တွင် ဒကာ–ဒကာမများနှင့် တရားစကား ပြောနေ၏။

"တရားဆိုတာ အင်မတန် နာကြားရခဲတယ်။ နာရတုန်း ကြိုးစားနာ၊ နာကြားတဲ့အဆင့်မှ အားထုတ်တဲ့အဆင့်ရောက်ရင် ပိုပြီး အကျိုးများတယ်နော်"

"မှန်ပါ ဘုရား"

"စကားပုံတစ်ခုရှိတယ်၊ အင်မတန် မှတ်သားစရာကောင်းတယ်၊ အားရှိစရာလည်း ကောင်းတယ်"

"အမိန့်ရှိပါဦးဘုရား"

"အင်း...စကားပုံက ဘာတဲ့လဲ?၊ **'လှိုင်းသံလေသံကြား ပင်လယ်နားနီး၊ ရုပ်သံနာမ်သံကြား–နိဗ္ဗာန်နားနီး'** တဲ့"

"မှန်ပါဘုရား"

"ပင်လယ်ဆိုတော့ လှိုင်းတွေလေတွေက အမြဲရှိနေတယ်။ ဒီတော့ လှိုင်းသံကြားပြီး လေသံကြားပြီဆိုရင် တို့လှေဟာ ပင်လယ်နားရောက်ပြီ၊ ပင်လယ်နားနီးပြီလို့ သိရတယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလိုပဲ၊ သတ္တဝါတွေဟာ အများအားဖြင့် အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ပတ်သက်တဲ့ စကားတွေပဲ၊ အပြောမများ ဘူးလား"

"များပါတယ်ဘုရား"

"အပြောများတော့ အကြားလည်း များတာပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ သတ္တဝါတွေဟာ ဒီအာရုံငါးပါး ကာမဂုဏ်တရား တွေ ပြောရတာလည်း ပျော်တယ်၊ နားထောင်ရတာလည်း ပျော်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဘဝပေါင်းများစွာ၊ ကမ္ဘာပေါင်းများ စွာမှာ ဒီအာရုံငါးပါး ကာမဂုဏ်တရားအတွက်ပဲ အချိန်ကုန်ခံပြီး လုံ့လကြိုးကုတ် အားထုတ်ပြီး နေကြရလို့တဲ့နော်"

"မှန်ပါဘုရား"

"အဲ...ခုလို ဘုရားသာသနာနဲ့ကြုံပြီး တရားနာဖို့ဆိုတော့ တယ်မပျော်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နားထောင်နေကျ မဟုတ်လို့တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီတရားမှာလည်း ရယ်စရာ၊ မောစရာ ဝတ္ထုဇာတ်လမ်း တရားတွေ နာနိုင်သော်လည်း ရုပ်–နာမ်–ပရမတ် တရားတွေကျ တော့ နာဖို့ခက်တယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီ ခက်တဲ့ ရုပ်-နာမ်-ပရမတ် တရားတွေ နားနိုင်ရင် နိဗ္ဗာန်နားနီးပြီလို့ ဆိုလိုတယ်နော်"

"မှန်ပါဘုရား"

"ဒါ သာဓကမရှိဘဲ ပြောနေတာ မဟုတ်ဘူး၊ သာဓကနဲ့ ပြောနေတာ"

"အမိန့်ရှိပါဘုရား"

"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူခိုက် တစ်ချိန်က တကယ်ဖြစ်ခဲ့တဲ့ အကြောင်းအတ္တုပ္ပတ္တိကို ပြောပြမယ်နော်"

"မှန်ပါဘုရား"

## ပဥ္စဂ္ဂဒါယက

သာဝတ္ထိပြည်မှာ "**ပဥ္စဂ္ဂဒါယကပုဏ္ဏား**"ဆိုတဲ့ ပုဏ္ဏား တစ်ယောက်ရှိတယ်။ အဲဒီပုဏ္ဏားကို ဘာဖြစ်လို့ "**ပဥ္စဂ္ဂဒါယက**" ခေါ်လဲဆိုတော့ "**အဦးငါးပါးကိုလှူလို့**"တဲ့နော်။

"မှန်ပါဘုရား"

"ဘယ်လို အဦးငါးပါးလဲဆိုတော့ လယ်ဦး၊ စပါးပုံဦး၊ ကျီဦး၊ အိုးဦး၊ စားဦးဆိုတဲ့ အဦးငါးပါးကိုလှူလို့ ပဥ္စဂ္ဂဒါယက ခေါ်သတဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲ...တစ်နေ့သ၌ ဘုရားရှင်ဟာ သတ္တလောကကို ဗုဒ္ဓရဲ့ မျက်လုံးတော် အစုံနဲ့ ကြည့်ရှုတော်မူတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒါကတော့ ကြည့်နေကျပါ။ ဒီတစ်နေ့မှ ကြည့်တာမဟုတ်ပါဘူး။ ယခုပြောတာက ဒီပုဏ္ဏားကိုကြည့်တဲ့နေ့ကို ပြောတာနော်"

"မှန်ပါဘုရား"

"အဲကြည့်တော့ ပုဏ္ဏားဇနီးမောင်နှံတို့ သောတာပတ္တိမဂ် ရမည့်အကြောင်း ဥပနိဿယ ရှေးကောင်းမှုကို မြင်တော်မူသတဲ့ နော်"

"မှန်ပါဘုရား"

"အဲဒီလို မြင်တော်မူတော့ ဘုရားရှင်ဟာ စောစောစီးစီးကပင် ကိုယ်လက်သုတ်ပြီး ဂန္ဓကုဋီ ကျောင်းတော်တွင်း ဝင်တော်မူ သတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီနေ့မှာ ရဟန်းတော်များ ဆွမ်းခံချိန်သို့ ရောက်တဲ့ အခါ စုရုံးပြီး ဂန္ဓကုဋီကျောင်းတော်သို့ ကြွလာကြတယ်။ ဂန္ဓကုဋီ ကျောင်းတော် တံခါးပိတ်မြဲ ပိတ်ထားတာ မြင်ကြတော့—

"အင်း...ဒီကနေ့တော့ ဘုရားရှင်ဟာ အကြောင်းထူး ရှိတော်မူလို့ တစ်ပါးတည်းသာ မြို့တွင်းသို့ ဆွမ်းခံကြွတော် မူလိုတယ်"လို့ သိရှိကြကာ ဂန္ဓကုဋီကျောင်းတော်ကို လက်ယာရစ်လှည့်ပြီး အရိုအသေပြုကာ မြို့တွင်းသို့ ဆွမ်းခံ ဝင်တော်မူကြသတဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲ...ဘုရားရှင်ဟာ ပုဏ္ဏားထမင်းစားချိန် ရောက်တဲ့အခါ ကျောင်းတော်မှ ထွက်ကြွတော်မူကာ သာဝတ္ထိ ပြည်တွင်းဆွမ်းခံ ကြွတော်မူသတဲ့နော်"

"မှန်ပါဘုရား"

"သာဝတ္ထိပြည်သူ ပြည်သားတွေကလည်း ဘုရားရှင်တစ်ပါး တည်း မြို့တွင်းသို့ ကြွဝင်တော်မူလာတာကို မြင်ရလို့ရှိရင်-

"အင်း...ယနေ့တော့ ကေနိပင် ဘုရားရှင်ဟာ ချီးမြှောက်တော်မူရမယ့် သတ္တဝါ တစ်ဦးတော့ ရှိလေပြီ။ ဒါကြောင့် ဘုရားရှင်ဟာ မြို့တွင်းသို့ တစ်ပါးတည်းသာ ကြွဝင်တော်မူလာခြင်းဖြစ်တယ်"လို့ သိရှိကြပြီး ဘုရားရှင်ကို ပင့်ပို့ရန် တစ်ဦးတစ်ယောက်မျှ မလာရောက်ကြဘူးတဲ့နော်"

"မှန်ပါဘုရား"

"ဘုရားရှင်လည်း ကြွတော်မူတော့ ပုဏ္ဏားကြီးရဲ့ အိမ်တံခါးဝ သို့ရောက်ပြီး ဆွမ်းရပ်တော်မူတယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီအချိန်ဟာ ပုဏ္ဏားကြီး ထမင်းပွဲမှာ ထမင်းထိုင်စား နေဆဲ ဖြစ်တယ်။ အိမ်တွင်း မျက်နှာလှည့်ပြီး စားနေတယ်။ ပုဏ္ဏေးမကြီးက အိမ်ပြင်မျက်နှာလှည့်ပြီး ပုဏ္ဏားကြီးကို ယပ်ခတ် ပေးနေတယ်နော်"

"မှန်ပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒီလို ယပ်ခတ်ပေးနေတဲ့ ပုဏ္ဏားမကြီးဟာ ဘုရားရှင်ကို မြင်တော့ စဉ်းစားတယ်။ ဘယ်လိုစဉ်းစားလဲဆိုတော့-

"ဒီပုဏ္ဏားကြီးဟာ ဘုရားရှင်ကို တကယ်လို့ မြင်သွားပါရင် ထမင်းပွဲကို ယူဆောင်ပြီးတော့ ခဲဖွယ်ဘောဇဉ် အားလုံးကို လှူဒါန်းလိုက်လိမ့်မယ်။ အဲဒီလို လှူဒါန်းလိုက်ရင် ငါပြန်ပြီးတော့ ချက်ရလိမ့်မည်" ကြံစည်စဉ်းစားပြီး မကြည်ညိုခြင်း၊ ဝန်တိုခြင်း ဖြစ်ပြီးတော့ ပုဏ္ဏားကြီး ဘုရားရှင်ကို မမြင်နိုင်အောင် ယပ်နဲ့ကွယ်ထားတယ်တဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘုရားရှင်ကို မျက်စိကလေး မှေးကာ အမူအရာနဲ့ "ကန်တော့ဆွမ်းပါဘုရား"လို့ ကန်တော့ဆွမ်း လောင်းသတဲ့နော်"

"မှန်ပါဘုရား"

"ပုဏ္ဏေးမကြီးက အမူအရာနဲ့ ဆွမ်းလောင်းတော့ ဘုရားရှင်ကလည်း အမူအရာနဲ့ ခေါင်းခါပြီး 'ငါမကြွဘူး'လို့ ပြောသတဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ပုဏ္ဏေးမကြီးက သဘောကျလို့ ရယ်သတဲ့။ အဲဒီအချိန်မှာ ဘုရားရှင်ကလည်း ရောင်ခြည်တော်လွှတ်သတဲ့နော်"

"မှန်ပါဘုရား"

"ပုဏ္ဏေးမကြီးလည်း ရယ်... ရောင်ခြည်တော်လည်း တွေ့တော့ 'ဒီအရာကား အဘယ်နည်း'လို့ ကြည့်လိုက်တော့

http://www.dhammadownload.com



အိမ်တံခါးဝမှာ ဆွမ်းရပ်နေတဲ့ ဗုဒ္ဓကို မြင်တော်မူသတဲ့။ ဒီတော့ ပုဏ္ဏားကြီးက 'ရှင်မ၊ သင်ငါ့ကို ဖျက်ဆီးတယ်။ မင်းသား အိမ်တံခါးလာပြီးတော့ ရပ်နေရက်ကနဲ့ ငါ့ကို မပြောတဲ့အတွက် ဝန်လေးတဲ့ အလုပ်ကို လုပ်တယ်'လို့ ပြောသတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီလို ပြောပြီးတော့ စားဆဲထမင်းပွဲကို ယူပြီးတော့ 'အရှင်ဂေါတမ အကျွန်ုပ်ဟာ ငါးဌာနတို့၌ အမြတ်ကို လှူပြီးမှသာ စားပါတယ်။ ဒီထမင်းပွဲမှ ဒီဘက်တစ်ဝက်သာ စားရပါသေးတယ်။ ဟိုဘက်တစ်ဝက်က မစားရသေးပါ။ အဲဒီတစ်ဝက်ကို အလှူခံတော်မူပါ'လို့ လျှောက်တယ်။

"ဒီတော့ ဘုရားရှင်က "ပုဏ္ဏား အကြွင်းအကျန်တွေ ငါ အလိုမရှိဘူး"လို့ မပြောဘဲနဲ့-

၁။ ပုဏ္ဏား၊ အဦးအမြတ်လည်း ငါ့အားလျှောက်ပတ်တယ်၊
၂။ တစ်ဝက်ကျန်တာလည်း ငါ့အား လျှောက်ပတ်တယ်၊
၃။ နောက်ဆုံးတစ်လုတ်စာဆွမ်းလည်း ငါ့အား လျှောက်ပတ်တယ်။ ပုဏ္ဏား၊ ငါတို့ဟာ သူတစ်ပါးတွေကို မှီပြီးတော့ အသက်မွေးနေရသူတွေ ဖြစ်တယ်လို့ အမိန့်တော် ရှိလိုက်သတဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ပုဏ္ဏားကြီး ဝမ်းသာအားရဖြစ်ပြီး လှူလိုက်တယ်။ ဗုဒ္ဓက ဘုဉ်းပေးပြီးတဲ့အခါ တရားဟောတယ်။ ဘယ်လိုဟောလဲ-

http://www.dhammadownload.com



"ပုဏ္ဏား၊ ငါတို့ဟာ သူတစ်ပါးမှီ၍ အသက်မွေးနေသူတွေပဲ၊ အဦးမှရတယ်၊ အလယ်မှရတယ်၊ အကြွင်းအကျန် ရတယ်လို့ ဝမ်းသာမှု၊ ထောင်လွှားမှုတွေ မဖြစ်ပါဘူး။ အဲဒီလို ဝမ်းသာဝမ်းနည်း မဖြစ်သူကို ပညာရှိတို့က '**မုနိ**'လို့ ခေါ်တယ်လို့ ဗုဒ္ဓက တရားဟောတယ်"

"ဒီတော့ ပုဏ္ဏားကြီးမှာ ကြည်ညိုတဲ့ စိတ်တွေဖြစ်ပြီး ပြဿနာမေးလျှောက်တယ်၊ ဘယ်လို မေးလဲဆိုတော့-

"အရှင်ဂေါတမ၊ အရှင်ဂေါတမတို့ဟာ မိမိရဲ့ တပည့်သာဝကတွေကို 'ဘိက္ခု' လို့ ခေါ်ပါတယ်၊ အဘယ်မျှလောက် အကြောင်းအရာဖြင့် 'ဘိက္ခု' မည်ပါသလဲလို့ လျှောက်ထားတယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က "ဒီပုဏ္ဏားတွေမှာ အဘယ်သို့သဘောရှိတဲ့ တရားစကားနဲ့ လျှောက်ပတ်မလဲလို့ ကြည့်တော်မူတယ်၊ ကြည့်တော်မူတော့-

"ဒီပုဏ္ဏားဇနီးမောင်နှံ နှစ်ယောက်ဟာ ကဿပဘုရားရှင် လက်ထက်တော်အခါက 'နာမ်ရုပ်' လို့ ပြောဆိုသူတို့အထံမှ 'နာမ်ရုပ်' ဆိုတဲ့စကားသံကို ကြားခဲ့ဖူးတယ်၊ ဒါကြောင့်သူတို့ကို နာမ်ရုပ်ကိုမလွှတ်ဘဲတရားဟောသင့်တယ်' လို့ ကြည့်တော်မူပြီးတော့ သူတို့ဇနီးမောင်နှံကို နာမ်ရုပ်သံပါသော တရားတော်ကို ဒီလို ဟောတော်မူတယ်-

http://www.dhammadownload.com



"ပုဏ္ဏား၊ အမှတ်မထင် အကြွင်သူရဲ့သန္တာန်မှာ အလုံးစုံသော နာမ်ရုပ်တရား နှစ်ပါး၌ ငါ့ဥစ္စာ၊ ငါလို့ တဏှာဒိဋ္ဌိနဲ့ မစွဲငြိဘူး။ နာမ်ရုပ်နှစ်ပါး ချုပ်ပျောက်သွားလို့လည်းပဲ စိုးရိမ်ပူဆွေးခြင်း၊ အလျှဉ်းမရှိဘူး။ အဲဒီသူကို စင်စစ် ဘိက္ခုလို့ ငါဟောအပ်တယ်"

လို့ ဘုရားရှင်က ဟောတော်မူတယ်၊ အဲဒီတရားတော်အဆုံးမှာ ပုဏ္ဏားကြီး ဇနီးမောင်နှံနှစ်ယောက် အနာဂါမ်ဖြစ်သွားတယ်နော်"

"မှန်ပါဘုရား"

"ကဲ...**ရုပ်နာမ်သံကြား–နိဗ္ဗာန်နားနီး**" ဆိုတာ မမှန်ဘူးလား"

"မှန်ပါဘုရား"

"ယခု ဒကာ ဒကာမကြီးတွေတော့ ရုပ်နာမ်တရားတွေလည်း နာနိုင်တယ်၊ အားလည်း အားထုတ်နိုင်တယ်ဆိုတော့ အများကြီး အဆင့်များပါတယ်၊ သာပါတယ်၊ ပါရမီပါပါတယ်နော်"

"မှန်ပါဘုရား"

"အားထုတ်လို့ မရသော်လည်း မပူနဲ့နော်၊ နောင်အခါမှာရဖို့ မသေချာဘူးလား"

"သေချာပါတယ်ဘုရား"

"သေချာရင် ကဲ...နာလည်းနာ၊ အားလည်းအားထုတ်ကြပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကဲ...တော်သေးပြီ..."

❀ တံလျှပ်အလား၊ ရေးသားရေမှာ၊
နေရောင်ထိရောက်၊ နှင်းပေါက်ပမာ၊
အပ်ဖျားမုံညင်း၊ တင်ခြင်းတူတာ၊
ဖြစ်ပျက်ချုပ်၊ နာမ်ရုပ်သဘာဝါ။ ။

❀ မရှိရာမှ၊ ဖြစ်ကြလျှင်စွာ၊
မရှိရာသို့၊ မြန်းလို့ချုပ်ရှာ၊
ကောင်းကင်တစ်ခေတ်၊ လျှပ်စစ်ပမာ၊
ဖြစ်ပျက်ချုပ်၊ နာမ်ရုပ်သဘာဝါ။ ။

http://www.dhammadownload.com



# မငြိုချင်တော့ ဘယ်နွယ်လေ့ပ်မခေါ်

{၁၁}

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် မြတ်၏။ မယုတ်မာ။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကိုသိသည်ရှိသော် ပညာကိုရနိုင်၏။ တခြားလူမိုက်ထံမှ ပညာကို မရနိုင်။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်း တို့၏ တရားကိုသိသည်ရှိသော် ပူဆွေးသူတို့၏ အလယ်၌ မပူဆွေးရ။

http://www.dhammadownload.com



သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကိုသိသည်ရှိသော် ဆွေမျိုးတို့၏အလယ်၌ တင့်တယ်၏။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကိုသိသည်ရှိသော် သတ္တဝါတို့သည် ကောင်းသော‌လားရာ သုဂတိသို့ ရောက်ရကုန်၏။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကိုသိသည်ရှိသော် သတ္တဝါတို့သည် အမြဲမပြတ် ချမ်းသာစွာ တည်နေရကုန်၏။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်း တို့၏ တရားကိုသိသည်ရှိသော် အလုံးစုံသောဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏။

ယင်းသို့ဖြင့် သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရကျိုး သူတော်ကောင်းတရား သိရကျိုးကို ဘုရားရှင်သည် သဗ္ဗိသုတ်တွင် ဟော တော်မူခဲ့၏။

http://www.dhammadownload.com



## သမ္မိသုတ်

ဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် ကိန်းအောင်းတော်မူခိုက် ကောသလမင်းကြီးသည် ဘုရားရှင်ထံ သွားရောက်ပြီး ရှိခိုးလျှောက်၏–

"မြတ်စွာဘုရား၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ဖြစ်၍ တစ်ယောက်တည်းနေသော တပည့်တော်အား ဤသို့လျှင် စိတ်အကြံ ထင်ရှားဖြစ်ပါသည်–

"ဘုရားရှင်သည် တရားတော်ကို ကောင်းစွာဟောတော်မူအပ်၏။ ကောင်းစွာ ဟောတော်မူအပ်သော ထိုတရားတော်သည်လည်း ကောင်းသောအဆွေခင်ပွန်းရှိသော သူအားသာဖြစ်၏။ ကောင်းသောအပေါင်းအဖော်ရှိသော သူအားသာဖြစ်၏။ သူတော်ကောင်းတို့၌ညွတ်သော စိတ်ရှိသော သူအားသာဖြစ်၏။ ယုတ်မာသော အဆွေခင်ပွန်းရှိသောသူအားမဖြစ်။ ယုတ်မာသော အပေါင်းအဖော်ရှိသောသူအားမဖြစ်။ ယုတ်မာသောသူတို့၌ ညွတ်သောစိတ်ရှိသောသူအား မဖြစ်"

"ယင်းသို့ ကောသလမင်းကြီး လျှောက်ထားသည်ရှိသော် ဘုရားရှင်သည် ကောသလမင်းကြီးအား...

"မင်းကြီး သင့်အကြံသည် သင်ကြံစည်တိုင်း မှန်၏"ဟု မိန့်တော်မူပြီးလျှင် တစ်ခါက ရှင်အာနန္ဒ လျှောက်ထားချက်ကို မိန့်တော်မူ၏။

http://www.dhammadownload.com



"မင်းကြီး တစ်ခါကရှင်အာနန္ဒာသည် ငါ့အား ဤသို့လျှောက်ထား၏-

"မြတ်စွာဘုရား၊ ကောင်းသော အဆွေခင်ပွန်းရှိသော သူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသော သူ၏အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသောသူ၏အဖြစ်သည် မြတ်သော မဂ်အကျင့်၏ ထက်ဝက်ကို ပြီးစေနိုင်ပါ၏"

"မင်းကြီး ယင်းသို့ ရှင်အာနန္ဒာလျှောက်သည်ရှိသော် ငါဘုရားရှင်သည် ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူ၏-

"အာနန္ဒာ၊ ယင်းသို့မဆိုလင့်၊ အာနန္ဒာ ကောင်းသော အဆွေခင်ပွန်းရှိသောသူ၏ အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသောသူ၏ အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသောသူ၏အဖြစ်သည် မြတ်သော မဂ်အကျင့်အားလုံးကိုပင် ပြီးစေနိုင်၏"

"အာနန္ဒာ၊ ကောင်းသောအဆွေခင်ပွန်းရှိသော၊ ကောင်းသော အပေါင်းအဖော်ရှိသောသူတို့၌ ညွတ်သောစိတ်ရှိသော သူအား မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွားလတ္တံ့၊ ကြိမ်ဖန်များစွာ ပြုလတ္တံ့ဟူသော ယင်းအကျိုးကို မချွတ်ရလိမ့်မယ်လို့ မျှော်လင့်အပ်တယ်"

"အာနန္ဒာ၊ ဒီသာသနာတော်မှာ ရဟန်းဟာ ဆိတ်ငြိမ်မှု ဝိဝေကကိုမှီသော၊ ရာဂကင်းခြင်း ချုပ်ခြင်းကိုမှီသော ကိလေ

http://www.dhammadownload.com



သာစွန့်ရာ နိဗ္ဗာန်သို့ညွတ်သော မဂ္ဂင်ရှစ်ပါး အကျင့် တရားကို ပွား၏"

"အာနန္ဒ၊ ယင်းသို့လျှင် ကောင်းသောအဆွေ ခင်ပွန်း ရှိသော၊ ကောင်းသောအပေါင်းအဖော်ရှိသော သူတော် ကောင်းတို့၌ ညွတ်သောစိတ်ရှိသော ရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွားများ၏။ ကြိမ်ဖန် များစွာ ပြု၏"

"အာနန္ဒ၊ ကောင်းသောအဆွေခင်ပွန်းရှိသောသူ၏ အဖြစ်၊ ကောင်းသောအပေါင်းအဖော်ရှိသောသူအဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသောသူ၏အဖြစ် သည် မြတ်သောမဂ်အကျင့် အားလုံးကိုပင် ပြီးစေနိုင်၏"

"အာနန္ဒ၊ မှန်၏၊ အဆွေခင်ပွန်းကောင်းဖြစ်သော ငါ ဘုရားကိုအကြောင်းပြု၍ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေ နေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းမှ လွတ်ကုန်၏"

"ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်း၊ ပြင်းစွာပင်ပန်းခြင်းသဘောရှိသော သတ္တဝါ တို့သည် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာ ခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်ကုန်၏"

"မင်းကြီး၊ ယင်းသို့ အလုံးစုံသော မြတ်သော မဂ်အကျင့် ကိုလည်း ကောင်းသောအဆွေခင်ပွန်းကိုမှီ၍ ရသည့်၏အဖြစ် ကြောင့် သင်သည် ဒီလိုကျင့်ရမယ်–

http://www.dhammadownload.com



"ငါဟာ ကောင်းသောအဆွေခင်ပွန်းရှိသူ၊ ကောင်းသော အပေါင်းအဖော်ရှိသူ၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသူဖြစ်အံ့"

ဟု ကျင့်ရမည်ဟု ဘုရားရှင်သည် ကောသလမင်းကြီးအား မိတ်ကောင်းဆွေကောင်း သူတော်ကောင်းအရေးကြီးပုံကို မိန့်ကြားတော်မူ၏။

ယင်းသို့ စသည်ဖြင့် ဘုရားရှင်သည် မိတ်ကောင်း ဆွေကောင်း အကြောင်းတွေ ဟောကြားချက်များစွာ ရှိပါ၏။ သို့သော် မိမိသည် သူတစ်ပါး၏ မိတ်ကောင်းအဖြစ် ရပ်တည်နိုင်သူ၊ သူတစ်ပါးကို မိမိအတွက် မိတ်ကောင်းအဖြစ် ရှာဖွေသူမှာ ရှားမှ ရှားလှ၏။

## သူလိုလူ – ရှားမှရှား

ရှားမှရှားတစ်ယောက်နှင့် ဟစ်ချိန်က တွေ့ခဲ့၏။ တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။

မိမိသည် မြို့ကြီးတစ်မြို့တွင် ဆယ်ရက်စခန်းတရားပြနေ ခိုက် ဖြစ်၏။ တစ်နေ့ညနေတွင် ဒကာမသုံးလေးယောက် ရောက် လာပြီး ရှိခိုး၍ ထိုင်ပြီးသော် တစ်ယောက်က လျှောက်၏။

"အရှင်ဘုရား၊ တပည့်တော်မ လျှောက်ထားပါရစေဘုရား"

"အင်း...ဘာလျှောက်ထားချင်လို့လဲ"

http://www.dhammadownload.com



"တပည့်တော်မတို့ ကိုးကွယ်တဲ့ ဘုန်းကြီးအကြောင်းကို လျှောက်ထားချင်လို့ပါဘုရား"

"ဘယ်လိုလျှောက်ထားချင်လဲ"

"တပည့်တော်မတို့ ကိုးကွယ်တဲ့ ဘုန်းကြီးက သိပ်ပြီး အပူအပင်ကြီး၊ သိပ်ပြီး လောဘကြီးတာပဲဘုရား"

"အင်း...ဘုန်းကြီးလောဘကြီးတာ ဘုန်းကြီးရှေ့ လာပြီး လျှောက်နေတာမှ ခက်တာ"

"မခက်ပါနဲ့ဘုရား။ တပည့်တော်မတို့ ဘုန်းကြီးက သူ့ထက် သူများတွေ ဘုန်းကြီးသွားမှာ၊ သာသွားမှာလည်း သိပ်စိုးရိမ်တယ် ဘုရား"

"တပည့်တော်မက အဲဒီတပည့်တော်မတို့ မြို့မှာ တရားပွဲတွေ ကျင်းပချင်တယ်ဘုရား၊ ဘုန်းကြီးက လက်မခံချင်ဘူး၊ သူများတွေ သူ့ဆီမှာလာပြီး အုပ်စိုးသွားမှာ သိပ်စိုးတယ်ဘုရား"

"သူ့ဒကာ ဒကာမတွေ သူများနောက်ပါသွားမှာ သိပ်စိုးတယ်ဘုရား။ သူက သူ့နယ်မှာ အားလုံးဟာ သူ့ဩဇာခံ သူ့တပည့်တွေသာ ဖြစ်စေချင်တယ်ဘုရား"

"ကျောင်းတွေကိုလည်း နယ်ချဲ့တယ်ဘုရား။ သူများ ကျောင်းတွေ သူ့တပည့်တွေထား၊ သူ့ကျောင်းဖြစ်အောင် လုပ်တယ်ဘုရား"

"အဲဒီသူ့တပည့်တွေ၊ သူ့လက်အောက်ခံကျောင်းက တပည့် ဒကာ ဒကာမတွေရဲ့ ပူဇော်မှု လှူဒါန်းမှုကိုလည်း သိပ်လိုလားတယ် သာယာတယ်ဘုရား"

http://www.dhammadownload.com



"အင်း...ဒီလိုဆိုတော့ အခက်သားပဲ"

"ဒီပြင်ဟာတွေ ဖြစ်တာတော့ ထားပါဘုရား။ သူကိုယ်တိုင်လည်း တရားဟောမပြ၊ သူများတွေ လာဟောတာလည်း လက်မခံ၊ မကြိုက်နှစ်သက်တော့ မြို့သူမြို့သား နယ်သူနယ်သားတွေ အသိဉာဏ် တုံးကုန်တာပေါ့ဘုရား"

"နို့...အဲဒါ ဒကာမကြီးက တရားဟောပါလား"

"တပည့်တော်မက တရားတော့ မဟောပါဘူးဘုရား၊ လျှောက်တော့ လျှောက်ထားပါတယ်"

"ဘယ်လိုလျှောက်ထားလဲ"

"အပူအပင်မကြီးဖို့၊ တရားအားထုတ်ဖို့ပေါ့ ဘုရား"

"အင်း...ဒီတော့ ဘာပြန်ပြောသလဲ"

"ငါတရားအားထုတ်လို့ရှိရင် ဒီကျောင်း၊ ဒီကံ၊ ဒီပစ္စည်းတွေ 'မလိုချင်တော့ဘယ့်နှယ်လုပ်မလဲ"လို့ ပြောပါတယ်ဘုရား"

"ဒီတော့ ဒကာမကြီး ဘာပြန်လျှောက်လဲ"

"အရှင်ဘုရား မလိုချင်ရင် ကောင်းတာပေါ့ဘုရား၊ လိုချင်ရင် အပါယ်ကျမှာပေါ့ဘုရား။ တပည့်တော်မတို့တောင်မှ မလိုချင်အောင် အားထုတ်နေတာပဲ၊ အရှင်ဘုရားက သူများတွေမလိုချင်လို့ စွန့်လှူထားတဲ့ပစ္စည်းတွေ ဘာဖြစ်လို့ လိုချင်နေဦးမှာလဲ စသည်ဖြင့် လျှောက်ထားပါတယ်ဘုရား"

"အမယ် ဘယ်ဆိုးလို့လဲ ဓမ္မကထိက က"

http://www.dhammadownload.com



"အရှင်ဘုရား အဲဒီလိုလျှောက်ထားတာ တပည့်တော်မ ရဲကြီးမလားဘုရား"

"အကျိုးလိုလားတဲ့ တကယ့်စေတနာမေတ္တာနဲ့ လျှောက်ထားတာပဲ၊ ရဲမကြီးပါဘူး"

"တပည့်တော်မတော့ ဘာရယ်ညာရယ် မသိပါဘူး။ ကိုယ်လျှောက်ထားချင်တာတွေ အကုန်လျှောက်တာပဲဘုရား"

"အရှင်ဘုရား၊ တပည့်တော်မလည်း ခွင့်လွှတ်ပါဘုရား။ တပည့်တော်မက ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံတတ်ပါတယ်ဘုရား။ လျှောက်ထားတတ်ပါတယ်ဘုရား"

"အင်း...လျှောက်ထား။ ဘာတွေလျှောက်ထားဦးမလဲ"

"အရှင်ဘုရားတော့ တပည့်တော်မ မလျှောက်ထားချင်ပါဘူး။ တပည့်တော်မတို့ ဘုန်းကြီးကိုပဲ လျှောက်ချင်ပါတယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"သူကျွတ်သွားအောင်ပေါ့ဘုရား"

"ခက်တာပဲ၊ ဘုန်းကြီးဝတ်တာက သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ဖို့ နိဗ္ဗာန်မြန်မြန်ရောက်ချင်လို့ပဲ"

"မှန်ပါဘုရား"

"ဒါကြောင့် ရှေးက အမျိုးကောင်းသားတွေဟာ ကိုယ့်မှာရှိတဲ့ သုံးစွဲမကုန်နိုင်တဲ့ ပစ္စည်းတွေစွန့်၊ သားမယား ဆွေမျိုးအသိုင်းအဝိုင်းတွေ အကုန်စွန့်ပြီး သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်းနှင့် တရားအားထုတ်ကြတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ခုတော့ ဘုန်းကြီးဝတ်ကာမှ ပစ္စည်းစု၊ ဒကာ ဒကာမစု၊ ကျောင်းစုနဲ့ဆိုတော့ အပါယ်ရိက္ခာယူတာနဲ့ တူမနေဘူးလား"

"မှန်ပါ၊ တူနေပါတယ်ဘုရား"

"သူများတွေတော့ ဟောလိုက်တာ။ ဒါတွေဟာ သေရင် ကိုယ့်နောက်ပါမှာတွေ မဟုတ်ဘူး။ အကုန်ထားခဲ့ရမှာ။ မမက်မောနဲ့၊ မတွယ်တာနဲ့၊ စွန့်ပစ်နဲ့။ ပြီးတော့ ဒကာ ဒကာမတွေ မလိုချင်လို့ စွန့်ပစ်တာတွေ ကိုယ်က ကောက်သိမ်းပြီး မခွဲနိုင် မခွာရက်ဆိုတော့ ကောင်းဦးမလား"

"မကောင်းတော့ပါဘုရား"

"နောက်တစ်ခါ ဒကာမကြီး ဘုန်းကြီးနဲ့တွေ့ရင် ဒီတရားကို ဟောပေး"

"ဘယ်တရားလဲဘုရား။ တပည့်တော်မက အဟုတ်ကို ဟော ပေးမှာဘုရား"

"ရဟန်းတို့ ဥပမာကား-တံငါသည်ဟာ အစာတပ်ထား တဲ့ ငါးမျှားချိတ်ကို ရေနက်တဲ့အိုင်ထဲ ပစ်ချလိုက်တဲ့အခါ အစာကိုမြင်သော၊ အစာမင်သော ငါးသည် ထိုငါးမျှားချိတ် ကို မျိုရာ၏"

"ရဟန်းတို့၊ တံငါသည်ရဲ့ ငါးမျှားချိတ်ကို မျိုမိသော ထိုငါးဟာ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်၏။ တံငါ သည်ရဲ့အလိုရှိတိုင်း ပြုနိုင်သည့်အဖြစ်သို့ရောက်၏"

"ရဟန်းတို့၊ 'တံငါသည်' ဟူသော ဤအမည်သည် ယုတ်ညံ့သော ကိလေသာမာရ်၏ အမည်တည်း။ ရဟန်းတို့ 'ငါးမျှားချိတ်' ဟူသော အမည်သည် လာဘ်ပူဇော်သက္ကာ အကျော်အစော၏ အမည်တည်း"

"ရဟန်းတို့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို သာယာသူ အလိုရှိသူ မည်သည့်ရဟန်းကိုမဆို ကိလေသာမာရ်၏ ငါးမျှားချိတ်ကို မျိုသည်ဖြစ်၍ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ရောက်သူ၊ ယုတ်မာသော ကိလေသာမာရ်၏ အလိုရှိတိုင်း ပြုနိုင်သည့်အဖြစ်သို့ ရောက်သူ ရဟန်း ဟူ၍ ဆိုအပ်၏"

"ရဟန်းတို့ စင်စစ်လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ဤသို့ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းတမ်း၏၊ အတုမရှိမှု၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏"

"ရဟန်းတို့၊ ဥပမာသော်ကား ရှည်သောအမွေးရှိသော သိုးသည် ဆူးချုံသို့ဝင်ရာ၏။ ထိုသိုးသည် ထိုထိုအရပ်၌ ငြိရာ၏။ စွဲယူရာ၏။ နှောင်ဖွဲ့ရာ၏။ ဆင်းရဲခြင်း၊ ပျက်စီးခြင်းသို့ ရောက်ရာ၏"

"ရဟန်းတို့၊ အဲဒီအတူပဲ၊ ဒီသာသနာတော်မှာ အချို့သောရဟန်းဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်သည့် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်

http://www.dhammadownload.com



ဖြစ်၍ နံနက်အခါ၌ ကောင်းစွာဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာနိဂုံးသို့ ဆွမ်းခံဝင်၏"

"အဲဒီရဟန်းဟာ ထိုထိုအရပ်၌ ကပ်ငြိ၏။ စွဲယူ၏။ နှောင်ဖွဲ့၏။ ဆင်းရဲပျက်စီးခြင်းသို့ရောက်၏။ ရဟန်းတို့ ယင်းသို့လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန်၏။ ထက်မြက်ကြမ်းတမ်း၏။ အတုမရှိမှု၍ ယောဂရဲ့ ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းရဲ့ အန္တရာယ်ကို ပြုတတ်တယ်"

"ရဟန်းတို့ ဥပမာသော်ကား ကျင်ကြီးကိုစားသော မစင်ပိုးသည် ကျင်ကြီးဖြင့် ပြည့်နှက်၏။ ယင်းပိုးရဲ့ ရှေ့မှာလည်း ကျင်ကြီးပုံကြီးရှိတယ်။ ယင်းကျင်ကြီးစားသော မစင်ပိုးဟာ ယင်းကျင်ကြီးဖြင့် တစ်ပါးသော မစင်ပိုးတွေကို ငါဟာ ကျင်ကြီးစားတယ်၊ ကျင်ကြီးနဲ့ ပြည့်နှက်တယ်၊ ငါ့ရဲ့ရှေ့မှာလည်း ကျင်ကြီးပုံကြီး ရှိတယ်လို့ မထေမဲ့မြင် ပြုရာတယ်"

"ရဟန်းတို့ အဲဒီအတူပဲ ဒီသာသနာတော်မှာ တချို့သောရဟန်းဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်သည့် သိမ်းကျုံးယူငင်အပ်သည့် စိတ်ရှိသည်ဖြစ်၍ နံနက်အခါမှာ ကောင်းစွာဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာနိဂုံးသို့ ဆွမ်းခံဝင်တယ်"

http://www.dhammadownload.com



"အဲဒီရဟန်းဟာ အဲဒီရွာနီဂိုးမှာ အလိုရှိတိုင်း ဆွမ်းစားပြီးလည်းဖြစ်တယ်၊ နက်ဖန်စားရန်အတွက် ဖိတ်အပ်ပြီးတဲ့ ဆွမ်းလည်းရှိတယ်။ သပိတ်ပြည့်တဲ့ ဆွမ်းလည်းရှိတယ်"

"အဲဒီရဟန်းဟာ ကျောင်းအရံသို့သွားပြီးတော့ ရဟန်းအပေါင်းအလယ်မှာ ကြွားဝါးတယ်။ 'ငါဟာ ဆွမ်းကို အလိုရှိတိုင်း စားပြီးပြီ၊ နက်ဖန်စားရန်အတွက် ဖိတ်ထားတဲ့ဆွမ်းလည်းရှိသေးတယ်။ သပိတ်ပြည့်တဲ့ဆွမ်းလည်းရှိတယ်၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကိုလည်း ရတယ်' ငါမှတစ်ပါးကုန်သော ဒီရဟန်းတွေဟာ နည်းတဲ့ ဘုန်းကံ၊ နည်းတဲ့တန်ခိုးရှိကုန်တယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို မရကုန်လို့ ကြွားဝါးတယ်"

"အဲဒီရဟန်းဟာ အဲဒီလောဘ ပူဇော်သက္ကာ အကျော်အစောဖြင့် နှိပ်စက်အပ်၊ သိမ်းကျုံး ယူငင်အပ်တဲ့စိတ်ရှိသည်ဖြစ်၍ သီလရှိကြတဲ့ တခြားရဟန်းတွေကို မထေမဲ့မြင်ပြုတယ်"

"ရဟန်းတို့ ယင်းသို့ မှတ်ထင်ခြင်း၊ မထေမဲ့မြင်ပြုခြင်းဟာ အဲဒီ မဂ်ဖိုလ်မှ အချီးနှီးဖြစ်တဲ့ ယောက်ျားအား ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး အစီးအပွားမရှိခြင်း၊ ဆင်းရဲခြင်းငှာဖြစ်တယ်"

http://www.dhammadownload.com



"ရဟန်းတို့၊ ညဉ့်၏မိုးသောက်ချိန်မှာ ညည်းညူသော မြေခွေးအိုရဲ့အသံကို ကြားကြကုန်သလော" "မြတ်စွာဘုရား ကြားဖူးကြပါကုန်၏"

"ရဟန်းတို့ အဲဒီမြေခွေးအိုဟာ ဝဲနာရောဂါဖြင့် တွေ့ထိ အပ်သည်ဖြစ်၍ တွင်းသို့ရောက်သော်လည်း မမွေ့လျော်၊ သစ်ပင်ရင်း လွင်တီးခေါင်ရောက်သော်လည်း မပျော်မွေ့၊ သွားလေ ရပ်လေ ထိုင်လေ အိပ်လေရာရာ အရပ်တိုင်းမှာ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ရတယ်"

"ရဟန်းတို့၊ အဲဒီအတူပဲ၊ ဒီသာသနာတော်မှာ အချို့ သောရဟန်းဟာ လာဘ်ပူဇော်သက္ကာ အကျော်အစောဖြင့် နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်ရကား ဆိတ်ငြိမ်ရာအရပ်သို့ရောက်သော်လည်း မမွေ့လျော်၊ သစ်ပင် ရင်း လွင်တီးခေါင်သို့ရောက်သော်လည်း မမွေ့လျော်၊ သွားလေ ရပ်လေ ထိုင်လေ အိပ်လေရာရာ အရပ်တိုင်း၌ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ရတယ်"

"ကဲ...အဲဒီတရားတွေ ဟောပေးပေတော့၊ အဲဒါ ဘုရား ဟောတဲ့ တရားတော်တွေပဲ"

"အရှင်ဘုရား၊ ဗုဒ္ဓမွေပြဿနာထဲ ထည့်ရေးပါဘုရား၊ တပည့် တော် စာအုပ်ကြည့်ဟောပေးမယ်ဘုရား"

"ဒီလာဘ်ပူဇော်သက္ကာ အကျော်အစောဆိုတာ သိပ်ပြီးတော့ ကြောက်စရာကောင်းတယ်၊ လာဘ်ပူဇော်သက္ကာအကျော်အစော

http://www.dhammadownload.com



ဟာ 'မိုးကြိုးစက်'နဲ့လည်း တူတယ်၊ 'မြွား'နဲ့လည်း တူတယ် နော်"

"မှန်ပါဘုရား"

"အဲဒီ လာဘ်ပူဇော်သက္ကာ အကျော်အစောရခြင်း, မရခြင်း နှင့် ရခြင်း, မရခြင်း နှစ်ပါးစုံ နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်တဲ့ စိတ်ရှိသည်ဖြစ်ရကား ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည့်မှနောက် ချမ်းသာကင်းတဲ့ မကောင်းတဲ့လားရာ ပျက်စီးကျရောက်ရာ၌ ဖြစ်တဲ့ ငရဲမှာဖြစ်တဲ့ အချို့သောပုဂ္ဂိုလ်ကို ငါမြင်ရတယ်လို့ ဘုရားရှင် ဟောထားတာလည်းရှိတယ်"

"မှန်ပါဘုရား"

"လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်တဲ့အတွက် သိလျက် ချွတ်ယွင်း ဖောက်ပြန် မဟုတ်မှန်ကန်ဘဲစကားကို ပြောဆိုနေတာကိုလည်း ငါ တွေ့မြင်ရတယ်လို့ ဗုဒ္ဓဟောဘယ်နော်"

"မှန်ပါဘုရား"

"ရဟန်းတို့ ဇနပုဒ်မြို့ရွာ၌ ကောင်းခြင်းငါးရပ် ပြည့်စုံလတ်တဲ့ မိန်းမပြတ်တစ်ယောက်ဟာ ရဟန်းတစ်ပါးရဲ့စိတ်ကို သိမ်းကျုံး ယူငင် မတည်နိုင်သော်လည်း လာဘ်ပူဇော်သက္ကာ အကျော် အစောဟာ ယင်းရဟန်းရဲ့စိတ်ကို သိမ်းကျုံးဆွဲငင်၍ တည်နိုင် တယ်"လို့ ဘုရားရှင်ဟောထားတာလည်း ရှိသေးတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ရဟန်းတို့၊ လာဘ်ပူဇော်သက္ကာ အကျော်အစောရဲ့ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိတဲ့ ရဟန်းပုဏ္ဏားဟူသမျှတို့ကို ရဟန်းတို့၌ ရဟန်းဟု မသမုတ်အပ်ကုန်။ ပုဏ္ဏားတို့၌ ပုဏ္ဏားဟု မသမုတ်အပ်ကုန်"

"ရဟန်းတို့၊ ထိုအရှင်တွေဟာ ရဟန်းဖြစ်ကျိုးကိုလည်းကောင်း၊ ပုဏ္ဏားဖြစ်ကျိုးကိုလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်ပြီးတော့ မနေရကုန်"လို့ ဘုရားရှင်ဟောထားတာလည်း ရှိသေးတယ်။ ကြောက်စရာမကောင်းဘူးလား"

"ကြောက်စရာကောင်းပါတယ်ဘုရား"

"ရှိသေးတယ်၊ ဒီလာဘ်ပူဇော်သက္ကာ အကျော်အစောတွေ ကြောက်စရာကောင်းပုံတွေ၊ ဘုရားဟောထားတာ"

"အမိန့်ရှိပါဦးဘုရား"

"အာနန္ဒ...လာဘ်ပူဇော်သက္ကာ အကျော်အစောကို မမေ့မလျော့၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက် နိဗ္ဗာန်သို့စေလွှတ်အပ်တဲ့ စိတ်ရှိသည်ဖြစ်၍ နေတဲ့ ရဟန္တာပုဂ္ဂိုလ်သည် ရအပ်, ရောက်အပ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေမှု ဖလသမာပတ်တို့၏ အန္တရာယ်ပြုရန် ဖြစ်၏ဟူ၍ ငါဆို၏"

လို့ ဘုရားရှင်ဟောတော်မူတယ်။ ရဟန္တာတောင် အန္တရာယ်ပြုသေးရင် ပုထုဇဉ်ဆိုတာ ပိုပြီး အန္တရာယ်မပြုဘူးလား"

http://www.dhammadownload.com



"ပြုပါတယ်ဘုရား"

"ဒေဝဒတ်ဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိသည်ဖြစ်၍ သံဃာသင်းခွဲတာတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီဒေဝဒတ်ဟာ လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်၊ သိမ်းကျုံးယူငင်အပ်တဲ့ စိတ်ရှိတဲ့ ဒေဝဒတ်အား ကုသိုလ်အရင်းမူလ ပြတ်ခြင်းသို့ရောက်ခဲ့ပြီတဲ့၊ သိပ်ကြောက်စရာကောင်းတယ်နော်"

"မှန်ပါဘုရား"

"စင်စစ်အားဖြင့် ငှက်ပျောသီးသည် ငှက်ပျောပင်ကို သတ်သကဲ့သို့၊ ဝါးသီးသည် ဝါးပင်ကိုသတ်သကဲ့သို့၊ ကျူသီးသည် ကျူပင်ကိုသတ်သကဲ့သို့၊ အဿတိုရ်မြင်းမ၏ ကိုယ်ဝန်သည် မြင်းမကိုသတ်သကဲ့သို့၊ ထို့အတူ လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ယောကျ်ားယုတ်ကို သတ်၏လို့ ဘုရားရှင် မိန့်ထားတာလည်း ရှိသေးတယ်၊ ကြောက်စရာပဲ မဟုတ်လား"

"မှန်ပါ၊ ကြောက်စရာပါဘုရား"

"မမေ့မလျော့နေလေ့ရှိသော၊ အရိုအသေပြုထိုက်သောအကြင်ရဟန္တာပုဂ္ဂိုလ်ရဲ့သမာဓိဟာပူဇော်သက္ကာရခြင်းကြောင့်လည်းကောင်း၊ ပူဇော်သက္ကာ မရခြင်းကြောင့်လည်းကောင်း၊ နှစ်ပါးစုံသော အကြောင်းကြောင့်လည်းကောင်း မတုန်လှုပ်"

http://www.dhammadownload.com



"မကောင်းမှုကို ဖုတ်ကြည်းတတ်သော၊ အမြဲမပြတ် ပြုလေ့ရှိသော၊ သိမ်မွေ့သော အရဟတ္တမဂ်ဉာဏ်ဖြင့် ကောင်းစွာရှုတတ်သော ဥပါဒါန်တို့၏ ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်သော ထိုပုဂ္ဂိုလ်တို့ကို သူတော်ကောင်းဟု ဆိုအပ်ကုန်၏ တဲ့။ အဲဒါ ဘုရားရှင်ရဲ့ မိန့်တော်မူချက်ပါပဲ။ အဲဒါတွေ မှတ်ထားပြီး ဟောပေတော့နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဒီသာသနာတော်မှာ ဒီလိုကျင့်ရမယ်။ ဖြစ်ပေါ်လာတဲ့ လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ကုန်အံ့။ ဖြစ်ပေါ်လာတဲ့ လာဘ်ပူဇော်သက္ကာ အကျော်အစောသည်လည်း ငါတို့ရဲ့ ကုသိုလ်စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့လို့ အဲဒီလို သင်တို့ ကျင့်ရမယ်လို့ ဗုဒ္ဓ ဟောတယ်နော်"

"မှန်ပါဘုရား"

"ဒကာမကြီး ဘုန်းကြီး ပြောင်းပြန်ဖြစ်နေတယ်။ အဲဒါ တည့်ပေးလိုက်ပေါ့။ ကဲ...တော်ပြီ"

"ဦးတင်ပါတယ်ဘုရား"

- လာဘ်လာဘကို၊ မက်မောလို၊ ကုသိုလ်မရပြီ။
- ကျော်စောလိုလား၊ ဘေးရန်များ၊ တရားမရပြီ။
- ခြွေရံလိုလား၊ တဏှာပွား၊ ဘေးများတွေ့ရမည်။
- လာဘ်ကျော်စောပယ်၊ ခြွေရံပယ်၊ အေးဖွယ်ရလေပြီ။

http://www.dhammadownload.com



# တမည့်တော်တို့အကျွတ်ပိုင်တွေကျန်သွားပြီလော

{၁၂}

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော သုဂတိ ၂၇ ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါအသင်္ချေကျ ထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ ၂၇ ဘုံတို့၌ သတ္တဝါတွေ ကုန်လေရာ၏။ အပါယ်လေးပါးရှိ သတ္တဝါကား မကုန်လေရာ။ ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးကျယ် လှ၏။ **(ဘာဝနာဒီပနီ)**

အဘယ်ကြောင့် ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးလှသနည်း?

ယင်းကို ဘုရားရှင် ဟောတော်မူသော "နခသိခသုတ်"နှင့် "ကာဏကစ္ဆပေါပမသုတ်" တရားဒေသနာတို့ဖြင့် ဖြေဆိုရာ၏။

http://www.dhammadownload.com



## နခသိခသုတ်

ဘုရားရှင်သည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူပြီးလျှင် ရဟန်းတော်တို့ကို မေးတော်မူ၏-

"ရဟန်းတော်များ၊ အိုချစ်သားတို့၊ ဒီမဟာပထဝီ မြေကြီးပေါ်ရှိ မြေမှုန့်နဲ့ ငါရဲ့ ဒီလက်သည်းပေါ်ရှိ မြေမှုန့်ဟာ အဘယ်မြေမှုန့်က များသလဲ?လို့" မေးတော်မူတယ်။ ဒီတော့ ရဟန်းတော်တွေက ပြန်ပြီးတော့ဖြေကြတယ်။ ဘယ်လိုဖြေလဲဆိုတော့-

"မြတ်စွာဘုရား လက်သည်းတော်ပေါ်ရှိ မြေမှုန့်ဟာ အလွန်တရာမှ နည်းပါးလှပါတယ်။ မဟာပထဝီမြေမှုန့်တွေကား အလွန်တရာ များလှပါတယ်"လို့ ဖြေကြားကြတယ်။ အဲဒီလိုဖြေတော့ ဘုရားရှင်က ရဟန်းတော်တွေကို ဒီလို မိန့်တော်မူပြန်တယ်"

"ရဟန်းတော်များ အိုချစ်သားတို့ အဲဒီအတူပဲ တစ်နေ့ တစ်နေ့မှာ သေဆုံးကြတဲ့ သတ္တဝါတွေထဲမှာ သုဂတိဘုံသို့ ရောက်ကြတဲ့ သတ္တဝါတွေဟာ ငါရဲ့လက်သည်းပေါ်ရှိ မြေမှုန့်ကဲ့သို့ အလွန်တရာ နည်းပါးလှတယ်။ အပါယ်လေးဘုံသို့ ရောက်ကြတဲ့ သတ္တဝါတွေကတော့ မဟာပထဝီမြေကြီးရှိ မြေမှုန့်တွေကဲ့သို့ အလွန်တရာများလှတယ်"

ဟူ၍ ဟောတော်မူတယ်။ ယင်းသို့ အကုသိုလ်များ၍ အပါယ်ကျမှုများ၊ ကုသိုလ်နည်းပါး၍ သုဂတိဘုံအရောက်နည်းပါးပုံကို

http://www.dhammadownload.com



မိမိတို့သန္တာန်တွင် အစဉ်မပြတ်ဖြစ်နေတဲ့ စိတ်အစဉ်ကို အကဲခတ်ကြည့်မှ သိနိုင်မည်။ (နခသိခသုတ်)

## ကောဏကဆန္ဒပေါ်ပမသုတ်

ဘုရားရှင်သည် တစ်နေ့သ၌ ရဟန်းတော်များကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏-

"ရဟန်းတော်များ အိုချစ်သားတို့၊ မဟာသမုဒ္ဒရာထဲမှာ မျက်စိနှစ်ဖက် အစုံပျက်သော လိပ်ငယ်တစ်ကောင်ရှိတယ်။ အဲဒီ လိပ်ငယ်ဟာ မဟာသမုဒ္ဒရာရေအတွင်းမှာပဲ ရောက်မိရောက်ရာ သွားလာနေတယ်။ အနှစ်တစ်ရာမှတစ်ခါ၊ အနှစ်တစ်ထောင်မှ တစ်ခါ ရေပေါ်သို့ ပေါ်လာတယ်"

"ရဟန်းတော်များ အိုချစ်သားတို့၊ အဲဒီမဟာသမုဒ္ဒရာထဲမှာပဲ အပေါက်တစ်ခုသာရှိတဲ့ ထမ်းပိုးငယ်တစ်ခုလည်း ရှိတယ်။ အဲဒီထမ်းပိုးကလည်း လေဆောင်ရာ၊ လှိုင်းဆောင်ရာ အရပ်လေးမျက်နှာ၊ 'အရပ်ရှစ်မျက်နှာ မျောပါးလွင့်ပါပြီးတော့နေတယ်"

"ရဟန်းတော်များ အိုချစ်သားတို့ အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်မှ တစ်ခါသာပေါ်လာတဲ့ အဲဒီလိပ်ကန်းရဲ့ ဦးခေါင်းနဲ့ အဲဒီထမ်းပိုးငယ်အပေါက်ဟာ စွပ်မိနိုင်ရာသော အခွင့်ရှိသလော"

လို့ ဘုရားရှင်က မိန့်တော်မူ မေးတော်မူတော့ ရဟန်းတော်တွေက ဒီလိုဖြေတယ်-

http://www.dhammadownload.com



"မြတ်စွာဘုရား၊ စွပ်မိနိုင်ရာသော အခွင့်မရှိပါ။ သို့သော်လည်း ကပ်ကမ္ဘာမည်သည်မှာ အလွန်တရာ ရှည်ကြာလှသည် ဖြစ်၍ လိပ်ငယ်သည်လည်း မသေမပျောက်ပါမူ ထမ်းပိုးငယ်လည်း မပုပ်မဆွေးပါမူ တစ်ခါတရံ စွပ်မိနိုင်ရာသောအခွင့် ရှိပါတယ်ဘုရား"

ဟူ၍ ရဟန်းတော်တွေက ဘုရားရှင်အား ပြန်လည်ဖြေကြားလျှောက်ထားကြကုန်၏။ ထိုအခါ ဘုရားရှင်က ရဟန်းတော်တွေကို ဤသို့မိန့်တော်မူ၏။

"ရဟန်းတော်များ အိုချစ်သားတို့၊ မျက်စိနှစ်ဖက် အစုံပျက်နေသော လိပ်ငယ်နဲ့ ထမ်းပိုးငယ် စွပ်မိရာသောအခွင့်ဟာအလွန်တရာ လွယ်လှပါသေးတယ်"

"ဟောဒီ သုဂတိဘုံဘဝမှ အပါယ်ဘုံဘဝသို့ တစ်ကြိမ်တစ်ခါ ကျရောက်လေတဲ့သူ့ရဲ့ ဟောဒီသုဂတိဘုံဘဝသို့ တဖန်ပြန်ရောက်လာရန်အခွင့်ဟာ အဲဒါထက် အဆအရာမက အဆတစ်ထောင်မက ခဲယဉ်းလှပါတယ်"

"ရဟန်းတော်များ အိုချစ်သားတို့၊ အဲဒါဘာကြောင့်လည်းဆိုတော့ တရားကို ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းဆိုတဲ့ 'သုစရိုက်မှုမျိုး' ရယ်လို့ အပါယ်ဘုံမှာမရှိ"

"အပါယ်ဘုံမှာ နိုင်ရာနိုင်ရာ သတ်ဖြတ်ပြီးတော့ ညဉ်းဆဲ၍ စားသောက်ခြင်းအစရှိတဲ့ ဒုစရိုက်မှုတွေသာ

http://www.dhammadownload.com



ရှိတယ်။ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း အပါယ်ဘုံမှာ မသိကြဘူး၊ အသက်ရှည်သမျှကာလပတ်လုံး ဒုစရိုက်မှု၊ ဒုက္ခမှုတွေနဲ့သာ နေကြရတယ်"

"အဲဒါကြောင့် တစ်ဘဝထက်တစ်ဘဝ မြုပ်၍မြုပ်၍သာ သွားကြရတယ်။ နစ်၍နစ်၍သာ သွားကြရတယ်"

"အဲဒါကြောင့် အဲဒီ မျက်စိနှစ်ဖက် အစုံပျက်နေတဲ့ လိပ်ငယ်နဲ့ ထမ်းပိုးငယ် စွပ်မိမှုထက် ဒီသုဂတိဘုံဘဝမှ အပါယ်ဘုံဘဝသို့ တစ်ကြိမ်ကျလေသောသူရဲ့ ဒီသုဂတိဘုံဘဝသို့ ပြန်လာရန်အခွင့်ဟာ အဆအရာမက အဆအထောင်မက ခဲယဉ်းလှတယ်" လို့ ဘုရားရှင်ဟောတော်မူတယ်။ ဒီသုတ်ဟာ ကောဏကစ္ဆပေါပမသုတ်တဲ့"

ဒီသုတ်မှာ အပါယ်ဘုံဘဝမှာ တစ်ဘဝထက် တစ်ဘဝ ဝန်လေးဝန်လေးပြီးသွားတဲ့ အကုသိုလ် အသစ်အသစ်တွေအတွက်နဲ့ တစ်ဘဝထက်တစ်ဘဝ မြုပ်မြုပ်ပြီးတော့ သွားတဲ့အတွက် သုဂတိဘုံဘဝသို့ တဖန်ပြန်လာခွင့် ခဲယဉ်းမှုကို ဘုရားဟောတော်မူထားသည်။

သို့ဖြစ်၍ မိမိသည် မိမိနှင့် နီးစပ်သူများအား သုဂတိဘုံဘဝမှာ ကြုံကြိုက်ရသည့်အခိုက် ဒါန, သီလ, ဘာဝနာ စသောကုသိုလ်တရားတွေကို ပြုလုပ်စေလိုသည်။ ပြုလုပ်စေလိုသည့်အတွက် နည်းအမျိုးမျိုးနှင့် ဟောပေးသည်။

http://www.dhammadownload.com



အထူးသဖြင့် မိမိသည် ကလေးသူငယ်များအား သူတို့နားလည်နိုင်သည့် စကားကို သုံးနှုန်းကာ ကုသိုလ်လုပ်ရေး အထူးအလေးပေး၍ ဟောပြောပြသည်။ ယင်းသို့ ဟောပြောမှုနှင့်ပတ်သက်၍ တစ်ခါက ပြဿနာကြုံခဲ့၏။ ပြဿနာမှာ အကော်အကပ်ပြဿနာတော့မဟုတ်ပါ။ ပြောတတ်သောသူကပြော၍ ဖြစ်သင့်သောပြဿနာပင်ဖြစ်ပါသည်။

ပြဿနာကားအဘယ်နည်း? တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိနှင့် မိတ်ဆွေတစ်စု၊ ဆရာတော်တစ်စုသည် တောရကျောင်းတစ်ကျောင်းတွင် သိမ်သမုတ်ရန် ကိစ္စဆောင်ရွက်နေခိုက်ဖြစ်၏။

ယင်းတောရမှာ မိမိနေခဲ့သော တောရဖြစ်၍ တောရလာဒကာ ဒကာမတွေနှင့် မိမိမှာ ရင်းနှီး၏။ သူတို့အား တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ရေးကို တိုက်တွန်းဟောကြားပေး၏။

အထူးသဖြင့် မိမိတပည့်ငယ် သုံးလေးယောက်တို့အား မိမိက ဟောပေး၏–

"နင်တို့တစ်တွေမှာ လူငယ်တွေဆိုတော့ ကုသိုလ်က အင်မတန်အဖြစ်နည်းတယ်၊ အကုသိုလ်တွေသာ အဖြစ်များတယ်၊ အကုသိုလ်များ။ ကုသိုလ်နည်းတော့ မကောင်းကျိုးများ၊ ကောင်းကျိုးနည်းမယ်"

http://www.dhammadownload.com



"လိုချင်တာ၊ ရချင်တာက ကောင်းကျိုးချမ်းသာ၊ လုပ်နေတာ ဖြစ်နေတာတွေက မကောင်းကျိုး ဒုက္ခဖြစ်ကြောင်းတွေဆိုတော့ ကောင်းကျိုးချမ်းသာရဖို့ မလွယ်ဘူး"

"ယခု ဒီတောရကျောင်းမှာ သိမ်သမုတ်ပွဲ ကျင်းပနေတယ်။ သိမ်ကုသိုလ်ဆိုတာ အလွန်တရာ အကျိုးကြီးတယ်။ သိမ်ဟာ သာသနာတော်ရဲ့ အသက်ပဲ"

"ဒီသိမ်ဟာ သာသနာတော် တည်သမျှတည်မယ်။ သာသနာတော်လည်း ဒီသိမ်တွေ တည်သမျှ တည်တာပဲ။ သိမ်မရှိရင် ရဟန်းသံဃာတွေလည်း မရှိနိုင်တော့ သာသနာတော်လည်းမရှိတော့ဘူး"

"သာသနာတော်ရဲ့ အညစ်အကြေးတွေလည်း ဒီလိုသိမ်ထဲမှာပဲ ဆေးကြော သုတ်သင်ရတယ်။ ဒီတော့ သိမ်ကုသိုလ်ဟာ အလွန်တရာ အကျိုးကြီးတယ်"စသည်ဖြင့် မိမိသည် မိမိတပည့်ယော်များအား ဟောကြားဖြီး ဝေယျာဝစ္စစသော ကုသိုလ်များကို ပြုလုပ်ရန် တိုက်တွန်းၝ–

"နင်တို့မှာ အကုသိုလ်တွေ မများဘူးလား"

"များပါတယ်ဘုရား"

"အေး...အဲဒီ အကုသိုလ်တွေကို ကုသိုလ်ကမှ နိုင်တယ်။ ဒါကို မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးက ဒီလိုလင်္ကာ သီထားတယ်–

http://www.dhammadownload.com



"အကုသလ၊ ကုသလဟု၊ ဓမ္မအရိုး၊ ထိုနှစ်မျိုးတို့၊ ကောင်းဆိုးအလို၊ အကုသိုလ်ထက်၊ ကုသိုလ်ကကြီး၊ နိုမ့်ီး ရာစစ်၊ အကိုဖြစ်၏"

"မိုက်ညစ်ဆိုးသူ၊ မကောင်းမှုဖြင့်၊ လူဟူသရွေ့၊ ဒုက္ခ တွေ့သော်၊ သိမ်မွေ့ကောင်းစွာ၊ ကုသိုလ်မှာလျှင်၊ ချမ်းသာ ရကြောင်း၊ ကျင့်ရရှောင်းရှင့်"တဲ့။

ဒုက္ခဆင်းရဲဆိုတာ အကုသိုလ်ရဲ့အကျိုးတွေပဲ။ အဲဒီ အကုသိုလ် အကျိုးတွေ့ရင် အကုသိုလ်ကို နိုင်တယ်ဆိုတဲ့ ကုသိုလ် ကို လုပ်ရမယ် စသည်ဖြင့် မိမိသည် ဟောပေးလိုက်၏။

မိမိကား ကိုယ့်အလုပ်နှင့်ကိုယ်၊ သူတို့ကို သတိမမူမိ။ သူတို့ ကုသိုလ်လုပ်နေသလော၊ ဆော့ကစားနေသလား သတိမထားမိ၊ မကြည့်မိပါ။

တစ်နေ့ နေ့လည်ခင်း မိမိနှင့် မိမိမိတ်ဆွေတစ်ပါးတို့ သစ်ပင် တစ်ပင်အောက်တွင် တရားစကား ဆွေးနွေးပြောကြားနေစဉ် ထို တပည့်ငယ် သုံးလေးယောက် အပြေးအလွှား ရောက်လာပြီး ဦးချကာ တစ်ယောက်က အားရပါးရ လျှောက်ထားလိုက်သည်–

"ဘုန်းဘုန်းဘုရား '**တပည့်တော်တို့ အကုသိုလ်တွေ ကုန်သွားပြီဘုရား**'"

မိမိမှာ ဘာမှမပြောမိ။ မိမိနှင့်စကားပြောနေသူအရှင်က ကောက်ခါင်ခါ ပြောလိုက်သည်။ "ဟော...နင်တို့ ဒီလိုဆို ရဟန္တာ တွေ ဖြစ်သွားပြီပေါ့"တဲ့။

http://www.dhammadownload.com



သူတို့လည်း ကြောင်သွားသည်။ ထိုအရှင်က ဆက်မေးသည်။ "နင်တို့ ဘာတွေလုပ်လို့ အကုသိုလ်တွေ ကုန်သွားတာလဲ"

"တပည့်တော်တို့ သိမ်အတွက် ဝေယျာဝစ္စ ကုသိုလ်တွေ အများကြီး လုပ်ပေးတယ်ဘုရား"

သူတို့မျက်နှာတွေမှာ လန်းဆန်းနေသည်။ ရွှင်ပျသွက်လက်နေသည်။ သို့နှင့် သူတို့နှင့် စကားပြတ်ရန် မိမိက ကြားဝင်လိုက်သည်။

"တပည့်တော်က တိုက်တွန်းထားလို့ သူတို့ ကုသိုလ်လုပ်ပြီး အားရပါးရ လာလျှောက်တာဘုရား"

"ဩော်...ဒီလိုလား။ မသိပါဘူး။ အကုသိုလ်တွေ ကုန်သွားပြီဆိုတော့ ရဟန္တာမှ အကုသိုလ်ကုန်တော့ ရဟန္တာဖြစ်သွားပြီပေါ့လို့ အမှတ်တမဲ့ပဲ ပြောလိုက်တာပဲ"

"သူတို့ကို တပည့်တော်က အကုသိုလ်ကို ကုသိုလ်က နိုင်တယ်။ နင်တို့ အကုသိုလ်တွေ များနေတယ်။ အကုသိုလ်တွေ နိုင်တဲ့ အကျိုးကြီးတဲ့ သိမ်ကုသိုလ်လုပ်လို့ တိုက်တွန်းတာနဲ့ ဝေယျာဝစ္စ ဝိုင်းလုပ်ပြီး လာလျှောက်တယ်ဘုရား"

ထိုအခါမှ မိမိနှင့် စကားပြောနေသူ အရှင်က သဘောပေါက်သွားကာ "အေး...ကောင်းတယ်၊ ကောင်းတယ်၊ ထပ်ပြီး ကုသိုလ်တွေ လုပ်ဦးနော်"ဟု ပြောလိုက်သည်။

"မှန်ပါဘုရား"ဟု လျှောက်ထားကာ တပည့်ငယ်များသည် ရှိခိုးပြီး ဝေယျာဝစ္စ လုပ်ငန်းများလုပ်ရန် ပြန်သွားကြသည်။

http://www.dhammadownload.com



မိမိနှင့် မိတ်ဆွေအရှင်မှ သူတို့အကြောင်းကို ဆက်လက်၍ ဆွေးနွေးခဲ့သည်။ မိမိက ပြောသည်–

"ကလေးတွေဆိုတာ သူတို့ နားလည်နိုင်တဲ့ အသုံးအနှုန်းနဲ့ သာယာဖြေးညင်း နားသွင်းပြောပြမှ သဘောပေါက် နားလည်ပြီး ကုသိုလ်ရေး ဝါသနာပါမှာ။ နားမလည်နိုင်တဲ့ အသုံးအနှုန်းတွေကို သုံးနှုန်းပြောဆိုတော့ သူတို့ နားမလည်ကြရင် ဘယ်ကုသိုလ်လုပ်မလဲ"

"ဟုတ်တာပေါ့"

"ပြီးတော့ ကလေးတွေ ကုသိုလ်ရေးလုပ်ခိုင်းတဲ့နေရာမှာ သူတို့ လုပ်နိုင်စွမ်းရှိတဲ့ သူတို့နိုင်တဲ့ သူတို့ပျော်တဲ့ ကုသိုလ်ရေးကို အလျှင်လုပ်ခိုင်းတာ ကောင်းတယ်"

"အင်း…ဟုတ်တယ်"

"**သဗ္ဗံ အကုသလံ အဓောဂမနီယံ၊ သဗ္ဗံ ကုသလံ ဥဒ္ဓဂံမနီယံ**=အလုံးစုံသော အကုသိုလ်ဟူသမျှဟာ အောက်သို့ စုန်ဖို့ချည်း ဖြစ်တယ်။ အလုံးစုံသော ကုသိုလ်ဟူသမျှဟာ အထက်သို့ ဆန်ဖို့ချည်းဖြစ်တယ်ဆိုတဲ့ သလ္လေသသုတ်အတိုင်း သူတို့လေးတွေ အထက်ဆန်ရေးအတွက် ဒီလိုပဲ နည်းပြပြီး သိမ်းသွင်းရတာပဲ"

"အင်းပေါ့"

"အစမထင်တဲ့ သံသရာတစ်ခွင်မှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေမှာ သူတော်ကောင်းတရား၊ ကုသိုလ်တရားနဲ့ ပြည့်စုံ

http://www.dhammadownload.com



စွာ ဖြစ်ရတဲ့ဘဝဆိုတာ အင်မတန်နည်းပါးတော့ နည်းပါးတာကို များအောင် ဒီလိုပဲ တွန်းပေးရတာပဲ မဟုတ်လား"

"ဟုတ်တာပေါ့"

"ဒီလို လူ့ဘုံလို သုဂတိဘုံမှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်သွားရင် အဲဒီအပါယ်ဘုံမှာ အဆင့်ဆင့် ဖြစ်ပွားပြီး သွားတဲ့ အကုသိုလ်ကံသစ်တွေအတွက် ဒီသုဂတိဘုံသို့ တဖန်ပြန်ရဖို့ဟာ အင်မတန်ခဲယဉ်းတယ်မဟုတ်လား"

"ဟုတ်တာပေါ့"

"အပါယ်လေးဘုံဆိုတာ ဝင်ပေါက်သာရှိတယ်၊ ထွက်ပေါက်မရှိတဲ့၊ ကျပေါက်သာရှိတယ်၊ တက်ပေါက်မရှိတဲ့၊ မြုပ်ပေါက်သာရှိတယ်၊ ပေါ်ပေါက်မရှိတဲ့၊ စုန်ပေါက်သာရှိတယ်၊ ဆန်ပေါက်မရှိတဲ့၊ လယ်တီဆရာတော်ဘုရားကြီးက 'ဘာဝနာဒီပနီ'မှာ ရေးထားတယ်၊ ကြောက်စရာကြီးနော်"

"အင်း...သတ္တဝါတွေကတော့ မသိတော့ မကြောက်တူးပေါ့"

"ကဲ...တော်ကြဦးစို့၊ ညောင်းပြီ"

❀ ကုသိုလ်တရား၊ အစားစား၊ ကြိုးစားပြုသင့်သည်။
❀ အကုသိုလ်များ၊ အစားစား၊ ကြိုးစားရှောင်သင့်သည်။
❀ အကုသိုလ်မွေ့၊ ကုသိုလ်တွေ့၊ ရှောင်၍သွားတတ်သည်။
❀ အကုသိုလ်တွယ်၊ ကုသိုလ်ပယ်၊ အလွယ်လုပ်တတ်သည်။
❀ အကုသိုလ်ပယ်၊ ကုသိုလ်တွယ်၊ တကယ်လုပ်ရမည်။

http://www.dhammadownload.com



# မေဒနာဝေဒ ရေမျှောခဲ့တယ် ဘုရား

## {၁၃}

### လူ ၄–မျိုး

ကိုယ်ကျိုးသာကျင့်သူ၊ သူတစ်ပါးအကျိုးသာကျင့်သူ၊ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးကျင့်သူ၊ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးမကျင့်သူ ဟူ၍ ပုဂ္ဂိုလ် ၄–မျိုးရှိ၏။ ထိုတွင်–

၁။ ကိုယ့်ကျိုးသာ ကျင့်သူမှာ ဥစ္စာစသည် ပြည့်စုံချင် ပြည့်စုံမည် ဖြစ်သော်လည်း စိတ်ချမ်းသာ ပျော်ရွှင်မှုကား အပြည့်အဝ ရလိမ့်မည်မဟုတ်။

၂။ သူ့ကျိုးသာကျင့်သူ၌ မိမိအကျိုးအတွက် သောက ဖြစ်ရတတ်သေး၏။

http://www.dhammadownload.com



၃။ ကိုယ်ကျိုးသူကျိုး နှစ်မျိုးလုံး ကျင့်သူမှာ သောကဝေး၍ အေးချမ်းသာသူ ဖြစ်၏။
၄။ ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံး မကျင့်သူမှာ လောက၌ ဆုံးရှုံးသောသူတစ်ယောက်ဖြစ်၏။

အများအကျိုး အစဉ်ဆောင်သူမှာ အများ၏ ချစ်ခင်လေးစား အရေးထားခြင်းခံရသည့်အပြင် မိမိ၏ထိုကောင်းမှုများကို မြင်တွေ့ရတိုင်း စိတ်ကြည်နူး၍ ရွှင်မြူးချမ်းသာကာ ပျော်ရွှင်လျက်ရှိ၏။ ဘေးကင်းရန်ကင်း စိတ်ချမ်းသာခြင်းဖြင့် အစဉ် အမြဲတ် ထွက်လျက်ရှိ၏။

တစ်ရပ်တစ်ရွာ တစ်မြို့လုံး ထိုလူမျိုးတွေများလျှင် ထိုအရပ်မှာ အစဉ်သာယာအေးချမ်း ရွှင်လန်း ပျော်မွေ့ဖွယ်ရာသာဖြစ်၏။

ထိုအရပ်မျိုး၌ လူလူချင်းမေတ္တာဖြင့် ဖွဲ့လျက်ရှိရာ ကွဲပြားမှု မရှိ။ တသားတည်း ညီညွတ်စည်းလုံးလျက်သာ ရှိမည်ဖြစ်၍ "အပြစ်မရှိသောအလုပ်"မှာ ရပ်ရွာစည်ပင်သာယာရေး၊ လူလူချင်း စည်းလုံးညီညွတ်ရေး၊ ကုသိုလ်အမြဲဖြစ်ရေးအတွက် လေးလေးနက်နက် လိုက်နာသင့်သော ကုသိုလ်မှုဖြစ်ပေသည်။

မိမိသည် ယင်းကုသိုလ်မှုကို ဝါသနာပါသည်။ ဝါသနာအလျောက် အလုပ်လုပ်ရာ မိမိမှာ အအားမရှိ၊ အနားမရှိပါ။ မိမိတောရကျောင်းတွင် ရှိနေလျှင် စာချ၊ စာရေး၊ တရားဟော၊ တရားပြရင်းနှင့် အချိန်ကုန်သည်။ အပြင်ထွက်လျှင် တရားဟော၊ တရားပြ၊ စာကြည့်ရင်းနှင့်အချိန်ကုန်သည်။ ရံခါမူ စာရေးသည်။

http://www.dhammadownload.com



ယင်းသို့ဖြင့် မိမိမှာ အအားမရှိ၊ အနားမရှိပါ။ အလုပ်တစ်ခုမှ အလုပ်တစ်ခုပြောင်းလုပ်ခြင်းသည်ပင် မိမိအတွက် အအား အနား ဖြစ်တော့၏။

ယင်းသို့ ကျင်လည်နေသောမိမိသည် တစ်ခုသော ဝါတွင်းကာလက တစ်ခုသော မှတ်စရာနှင့် ကြုံခဲ့ရ၏။ ဝါတွင်းဖြစ်၍ မိုးက ရံခါရွာ၍ ရံခါမှု မရွာဘဲ အုံ့နေသည်။ ရံခါမူ နေသာလျက်ရှိသည်။ နေရာကား တောင်ပေါ်တောရကျောင်းလေးတွင် ဖြစ်၏။

စာချရင်း တရားဟော တရားပြရင်း အချိန်ကိုအသုံးပြုနေချိန်ဖြစ်၏။ တစ်နေ့ညနေဘက်တွင် ယောဂီများအား တရားစစ်၏။ ယောဂီ ဒကာမကြီးတစ်ယောက်အားမေးသည်။

"ကဲ...ပြောစမ်းပါဦး၊ ဒီနေ့တရားအားထုတ်ရတာ ဘယ်လိုလဲ"

"ဒီနေ့အားထုတ်ရတာ ကောင်းပါတယ်ဘုရား၊ တပည့်တော် တရားအားထုတ်ရအောင်လာတော့ ဟိုရင်ကွဲဇရပ်က ချောင်းကလေးရောက်တော့ '**ဝေဒနာတွေ ရေမျှောခဲ့တယ်ဘုရား**'"

"ဘယ်ကဝေဒနာတွေ ရေမျှောခဲ့တာလဲ"

"တပည့်တော် နေ့တိုင်း နေ့တိုင်း တရားအားထုတ်တော့ အကြောတက် ကိုက်ခဲနဲ့ ဝေဒနာတွေ နေ့တိုင်းတွေ့နေတော့ ဆင်းရဲတာနဲ့ ဝေဒနာတွေကို 'နေရစ်တော့ချောင်းထဲမှာ' ဆိုပြီး မျှောခဲ့တယ်ဘုရား"

http://www.dhammadownload.com



"အင်း...မျှော်ခဲ့တော့ ဝေဒနာတွေ မျှော်သွားတာ တွေ့ရ လား"

"ဘယ်တွေ့ရမလဲဘုရား"

"ဒီနေ့ကော အားထုတ်တော့ ဝေဒနာတွေ တွေ့သေးလား"

"တွေ့ပါတယ်ဘုရား"

"ရေမမျှော်ဘူးပေါ့"

"မမျှော်ပါဘုရား"

"အကုသိုလ်ကုန်အောင် ရေချိုးတဲ့ပုဏ္ဏားတွေလို ဖြစ်နေ ဦးမယ်၊ မျှော်တုန်းက အကုသိုလ်မျှော်တယ်၊ အကုသိုလ်မျှော ရရင် ကုသိုလ်လည်းပါသွားမှာပေါ့လို့ စောဒနာခံရတယ်"

"ယခုလည်း ဒကာမကြီးမျှော်တုန်းက ဒုက္ခဝေဒနာတွေသာ မျှော်တာနဲ့ တူပါတယ်။ ဒုက္ခဝေဒနာသာ ရေမျှော်လို့ရရင် သုခ ဝေဒနာပါ မျှော်လို့ရမှာပေါ့။ ဒီတော့ ဒကာမကြီးမှာ ဝေဒနာတွေ ကုန်ရောပေါ့လို့ မေးစရာမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ကုန်ပြီလား၊ ဝေဒနာတွေ"

"မကုန်ပါဘုရား"

"ဒကာမကြီးက ဒုက္ခဝေဒနာတွေ ရေမျှော်တော့ သုခဝေဒနာ တွေ ရမယ်မျှော်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## သုခဝေဒနာရှုပုံ

"အမှန်က ဒီလိုမဟုတ်ဘူး။ ဒုက္ခဝေဒနာတော့ ရေမျှော၊ သုခဝေဒနာတော့ မျှော်မဖြစ်ရဘူး။ ဝေဒနာရှုတဲ့သူဟာ ဘယ်ဝေဒနာပေါ်ပေါ် သူ့သဘောကိုသိအောင် ရှုရမယ်"

"**ဝေဒနာကို ရေပွက်နှင့်တူစွာရှုရမယ်**"ဆိုတဲ့အတိုင်း ဝေဒနာကို ရေပွက်နှင့်တူစွာ မြင်အောင်ရှုရမယ်။ ရေကန်အပြင်မှာ မိုးရွာတဲ့အခါ သူ့ရေပေါက်နဲ့ သူ့ရေပွက်နဲ့ ဖြစ်ပေါ်ချုပ်ပျက်နေတာကို မြင်ရသလို မိမိကိုယ်သန္တာန်မှာ အာရုံနဲ့ဝတ္ထု အစုစုတို့ တွေ့ကြုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ ဝေဒနာရဲ့ အဖြစ်အပျက်ကို မြင်အောင်ရှုရမယ်"

"ဘယ်လိုရှုကြည့်ရမလဲ? ဆိုပါတော့ ပူအိုက်တဲ့အခါ မိမိရဲ့ ကျောပြင်ပေါ် ရေလောင်းလိုက်မယ်ဆိုရင် အေးမြတဲ့ သုခဝေဒနာတွေ ဖြစ်ပေါ်လာမယ်။ အဲဒီသုခဝေဒနာတွေဟာ ရှေးကရှိနေတာ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ရှေးကရှိနေတဲ့ သုခဝေဒနာတွေ ဖြစ်ခဲ့ရင် ရေမလောင်းမီကလည်း အေးနေရမယ်၊ ဒီလိုလည်း အေးမနေဘူးနော်"

"မှန်ပါဘုရား"

"ကဲ...ဒီတော့ ရေလောင်းလိုက်တဲ့အခါမှာ အသစ်ဖြစ်ပေါ်လာတဲ့ အေးမြတဲ့ သုခဝေဒနာပဲ ဖြစ်ပေါ်ပြီး နောက်လည်း မြဲမနေဘဲ ချုပ်ပျောက်သွားတယ် မဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"အဲဒီသဘောကို မြင်အောင်ရှုရမယ်၊ အဲဒီလိုရှုကြည့်တဲ့အခါ သုခဝေဒနာဟာ ကျောထဲမှာ အမြဲတည်နေတာ မဟုတ်ဘူး၊ ရေနဲ့ ထိတွေ့တဲ့အခါမှ ရေပွက်တွေကဲ့သို့ အသစ်ဖြစ်ပေါ်ပြီး ချုပ်ပျက်သွားပါလားလို့ ဉာဏ်နှင့်မြင်ရမယ်နော်"

"မှန်ပါဘုရား"

## နေပူမှနေရိပ်

"နေပူမှလာပြီးတော့ နေရိပ်တွင်း ဝင်လိုက်တဲ့အခါ လူတစ်ကောင်လုံးမှာ အေးမြတဲ့ သုခဝေဒနာတွေ ဖြစ်ပေါ်လာတယ်။ ဒီဝေဒနာတွေဟာ နေရိပ်ထဲရောက်မှ ဖြစ်ပေါ်လာကြတယ်၊ ဒီသုခဝေဒနာဟာ ကိုယ်ထဲမှာ အမြဲတည်နေတာမဟုတ်ဘူး၊ အရိပ်ထဲဝင်လိုက်တဲ့အခါမှ ရေပွက်တွေလို အသစ်ဖြစ်ပေါ်ပြီး ချုပ်ပျက်သွားကြတယ်လို့ ဖြစ်ပေါ်ချုပ်ပျက်ကိုမြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါဘုရား"

## မီးလှုံယပ်ခတ်

အဲဒီလိုပဲ ချမ်းအေးလှလို့ မီးလှုံလိုက်တဲ့အခါ နွေးတဲ့သုခဝေဒနာတွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီ သုခဝေဒနာတွေဟာ ရှေးက ရှိနေကြတာတွေမဟုတ်ဘူး၊ မီးလှုံလိုက်တဲ့အခါမှ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ်ချုပ်ပျက်နေကြတာမဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"မြင်အောင်ရှုကြည့်ရမယ်၊ ပြီးတော့ ပူအိုက်လို့ ယပ်ခတ်လိုက်တဲ့အခါ အေးတဲ့သုခဝေဒနာတွေဟာ ရှေးကရှိနေကြတာတွေ မဟုတ်ဘူး။ ယပ်ခတ်လိုက်တဲ့အခါမှ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ်ချုပ်ပျက်နေကြတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## အကုန်ကြည့်

"အဲဒါလည်း မြင်အောင်ကြည့်ရမယ်။ အဲဒီမှတစ်ပါး အဝတ်၊ အချို၊ အရံ၊ အခင်း၊ အမျိုးမျိုးတွေနဲ့ ထိတွေ့ရာ၊ လူအချင်းချင်း ထိတွေ့ရာ၊ ဗဟိဒ္ဓအပြင်ပဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတွေနဲ့ ထိတွေ့ရာ၊ အတွင်းခါတ်သားချင်း ထိတွေ့ရာ၊ မိမိသန္တာန်မှာ ဖြစ်ပေါ်လာကြတဲ့ သုခဝေဒနာတွေကိုလည်း မြင်အောင်ရှုကြည့်ရမယ်နော်"

"မှန်ပါဘုရား"

"လွယ်တယ်လို့တော့ မအောက်မေ့နဲ့။ မြင်အောင်ရှုဖို့တော့ ခက်တယ်၊ မြင်ခဲတယ်။ သိလုံးကိုလည်း မြင်လုံးမလုပ်နဲ့ဦးနော်။ သိလုံးကသပ်သပ်၊ မြင်လုံးကသပ်သပ်နော်"

"မှန်ပါဘုရား"

## ဒုက္ခဝေဒနာရှုပုံ

"ကဲ...ယခုဆိုရင် သုခဝေဒနာ ရှုပုံကိုအကြမ်းဖျင်း ပြောပြပြီးပြီ၊ ယခု ဒကာမကြီးကြောက်တဲ့ ဒုက္ခဝေဒနာရှုပုံကို ပြောပြမယ်။ သေသေချာချာ နားထောင်ပါ။ အရေးကြီးပါတယ်"

http://www.dhammadownload.com



"မိမိကျောပြင်ကိုရိုက်လိုက်တဲ့အခါ နာကျင်တဲ့ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်။ အဲဒီဒုက္ခဝေဒနာဟာ ရှေးက ရှိပြီးနေကြတာ မဟုတ်ဘူး။ ရိုက်လိုက်တဲ့အခါမှ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်နေကြတယ်။ အဲဒီ ဖြစ်ပေါ် ချုပ်ပျက်ကို မြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါဘုရား"

"နေပူထဲ သွားလာတဲ့အခါ ပူလောင်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတယ်။ နွေဥတုအခါ ပူအိုက်တဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတယ်။ ဆောင်းဥတုအခါ ချမ်းအေးတဲ့ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတယ်။ အဲဒီဒုက္ခဝေဒနာတွေဟာ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ်ချုပ်ပျက်နေကြတယ်။ အဲဒီ ဖြစ်ပေါ်ချုပ်ပျက်ကို မြင်အောင် ရှုကြည့်ရမယ်နော်"

"မှန်ပါဘုရား"

"အနာရောဂါဖြစ်တဲ့အခါ ညောင်းညာကိုက်ခဲ ယားနာစသည် တွေဟာ အတွင်းခါတ်သားချင်းထိခိုက်လို့ ဖြစ်ပေါ်လာကြတဲ့ ဒုက္ခဝေဒနာတွေပဲ။ အဲဒီ ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတဲ့အခါ ဒီဒုက္ခဝေဒနာဟာ ရှေးရှေးကရှိနေကြတာ မဟုတ်ဘူး။ ယခုမှ အတွင်းခါတ်သားချင်း ထိခိုက်ပြီးတော့ ရေပွက်တွေကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်နေကြတာလို့ အဲဒီဒုက္ခဝေဒနာတွေရဲ့ ဖြစ်ပေါ်ချုပ်ပျက်ကို မြင်အောင်ကြည့်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"မိမိသန္တာန်မှာ အဲဒီလို ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာကြတဲ့အခါ ဒီဒုက္ခဝေဒနာတွေဟာ "ထိတွေ့မှု=ဖဿ"ကြောင့် ယခုမှ အသစ်ဖြစ်ပေါ်လာကြတဲ့ တရားတွေသာ ဖြစ်တယ်။ ဖြစ်ပေါ်ပြီး နောက် ချုပ်ပျောက်ပြီးသွားကြတယ်။ "ငါမဟုတ်၊ ကိုယ်မဟုတ်၊ သူတစ်ပါးတွေသာ ဖြစ်ကြတယ်။ ဒါ့ကြောင့်မို့ ငါယားတာမဟုတ်၊ ငါနာတာမဟုတ်၊ ငါအခံခက်တာမဟုတ်၊ ငါဆင်းရဲတာမဟုတ်၊ ဒုက္ခဝေဒနာ အမှုတွေသာ ဖြစ်တယ်"လို့ ယင်းသို့ မြင်အောင် ရှုရမယ်နော်။ ရေမမျှောရဘူး။ ရေမျှောရင် သုခဝေဒနာတွေပါ ပါသွားလိမ့်မယ်"

"မှန်ပါဘုရား"

## ဥပေက္ခာဝေဒနာရှုပုံ

"ကဲ...ယခုဆိုရင် သုခဝေဒနာနဲ့ ဒုက္ခဝေဒနာရှုပုံကို အကြမ်းဖျင်းပြောပြပြီးပြီ၊ ယခု ဥပေက္ခာဝေဒနာ ရှုပုံကိုပြောပြမယ်။ ပြောပြမယ်ဆိုပေမယ့် ဥပေက္ခာဝေဒနာက မထင်ရှားတဲ့အတွက် မြင်ခဲတယ်နော်"

"ဒါ့ကြောင့်မြင်ခဲတဲ့ ဥပေက္ခာဝေဒနာ ရှုနည်းကို ပြတဲ့အခါ အဲဒီ ဥပေက္ခာဝေဒနာနဲ့ အတူတကွဖြစ်တဲ့ စိတ်ဝိညာဏ်ကို ပဓာနထားပြီးတော့ ရှုရမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဘယ်လိုလဲဆိုတော့ ဥပေက္ခာဝေဒနာနဲ့ အတူဖြစ်တဲ့ စိတ်ဝိညာဏ်ကား–

၁။ မြင်သိစိတ်=စက္ခုဝိညာဏ်၊

၂။ ကြားသိစိတ်=သောတဝိညာဏ်၊

၃။ နံသိစိတ်=ဃာနဝိညာဏ်၊

၄။ စားသိစိတ်=ဇိဝှာဝိညာဏ်၊

အဲဒီ ဝိညာဏ် ၄–ပါးတို့ပဲ။ ဥပေက္ခာ ဝေဒနာရဲ့ အဖြစ်အပျက်ကို မြင်ချင်ရင် ဥပေက္ခာဝေဒနာနဲ့ ဖြစ်တူပျက်တူဖြစ်တဲ့ အဲဒီဝိညာဏ် ၄–ပါးရဲ့အဖြစ်အပျက်ကြည့်။ ဝိညာဏ် ၄–ပါးရဲ့ အဖြစ်အပျက်ကို မြင်ရင် ဥပေက္ခာဝေဒနာရဲ့ အဖြစ်အပျက်ကိုလည်း မြင်မယ်နော်"

"မှန်ပါဘုရား"

## စေတသိကသုခဝေဒနာရှုပုံ

"မိမိရဲ့ စိတ်မနောမှာ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့ ကောင်းတဲ့ ဣဋ္ဌဝတ္ထုတွေ တွေ့ကြုံတဲ့အခါ စိတ်နှလုံး ရွှင်လန်းမှု စိတ်နှလုံး ချမ်းသာမှုဟာ 'စေတသိကသုခဝေဒနာ' ပဲနော်"

"မှန်ပါဘုရား"

"အဲဒီ စေတသိက သုခဝေဒနာဟာ မနောဝိညာဏ်နဲ့အတူဖြစ်တဲ့တရားဖြစ်လို့ ဖြစ်ရာအရပ်ကို မနောဝိညာဏ်နဲ့အတူ မှတ်ရမယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီ စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ခြင်း ဖြစ်လာတဲ့အခါ 'ဒီစေတသိက သုခဝေဒနာ' ဟာ ရှေးက ရှိနေတာမဟုတ်။ ယခုမှ ဖြစ်ပေါ်လာတဲ့ တရားဖြစ်တယ်။ ဖြစ်ပေါ်ပြီးနောက်လည်း ချုပ်ပျောက်သွားတယ်။ ငါနဲ့မဆိုင်၊ ငါပိုင်မဟုတ်တဲ့ တရားသာ ဖြစ်တယ်' လို့ မြင်အောင်ရှုရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီစေတသိက သုခဝေဒနာဟာ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့ ကောင်းတဲ့ ဣဋ္ဌဝတ္ထု တွေ့ကြုံတဲ့အခါ ရေပွက်ကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်ပြီးတော့ နေတယ်။ အမြဲတည်နေတဲ့ တရားမဟုတ်ဘူး။ တွေ့ကြုံဆဲအခါမှာ ဖြစ်ပေါ်လာတဲ့ အရှင်မရှိတဲ့တရားသာဖြစ်တယ်။ ဒါကြောင့်မို့ 'ငါရွှင်လန်းတာမဟုတ်၊ ငါချမ်းသာတာ မဟုတ်၊ စေတသိကသုခဝေဒနာ အမှုသာဖြစ်တယ်' လို့ အဲဒီလို မြင်အောင်ရှုရမယ်နော်"

"မှန်ပါဘုရား"

## စေတသိကဒုက္ခဝေဒနာရှုပုံ

"မိမိရဲ့ စိတ်မနောမှာ မကောင်းတဲ့ အနိဋ္ဌာရုံနဲ့ မကောင်းတဲ့ အနိဋ္ဌဝတ္ထုတွေ တွေ့ကြုံကြတဲ့အခါ စိတ်နှလုံးမချမ်းသာခြင်း၊ စိတ်ပင်ပန်းခြင်းအမှုဟာ 'စေတသိကဒုက္ခဝေဒနာ'ပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီစေတသိက ဒုက္ခဝေဒနာဟာ မနောဝိညာဏ်နဲ့အတူ ဖြစ်တဲ့ တရားဖြစ်လို့ ဖြစ်ရာအရပ်ကို မနောဝိညာဏ်နဲ့အတူ မှတ်ရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီ စိတ်နှလုံး မချမ်းမြေ့ခြင်း၊ စိတ်မချမ်းသာခြင်း ဖြစ်လာတဲ့အခါ "ဒီစေတသိက ဒုက္ခဝေဒနာဟာ ရှေးကရှိနေတာ မဟုတ်။ ယခုမှဖြစ်ပေါ်လာတဲ့ တရားဖြစ်တယ်။ ဖြစ်ပေါ်ပြီးနောက် လည်း ချုပ်ပျောက်သွားတယ်။ ငါနဲ့မဆိုင်၊ ငါပိုင်မဟုတ်တဲ့ တရား သာဖြစ်တယ်"လို့ မြင်အောင်ရှုရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီစေတသိက ဒုက္ခဝေဒနာဟာ မကောင်းတဲ့ အနိဋ္ဌာရုံ နဲ့ မကောင်းတဲ့ အနိဋ္ဌဝတ္ထု တွေ့ကြုံတဲ့အခါ ရေပွက်ကဲ့သို့ ဖြစ်ပေါ် ချုပ်ပျက်ပြီးတော့နေတယ်။ အမြဲ တည်နေတဲ့တရား မဟုတ်ဘူး။ တွေ့ကြုံတဲ့အခါမှ ဖြစ်ပေါ်လာတဲ့ အရှင်မရှိတဲ့တရား သာ ဖြစ်တယ်။ ဒါကြောင့်မို့ "ငါစိတ်နှလုံး မရွှင်လန်းတာ မဟုတ်၊ ငါမချမ်းသာတာမဟုတ်။ စေတသိကဒုက္ခဝေဒနာ အမှုသာဖြစ် တယ်"လို့ အဲဒီလို မြင်အောင်ရှုရမယ်နော်"

"မှန်ပါဘုရား"

## ဥပေက္ခာဝေဒနာရှုပုံ

"ဥပေက္ခာဝေဒနာကို မြင်သာအောင် မနောဝိညာဏ်ရှုပုံလို ရှုရမယ်။ ဒီတော့ ဥပေက္ခာဝေဒနာရှုပုံကို မနောဝိညာဏ်ရှုပုံအတိုင်း ပြောပြမယ်။ မနောဝိညာဏ်ကို အစဉ်မှီးပြီး ဥပေက္ခာဝေဒနာကို ရှုပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"မနောဒွါရ မနောအကြည်ကိုစွဲပြီးတော့ ဖြစ်တဲ့အတွက် မနောဝိညာဏ်ခေါ်တယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အဲဒီ မနောဝိညာဏ်ဟာ ဟဒယခေါ်တဲ့ နှလုံးဘူးထဲမှာ အမြဲရှိနေတာ မဟုတ်ဘူး။ ရေကန်ပေါ်မှာ ငှက်တွေပျံဝဲနေတဲ့ အခါ ရေနဲ့ငှက် နှစ်ပါးစုံကို အစွဲပြုပြီးတော့ ရေအပြင်မှာ ငှက် အရိပ်ထင်လာတယ်။ အဲဒီအတူပဲ မနောအကြည်မှာ ဓမ္မာရုံ ထင်လာတဲ့အခါ မနောနဲ့ ဓမ္မာရုံနှစ်ပါးစုံကို စွဲပြီးတော့ မနော ဝိညာဏ် ဖြစ်ပေါ်လာတယ်။ အဲဒါကြောင့် ဗုဒ္ဓက ဒီလိုဟောတော် မူတယ်"

**"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ**=မနော အကြည်နဲ့ ဓမ္မာရုံတို့ကို အစွဲပြုပြီးတော့ မနောဝိညာဏ် ဖြစ်ပေါ်လာတယ်"

"အဲဒီ မနောအကြည်ဆိုတာ ဘဝင်စိတ်ပဲ၊ အဲဒီ ဘဝင် စိတ်ဟာ နှလုံးဘူးလိုဏ်တွင်းမှာ နှလုံးသွေးလိုဏ်မှာ တည်နေတဲ့ ဟဒယဝတ္ထုရုပ်ကို မှီပြီးတော့ဖြစ်နေတယ်နော်"

"မှန်ပါဘုရား"

"အဲဒီဘဝင်စိတ် ဖြစ်ပြီးတော့ နေတဲ့အခါ ဘာမှန်းမသိ တော့ဘူး။ လောကမှာ 'အိပ်ပျော်နေတယ်၊ မေ့နေတယ်'လို့ ခေါ်ကြတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီ မနောအကြည်မှာ ဓမ္မာရုံ ထင်လာတဲ့အခါ အဲဒီ ဘဝင်စိတ်ပြတ်ပြီးတော့ ဒီဓမ္မာရုံကိုသိတဲ့ မနောဝိညာဏ်တွေဟာ အဲဒီ ဟဒယဝတ္ထုရုပ်ကို မှီပြီးတော့ ဖြစ်ပေါ်လာကြတယ်နော်"

"မှန်ပါဘုရား"

"ဒီမှာ ဓမ္မာရုံဆိုတာကလည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ပဉ္စာရုံမှာ ကြွင်းတဲ့သခ်တ၊ အသခ်တ၊ ပညတ်အကုန် အလုံးစုံသော အာရုံတွေကို ဓမ္မာရုံခေါ်တယ်လို့လည်း မှတ်ထားဦးနော်"

"မှန်ပါဘုရား"

"အဲ...မနောအကြည်မှာ ဓမ္မာရုံထင်လာမှုဟာ အလွန်တရာများတယ်။ မြင်ခဲ့ပြီး၊ ကြားခဲ့ပြီး၊ နံခဲ့ပြီး၊ စားခဲ့ပြီး၊ တွေ့ခဲ့ပြီး၊ သိခဲ့ပြီးတဲ့ အာရုံတွေလည်း ထင်နိုင်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ ဓမ္မာရုံတွေ ထင်လာတဲ့အခါ အဲဒီဓမ္မာရုံတွေကို သိတဲ့ မနောဝိညာဏ်စိတ်တွေ ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားကြတယ်နော်"

"မှန်ပါဘုရား"

"မနောဝိညာဏ်နဲ့အတူ ဖြစ်ပေါ်ချုပ်ပျက်တဲ့ ဥပေက္ခာဝေဒနာကို မြင်အောင်ရှုကြည့်ရမယ်နော်"

"မှန်ပါဘုရား"

"အဲဒါ ဝေဒနာရှုပုံကို အကြမ်းဖျင်းပြောပြတာ။ ကဲ... အဲဒီ ဝေဒနာတွေထဲက ဘယ်ဝေဒနာကို ဒကာမကြီး ရွေးမျှော်ခဲ့လဲ"

http://www.dhammadownload.com



"တပည့်တော်က ဒုက္ခဝေဒနာတစ်ခုထဲ သိတော့ ဒုက္ခဝေဒနာပဲ မျှော်ခဲ့ပါတယ်ဘုရား"

"မျှောလား"

"မမျှောပါဘုရား"

"အေး...နောက် အဲဒီလိုမလုပ်နဲ့နော်။ နောက်မှ ဝေဒနာရှုပွားပုံ သီးခြားဟောပေးမယ်။ ယခု ဒကာမကြီးတွေကို ကာယာနုပဿနာပဲ ပေးထားတာ။ ဝေဒနာနုပဿနာ မပေးရသေးဘူး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဘယ်ဝေဒနာကို ရှုတတ်ဦးမလဲ၊ အမှန်က ဝေဒနာနုပဿနာဟာ အရှုခက်ပါတယ်။ ယခု ပြောခဲ့တာဟာ အကြမ်းဖျင်းပဲရှိပါသေးတယ်။ တချို့ဝေဒနာနုပဿနာရှုသာရှုတယ်။ အဲဒီလောက်တောင် နားမလည်တာတွေ အများကြီးပဲ။ ကဲ...တစ်ယောက်ရှင်းရတာ မောပြီ။ ဒီနေ့ တော်ကြစို့"

❀ ဝေဒနာရှုပွား၊ ယောဂီများ၊ သိထားသေချာဝေဒနာ။
❀ ဝေဒနာမသိ၊ များရှုကြည့်၊ အသိလွဲမြင်မှာ။
❀ အသိမြင်လွဲ၊ အယူလွဲ၊ ပါယ်ထဲရောက်လေမှာ။
❀ တရားရှုတာ၊ အပါယ်ရွာ၊ လွတ်ငှာရှုကြတာ။
❀ ပါယ်မလွတ်ဘဲ၊ အပါယ်ထဲ၊ ရောက်လွဲမကောင်းပါ။
❀ ထို့ကြောင့်သေချာ၊ ဝေဒနာ၊ သိကာရှုကြပါ။

http://www.dhammadownload.com



# ကျေးဇူးရှင်ကြီး၏နောက်ဆုံးခရီး

{၁၄}

အခါန်ကား ၁၃၃၉–ခုနှစ်၊ နတ်တော်လပြည့်ကျော် အချိန်ဖြစ်သည်။ မိမိသည် မြို့ကြီးတစ်မြို့ရှိ ဓမ္မရိပ်သာတစ်ခုတွင် ဓမ္မခရီးသွားနေသည်။ တစ်နေ့ ဒကာတစ်ယောက် ရောက်လာသည်။ ရှိခိုးဦးချပြီးလျှင် သတင်းစကား လျှောက်ထားသည်–

"အရှင် ဇနကာဘိဝံသဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားပြီတဲ့ဘုရား"

"ဘာပြောတယ်ဒကာကြီး"

မိမိမှာ လျှောက်ထားသော ဒကာကြီးရဲ့စကားကို နားရှိ၍သာ ကြားရသော်လည်း ဟုတ်မှဟုတ်ပါလေစဟု ယုံမှားသံသယဖြစ်ခဲ့သည်။ တုန်လှုပ်ချောက်ချားသွားခဲ့သည်။ နှမြောတ,သ ယူကျုံး

http://www.dhammadownload.com



မရ ဖြစ်ခဲ့ရသည်။ လွှမ်းဆွတ်တသမိခဲ့သည်။ သို့နှင့် မိမိသည် ဒကာကြီးအား အထိတ်တလန့်ပင် ပြန်မေးလိုက်မိသည်။

"တပည့်တော်လည်း တိတိကျကျတော့ မသိရသေးပါဘုရား။ ညက မြန်မာ့အသံက အသံလွှင့်သလိုလို ပြောတာပဲဘုရား"

လွဲစေပယ်စေ။ မဟုတ်ပါစေနဲ့။ မိမိမှာ မအေးသောစိတ်နှလုံး၊ မငြိမ်သက်သော စိတ်နှလုံးဖြင့် မပြုံးနိုင်ဘဲ ကြိတ်၍သာ ဆုတောင်းမိပါသည်။

"ဒကာကြီးရယ် မြို့ထဲလှည့်ပတ်ပြီး သတင်းစာလေး ဘာလေး ရှာကြည့်စမ်းပါဦး။ ပြီးတော့က အကျိုးအကြောင်း ဦးပဉ္စင်းလည်း လာပြောပြပါဦး"

"မှန်ပါဘုရား"

နောက်နေ့တွင် ဒကာကြီးသည် သတင်းစာတစ်စောင် ကိုင်လာသည်။ သူ့အမူအရာလည်း မရွှင်ပျ။ သတင်းစာကို ကပ်ပြီးမှ ရှိုးကာ ထိုင်သည်။ မိမိလည်း အရိပ်အကဲဖြင့် ဟုတ်မှန်ကြောင်း သိပြီး စိတ်မချမ်းမမြဲစွာနှင့် သတင်းကိုရှာဖတ်ရတော့သည်။

"၁၃၃၉-ခုနှစ်၊ နတ်တော်လဆုတ်(၂)ရက်၊ (၂၇-၁၂-၇၇)နေ့ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော် ပျံလွန်တော်မူခြင်း"

မိမိ၏ မျက်လုံးအစုံမှာ ပြာဝေသွားသည်။ စိတ်အစဉ်လည်း မရွှင်တော့။ မိမိသည် တရားကျင့်သုံးနေသူ ဖြစ်သော်လည်း ဤသတင်းအတွက်မူ တရားပျက်ခဲ့ရဖြစ်ခဲ့ရ၏။

http://www.dhammadownload.com



သာသနာတော်အတွက်ရော ကမ္ဘာအတွက်ပါ အစားရှာမရသော ဆုံးရှုံးခြင်းအတွက် မိမိနှင့်အတူ ဒီသတင်း ကြားရသူအားလုံး ကြိမ်မီးအုံးသို့ မပြုံးရွှင်နိုင် ငေးမှိုင်နေကြမည်ကိုလည်း မြင်ယောင်မိသည်။

မိမိငယ်စဉ်ကာလ ကိုရင်ဘဝက နေထိုင်ခဲ့သော အမရပူရ မဟာဂန္ဓာရုံတိုက်နှင့် ဆရာတော်ဘုရား၏ မျက်နှာတော်၊ လွန်ခဲ့သော တစ်နှစ်ကျော်ကျော်က ရောက်ခဲ့ရသော ကျောင်းတိုက်နှင့် ဆရာတော်ဘုရား၏ မျက်နှာတော်တို့မှာ အကွင်းသား အကွက်သား ပေါ်လာသည်။

မိမိအမြင်တွင်မူ ဆရာတော်မပျံလွန်တော်မူသေးပါ။ ရှိနေပဲပင်ဖြစ်ပါသည်။ ဆရာတော်သည် ပြုံးလို့ရွှင်လို့ စာပေပို့ချလို့ ဆုံးမဩဝါဒပေးလို့။

ဟုတ်ပါလေရဲ့လား၊ ဆရာတော်ဘုရား ပျံလွန်တော်မူသွားတာ၊ ဒီသတင်းကို မကျေနပ်ပါ။ မိမိဘာဖြစ်နေသနည်း။ ကယောင်ချောက်ချားဖြစ်နေသလော။

အချိန်ကား မြန်လှ၏။ ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဆရာတော်ဘုရား၏ တပည့်၊ ဒကာ ဒကာမများသည် မသာယာလှသော မျက်နှာများနှင့် ဆရာတော်ဘုရား၏ ဈာပနအတွက် ပကာသန မလွှမ်းစေဘဲ ဓမ္မသံဝေဂအစွမ်းဖြင့် ချမ်းငြိမ်သက်စွာ ဆောင်ရွက်ကြရန် သံဃာအမှုဆောင်အဖွဲ့နှင့် ဒကာ–ဒကာမများဘက်မှ ဈာပနကော်မတီ ဖွဲ့စည်းရပေပြီ။

http://www.dhammadownload.com



## ဘုန်းကြီးသေရွာကြေ

ဘုန်းကြီးသေရွာကြေဆိုသည့် စကားပုံပင် ဖြစ်ခဲ့သည်မဟုတ်ပါလော။ သက်တော်ရှိစဉ်ကမူ အနားကပ်ချင်မှ ကပ်သော်လည်း ဂရုတစိုက်ပြုမှုချင်မှ ပြုမူသော်လည်း လှူဒါန်းသမှု ပြုချင်မှ ပြုသော်လည်း သေသည့်အခါမှ ရှိသမျှအိတ်သွန်ဖာမှောက် လှူကြသည်။

ယင်းသို့ အိတ်သွန်ဖာမှောက် ကြီးကျယ်ခမ်းနားစွာ အကုန်အကျခံခြင်းကား ကုသိုလ်ရရေးလော၊ ငွေစီးပွားလော၊ ကျေးဇူးရှင်အား ပူဇော်ခြင်းလော။ ပွဲလမ်းသဘင် အပျော်အရွှင်များကို အားပေးခြင်းလော။ မကွဲပြားကြပေ။

ကျေးဇူးရှင်ဆရာတော်ကား ယင်းတို့ကို လုံးဝမကြိုက်၊ ယင်းအကြောင်းကို အနာဂတ်သာသနာရေးစာအုပ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

သို့ဖြစ်၍ ဆရာကောင်းတပည့်ဖြစ်သည့် ကျန်ရစ်သူ တပည့်သံဃာ၊ လူဒကာ ဒကာမတို့သည် သံဝေဂ မျက်နှာထားများဖြင့် ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို မူလ သီတင်းသုံးတော်မူသည့် ကျောင်းကလေးမှ ပင့်ဆောင်၍ ဦးသောင်းညွှန့်–ဒေါ်ခင်လှတို့၏ တိုက်ကျောင်းကြီးပေါ်သို့ ရွှေ့ပြောင်းပူဇော်ခဲ့ကြသည်။ ပကာသနလွှမ်းသော အခမ်းအနား ဘာမျှမပါ။ တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝတရား ရှေ့ထားလျက်သာ။

ရွှေ့ပြောင်းထားသော စံကျောင်းတော်ကိုလည်း တစ်စုံတရာ ပကာသန ခြယ်လှယ်ထားခြင်း လုံးဝမရှိပါ။ ပကတိကျောင်း

http://www.dhammadownload.com



အတိုင်းပင်။ ရုပ်ကလာပ်တော် သီတင်းသုံးသည့် ခရှင်ကိုလည်း မည်သည့် မွမ်းမံပြင်ဆင်မှုမျိုးမှ မပါပါ။

ရုပ်ကလာပ်တော်ကိုလည်း မည်သည့်မွမ်းမံ ပြင်ဆင်မှုမျိုးမှ မပါဘဲ ရိုးရိုးသက်န်းဖြင့်သာ တင်လွှမ်းထားပါသည်။

ရုပ်ကလာပ်တော် ခေါင်းရင်းဘက်တွင် ရွှေထီးလေးစင်းနှင့် ထီးဖြူတော်လေးစင်းကို သွယ်တန်းစိုက်ထူထားပါသည်။ ရုပ်ကလာပ်တော် ထောင့်လေးထောင့်တွင် တပည့်ရှင်ငယ် ရဟန်းငယ်များသည် သူ့နာရီနှင့်သူ အလှည့်ကျ ရပ်တည်နေကာ လက်အုပ်ချီမိုးလျက် တိတ်ဆိတ်ငြိမ်သက်စွာ နေ့စဉ်ဂါရဝပြု၍ နေကြပါသည်။

ဘုရားရှင်၏ ရုပ်ကလာပ်တော် ပူဇော်သည့်ထုံးကို မြင်ယောင်လာပါသည်။ ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော် ခေါင်းရင်းတွင် ဆရာတော်ဘုရား၏ ရုပ်ပုံတော်နှင့် ဆရာတော်ဘုရား ပြုစုတော်မူခဲ့သည့် ကျမ်းစာများကို ကြည်ညိုစွာ ဖူးတွေ့ရပါသည်။

ဆရာတော်ဘုရား၏ အလိုတော်ကျ ဆရာတော်ဘုရား၏ ဩဝါဒအတိုင်း လိုက်နာကျင့်သုံးခြင်းသည် ဆရာတော်ဘုရားကို တရားတော်ဖြင့် ပူဇော်ခြင်းပင် မဟုတ်ပါလော။

ဘုရားရှင်လည်း ပရိနိဗ္ဗာန် စံဝင်တော် မူခါနီးမှာ နတ်အများ၏ အတီးအမှုတ်စသော ပစ္စယ အာမိသတွေနှင့် ပူဇော်မှုကို အကြောင်းပြုပြီး ရှင်အာနန္ဒ လျှောက်ထားချက်အရ မိန့်ကြားခဲ့သည် မဟုတ်ပါလော–

http://www.dhammadownload.com



"အာနန္ဒါ၊ ဤမျှသောပစ္စည်း အာမိသတွေနဲ့ ပူဇော်ကာမျှ ဖြင့် ငါဘုရားအား လေးစားသမှု မြတ်နိုးကော်ရော်ပူဇော် ရာမည်သည်မဟုတ်၊ အာနန္ဒါ၊ ငါဘုရားဟောကြားတဲ့အတိုင်း လောကုတ္တရာတရား ကိုးပါးအားလျော်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်မှသာလျှင် ငါဘုရားအား မြတ်နိုးကော်ရော် ပူဇော်ရာရောက်တယ်"

ယခုဆရာတော်ဘုရား၏ တပည့်သံဃာနှင့် ဒကာ ဒကာမများသည် ဆရာတော်ဘုရားအား လေးစားမြတ်နိုး ရှိခိုးကော်ရော်ပူဇော်လျက်ရှိကြပါ၏။

ဆရာတော်ဘုရားသည် အချည်းနှီးသော အလဟဿ ဖြုန်းတီးမှုနှင့် အလုပ်ပိုခြင်း၊ ချဲ့ထွင်ခြင်းမျိုးကို ရွံရှာစက်ဆုပ်တော်မူလေ့ရှိပါသည်။

သို့အတွက် ဆရာတော်ဘုရား၏ ရျာပနငွေ ဖြုန်းတီးမှုနှင့် အလုပ်ပိုများ မပါဝင်စေဘဲ ကုန်သင့်မှကုန်ကျရန်၊ အကျိုးရှိသည့် အလုပ်ကိုသာ လုပ်ရန် သံဃအမှုဆောင်အဖွဲ့သည် အစဉ်တစိုက် အလေးဂရုပြု စီမံကြသည်။

ရုပ်ကလာပ်တော် ထည့်သွင်းရန် ခေါင်းစပ်ခြင်း၊ မီးသင်္ဂြိုဟ်ရန် "ကြက်ချေးခံ"ပြုလုပ်ခြင်း၊ ရုပ်ကလာပ်တော် ပင့်ဆောင်ရာလမ်းတစ်လျှောက် ရှင်းလင်း စီမံခြင်းများ ပြုလုပ်နေကြချိန်တွင် ညစဉ် ညစဉ် နိုင်ငံကျော် ဆရာတော်များ၏ တရားပွဲများဖြင့် ကျောင်းပကာ အပူမီးကြွနေသော တပည့်ဒကာ ဒကာမများအား တရားချလျက်ရှိပါ၏။

http://www.dhammadownload.com



ယင်းသို့ ဆရာတော်ဘုရား၏ ဈာပနတွင် တရားပွဲများ ကျင်းပ၍ တရားတော်များ နာကြားနေခြင်းသည် ဆရာတော်ဘုရားအား ဓမ္မပူဇာ တရားတော်ဖြင့် ပူဇော်ခြင်းပင် မဟုတ်ပါလော။

ဝိုချင်းသည်တွေငှားကာ အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေနဲ့ အရှိအသေကင်းမဲ့စွာ ပျော်ပါးသောက်စားခြင်းသာ ပူဇော်ခြင်းလော။ ဗုဒ္ဓ၏ ဩဝါဒကို ဆန့်ကျင်ခြင်းလော?

ဆရာတော်ဘုရား၏ ဈာပနတွင်ကား တိတ်ဆိတ်ငြိမ်သက်လှ၏။ သံဝေဂပြည့်ဝလှ၏။

ဈာပနအတွင်း ကျောင်းရှိ သံဃာငါးရာကျော်နှင့် ရောက်လာသည့် ဧည့်ပရိသတ်တို့အား အချိုးတကျ လှူဒါန်းကျွေးမွေးသည်။ ကျွေးမွေးလှူဒါန်းသမျှလည်း ဆရာတော်ဘုရားအား ရည်ညွှန်းသည်။

၁၃၃၉–ခု၊ နတ်တော်လဆုတ် ၂–ရက်နေ့ ပျံလွန်တော်မူသော ဆရာတော်ဘုရား၏ ဈာပနကို အချိန်ကုန် ငွေကုန် လူပန်းမဖြစ်စေဘဲ နတ်တော်လဆုတ်(၈)ရက်နေ့ (၁၁း၃၀)နာရီ အချိန် ဈာပနအခမ်းနားကို မန္တလေးတိုင်း သာသနာရေးအရာရှိ ဦးလှတင်က စတင်ဖွင့်လှစ်လိုက်ပါသည်။

မပင့်ဖိတ်ဘဲနှင့် ရောက်လာသော ပရိသတ်ထုကြီးမှာ ကြီးကျယ်များပြား စည်ကားပွဲတော်ခဲ့နေသည်။ စံကျောင်းတော်နှင့်တကွ စံကျောင်းပတ်ဝန်းကျင်တွင် နေရာယူကြကာ အခမ်းအနား၌

http://www.dhammadownload.com



ရွတ်ဖတ်သည့် ဂါထာများ၊ စာတမ်းများ ဆုံးမသြဝါဒ တရားများ ကို ငြိမ်သက်စွာ နာကြားကြည်ညိုကြသည်။

ပရိသတ်ကြီး ကြီးကျယ်များပြား ပြွတ်ခဲနေသော်လည်း ဆရာ တော်ဘုရားအား ရိုသေသဒ္ဒါ ဂါရဝရှေ့ထားကြ၍ တိတ်ဆိတ် ငြိမ်သက်လှ၏။ အပ်ကျသံပင် ကြားနိုင်လောက်၏။

တိတ်ဆိတ်ငြိမ်သက်မှုဝိဝေကတရားကို လိုလားတော်မူသော ဆရာတော်ဘုရားအား တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝပြုခြင်းသည် ဆရာတော်ဘုရားအား အထူးပင် လေးစားကော်ရော် ပူဇော်ရာ ရောက်သည် မဟုတ်ပါလော။

ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် တွဲဘက် သာသနာပိုင် ဆရာတော်ကြီးများ၊ အတ္ထုပ္ပတ္တိဖတ်ကြား ရန်၊ သံဝေဂဂါထာများကို ရွတ်ဖတ်ပူဇော်ရန် တာဝန်ကျပုဂ္ဂိုလ် များကလည်း အစီအစဉ်အတိုင်း ကြည်ညိုဖွယ်ရာ ဆောင်ရွက် ရွတ်ဆိုတော်မူကြသည်။

နေ့လည်(၁)ချက်တီးချိန်တွင် ဈာပန အခမ်းအနား ပြီးဆုံး သည်နှင့် စံကျောင်းတော်အတွင်းရှိ ဒကာ ဒကာမများ၊ သီလရှင် များ၊ သံဃာတော်များသည် တိတ်ဆိတ်ငြိမ်သက်စွာပင် စံကျောင်း တော်မှ ထွက်ခွာကြသည်။

ရုပ်ကလာပ်တော် ပင့်ဆောင်မည့် လမ်းတစ်လျှောက်တွင် လမ်း၏ဝဲယာတို့မှ မတ်တတ်ရပ် လက်အုပ်ချီကာ စီတန်းနေရာ ယူကြသည်။

http://www.dhammadownload.com



ထိုစဉ်အခါမှ ဆရာတော်ဘုရား၏ သက်နှင်းတင်လွှမ်းလျက် စံပယ်တော်မူနေသည့် ရုပ်ကလာပ်တော်ကို ဈာပနအကျိုးဆောင် ဆရာတော်များက ကျွန်းခေါင်းသို့ သွင်းယူကာ စံကျောင်းတော်မှ ပင့်ဆောင်ခဲ့ကြသည်။

ထို့နောက် အက္ခရာစဉ်အလိုက် ကမှသအထိ (၁၂)ပါးစီ သတ်မှတ်ပေးထားသော သံဃာတော်များအဖွဲ့က အလှည့်ကျ ထမ်းဆောင်၍ သယ်ယူခဲ့ပါသည်။

ရွှေထီးလေးလက်နှင့် ထီးဖြူတော်လေးစင်း ဆောင်းမိုး ထားသော ရုပ်ကလာပ်တော်ရှေ့မှ နာယက ဆရာတော်များနှင့် သံဃာတော်များ၊ ရုပ်ကလာပ်တော်၏ နောက်မှ ဒကာ ဒကာမများ လိုက်လံ ပို့ဆောင်ကြပါသည်။

ဆရာတော်ဘုရားအား ရှိသေလေးစား ဂါရဝတရား ရှေ့ဝယ် ထား၍ ကားယာဉ်၊ ရထားယာဉ်များမစီး၊ ခြေလျင်ခရီးဖြင့်သာ လိုက်ပါ ပို့ဆောင်ကြပါသည်။

ဆရာတော်ဘုရား သီတင်းသုံးတော်မူခဲ့ရာ မဟာဂန္ဓာရုံ ကျောင်းတိုက်ကိုပတ်၍ အနောက်ဖက်မှ တောင်ဖက်၊ တောင် ဖက်မှ အရှေ့ဖက်ပတ်၍ တောင်သမန် အင်းစောင်းအတိုင်း ပင့် ဆောင်လာရာ နေ့လည်(၂း၀၀)နာရီအချိန်တွင် မီးသင်္ဂြိုဟ်ရန် သတ်မှတ်ထားသည့်နေရာသို့ ရုပ်ကလာပ်တော် ရောက်လာသည်။

ဈာပန ပြာချမည့်နေရာသည် ဆရာတော်ဘုရား သက်တော် ရှိစဉ်က အမြဲတမ်း သီတင်းသုံးတော်မူခဲ့သည့် ပြခန်းဆောင်၏

http://www.dhammadownload.com



အရှေ့ဖက် တည့်တည့် (၃၆)ပေကွာ အရပ်တွင် သတ်မှတ်ထား ပါသည်။

ရွာပနအကျိုးဆောင် ဆရာတော်များနှင့် တာဝန်ပေးထား သည့် သံဃာတော်များက ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော် ကို ရာဇမတ်ကာထားသည့် "ကြက်ချေးခံ"ပေါ်သို့ ပို့ဆောင် လိုက်ကြသည်။

မီးသင်္ဂြိုဟ်ရန် မန္တိုးဆော်ရဘဲ ယူဆောင်လာကြသော နံ့သာ ဖြူ၊ ကရမက်၊ သနပ်ခါး စသော နံ့သာတုံးများမှာ ဂုံနီအိတ် (၁၂)လုံးမျှ ရှိပါသည်။

ရုပ်ကလာပ်တော် မီးသင်္ဂြိုဟ်ရေးနှင့် ဦးစီးညွှန်ကြားပေးသည့် ဆရာဝန် မောင်ကျော်စိန်က ဆရာတော်ဘုရား၏ ရုပ်ကလာပ် တော်၌ ဖဲသင်္ကန်းကို နောက်ဆုံးလွှမ်းတင် ပူဇော်လိုက်ပါသည်။ လေးဖက်လေးတန်မှ ရဟန်းရှင်၊ သီလရှင်နှင့် ဒကာ ဒကာမ ပရိသတ်ကြီးက ရုပ်ကလာပ်တော်ကို တိတ်ဆိတ်ငြိမ်သက်စွာ ဂါရဝပြု ဖူးမျှော်ပူဇော်ရင်း–

"သဗ္ဗညုမည်၊ ဉာဏ်တော်တည်သည့်၊
ရွှေရည်ရုပ်ဝါ၊ ကိုယ်ခန္ဓာလည်း၊
စွန့်ကာပစ်ရ၊ ဤလောကဝယ်၊
ကာယအားလုံး၊ ပစ်ရထုံးသည်၊

နှလုံးမရွှင်ဖွယ်တကား"ဟု သံဝေစိတ်ဖြင့် သောက မီးကို တားဆီးဖြေသိမ့်လျက် ညှိုးလျသော မျက်နှာများဖြင့် ရပ် တည်နေကြပါသည်။

http://www.dhammadownload.com



ရုပ်ကလာပ်တော်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ တပည့်များက လက်ယာရစ် တစ်ပတ်လှည့်ကာ ရုပ်ကလာပ်တော်ကို ဂါရဝပြုပြီးနောက်ပိုင်းတွင် အသင့်ကိုင်ဆောင်ထားသည့် မီးဒုတ်များဖြင့် ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ကြသည်။

ရေမွှေး၊ နံ့သာဖြူ၊ ကရမက်၊ သနပ်ခါး၊ အမွှေးတိုင် စသော နံ့သာမျိုးစုံဖြင့် ထုံမွှမ်းပူဇော် မီးသင်္ဂြိုဟ်လိုက်ကြရာ ည(၉)နာရီ အချိန်တွင်မှ ရုပ်ကလာပ်တော် ပြာကျ၍ ခန္ဓာဝန်တစ်ဖာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူပါသည်။

ထိုအခါ ရှင်တော်ဗုဒ္ဓ၏ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး ရှင်အာနန္ဒာအား မိန့်ကြားချက် တရားစကားပေါ်လာသည်။

"ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ငါဘုရားရှင်ရဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတို့သည် သင်တို့ရဲ့ဆရာ ဘုရားဖြစ်လိမ့်မည်"

ယနေ့ ငါတို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ခန္ဓာဝန် တစ်ဖာတ်သိမ်း၍ ချုပ်ငြိမ်းသွားပေပြီ၊ သို့သော် ဆရာတော်ဘုရား၏ တရားဓမ္မ ဆုံးမသြဝါဒ ပရိယတ်ကျမ်းစာများသည် ရဟန်းရှင်လူ ပြည်သူတို့၏ အသိဉာဏ် အလင်းအား အမြဲတမ်း ထွန်းလင်းပြောင်ပ ဝင်းဝင်းကြွလျက် ဆရာတော်ဘုရား၏ သီလ၊ သမာဓိ၊ ပညာဂုဏ် ရနံ့တို့သည်လည်း ထာဝစဉ်ပင် သင်းပျံ့ပျံ့ ထုံကြိုင်လှိုင်၍ လှိုင်၍ နေပေလိမ့်မည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



"ဆရာတော်ဘုရား...ဆရာတော်ဘုရားသည် တပည့်တော်၏ ကျေးဇူးရှင်ကြီး ဖြစ်ပါ၏။ ယနေ့ ဆရာတော်ဘုရား တစ်ဘဝအတွက် နောက်ဆုံးခရီးဖြစ်ပါ၏"

"ဆရာတော်ဘုရား...ဆရာတော်ဘုရား၏ နောက်ဆုံးခရီးတွင် တပည့်တော် အဓိဋ္ဌာန်ပြုပါ၏"

"ဆရာတော်ဘုရား...သက်တော်ထင်ရှားရှိစဉ်က "ငါတော့ အလုပ်မလုပ်နိုင်ဘဲနဲ့ အသက်ရှည်ပြီး မနေချင်ဘူး။ အလုပ် လုပ်ရင်းနဲ့သာ အသက်ရှည်ချင်တယ်"လို့ ခဏခဏ မိန့်ကြားခဲ့ပါ၏။

"ဆရာတော်ဘုရား...တပည့်တော်သည် သာသနာတော်အတွက် အလုပ်လုပ်ရင်းနဲ့ အသက်ရှည်ပါမည်။ သာသနာတော်အတွက် အလုပ်မလုပ်နိုင်ဘဲနဲ့ အသက်မရှည်လိုပါ"လို့ အဓိဋ္ဌာန်ပြုပါ၏။

"ဆရာတော်ဘုရား...ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က "လောကနှင့် သာသနာအတွက် ခေတ်ပြင် စာပေများကို ရေးရမည်"ဟု မိန့်ကြားခဲ့ပါ၏။ ယနေ့ တပည့်တော်သည် ရေးဆဲဖြစ်ပါ၏။ ရှေ့ကိုလည်း အသက်နှင့်ခန္ဓာ မြဲနေသမျှ ရေးပါမည်ဟု အဓိဋ္ဌာန်ပြုပါ၏။

"ဆရာတော်ဘုရား...ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ပရိယတ်၊ ပဋိပတ် စွယ်စုံရသော ရဟန်းငယ် ရှင်ငယ်တို့ကို ပြုစုပျိုးထောင်ရန် ညွှန်ကြားတော်မူခဲ့၏။ ယင်းလုပ်ငန်းကို

http://www.dhammadownload.com



ဖောက်ချ၍ လုပ်လျက်ရှိပါပြီ၊ ဆက်လက်၍လုပ်ရန်လည်း ခဲဆောက်တည်ပါ၏”

“ဆရာတော်ဘုရား...ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ‘တို့သာသနာတော်အတွက် ဘက်စုံအလုပ်လုပ်ရမယ်’လို့ မိန့်ကြားတော်မူခဲ့ပါသည်။ ယနေ့ တပည့်တော်သည် သာသနာတော်အတွက် စာလည်းရေး၊ စာလည်းချ၊ တရားလည်းဟော၊ တရားလည်းပြ၊ ကိုယ်တိုင်လည်း ကောင်းအောင်နေပြလျက်ရှိနေပါပြီ။ ရှေ့လည်းဘဲ အသက်ထက်ဆုံး ကျင့်သုံးပါမည်ဟု အဓိဋ္ဌာန်ပါ၏”

“ဆရာတော်ဘုရား...ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ‘မင်းတို့ တရားလည်း ဟောရမည်၊ ဒါပေမယ့် ဆွယ်ပြီးတော့ စပ်ပြီးတော့ ဘယ်တော့မှမဟောရ၊ ဟောဖို့ရန် ပင့်လျှောက်မှသာ ဟောရမည်’ဟု မိန့်ကြားခဲ့၏။ ယနေ့ တပည့်တော်တရားလည်း ဟောနေပါပြီ။ သို့သော် ဆွယ်၍လည်း မဟောပါ။ စပ်၍လည်းမဟောပါ။ ပင့်လျှောက်မှသာ ဟောပေးပါသည်။ ရှေ့လည်းယင်းသို့သာ ကျင့်သုံးပါမည်ဟု အဓိဋ္ဌာန်ပါသည်”

“ဆရာတော်ဘုရား...ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က ‘မင်းတို့ တရားဟောတဲ့အခါ သရုပ်ပျက်၊ သဘင်သံ၊ ဂီတသံ၊ သံရှည်ဆွဲကာ ဘယ်တော့မှ မဟောကြနဲ့။ အဲဒီလိုတော့ဖြင့် မဟောတာ ကောင်းတယ်’ဟု မိန့်ကြားတော်မူခဲ့၏။ ယနေ့ တရားဟောတဲ့အခါ ဒီဃ၊ ရဿ၊ ဂရု၊ လဟု ပီပြင်ရုံသာ

http://www.dhammadownload.com



ရွတ်ဆို ဟောပြောပါသည်၊ ရှေ့လည်း ယင်းသို့သာ ကျင့်သုံးပါမည် အဓိဋ္ဌာန်ပါသည်"

"ဆရာတော်ဘုရား...တပည့်တော်သည် ဆရာဘုရား၏ ကောင်းသောဆရာဘုရား၊ ဆရာသမား၏ ကောင်းသောဆရာသမား၏ တပည့်ဖြစ်သည့်အလျောက် ကောင်းသော ဆရာဘုရား၊ ဆရာသမား၏ ကောင်းသောတရားခမ္မတွေကို မဖောက်မဖျက်ဘဲ မိမိကြောင့် ဆရာဘုရား၊ ဆရာသမား ဂုဏ်မတက်သော်လည်း မိမိအတွက်ကြောင့်ဖြင့် ဆရာဘုရား၊ ဆရာသမားဂုဏ်မပျက်ရန် အသက်နှင့်ခန္ဓာ မြဲသမျှ ကျင့်သုံးပါမည်ဟု နိဂုံးချုပ် အဓိဋ္ဌာန် ပြုလိုက်ပါသည် ဆရာတော်ဘုရား"

"ဆရာတော်ဘုရား ရောက်ရာဘဝက သာသနာတော် အတွက် ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ပတ္ထနာပြုပါ၏ ဆရာတော်ဘုရား"

- မသေခင်လေ၊ သင်တို့တွေ၊ ဘာတွေလုပ်မလဲ၊
- လာဘ်သပ်ပကာ၊ ကျော်စောတာ၊ ဘယ်ခါမလွဲပျက်ရမြဲ၊
- ချမ်းသာ–ဆင်းရဲ၊ ထို့တူပဲ၊ မလွဲပျက်ရမြဲ၊
- သေရမည်မှာ၊ မလွဲပါ၊ သေချာအမှန်မြဲ၊
- ကုသိုလ်ဖြင့်သာ၊ ဘဝတာ၊ သေချာမွှမ်းထုံသဲ။

http://www.dhammadownload.com



# သက်သတ်လွတ်မစားရဘူးပေါ့

{၁၅}

"အလုပ်အလွေး ပြုအပ်သော အစားအစာ=ကဗဠီကာရ အာဟာရ"၌ အသိဉာဏ် အခွင့်အပြီးတိုင် ပိုင်သည်ရှိသော် "ကာမ၌ စွဲကပ်မှု=ကာမရာဂ"၌လည်း အသိဉာဏ်အခွင့်အပြီး တိုင် ပိုင်လေတော့သည်။

ကာမရာဂ၌ အသိဉာဏ် အခွင့်အပြီးတိုင် ပိုင်သည်ရှိသော် ကာမ(၁၁)ဘုံ၌ ပဋိသန္ဓေ ဟဖန်နေဖွယ် ကိစ္စမရှိပြီ။ ဗြဟ္မာ့ပြည် သွားဖို့သာ ရှိတော့သည်။

အစာစားသော သတ္တဝါများသည် နေ့စဉ်မှန်မှန် အစာကို စားနေကြ၏။ တချို့က အသားလွတ်စား၏။ တချို့က အသားစား၏။ အစားအနေနဲ့ကြည့်မှု အတူတူသာဖြစ်၏။

http://www.dhammadownload.com



သို့ဖြစ်၍ အသားအစားအစာ၊ အသားလွတ်အစားအစာ ဟူ၍ မခွဲခြားဘဲ သာမန်အစားအစာဟူ၍ ကြည့်ပါ။ ရှုပါ။ အဘယ်သို့ ကြည့်ရ၊ ရှုရမည်နည်း?

မိမိတို့ နေ့စဉ်စားသောက်နေသော အစာအာဟာရမျိုးစုံ၌ ရအောင် ရှာမှီးရမှု ဒုက္ခကြီးကျယ်ပုံကို ကြည့်ရ ရှုရကြည့်ရှုရမည် သိရမည်။

အချုပ်ဆိုသော် အစားစား သတ္တဝါ မှန်သမျှတို့၌ အစာရှာဖွေ အသက်မွေးမြူရမှု ကြီးကျယ်ပုံကိုကြည့်ရ ရှုရ ကြည့်ရှုရမည်၊ သိရမည်။

မြေနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေသတ္တဝါ အားလုံးတို့မှာ အိပ်သော အချိန်အခါကို ချန်လှပ်၍ ကျန်သော အချိန်အခါတွေမှာ အစာအာဟာရ ရှာဖွေရေးကိစ္စနှင့် အသက်ရှည်သမျှ နေ့နေ့ညည ကြောင့်ကြ စိုက်ကြ အားထုတ်ကြရသော အချိန်အခါတွေကို သိမြင်ကြသဖြင့် အသက်မွေးမှု ဒုက္ခကြီးကျယ်ပုံ ကျပ်တည်းပုံကို သိမြင်ရှုပွားပြီး စားနိုင်ရာ၏။

လူတို့၌ အသက်မွေးမှုအတွက်နှင့် ပစ္စည်းဥစ္စာ ရှာဖွေခန်းမှာ တွေ့ကြုံကြရသော ဘေးဥပါဒ်အဆုံး အပိုင်းအခြားမရှိ များပြားလှစွာ၏။

ဤဇမ္ဗူဒိပ်ကျွန်း မြေအပြင်မှာ ဘေးရန်အန္တရာယ် တွေ့ကြုံ၍ သေဆုံးကြရသော ကုန်းသတ္တဝါသည် မရေမတွက်နိုင် အဆုံးအပိုင်းအခြားမရှိ များပြားလှစွာ၏။

http://www.dhammadownload.com



မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ မဟာသမုဒ္ဒရာ စသော ရေသတ္တဝါတို့မှာ ဆိုဖွယ်ရာမရှိပြီ။

ကောင်းကင်နေ သတ္တဝါများလည်း သွားလာပျံသန်း ရှာဖွေရင်း သေကြေကြသည်မှာ မရေတွက်သာပြီ။

အသက်မွေးရန်အတွက် ပစ္စည်းဥစ္စာ၊ အစာအာဟာရကို လိုချင်တောင့်တမှုနှင့် မပြတ်မစဲအမြဲဖြစ်ပွားကြရသော လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ပစ္စည်းဥစ္စာ အစာအာဟာရကို ရရှိလေအောင် ရှာဖွေအားထုတ်မှုနှင့် ဖြစ်ပွားကြသော လောဘမီး၊ ဒေါသမီး၊ မောဟမီး ရှာကြံလုပ်ဆောင်ပါလျက် အခွင့်မပေးအရေးမလှ၍ ဖြစ်ပွားကြသော လောဘမီး၊ ဒေါသမီး၊ မောဟမီး အခွင့်ပေး၍ ရရှိသဖြင့် စောင့်ရှောက်မှု ထိန်းသိမ်းမှု စသည်တို့နှင့် ဖြစ်ပွားကြသော လောဘမီး၊ ဒေါသမီး၊ မောဟမီး ဤမီးတို့ကို တွေ့ရှိသိမြင်အောင် ရှုပွားကြရမည်။

အသက်မွေးမှုကဲ့သို့ ကြီးကျယ်သော မကောင်းသော အကျင့်ဒုစရိုက်နယ်ပယ်ကြီးမည်သည် လောက၌ တစ်စုံတစ်ခုမျှမရှိ။

သူ့အသက်သတ်မှု ဒုစရိုက်၊ သူ့ဥစ္စာခိုးမှု ဒုစရိုက်တွေမှာ အစာအာဟာရ ရှာဖွေ အသက်မွေးမှုအတွက် အကြီးကျယ်ဆုံးတွေ ဖြစ်ပေ၏။

မြေနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေသတ္တဝါတို့သည် သူ့အသက်သတ်မှု ဒုစရိုက် မကျူးလွန်သော သတ္တဝါ

http://www.dhammadownload.com



နည်းပါး၍ ကျူးလွန်သော သတ္တဝါသာ များပြား၏။ ယင်းသို့ ကျူးလွန်သည်မှာ အစာအာဟာရအတွက်ဖြစ်၏။

ယင်းအတူပင် အစာအာဟာရအတွက် ခိုးမှုဒုစရိုက်၊ မုသား ပြောမှု ဒုစရိုက် စသော များပြားလှစွာသော ဒုစရိုက်တွေကို ကျူးလွန်နေရသည်မှာ အစာအာဟာရအတွက်ဖြစ်၏။ ယင်းတို့ကို သိရှိမည်ဖြစ်၏။

ယင်းသို့ အစာအာဟာရအတွက် သတ်မှု၊ ခိုးမှု၊ မုသား ပြောမှု စသော နေ့စဉ်ပြုလုပ်နေကြရသည့် ဒုစရိုက်မှုစက်ကြီးသည် အစာအာဟာရမှုနှင့် မိမိအတွင်းသို့ ပါဝင်သမျှသော မြေကြီးပေါ်ရှိ သတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေသတ္တဝါတွေကို နေ့စဉ် နေ့တိုင်း အပါယ်ငရဲသို့ အတွင်သာလျှင် ပစ်ချ၍ နေလေ၏။ ယင်းကို သိအောင် ရှုကြည့်ရမည်။

အပါယ်လေးဘုံ၌ ရှိသမျှသော သတ္တဝါတွေကို အသိန်း၊ အသန်း၊ အကုဋေ ပုံစုသော်လည်း တစ်ပါးသော အမှုခွင့်နှင့် အပါယ်ဘုံသို့ ကျရောက်သော သတ္တဝါမျိုးသည် တစ်ပုံတစ်စုစာမျှ မရှိလေရာ။

အစာအာဟာရမှု အသက်မွေးမှုနှင့် ကျရောက်သော သတ္တဝါ တို့သည်သာ အများကြီး များလေရာကုန်၏။

ထို့ကြောင့် စကြဝဠာ အနန္တ၊ ကမ္ဘာအနန္တမှာပင် အပါယ် လေးဘုံ ရှိနေရသည်ကား အစာအာဟာရမှု အသက်မွေးမှု ဒုစရိုက် စက်ကြီးရဲ့ အတတ်ပဲလို့ ရှုကြည့် သိမြင်ရမည်။

http://www.dhammadownload.com



ဤပြခဲ့ပြီးသည်ကား သတ္တဝါများ၏ ခံတွင်းသို့ မရောက်မီ ရှေးအဖို့၌ဖြစ်သော အစာအာဟာရအတွက် ခံရသော ဒုက္ခစက်ကြီး ငါးရပ်ဖြစ်သည်။

အစာစားသောက်ပြီးသောအခါ၌ ကျင်ကြီး ကျင်ငယ် စွန့်ရမှု ဒုက္ခ၊ မျက်ရေကျမှု၊ မျက်ချေး၊ နှပ်၊ တံထွေး၊ ချွဲသလိပ်စသော စက်ဆုပ်ဖွယ်သော အစုတို့ကို စမ်းပွက်ရေယဉ်ကဲ့သို့ အစဉ်အမြဲ ပွားမှုဒုက္ခတို့ကို သိမြင်အောင် ရှုပွားစားသောက်ရမည်။

အစားအစာ မျိုပြီး၍ ဝမ်းတွင်းသို့ ရောက်သောအခါ၌ တစ်ကိုယ်လုံးကို ပျံ့နှံ့သဖြင့် အတွင်းသန္တာန် တစ်ကိုယ်လုံး အညှီအပုပ်၊ အနံ့အစော်ချည်း ဖြစ်၍ကုန်ရတော့သည့် ဒုက္ခတို့ကို မြင်အောင်သိအောင် ရှုပွားစားသောက်ရမည် ဖြစ်၏။

အာဟာရ၏အစွမ်းကြောင့် ဖြစ်ပွားသော အနာမျိုး၊ ရောဂါ မျိုးတို့ကို ခံစားရသကဲ့သို့ သိမြင်အောင် ရှုပွားစားသောက်ရမည်။

အနာရောဂါအတွက် မျက်စိအင်္ဂါ ပျက်စီးရသော ဒုက္ခ၊ နားအင်္ဂါ ပျက်စီးရသော ဒုက္ခ၊ နူနာအမျိုးမျိုး ဖြစ်ပွားသော ဒုက္ခ၊ ပန်းနာအမျိုးမျိုးဖြစ်ပွားသော ဒုက္ခ စသော ဒုက္ခအမျိုးမျိုး၊ ထိုထိုရောဂါနှင့် သေဆုံးကြရသောဒုက္ခတို့ကို မြင်အောင် သိအောင် ရှုပွားစားသောက်ရမည်ဖြစ်၏။

ဝမ်း၌ အစာအာဟာရမရှိသောသူတို့အား လောဘစသော တစ်ထောင့်ငါးရာ ကိလေသာမီးတို့သည် ထက်သန်စွာ ထကြွ တောက်ပွားခြင်းငှာ မတတ်နိုင်ကြကုန်။

http://www.dhammadownload.com



ဝမ်း၌ အစာအာဟာရ တောင့်တင်းပြည့်ဝသောအခါမှ လောဘစသော တစ်ထောင့်ငါးရာ ကိလေသာမီးတို့ ထက်သန်စွာ ထကြွ တောက်ပွားနိုင်ကြကုန်၏။

နတ်ပြည် ၆-ထပ်ရှိ နတ်မင်း၊ သိကြားမင်းတို့ပင် ဖြစ်သော်လည်း ဝမ်း၌ အစာအာဟာရ မရှိကြပါလျှင် နတ်မိဖုရားတို့နှင့် ခံစားမှု၊ စံစားမှု၊ ပျော်ပါးမှု၊ ရွှင်မြူးမှုတို့ကို ပြုလိုသော လောဘ မရှိနိုင်ကြကုန်။

ဝမ်း၌ အစာအာဟာရ ရှိသည်နှင့် တစ်ပြိုင်နက် တစ်ထောင့်ငါးရာကိလေသာမီးတို့သည် ထက်သန်စွာ တောက်ပွားနိုင်ကုန်၏။ လောဘကိလေသာမှု၊ ဒေါသကိလေသာမှု၊ မောဟကိလေသာမှု စသည်တို့ကို စိတ်ဖြင့်ကြံစည်နိုင်ကြကုန်၏။ နှုတ်ဖြင့် ပြောဆိုနိုင်ကြကုန်၏။ ကိုယ်ဖြင့် ပြုကျင့်လိုက်စားနိုင်ကြကုန်၏။

ယင်းတို့ကား စားသောက်မျိုဝါးအပ်သော အစာအာဟာရ၌ သိမြင် ရှုပွားအပ်သော ကိလေသာ ပွားများမှု ဒုက္ခစက်ကြီး ဖြစ်၏။

စစ်တိုက်ခြင်း၊ တံငါ၊ မုဆိုး၊ သူခိုး၊ ဓားမြအမှုတို့ကို ပြုလုပ်ခြင်း၊ တိရစ္ဆာန် သတ္တဝါမျိုးဖြစ်၍ သူတစ်ပါးကို ကိုက်ခဲညှဉ်းပန်းခြင်း အစရှိသော လောက၌ ထင်ကြမြင်ကြသမျှသော ဒုစရိုက် (၁၀)ပါး၌ ပွားများခြင်း၊ ဒုစရိုက် ဒုက္ခတို့သည် စားသောက်မျိုဝါးအပ်သော အစာအာဟာရ၌ သိမြင် ရှုပွားအပ်သော ဒုစရိုက်စက်ကြီး ဖြစ်သည်။

http://www.dhammadownload.com



ထိုဒုစရိုက်စက်ကြီးသည် အစာအာဟာရအမှုနှင့် မိမိအတွင်း သို့ ပါဝင်သမျှသော မြေပေါ်ရှိသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်း ကင်နေ သတ္တဝါတို့ကို နေ့စဉ်နေ့တိုင်း အပါယ်ငရဲသို့ အတွင်းပစ်ချ လေ၏။

အပါယ်လေးဘုံ၌ ရှိသမျှသော သတ္တဝါတို့အဖို့ အသိန်း၊ အသန်း၊ အကုဋေ ပုံစုသော်လည်း တစ်ပါးသော အခွင့်နှင့် အပါယ်သို့ကျရောက်သော သတ္တဝါမျိုးသည် တစ်ပုံတစ်စုစာမျှ မရှိလေရာ။

အစာအာဟာရမှု၊ အသက်မွေးမှုနှင့် ကျရောက်သော သတ္တဝါ တို့သည်သာ အများကြီး များလေကုန်ရာ၏။

ထို့ကြောင့် စကြဝဠာအနန္တ၊ ကမ္ဘာအနန္တမှာပင် အပါယ် လေးဘုံရှိနေရသည်ကား အစာအာဟာရမှု၊ အသက်မွေးမှု ဒုစရိုက် စက်ကြီး၏ အတတ်ပေတည်း။

ဤကား စားသောက်မျိုဝါးအပ်သော အစာအာဟာရ သိမြင် ရှုပွားအပ်သော အကျိုးဝိပါက် ဒုက္ခစက်ကြီးတည်း။

မိမိသည် ယင်းသဘောတို့ကို သိစေရန် ဗုဒ္ဓ၏ သက်သတ် လွတ်စာအုပ်ကို ရေးသားခဲ့၏။

သို့သော် ပညာနည်းသူ အချို့လူတို့က ယင်းသို့မသိကြ။ စာအုပ်ဖတ်ပါရက်ကနဲ့ စာသဘောကို မသိကြ။ မသိသူအချို့က **"ဒီလိုဆို သက်သတ်လွတ်မစားရဘူးပေါ့"** တဲ့။

http://www.dhammadownload.com



ယင်းသို့ ပြောကြသည်။ အမှန် စင်စစ် ယင်းတို့သည် စာမတတ်သူ၊ စာမဖတ်တတ်သူတို့သာ ဖြစ်ပါသည်။ တစ်နည်းပြောရသော် တဖက်သတ် အစွဲအလန်းသက်သက်နဲ့ ဖတ်သူတို့သာ ဖြစ်ကုန်၏။

ထိုသူတို့၏ ဉာဏ်မျက်စိကို ပုဂ္ဂိုလ်စွဲ၊ သက်သတ်လွတ်စွဲ တိမ်သလာ စွဲကပ်ခံနေရသော သူများသာဖြစ်ချေ၏။ ယင်းတို့သည် ဘယ်တော့မှ အမှန်ကို မြင်နိုင်မည့်သူတွေ မဟုတ်ကြကုန်။

တချို့က "ဒီကိုယ်တော် အသားငါး တော်တော်ကြိုက်တယ်နဲ့တူတယ်"လို့ ပြောကြသည်။

အမှန်စင်စစ် ယင်းသို့မဟုတ်ပါ။ မိမိကိုယ်တိုင် မသိလိမ္မာခင် ရှေးယခင်က သက်သတ်လွတ်ကို နှစ်နှစ်တိုင်တိုင် စားခဲ့ဖူးပါသည်။

နောက်ပိုင်းတွင်လည်း (၄၉)ရက်၊ (၄၅)ရက်၊ (၂၇)ရက်၊ (၉)ရက်၊ (၇)ရက် စသည် အလီလီ သက်သတ်လွတ် စားခဲ့ဖူးပါသည်။

သက်သတ်လွတ်မစားခင် ရှေးယခင်ကလည်း ကုန်းသတ္တဝါသား ရှောင်ရှားခဲ့ပါသည်။ ယခုလည်း အသားငါးများကို မစားမဖြစ်သည့်အခါမှသာ စားပါသည်၊ မကြိုက်လှပါ။

နောက်ပိုင်းတွင် ဗုဒ္ဓ၏ တရားစစ် တရားမှန်များကို သိသည့်အခါ ဗုဒ္ဓသည် သက်သတ်လွတ် မလွတ်ကို အဓိကအားဖြင့် မဟောကြား၊ သက်သတ်လွတ် မလွတ်သော အစာအာဟာရ၏

http://www.dhammadownload.com



သဘောကို သိဖို့သာ ဟောကြားကြောင်း တိကျစွာသိရသည့် အခါတွင် မိမိ သက်သတ်လွတ် မစားတော့ပါ။

နောက်ပိုင်းတွင် ဆွမ်းခံစားသောမိမိအဖို့ "**သန္တုဋ္ဌိပရမံဓနံ**= ရသမျှနှင့်ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာ"ဆိုတဲ့ ဗုဒ္ဓဟော ဒေသနာအရ ရသမျှနဲ့ ရောင့်ရဲသဖြင့် ကုန်းသတ္တဝါလည်း မရှောင် ခဲ့ပါ။ ရသမျှနှင့် ရောင့်ရဲပါသည်။

မိမိသက်သတ်လွတ်စားစဉ် ရှေးယခင်က ရံခါဆွမ်းစားပါ သွားရသည်။ အိမ်က လူတွေကမသိ။ မိမိမှာ ဖြစ်သလိုစားနိုင်၍ စားသော်လည်း အိမ်သူအိမ်သားတွေ သိသွားသောအခါ စိတ် မကောင်းဖြစ်ကြရ၏။ ဒုက္ခပွားရ၏။

ဗုဒ္ဓဘုရားတပည့် ဖြစ်သည့် မိမိသည် ဗုဒ္ဓဘုရား စကား နားမထောင်သလို ဖြစ်နေသည်။ ဗုဒ္ဓက ရသမျှနှင့် ရောင့်ရဲဖို့ ဟောခဲ့၏။ သက်သတ်လွတ်တွေ့ သက်သတ်လွတ်စား၊ သားငါး တွေ့ သားငါးစား၊ အစာအာဟာရသဘောသိအောင် ရှုပွားစား။ ယင်းသို့ ဟောကြားသည်။

တချို့က စောင်းချိတ်ရေးသည်ဟု ပြောကြသည်။ မိမိသည် မစောင်းမချိတ်ပါ။ ဗုဒ္ဓဟော အာမဂန္ဓသုတ္တန်ကိုမှီထားပြီး ဟော ကြား ရေးသားခြင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓဟောတိုင်း ရေးပါလျက် စောင်းချိတ်ပါသည်ဆိုလျှင် ဗုဒ္ဓ ကို ဘယ်သို့ ပြောရမည်နည်း။

http://www.dhammadownload.com



အမှန်မှာ ယင်းဗုဒ္ဓသက်သတ်လွတ် ရေးရခြင်းသည် မိမိအတွက် တင်ခဲ့သည့် ကြွေးကို ဆပ်ခြင်းပင် ဖြစ်ပါသည်။

မိမိတွင် အဘယ်ကဲ့သို့ ကြွေးတင်သနည်း။ အစာအာဟာရ၏ သဘောသွားမသိခင် ရှေးယခင်က သက်သတ်လွတ်စားခဲ့စဉ်က "မိမိသာလျှင် အကျင့်ကောင်း၊ သူများတွေအကျင့်မကောင်းထင်ခဲ့ပါ၏။ မစားသူတွေကိုလည်း တိုက်တွန်းခဲ့ပါ၏။ စာရှုသူတွေကိုလည်း ကိုယ်တိုင်ကဲ့ရဲ့ခဲ့ပါ၏။

ယင်းသို့ စသည်ဖြင့် မိမိသည်သက်သတ်လွယ်နှင့် ပတ်သက်၍ မိမိကိုယ်ကို မိမိမြှောက်ကာ သူတစ်ပါးကို နှိမ့်ချခဲ့ပါ၏။

သက်သတ်လွတ် အကျင့်ကျင့်လျှင် ကိစ္စပြီးရော ထင်ခဲ့ပါ၏။

ယခုအခါ ယင်းသဘာဝ အားလုံးတို့ကို သိမြင်ပါသဖြင့် နောက်တုန်းက ပြုခဲ့၊ ပြောခဲ့သမျှ၊ ဖြစ်ပွားခဲ့သမျှ၊ ထင်မှားခဲ့သမျှ အပြစ်တွေ ကြေစေရောဆိုတဲ့သဘောနဲ့ ရေးသားခြင်း ဖြစ်ပါသည်။

မိမိမိုက်မှားစဉ်ကကဲ့သို့ မိုက်မှားလျက်ရှိသူများကိုလည်း မျက်စိမြင် နားကြားပင် ဖြစ်ပါသည်။ ယင်းတို့သည် မိမိကဲ့သို့ အမြင်မှန်ပါစေဆိုတဲ့ သဘောနဲ့ ရေးသားခြင်းဖြစ်ပါသည်။

ယင်းသို့ဆိုတော့ သက်သတ်လွတ် မစားရဘူးပေါ့လို့ မထင်လိုက်ပါနဲ့။ စားပါ။ စားနိုင်ပါသည်။ သို့သော် သက်သတ်လွတ်

http://www.dhammadownload.com



စားရုံသက်သက်နဲ့ နတ်ရွာလဲမရောက်၊ နိဗ္ဗာန်လဲမရောက်၊ အပါယ်ဘေးလည်းမကင်းဝေး၊ ကိလေသာလည်းမစင်ကြယ်ဟုတော့သိပါ။

သက်သတ်လွတ်လည်း အစာအာဟာရပဲဖြစ်၍ ယင်းအစာအာဟာရ၏သဘောကို သိအောင် ရှုပွားစားသောက်မှ အကျိုးရှိမည်။ မရှုမပွားဘဲ စားသောက်သော် ဒုစရိုက်တရား၊ ကိလေသာတရားတွေပွားပြီး အပါယ်လေးပါး လားမည်ဟု သိပြီးစားပါ။

တချို့က မလွန်လွန်းဘူးလားဟု ဆိုလာသည်။ ဗုဒ္ဓဟောတဲ့အတိုင်းကို မိမိက ဖောက်သည်ချထားရုံမျှဖြစ်၍ မလွန်လွန်းပါ။

အကယ်တိ လွန်ပါသည်ဆိုလျှင် ဗုဒ္ဓသည် ယင်းဒေသနာတော်ကို အဘယ့်ကြောင့် ဟောသနည်း။ ကျွတ်တမ်းဝင်မည့် ဝေနေယျကိုကြည့်၍ ဟောထားသောကြောင့်ဟု ယူဆပါ။

မှန်ပါသည်။ ဒေသနာတော်သည် နှစ်မျိုးသွားပါသည်။ အချို့မှာ အကျိုးရသွားပါသည်။ အချို့မှာ ယင်းဒေသနာတော်အတွက်ပင် ဗုဒ္ဓအပေါ်မှာ အာဃာတထား ရန်ငြိုးပွားခဲ့ပါသည်။

ယနေ့ မိမိ၏ ဗုဒ္ဓ၏ သက်သတ်လွတ် ဒေသနာတော်နှင့်ပတ်သက်၍လည်း ယင်းသို့ပင် ဖြစ်ပါသည်။ အချို့မှာ အမှန်အကန်သို့ ရောက်သွား၍ မိမိအား ကျေးဇူးတင်ကြပါသည်။

အချို့မှာမူ စောင်းသည်၊ မြောင်းသည်၊ လွန်လွန်းသည်စသည်ဖြင့် အငြိုးပွားကာ အကုသိုလ်များကြသည်။ မိမိအနေနှင့်မူ ဘာတတ်နိုင်မည်နည်း။ ဒေသနာ၏ သဘာဝမို့ ဥပေက္ခာသဘောထားရပါမည်။

http://www.dhammadownload.com



အို…စာရှုသူ၊ စာရှုသူသည် ဗုဒ္ဓ၏ သက်သတ်လွတ်အတွက် အမျက်ထွက်နေသူဖြစ်အံ့၊ စာရှုသူတွင်ရှိနေသော အရောင်ခြယ်ထားသည့်အစွဲတရား မျက်မှန်စိမ်းကြီးကို ဖယ်ရှားကာ ပြန်လည်၍ တစ်ခေါက် ဖတ်ကြည့်ပါ။

ထိုအခါ စာရှုသူသည် အမှန်သဘာဝကို ယထာဘူတကျကျ သိမြင်၍ လမ်းမှန်ပေါ်သို့ ခြေချနိုင်ပါလိမ့်မည်။ လမ်းမှန်ပေါ်ရောက်၍ သွားပါမှ နိဗ္ဗာန်ပေါက်မည် မဟုတ်ပါလော။

အို…စာရှုသူ၊ စာရှုသူသည် အမှန်လိုလားသူ ဖြစ်အံ့၊ အစွဲအလမ်း မထားရာ။ အစွဲအလန်းထားလျှင် စာရှုသူအတွက် နှောင့်ယှက်ခံရသော နိဗ္ဗာန်လမ်းအတွက် အတားအဆီးခံထားရသောသူပင် ဖြစ်တော့သည်။

အို…စာရှုသူ၊ အမှန်မတွေ့သေးခင် မှားတာကတော့ ခွင့်လွှတာပါပဲ။ အမှန်တွေ့ခါမှ အမှားကမခွာနိုင်။ အမှားမှန်းလည်း မသိလျှင်တော့ နစ်တော့မည်။

မိမိသည် ဤစာတွေ ရေးနေခြင်းသည် ကျောင်းတိုက်ကြီးပွားရေး မပါပါ။ နာမည်ကျော်ကြားရေးလည်း မပါပါ။ လာဘ်လာဘများ၊ အသင်းအဖွဲ့ ကြီးပွားရေးလည်း မမျှော်ပါ။ မျှော်ရင်လည်း ဤစာမျိုးမရေးပါဟု စာရှုသူသိပါ။

စင်စစ်မူ စစ်မှန်သော သာသနာတော်ကို စစ်မှန်စွာသိပြီး ကြည်ညိုတတ်လျှင် ကြည်ညိုတတ်သူတို့ အကျိုးရရေးသက်သက်သာ ဖြစ်ပါသတည်း။

http://www.dhammadownload.com



❁ စာအုပ်ဖတ်ကြား၊ စွဲတရား၊ ပယ်ရှားဖတ်လေပါ။
❁ အစွဲငုံထား၊ စာဖတ်ကြား၊ မှန်မှားမသိပါ။
❁ မှန်မှားမသိ၊ ဖတ်ကျိုးကြည့်၊ မရှိသေသေချာ။
❁ မှန်မှားသိမှ၊ အကျိုးရ၊ မှားကပယ်လေပါ။
❁ အမှန်ယူက၊ နိဗ္ဗာန၊ ရောက်ရမြန်မကြာ။

http://www.dhammadownload.com



# သဘောစိုးနဲ့လား၊ တဲ့ဂုဏ်တာလား

{၁၆}

ကျင့်ကြံအားထုတ်မှုဟု ဆိုအပ်သော ပဋိပတ်ကိစ္စတွင် တရားပေါင်းများစွာကို အပင်ပန်း အဆင်းရဲခံ၍ ကျင့်ဆောင်အားထုတ်နေရန် ကိစ္စမရှိပါ။

တရားတစ်ခုကို ပရိညာကိစ္စပေါက်၍ ပိုင်ပိုင်နိုင်နိုင်ရှိအောင် ကျင့်ကြံအားထုတ်လျှင် ကိစ္စပြီးနိုင်ကြောင်းကို သိအပ်၏။ ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် သိမှုကို ပရိညာဆိုသည်။ ထိုပရိညာသည်–

၁။ ဉာတပရိညာ၊

၂။ တီရဏပရိညာ၊

၃။ ပဟာနပရိညာ အားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင်–

http://www.dhammadownload.com



၁။ ဖဿပထဝီ အစရှိကုန်သော ရုပ်–နာမ် တရားတို့၏ တွေ့ထိမှု ခက်မာမှု စသော သဘောလက္ခဏာရင်း တို့ကို ပိုင်ပိုင်နိုင်နိုင်မြင်စွမ်းနိုင်ခြင်းသည် "**ဉာတပရိညာ**" မည်၏။

၂။ ထိုပရမတ္ထသဘောတရားတို့၏ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အနှစ်သာရ အတ္တမရှိ၍ ကိုယ်ဟု စွဲလမ်းစရာ မရှိမှုအနတ္တ။ ယင်းလက္ခဏာသုံးချက်ကို ပိုင်ပိုင်နိုင်နိုင် သိစွမ်းနိုင်ခြင်းသည် "**တီရဏပရိညာ**"မည်၏။

၃။ ထိုပရမတ္ထတရားအစု၌ သာယာစွဲလန်းမှု တဏှာကို အကြွင်းမဲ့ပိုင်ပိုင်နိုင်နိုင် ပယ်စွမ်းနိုင်ခြင်းသည် "**ပဟာန ပရိညာ**"မည်၏။

တစ်ခုတစ်ခုသောတရား၌ ပရိညာသုံးချက်တို့ဖြင့် ပိုင်နိုင်လျှင် ပဋိပတ္တိတရားကိစ္စ ပြီးစီးနိုင်၏။

ထို့ပြင်လည်း "**အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ**" စသည်ဖြင့် ဟောတော်မူသောအတိုင်း "အနိစ္စသညာ တစ်လုံးကို ပိုင်နိုင်စွာ ပွားများနိုင်ကလည်း အနတ္တသည် အလိုလို ပြီးစီး၍ ကိစ္စတုံးနိုင်၏။

ဤသို့ဆိုလျှင် မြတ်စွာဘုရားသည် တပည့်သား သာဝက တို့အား ပဋိပတ်ကျင့်လမ်းတွင် ပင်ပန်းဆင်းရဲခြင်း၊ နှောင့်နှေး ကြာမြင့်ခြင်း မရှိစေဘဲ လွယ်ကူချမ်းသာ လျင်မြန်စွာနှင့် သာဝက ၏ ပြည့်စုံခြင်း ဖြစ်နိုင်ရန် နည်းလမ်းတို့ကို ပြညွှန်းတော်မူခဲ့သည်။

http://www.dhammadownload.com



သာသနာတော်၌–

၁။ သမထ လမ်းစဉ်မှစ၍ အထက် ဝိပဿနာလမ်းသို့ တက်သော "**သမထယာနိကပုဂ္ဂိုလ်**"

၂။ သမထလမ်းသို့ မလိုက်ဘဲ ဝိပဿနာလမ်းသို့လိုက်သော "**ဝိပဿနာယာနိကပုဂ္ဂိုလ်**"ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်–

၁။ အကြင်ပုဂ္ဂိုလ်သည် ကျန်းမာသန်စွမ်းခြင်း စသော ကာယဗလ ကိုယ်အင်အားနှင့်လည်း ပြည့်စုံ၏။ ပညာဉာဏ်နှင့်လည်း ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်းအစရှိသော သမထ အလုပ်စခန်းကို တည်ထောင်၍ ဈာန် အဘိညာဉ်တို့ကို ပြည့်စုံစွာ ဖြစ်ပွားစေ၏။ သမထလမ်းအဆုံးတိုင်မှ ဝိပဿနာအလုပ်စခန်း ကို တည်ထောင်၍ မဂ်ဖိုလ်သို့ရောက်၏။ ထိုပုဂ္ဂိုလ်သည် "**သမထ ယာနိကပုဂ္ဂိုလ်**"မည်၏။

၂။ အကြင်ပုဂ္ဂိုလ်သည်ကား ကာယဗလမရှိ။ ကိုယ်စွမ်း နည်းပါး၏။ ကိုယ်စွမ်းပင် ရှိပါသော်လည်း သမထ အလုပ်စခန်း ကို ကြာမြင့်ဖင့်နွှဲသည်ဟူ၍ ထင်မြင်၏။ ထိုပုဂ္ဂိုလ်သည် သမထ အလုပ်စခန်းကို မတည်ထောင်ဘဲ ဝိပဿနာအလုပ်စခန်း သက် သက်ကိုသာလျှင်ဖွင့်၍ အားထုတ်ကြိုးစားပြီးလျှင် မဂ်ဖိုလ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်သည် "**ဝိပဿနာနိကပုဂ္ဂိုလ်**"မည်၏။

ထို့ကြောင့် ယခုခေတ်အခါ၌လည်း အချိန်ဖင့်နွှဲကြာမြင့်သည် ကို အလိုမရှိဘဲ အလုပ်ကျဉ်းကျဉ်းနှင့် ကိစ္စပြီးစီးလိုသော ပုဂ္ဂိုလ် သည် သမထလမ်းစခန်းသို့ မလိုက်ဘဲ ပထဝီ၊ ဖဿအစရှိသော

http://www.dhammadownload.com



တရားတစ်ခုခု၌ ပရိညာကိစ္စသုံးပါး ထူထောင်ဖွင့်လှစ်၍ အားထုတ်ကြိုးစားရာ၏။

တစ်ခုခုသော တရားအချက်၌ ပရိညာကိစ္စသုံးပါး ထူထောင်ထမြောက်ပါလျှင် ထိုမှအထက်၌ ပြုလုပ်ဖွယ်ကိစ္စမရှိဘဲ ပဓာနအလုပ်ပြီးစီးခြင်းသို့ ရောက်လေ၏။

ဝိပဿနာလမ်းသက်သက်သို့ လိုက်သဖြင့် မဂ်ဖိုလ်ကို ရရှိသော ပုဂ္ဂိုလ်သည် ဈာန်အဘိညာဉ်တည်းဟူသော လောကီတန်ခိုးများ ခြောက်ခန်းသောကြောင့် "**သုက္ခဝိပဿကပုဂ္ဂိုလ်**" မည်၏။

သို့ရာတွင် ဈာန်အဘိညာဉ်တို့၌ အတိတ်ဘဝတို့က ရင်းနှီးထုံမွှမ်းခဲ့သော ပါရမီ အဆောက်အဦး ဓာတ်ခံရှိသောသူတို့မှာ ဝိပဿနာလမ်းသက်သက်နှင့် မဂ်ကိုတက်သောအခါ များများလည်း အလိုလိုပါရှိ၍ လာတတ်၏။ ထိုဈာန်မျိုးကို "**မဂ္ဂ သိဒ္ဓဈာန်**"ခေါ်သည်။ ရှင်အာနန္ဒာနှင့် စူဠပန္ထကတို့ ရရှိသောဈာန်ကဲ့သို့တည်း။

မဂ်ကိုရသည့်အရှိန် အာနုဘော်ကြောင့် တမင်အားမထုတ်ရဘဲ အလိုလိုဖြစ်ပေါ်ရရှိ ပြီးစီးလာသောဈာန်ကို မဂ္ဂသိဒ္ဓဈာန်ဆိုသည်။

ဤကား ဘုရားရှင် ဟောကြား နည်းပေးအပ်သော ပဋိပတ်တရားတော်၏ ကောင်းမြတ်မှန်ကန်သော ကောင်းသော တရားဖြစ်သောကြောင့် တစ်စုံတခုသောတရား၌ ပရိညာသုံးပါးပေါက်

http://www.dhammadownload.com



ရောက်အောင် ပြုလုပ်ကြိုးစားနိုင်သည်ရှိသော် မျက်မှောက် ပစ္စက္ခ ဘဝ၌ပင်လျှင် ကိလေသာ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ ကိလေသာအလုံးစုံကိုလည်းကောင်း၊ ငြိမ်းစေ၍ တပည့် သာဝကတို့၏ သာဝကဂုဏ်နှင့် ပြည့်စုံစေနိုင်ကြောင်းကို ပြဆို သော စကားရပ်ဖြစ်သည်။ အကြင်သာသနာ၌–

၁။ ကိုးကွယ် အားထားရာဖြစ်သော ဘုရား၏ ဘုရား ကောင်း ဘုရားမှန်ဖြစ်ခြင်း၊

၂။ ကျင့်ဆောင်အပ်သော တရားတော်၏ တရားကောင်း တရားမှန်ဖြစ်ခြင်း၊

၃။ မြတ်စွာဘုရား၏ တပည့်သား သာဝကများ၏ သာဝက ဂုဏ်နှင့် ပြည့်စုံ၍ တပည့်ကောင်း တပည့်မှန်ဖြစ်ခြင်း၊ ဤသုံးပါး သော အချက်ကြီးများနှင့်ပြည့်စုံ၏။

ယင်းသို့ ဘုရား၏ ကောင်းသော ဘုရားအဖြစ်၊ တရား တော်၏ ကောင်းသော တရားတော်အဖြစ်၊ တပည့်သား သာဝက ၏ ကောင်းသော တပည့်သား သာဝကအဖြစ်ဟု ဆိုအပ်သော အချက်သုံးပါးနှင့်ပြည့်စုံသော သာသနာတော်သည် ကောင်းမွန် မှန်ကန်သော သာသနာတော်မည်၏။

ယင်းသာသနာတော်သို့ သက်ဝင်ခိုလှုံကြကုန်သော သူတို့ သည် မိမိတို့ ရည်မှန်းမျှော်လင့်အပ်သော မျက်မှောက်ပစ္စုပ္ပန် အကျိုးတို့ကို ရရှိစေနိုင်ကုန်၏။

http://www.dhammadownload.com



သာသနာတော်သို့ သက်ဝင်ယုံကြည်ခြင်း၏ အကျိုးသည် ထင်မှန်းသောအတိုင်း ပေါက်ရောက်၏။

ဘုရားကောင်း ဘုရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ခိုလှုံလျှင် နိဗ္ဗာန်တိုင်အောင်သော အကျိုးထူးများကို ခံစားရ၏။

တရားကောင်း တရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် ခိုလှုံပြီးလျှင် ထိုတရားတော် နည်းလမ်းအတိုင်း ကျင့်ဆောင် သည့်ရှိသော် ထို့အတူ ကြီးစွာသောအကျိုးကို ခံစားရ၏။

သာဝကတို့ ပြည့်စုံသင့် ပြည့်စုံထိုက်သော ဂုဏ်ကျေးဇူး တို့နှင့် ပြည့်စုံသော သာဝကအမွန်အမြတ်၊ သံဃာအမွန်အမြတ် တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံလျှင် ကြီးစွာသော အကျိုး ထူးတို့ကို ရရှိစေနိုင်၏။

ယင်းကဲ့သို့ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်တို့နှင့်ပြည့်စုံသော သာသနာတော်ကို အလွန်ကြုံကြိုက်ခဲလှ၏။

ဘုရားပွင့်ရန် ခဲယဉ်းခြင်း=ဗုဒ္ဓုပ္ပါဒဒုလ္လဘ စသော ဒုလ္လဘ (၅)ချက်ကို ဤကဲ့သို့ မြင့်မြတ်သော သာသနာတော်တွင်းမှာမှ တွေ့ကြုံ တိုက်ဆိုင်ခွင့်ကို ရရှိလေသည်။

ဤသို့ ဖြောင့်မှန်မြင့်မြတ်သော သာသနာမှတစ်ပါး အခြား သာသနာ၌ ထိုဒုလ္လဘ(၅)ချက်ကို တစ်စုံတစ်ခုမျှ မရရှိနိုင်ချေ။

ထူးမြတ်လှစွာသော သာသနာတော်၏ ပြည့်စုံခြင်း၊ ခေတ် ကောင်းကြီးနှင့် တွေ့ကြုံသည့်အခါ အထက်တန်းကျ မြင့်မားလှ သော တရားတော်ကြီးများကို အားမထုတ်ဘဲရှိစေကာမူ ရတနာ

http://www.dhammadownload.com



သုံးပါးဂုဏ်ကို ယုံယုံကြည်ကြည်သက်ဝင်၍ ကိုးကွယ်ရာအမှတ်ဖြင့် ဆည်းကပ်အားထားလျှင်ပင် ကြီးမြတ်ဖွံ့ဖြိုးသော အကျိုးထူးကို ရရှိစေနိုင်၏။

ဥပမာဆိုသော် နေပူထိးထိး အရိပ်မဲ့သော လွင်ပြင်ကြီးအတွင်း၌သာ အပူတပြင်း လျှောက်သွားနေရသောသူသည် အသီးအပွင့်အမျိုးမျိုးနှင့်ပြည့်စုံသော အေးမြချမ်းသာသည့် ဥယျာဉ်ကြီးအတွင်းသို့ ဆိုက်ရောက်လေရာ အသီးအပွင့်တို့ကို မသုံးဆောင်ရစေကာမူ အေးမြချမ်းသာသော အရိပ်အာဝါသကို ခိုလှုံရကာမျှနှင့် အပူအပင်ပျောက်ကင်း၍ အေးမြချမ်းသာခြင်းကို ရရှိသကဲ့သို့တည်း။

ဤ၌ ဥပမာ ဥပမေယျ စပ်ဟပ်ပြရသော်—

၁။ နေပူထိးထိး လွင်ပြင်ကြီးနှင့် သာသနာမှန်နှင့်ကင်းသော သာသနာပနှင့်တူ၏။

၂။ အေးမြသာယာသော ဥယျာဉ်ကြီးနှင့် မှန်ကန်ကောင်းမွန်သော သာသနာနှင့်တူ၏။

၃။ အေးမြသော အရိပ်အာဝါသနှင့် သရဏဂုံသုံးပါးနှင့်တူ၏။

၄။ ကောင်းမြတ်သော အပွင့်အသီးတို့နှင့် ထိုသာသနာတော်ကိုမှီ၍ ရရှိနိုင်သောစျာန်, အဘိညာဉ်, မဂ်, ဖိုလ် တရားတို့တူကုန်၏။

၅။ လွင်ပြင်ကြီး၌ ဆင်းရဲပင်ပန်းစွာ သွားလာနေခိုက် ဖြစ်

http://www.dhammadownload.com



သောသူနှင့် သာသနာတော်ကောင်း၊ သာသနာတော်မှန်ကို မတွေ့ ရဘဲ သံသရာတခွင်မှာ မှောက်မှောက်မှားမှား ကျင်လည်နေရသူနှင့်တူ၏။

၆။ ဥယျာဉ်ကြီးသို့ရောက်၍ အရိပ်ကိုခိုလှုံသဖြင့် အေးမြချမ်းသာခြင်းနှင့် သာသနာတော်ကောင်း၊ သာသနာတော်မှန်သို့ ဝင်ရောက်၍ သရဏဂုံသုံးပါး ခံယူဆောက်တည်ခြင်းတူ၏။

အဆိုပါဥပမာ၌ ဥယျာဉ်ကြီးသို့ဝင်၍ အရိပ်၌ နားနေပြီးလျှင် အပွင့်အသီးတို့ကို မရရကြောင်း ကောင်းသောဝီရိယတို့ဖြင့် ဆွတ်ချူပြီးလျှင် ထူးမြတ်လွန်ကဲသော အပွင့်အသီးတို့ကို သုံးဆောင်ရပြန်လေ၏။

အပွင့်အသီးတို့ကို ရအောင်ဆွတ်ချူသော ဝီရိယနှင့် သမထအလုပ်၊ ဝိပဿနာအလုပ်ကို အားထုတ်မှု ပဓာနဝီရိယ တူ၏။

အပွင့်အသီးတို့ကို သုံးဆောင်ရခြင်းနှင့် ဈာန်. အဘိညာဉ်, မဂ်, ဖိုလ်တို့ကို ရရှိခံစားရခြင်းတူ၏။

ယခုလက်ငင်း မိမိတို့တွေ့ကြုံ၍နေကြသော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် ဘုရားကောင်း ဘုရားမှန်၊ တရားကောင်း တရားမှန်၊ တပည့်ကောင်း တပည့်မှန် သံဃာတော်တို့နှင့်ပြည့်စုံသော သာသနာတော်ကောင်း၊ သာသနာတော်မှန်ကြီး အစစ်ဖြစ်ပေ၏။

ထိုသာသနာတော်ကောင်း၊ သာသနာတော်မှန်ကြီးအတွင်းသို့

http://www.dhammadownload.com



သက်ဝင်ခိုလှုံလျက် ရှိနေကြကုန်သော သူအပေါင်းတို့သည် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့်–

၁။ ငါတို့ကိုးကွယ်ရာဖြစ်သော ဘုရားသည် အဘယ်ကဲ့သို့ ဘုရားကောင်း၊ ဘုရားမှန်ဖြစ်ပါသနည်း။

၂။ ငါတို့ကိုးကွယ်အားထားအပ်သော တရားတော်သည် အဘယ်ကဲ့သို့ တရားတော်ကောင်း၊ တရားတော်မှန် ဖြစ်ပါသနည်း။

၃။ ငါတို့ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များသည် အဘယ်သို့လျှင် သာဝကကောင်း၊ သာဝက မှန်ဖြစ်ပါသနည်း။

ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်ခိုက် ယင်းသို့ မသိ,သိအောင် စုံစမ်းဆင်ခြင်ပြီးလျှင် ရတနာသုံးပါးဂုဏ်ကို ကျကျနန ထိထိ ရောက်ရောက် ယုံကြည်စွာနှင့်ဆည်းကပ်၍ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကျင့်တရားများ အမြဲမပြတ် ကိုယ်ဝယ် တည်စေရာ၏။

မတည်သေးသူများကို တည်အောင် သာသနာတော်၏ ကောင်းခြင်းဂုဏ်ကို ပြ၍တည်စေရာ၏။

တည်ပြီးသောသူများလည်း သာသနာတော်၏ကောင်းခြင်း ဂုဏ်ကိုသိ၍ အတိုင်းထက်အလွန် တည်စေရာ၏။

ယင်းသို့သော ရည်ရွယ်ချက်နှင့် မိမိသည် ဓမ္မဒေသနာ ခရီးသည်အဖြစ် လှည့်လည်ရင်း ကြုံကြိုက်ခဲ့ရသော ရှောင်ရှား စရာဖြစ်သော ဗုဒ္ဓဓမ္မနှင့်ပတ်သက်သော ပြဿနာများ လိုက်နာ

http://www.dhammadownload.com



စရာဖြစ်သော ဗုဒ္ဓဓမ္မနှင့်ပတ်သက်သော ပြဿနာများကို တင်ပြခဲ့ရာ ယခုအခါ အမှတ်(၅)သို့ပင် ရောက်ချေပြီ။

ယင်းပြဿနာများကို ဖတ်ရှုရ၍ အကောင်းဖက်သို့ရောက်လာသူ အတော်များများကိုလည်း မိမိကိုယ်တိုင် တွေ့ခဲ့ရပြီး တစ်ဆင့်ကြားလည်း သိခဲ့ရပြီ။

ဆက်လက်ရေးသားပါရန် အကြံပေးလွှာ၊ တိုက်တွန်းလွှာများ။ ပြဿနာများလည်းရပါသည်။ ယင်းသည့်အကြားမှ ပြဿနာတစ်ခုလည်း ရပါသေးသည်။

ယင်းကား အသို့နည်း။ တစ်ချိန်သောဆောင်းကာလဖြစ်၏။ ဓမ္မဒေသနာခရီး လှည့်လည်စဉ်က မိတ်ဆွေတစ်ဦးနှင့်ကြုံ၏။ ထိုအခါ သူက အားရဝမ်းသာ ပြောဆိုမေးမြန်း၏။

"မောင်ပညာဇောတ၊ မင်းကို တစ်ချို့ကမေးကြတယ်"

"အင်း…ဘယ်လိုမေးလဲ၊ အမိန့်ရှိပါဦးဘုရား"

"မင်းစာတွေရေးနေတာဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးနေတာလဲတဲ့"

"ဩော်…ဒါလား၊ တပည့်တော်က ဘာများလဲလို့ လန့်တောင်သွားတယ်"

"အေး…အေး…မင်းသဘောထား ပြောပြစမ်းပါဦး"

"အဲဒီ မေးတဲ့လူကို တပည့်တော်ဆီ လွှတ်ပေးလိုက်ရင် တပည့်တော်နဲ့ မေးဖြေရရင် တစ်ခါတည်း ပြဿနာပြေလည်သွားမှာပဲ။ ခုတော့ ဘုန်းကြီးကတစ်ဆင့်ဆိုတော့ ပြေလည်ပ့ါ

http://www.dhammadownload.com



မလားဘုရား"

"ပြေလည်ပါတယ်ကွာ၊ မေးတဲ့လူက မင်းနဲ့တွေ့ပြီးမမေးရဲလို့တဲ့"

"ဘာဖြစ်လို့ မမေးရဲရတာလဲဘုရား"

"တော်တော်ကြာ စာအုပ်ထဲ ပါလာမှာစိုးလို့တဲ့"

"သြော်...မကြောက်သင့်တာ ကြံကြောက်နေတယ်။ တပည့်တော်က သာသနာရေးနဲ့ မပတ်သက်တဲ့ သာသနာတော်လည်း ကျေးဇူးမများတာဆို ရေးပါ တောင်းပန်တောင်မှ မရေးပါဘူး"

"အေး...အေး...ကောင်းတယ်၊ ကောင်းတယ်၊ ငါလဲ မင်းစာတွေ သဘောကျတယ်။ အဲဒီ မေးတဲ့လူလဲ သဘောကျတာပါပဲ"

"ဒါဖြင့် မေးတဲ့လူက တပည့်တော်ရဲ့ သဘောထား ရည်ရွယ်ချက် မသိသေးလို့ သိချင်တယ်ပေါ့နော်"

"အင်း...အင်း...ရှင်းစမ်းပါဦး၊ လင်းစမ်းပါဦး"

"အမှန်က အဲဒီပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်ဓွဲ၊ ဂိုဏ်းဂနဓွဲ၊ အသင်းအဖွဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်နဲ့တူပါတယ်ဘုရား"

"ဟ...ဆိုလှချည်လား၊ ဘာဖြစ်လို့လဲ"

"အစွဲနဲ့ဖတ်တော့ မိမိတို့ အသင်းအဖွဲ့ ပုဂ္ဂိုလ်ရေးနဲ့ ပတ်သက်သော အချက်အလက်တွေ တွေ့ရင် ဒါဟာ တို့စောင်းရေးထာပဲဆိုတော့ သဘောမှန်သို့ ရောက်ပါဦးမလား"

"ဘယ်ရောက်တော့မလဲ"

http://www.dhammadownload.com



"အမှန်က စာရေးဆရာရဲ့ ရည်ရွယ်ချက် သဘောထား ခံယူချက်ကို သိချင်ရင် အဲဒီစာရေးဆရာရေးတဲ့ စာအုပ်ရဲ့ နိဒါန်းကို ကြည့်ရမယ်ဘုရား"

"အေး…အေး…ပြောစမ်းပါဦး"

"စာအုပ်တစ်အုပ်ရဲ့ နိဒါန်းဆိုတာ စာရေးဆရာရဲ့ သဘောထားကို ဖော်ပြထားတာပဲဘုရား။ ပြီးတော့ စာအုပ်နဲ့ စာဖတ်ပရိသတ်နဲ့လဲ မိတ်ဆက်ပြထားတာပဲဘုရား"

"အေး…အေး…ဟုတ်တာပေါ့"

"ကဲ…သူ့အမေးကို တပည့်တော် ဖြေရရင် သာသနာတော်ကို အသရေပျက်စေမည့် အကြောင်းအရာများကို ကာကွယ်တဲ့ သဘောနဲ့ ရေးပါတယ်"

"အေး…အေး…ကောင်းတယ်၊ ကောင်းတယ်"

"ပြီးတော့ သာသနာတော်ကို အသရေ တက်စေမယ့် အကြောင်းအရာများကို ရေးတယ်"

"အေး…ငါလဲ သဘောကျတယ်"

"ကဲ…ဒီလောက်ဆိုရင် တပည့်တော်ရဲ့ ခံယူချက်သဘောထား မပေါ်ဘူးလားဘုရား"

"ပေါ်ပါတယ်၊ သူ့အမေးတစ်ခု ရှိသေးတယ်။ ကဲ…အဲဒါလည်း မင်းဖြေပါဦး"

"အမိန့်ရှိပါဘုရား၊ ဖြေပါ့မယ်"

**"သဘောရိုးနဲ့လား၊ တိုက်တာလားတဲ့"**

http://www.dhammadownload.com



"ရှင်းပါဦးဘုရား။ ပြဿနာက ကျဉ်းနေပါတယ်၊ တပည့်တော် မလင်းတော့ မရှင်းတတ်ပါဘုရား"

"ဩော်...မင်းစာရေးနေတာဟာ သဘောရိုးနဲ့ ရေးတာလား၊ တိုက်ခိုက်နေတာလားတဲ့"

"ဩော်...ဩော်...မေးမှမေးတတ်ပလေနော်။ အဲဒါပုဂ္ဂိုလ်ရေး သိပ်ဆန်တဲ့မေးခွန်းပဲ၊ တရားရေးမဆန်ဘူး"

"ကဲ...ကဲ...ဘာပဲဆန်ဆန် မင်းသဘောထားသာ အတိအကျဖြေပါ"

"တင်ပါ၊ ဖြေပါ့မယ်၊ တပည့်တော်ဟာ အတိုက်အခိုက် ဝါသနာမပါပါ ဘုရား"

"ဒါဖြင့် မင်းရေးနေတာ တိုက်တာမဟုတ်ဘူးပေါ့"

"ဘုန်းကြီးကလည်း ဖီးကွက်၊ ဖီးကွက်ပါဆို ဘာငှက်လဲ မေးနေရပြန်ပြီ"

"မင်းက တစ်ခါတည်း တိုက်တယ်ဆိုတိုက်တယ်၊ မတိုက်ဘူးဆို မတိုက်ဘူးမှ မပြောတာ ငါကဘယ်သိမလဲ"

"တပည့်တော်စာရေးနေတာ မည်သူ့ကိုမျှ တိုက်ခိုက်လိုတဲ့ စိတ်ထားနဲ့ ရေးတာမဟုတ်ပါဘုရား၊ ပြုပြင်ရေးသဘောနဲ့သာ ရေးနေပါတယ်ဘုရား"

"အင်း...အင်း၊ ကောင်းတယ်၊ ကောင်းတယ်"

"ဓမ္မဒေသနာခရီး လှည့်လည်ရင်း တွေ့ကြုံခဲ့တဲ့ ဗုဒ္ဓဓမ္မ ပြဿနာများကို ပုဂ္ဂိုလ်ရေးမဖက်၊ သာသနာရေးသက်သက်နဲ့

http://www.dhammadownload.com



ရေးပါတယ်ဘုရား"

"အင်း... အင်း"

"တပည့်တော်တို့ ဗုဒ္ဓဟာ သိက္ခာပုဒ်တွေကို ပညတ်တဲ့နေရာမှာ ဘုန်းကြီးသတိထားမိရဲ့လား"

"ဘယ်လိုသတိထားမိရတာလဲ"

"အများဆုံးသော သိက္ခာပုဒ်တွေဟာ လူ, ရှင်, ရဟန်းတွေ ကဲ့ရဲ့လို့ ပညတ်ရတဲ့ သိက္ခာပုဒ်တွေ မဟုတ်လားဘုရား"

"အေး... အေး၊ ဟုတ်တာပေါ့"

"အဲဒီလို လူ, ရှင်, ရဟန်းတွေက အမြင်မတော်၊ အကြားမတော်လို့ ကဲ့ရဲ့တော့ ကဲ့ရဲ့တဲ့အသံဟာ ဗုဒ္ဓထံတော် ရောက်သွားတယ်မဟုတ်လားဘုရား"

"အေးပေါ့ကွ၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ဗုဒ္ဓထံတော်ပါး ရောက်သွားတာပေါ့"

"အဲဒီလိုရောက်သွားတော့ ဗုဒ္ဓက ရဟန်းတော်တွေကို ခေါ်တော်မူပြီး နောက်ဒါမျိုးမလုပ်ရ၊ မပြောရဆိုတဲ့ သဘောနဲ့ သိက္ခာပုဒ်တွေ ပညတ်လိုက်တော့ အဲဒီကဲ့ရဲ့သူတွေဟာ ကဲ့ရဲ့စရာအခွင့်မရတော့ဘဲ သာသနာတော်ကို ကြည်ညိုသွားရော မဟုတ်လားဘုရား"

"အေးပေါ့"

"အဲဒီလို ပညတ်လိုက်တော့ အဲဒီကဲ့ရဲ့သူတွေဟာ ကဲ့ရဲ့စရာအခွင့်မရတော့ဘဲ သာသနာတော်ကို ကြည်ညိုသွားရော မဟုတ်

http://www.dhammadownload.com



လား"

"အေး...ကြည်ညိုသွားတာပေါ့"

"ကြည်ညိုသွားတော့ သာသနာတော် စည်ပင်ပြန့်ပွား အရှည်တည်တံ့တာပေါ့၊ တပည့်တော်ရဲ့ သဘောကလည်း အဲဒီလိုပါပဲဘုရား"

"အေး...မင်းသဘော အကုန်ပြောပြစမ်း"

"တပည့်တော်က ရောက်ရာအရပ်က ကဲ့ရဲ့သံတွေ၊ ချီးမွမ်းသံတွေ အကုန်မှတ်လာတယ်ဘုရား၊ အဲဒီလို မှတ်လာပြီး ပုဂ္ဂိုလ်ရေးမဖက်၊ သာသနာရေးသက်သက်သဘောနဲ့ အဲဒီ ကဲ့ရဲ့ချီးမွမ်းသံတွေကို အများသိအောင် ဗုဒ္ဓမမ္မပြဿနာထဲမှာ ရေးထည့်လိုက်ပါတယ်ဘုရား"

"အေး...အေး၊ ပြောသာပြောပါ"

"ရေးတဲ့သဘောက သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ကဲ့ရဲ့သံကြားက ဒါမျိုး တို့မလုပ်သင့်၊ မပြောသင့်၊ မဟောသင့်ဘူးဆိုပြီး ရှောင်ပါလျှင် အဲဒီကဲ့ရဲ့သူတွေ အခွင့်မရတော့ဘဲ ကြည်ညိုသူအဖြစ် ရောက်လာစေရန်ဆိုတဲ့ သဘောနဲ့ ရေးတာပါဘုရား"

"အေး...မင်းသဘောထား ဒီအတိုင်းသာဆိုရင် သိပ်ကောင်းတယ်၊ ဒီသဘောနဲ့ဆိုရင်ရေးကွ၊ သာသနာတော်အတွက် ကောင်းခြင်းတစ်ရပ်ပဲ"

"မှန်ပါဘုရား၊ ပြီးတော့ ချီးမွမ်းသံတွေကြားရရင် ဒီအသံမျိုးပဲ အမြဲတမ်းကြားရအောင် ဒီအပြု ဒီအပြောမျိုး၊ ဒီအဟောမျိုး

http://www.dhammadownload.com



ပဲ ပြုမှ ပြောမှ ဟောမှဆိုပြီး ပြု၊ ပြော၊ ဟော ပါလျှင် အတိုင်း ထက်အလွန် သာသနာတော်ကို ကြည်ညိုစေလိုတဲ့ဆန္ဒနဲ့ ရေးပါ တယ်ဘုရား"

"အေး...ကောင်းတယ်ကွ၊ ငါကတော့ မင်းသဘောသိပါ တယ်ကွ၊ ဒါကြောင့် မင်းကိုလည်း ငါတရားဟောပင့်တာပေါ့၊ ခု ငါမေးတာက အမေးရှင်တွေ သဘောပေါက်စေချင်လို့ မေးရတာ ပဲ"

"မှန်ပါ၊ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်ရဲ့သဘောထား ကို တပည့်တော်ရဲ့ ဗုဒ္ဓဓမ္မပြဿနာများရဲ့ နိဒါန်းတွေမှာလည်း ပါအောင် ဖော်ပြထားပါတယ်ဘုရား၊ ခုလိုမေးသဖြင့် ဖော်ပြရလို့ လဲ တပည့်တော် ကျေနပ်ပါတယ်ဘုရား"

"ဒီတော့ အချုပ်ပဲဖြေပါရစေတော့ဘုရား၊ ဘုန်းကြီးကို မှောင်ခိုပြီး အမေးခိုင်းတဲ့ အမေးရှင်တွေကို ဘုန်းကြီးက အလင်း ရောင်ထဲကနေပြီး ဖြေလိုက်ပါတော့ဘုရား"

"အေး...အေး၊ ဘယ်လိုဖြေရမလဲ၊ ပြော၊ ပြော"

"တေဒဂ်အရှင်ပညာဇောတဟာ ပုဂ္ဂိုလ်အစွဲ မထား၊ အသင်းအဖွဲ့ အစွဲမထား၊ ပုဂ္ဂိုလ်ကြီးပွားရေး၊ အသင်းအဖွဲ့ ကြီးပွားရေးမပါ၊ ဘယ်သူ့ကိုမှလည်း မတိုက်ခိုက်၊ ဘယ် အသင်းအဖွဲ့ကိုမှလည်း မပုတ်ခတ်ဘဲ စစ်မှန်သော ဗုဒ္ဓ သာသနာတော်ကို အများစုကြည်ညိုလာအောင် ကြည်ညို တတ်အောင် သာသနာ့အညစ်အကြေးတွေ ဆေးကျော်၍

http://www.dhammadownload.com



သာသနာ့အလင်းရောင်ပေးသောအားဖြင့် သဘောရိုးနဲ့သာ စာများရေးနေကြောင်းနှင့် ဘယ်သူ့ကိုမျှ မတိုက်ခိုက်ကြောင်း ပြောပြလိုက်ပါဘုရား”

“အေး...ငါပြောလိုက်မယ်”

- သွားတဲ့အခါ၊ ကိုယ့်လမ်းသာ၊ မှန်စွာသွားပါလေ။
- လမ်းကောင်းဖယ်ရှား၊ လမ်းမှားသွား၊ ရှောင်ရှားနိုင်ပါစေ။
- လမ်းမှားသွားက၊ ဘေးတွေ့ရ၊ ဒုက္ခရောက်မည်လေ။
- လမ်းဖြတ်သူအား၊ လမ်းမှန်သွား၊ ကျော်သွားနင်းမည်ပေ။
- ကျော်နင်းခံရ၊ ထိုဒုက္ခ၊ ကိုယ်ကမှားလို့ ခံရပေ။
- ကိုယ်၏အမှား၊ ကိုယ်ပြင်သွား၊ နောက်များမနင်းပေ။
- မနင်းခံရ၊ ချမ်းသာလှ၊ ရောက်ရနိဗ္ဗာန်ပြည်။

http://www.dhammadownload.com



## ကိစ္စပြီးနေပြီမှတ်သို့

{၁၇}

လူတို့သဘော၊ မနောစင်ဖြူ၊
ကောင်းသောသူနှင့်၊ ပေါင်းဖက်သင့်က၊
ကောင်းကျင့်ကောင်းမူ၊ မကောင်းသူနှင့်၊
အတူပေါင်းမူ၊ မကောင်းတုကို၊
လိုက်ပြုတတ်စွ။
ဤလောက၌၊ တံငါအိမ်ပါး၊
တံငါလားဟု၊ ဆိုငြားမှန်ဘိ၊
ယွင်းမရှိတိ။
တစ်မိဝမ်းအောင်း၊ ရသေ့ကျောင်းနှင့်၊
ဆိုးကောင်းယုတ်မာ၊ ခိုးသူရွာသို့၊
ရောက်ရှာကြကုန်၊ သုဝနှစ်ကောင်၊

http://www.dhammadownload.com



ကျေးညီနောင်တို့၊ တစ်ကောင်မှာသော်၊
သူတော်အလေ့၊ သိမ်မွေ့လိမ္မာ၊
တစ်ကောင်မှာမူ၊ ဝါစာဖရုပ်၊
ကြမ်းကြုတ်စရိုက်၊ ရုန့်ရင်းမိုက်ရှင့်။

အို…စာရှုသူ၊ အထက်ဖော်ပြပါ မန်လည်ဆရာတော် ဘုရားကြီး၏ မဃဒေဝလင်္ကာကို အပြန်အလှန် ဖတ်ရှုစဉ်းစားစမ်းပါဘိ။

ယင်းလင်္ကာကို အပြန်အလှန် ဖတ်ရှုစဉ်းစားသော် လောကတွင် လူနှစ်မျိုးသာရှိကြောင်းကို အကွင်းသား အထင်းသား အရှင်းသား ပေါ်လာပါမည်။ လူနှစ်မျိုးကား–

၁။ ပညာရှိသူတော်ကောင်းနှင့် ပေါင်းနေသူနှင့်၊

၂။ လူမိုက်နှင့်ပေါင်းသင်းနေထိုင်သူဟူ၍ လူနှစ်မျိုးပင် ဖြစ်ပါသည်။ ယင်းနှစ်မျိုးတွင် မိမိသည် အဘယ်အမျိုး၌ ပါဝင်သလဲဟု မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ရှုပါဘိ။

အို…စာရှုသူ၊ ယင်းသို့ မိမိကိုယ်မိမိ ဆန်းစစ်ခြင်းသည် မိမိဘဝရဲ့ တိုးတက်မှုအစကို တွေ့ခြင်းလို့ပဲ မှတ်ယူပါ။

ယင်းသို့ တိုးတက်မှုအစကို တွေ့ပါလျှင် တိုးတက်မှုအလယ်နှင့် အဆုံးကို မကြာမီရောက်ပါတော့မည်။

သို့ဖြစ်၍ အသင်စာရှုသူသည် မိမိရဲ့ အသိုင်းအဝိုင်း ပတ်ဝန်းကျင်အပေါ် လောကရေးကို မငဲ့ကွက်ဘဲ ဉာဏ်ပညာ မျက်စိအမှန်နှင့် အမှန်ကိုမြင်အောင် ရှုကြည့်ဆန်းစစ်စမ်းပါဘိ။

http://www.dhammadownload.com



"ငါ့အပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေသဟာ၊ မြတ်ဆရာတွေဟာ ငါ့ရဲ့အကျိုးကို တကယ်လိုလားတဲ့သူတွေ ဟုတ်ပါရဲ့လား၊ ငါ့အတွက် အထောက်အကူပြုနိုင်သူတွေ ဟုတ်ပါရဲ့လား၊ မကောင်းပယ်ရှား ကောင်းတာညွှန်ကြားနိုင်သူတွေ ဟုတ်ပါရဲ့လား"

စသည် စသည် ဆန်းစစ်ပါဘိ။ ယင်းသို့ ဆန်းစစ်ကြည့်ရှုလို့ သဘောသဘာဝ အမှန်ကို တွေ့မြင်သော် အမြန်ရှောင်ခွာနိုင်အောင် ကြိုးစားရမည်၊ ဘယ်သို့သဘောအမှန်ကို တွေ့မည်နည်း?။

"မိမိအပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေသဟာ၊ မြတ်ဆရာတွေဟာ မိမိကိုယ် မကောင်းခွင့်ပြု၊ ကောင်းခွင့်ပြု၊ မကောင်းချီးမွမ်း၊ ကောင်းချီးမွမ်း"

စသည်ပြုနေပါမူ မိမိအတွက် အရှုံးထွက်ဖို့ ရှိတော့သည်။ အပေါင်းအသင်း မှီဝဲထိုက်သူ မဟုတ်တော့ပြီ။ ရှောင်ရှားရမည်။ ယင်းသို့ မဟုတ်ဘဲ–

"မိမိအပေါင်းအသင်း၊ ရောင်းရင်း၊ ဆွေသဟာ၊ မြတ်ဆရာတွေဟာ မိမိကိုယ် မကောင်းမှုအတွက် တားမြစ်ကန့်ကွက်တယ်။ မကောင်းမှုအတွက် ကဲ့ရဲ့ရှုတ်ချမယ်၊ ကောင်းမှုကို ညွှန်ကြားမယ်၊ ကောင်းမှုအတွက် ချီးမွမ်းမယ်"

စသည် တွေ့မြင်သိရှိရပါလျှင် မိမိအတွက် လိုအပ်ချက်တွေ ရနိုင်သော မိမိဆည်းကပ်ထိုက်သော မိတ်ဆွေသဟာ မြတ်ဆရာဟူ၍ မှတ်ယူကာ ဆည်းကပ်ရပါမည်။

http://www.dhammadownload.com



ယင်းကဲ့သို့ မိတ်ဆွေသဟာ မြတ်ဆရာမျိုးကိုမူ နှင်ထုတ်သော်လည်း မခွဲမခွာ အမြဲသာလျှင် မှီဝဲဆည်းကပ်ရမည်။

သို့သော် အချို့ကား ထိုသို့မဟုတ်ပါ မကောင်းမှန်းသိသော်လည်း ကျေးဇူးတရားကြီးလှ၏ဆိုကာ မခွဲမခွာနိုင်ဘဲ မိမိဘဝကို အနစ်နာခံသွားကြ၏။

ယင်းသို့ကား မဖြစ်သင့်ပါ၊ ဖြစ်သင့်သည်မှာ ကျေးဇူးကို တစ်နည်းတစ်လမ်းနဲ့ဆပ်ပါ။ ကျေးဇူးဆပ်ခြင်းနှင့် ပေါင်းသင်းယှဉ်တွဲနေထိုင်ခြင်းသည် မသက်ဆိုင်ပါ။

မှန်၏၊ ကျေးဇူးတရားကြီးမား၏။ ကျေးဇူးတုန့်ပြန် ဆပ်သင့်၏။ ဆပ်ရမည်။ သို့သော် မကောင်းသူကိုတော့ ရှောင်ခွာခဲ့ရမည်။ မိမိရဲ့သဘာဝလည်း အမှန်သိရမည်။ ယင်းသို့သိသူကား ရှားတော့ရှားပါ၏။

ယင်းအရှားထဲမှ တစ်ယောက်ကို တွေ့ရပါ၏။ သူကား တရားယောဂီတစ်ယောက်ပင် ဖြစ်၏။ သူကား တရားကောင်းလှ၏။ သို့သော် တရားကား ရှေ့သို့မတက်ဖြစ်နေ၏။ ယင်းသို့ တရား ကောင်းလျက် ရှေ့မတက်ခြင်းသည် အခက်ဖြစ်၏။

ဘာ့ကြောင့်မတက်သနည်း။ အဖြေကို သူမသိရှာခဲ့၊ ယင်းသို့သော ယောဂီများအား တရားပြရေး၊ တရားဟောရေးသည် အရေးကြီးလှ၏။ နှိမ်ဟောလို့လည်းမရပါ။ မြှောက်ဟောလို့လည်း မဖြစ်ပါ။ သူ့အဖြစ်သနစ်ကို ပေါ်လွင်အောင် ဟောပြမှ ရပါမည်။

http://www.dhammadownload.com



တစ်နေ့ တရားပွဲအပြီးတွင် ပြုံးရွှင်စွာနှင့် ရောက်လာသည့် ရှိခိုးလျှောက်သည်။

"တပည့်တော်က အမြဲတမ်း အကြည်ဓာတ်ကလေးတွေပြီး ချမ်းသာနေတော့ ကိစ္စပြီးနေပြီမှတ်လို့"

"ယခုမပြီးသေးဘူးလား"

"ဘယ်ပြီးဦးမလဲဘုရား"

"ဘယ်လိုသိ၊ ဘယ်လိုမြင်သွားလို့လဲ"

"တရားနာလိုက်တော့ 'ရှေ့အများကြီး လိုသေးပါလား' လို့ ဆိုပြီး သတိ၊ ဝီရိယစိုက်ပြီး ရှု–မှားတော့လဲ တရားတက်သွားပါ တယ်။ ရှေ့က ထက်လည်း ချမ်းသာပါတယ်"

"ကိစ္စပြီးပြီလား"

"မပြီးသေးပါဘုရား"

"အေး…တရားအားထုတ်လို့ တရားကောင်းလာတဲ့အခါ ကိုယ့်သဘာဝ အမှန်သိဖို့ အလွန်အရေးကြီးလှပါတယ်။ မသိလျှင် တရားရပြီထင်မှတ်လျက် ရပ်နေတတ်ပါတယ်"

"မှန်ပါတယ်ဘုရား"

"အဲဒီအခါမှာ မိမိဆရာနဲ့ပဲ အားရတင်းတိမ်နေပါက နစ် နာမယ်။ ဆရာသမားရှာ၊ နည်းလမ်းရှာ၊ တရားနာ ပြောင်းပေး ရမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တပည့်တော် ကိစ္စပြီးနေပြီလို့ မှတ်နေတာ။ တရားနာရလို့ သိတာပေါ့ဘုရား"

"အင်း...အဲဒီလို တရားရပြီလို့ မှတ်ထင်မှုနဲ့ ပတ်သက်ပြီး သိထိုက်တဲ့ အချက်တွေကို လယ်တီဆရာတော်ဘုရားကြီးက ကျောက်စာထုခဲ့တယ်။ အဲဒီကျောက်စာ ဖတ်ကြည့်စမ်း–

"ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာဝင် ကျောက်စာတော်"

"လယ်တီဆရာတော်ဘုရားကြီး သဲတော သိမ်တောင်တိုက်၌ သီတင်းသုံးခိုက်ဖြစ်သည်။ မိတ္ထီလာမြို့ ရေလယ်ဆရာတော် ဦးအာဒိစ္စ၊ စွန်းလွန်း ဦးကဝိနှင့် တရားအားထုတ်ဖက် ဦးဝိစာရနှင့် စွန်းလွန်း စက်စာရေးကြီး ဦးဘစံကို ဆရာတော်ထံရောက်လာ လျှောက်ကြ၏။ ထိုအခါ ဦးဘစံက ဆရာတော်အား အောက်ပါအတိုင်း လျှောက်ထားသည်။

"ဆရာတော်ဘုရား၊ ဘုရားတပည့်တော်သည် သေက္ခုတောင် ဦးတိလောက၏ ပဏ္ဍိတဝေဒနီယကျမ်းလာ ကသိုဏ်းအားထုတ်နည်းများကို အားထုတ်ရာ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်များကို ကောင်းစွာ ရရှိပါသည်။ အပ္ပနာဈာန် သမာဓိဖြစ်ပါသည်။

"ထို့နောက် ဆရာတော်၏ အနတ္တ ဒီပနီကျမ်းလာ ဝေဒနာကမ္မဋ္ဌာန်း နည်းအတိုင်း ဝိပဿနာတက်ရာ ရုပ်ခန္ဓာ

http://www.dhammadownload.com



ကြီးမှာ နှမ်းများကို အိုးကင်း၌ ထည့်၍ လှော်သကဲ့သို့ တဖျစ်ဖျစ်ပျက်နေသည်ကို ဉာဏ်မှာ မြင်ပါသည်ဘုရား။ "ထို့နောက် ဉာဏ်စဉ်အတိုင်း တက်၍ ရုပ်နာမ် အနိစ္စသဘောများကို ကောင်းစွာ ထင်မြင်မိပါသည် စသည်ဖြင့် မဂ်ဖော ဖိုလ်ဖောကျပုံအထိ ပြည့်စုံစွာ လျှောက်ထားရာ ဆရာတော်ဘုရားကြီးက သာဓုသုံးကြိမ် ခေါ်တော်မူသည်။

"ထို့နောက် ဆရာတော်ဘုရားကြီးက 'အင်း ငါ၏ တပည့်များ နောက်ကို မဂ်ရသည်၊ ဖိုလ်ရသည်ဟု မည်သူ့ကိုမျှ မပြောကြနှင့်။ ရောဝတီမြစ်ရိုးတစ်လျှောက် ပြည်၊ ရွှေတောင်၊ ညောင်တုန်းစသော မြို့များတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာတွေ အလွန်ပေါများနေကြောင်း လျှောက်ထားကြသည်။

"ဆုံးဖြတ်ပေးဖို့ လျှောက်လွှာတွေလဲ ငါ့ထံမှာ အများကြီးပဲ။ မည်သူ သောတာပန်ဖြစ်ပြီ၊ ရဟန္တာဖြစ်ပြီဟု မုချမဆုံးဖြတ်ကြနှင့်။ အနုသယသဘော သတ္တိမှာ လွန်စွာသိမ်မွေ့သည်ဖြစ်၍ မဂ်ဖြင့်ပယ်၊ မပယ် လွန်စွာသိနိုင်ခဲသည်။

"ယောဂီတစ်ဦးသည် ပါရမီလည်းရှိ၊ သက်စွန့်ကြိုးစား ရုပ်နာမ်ဓမ္မ သဘာဝအမှန်ကို ဉာဏ်ဝမှာ ထင်မြင်သည် ဖြစ်စေဦး၊ တစ်ခါတစ်ခါ ရုပ်နာမ်ချုပ်ငြိမ်းသကဲ့သို့ ဖြစ်၍ အေးငြိမ်းမှုကို တွေ့ရှိခံစားရတတ်သည်။

http://www.dhammadownload.com



"ထိုအခါ ယောဂီ၏စိတ်မှာ ဝိတက္ကမပရိယုဋ္ဌာန ကိလေသာတို့သည် ကြမ်းတမ်းသော အမူအရာ မပေါ်ဘဲ ငုတ်ကွယ်နေတတ်သည်။ ထိုအခါ ဆရာက တကယ်မင်ဖိုလ် ထင်၍ ဆုံးဖြတ်မှားတတ်သည်။

"ဆရာက စာနှင့်ကိုက်ကြည့်၍ ညီညွတ်သည် ထင်လျှင် သာဓု သုံးကြိမ်ခေါ်၍ ဖိုလ်ငါးပါးညီမျှအောင် ထား၍ ရှေ့သို့ဆက်လက်အားထုတ်ရန် တိုက်တွန်းပေးရမည်။

"ဥပမာအားဖြင့် ခက်လက် ရွက်ညွန့်တို့ဖြင့် စည်ပင်နေသော မဟာဗောဓိပင်ကြီးမှာ မြင်ရတိုင်း ကြည်နူးဖွယ် ဖြစ်သည်၊ တစ်စုံတစ်ယောက်က ချိုးဖဲ့လျှင် လွန်စွာအားနည်း သွား၍ ရုတ်တရက် ပြန်၍မစည်ပင်နိုင်။

"ထို့အတူ ယောဂီသည် မဟာဗောဓိပင်ကြီးနှင့် တူသည်။ မဂ်ညွန့် ဖိုလ်ညွန့်တွေ ဝေဆာနေသည်။ မဂ်–ဖိုလ် မဟုတ်ဘဲလျက် မဂ်–ဖိုလ် ထင်မှတ်၍ ဆုံးဖြတ်ပေးသူသည် မဟာဗောဓိပင်မှ မဂ်ညွန့် ဖိုလ်ညွန့်တွေကို ချိုးဖျက်သူနှင့် တူတော့သည်။

"တပည့်ကလည်း ငါသောတာပန် ဖြစ်ပြီဟု ဟိန်းချ၍ တစ်စခန်းအမောနားနေတတ်သည်။ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ သောတာပန်အဖြစ်နှင့်ကာမရာဂ အနုသယ ဓာတ်ငုတ်တွေ ပေါ်ပေါက် သောင်းကျန်း၍ ခံစားနေတတ်သည်။

http://www.dhammadownload.com



"ယခုဘ၀မှာပင် တကယ် မဂ်ဖိုလ် ရထိုက်သူ ဖြစ်ပါလျက်နှင့် ဆရာက အဆုံးအဖြတ်စော၍ စိတ်ချနေသောကြောင့် ရှေ့သို့အားထုတ်လိုမှု ရပ်စဲသွားတတ်သည်။

"တပည့်မှာလည်း အကျိုးယုတ်၏။ ဆရာမှာလည်း မဂ်ညွှန့် ဖိုလ်ညွှန့် ချိုးပစ်ရာရောက်သည်၊ နှစ်ဦးနှစ်ဝ အကျိုးယုတ်သည်။

"တကယ် အရိယာ ထင်မှတ်၍ ဆုံးဖြတ်ပြီးသည့် နောက်တွင်လည်း အနုသယဓာတ်ငုတ်ပေါ်-မပေါ် ကံသုံးပါး သောင်းကျန်းမှု ရှိ,မရှိကို အနည်းဆုံး (၇)နှစ် စောင့်ကြည့်ရမည်။ ကြပ်ကြပ်သတိရှိကြလေ"ဟု မိန့်တော်မူလေသည်။

မဂ်ညွှန့် ဖိုလ်ညွှန့် ချိုးပစ်ရာရောက်သည်။ နှစ်ဦးနှစ်ဝ အကျိုးယုတ်သည်။

ဤကား ပဋိပတ္တိသာသနာဝင်တွင် ဂိုဏ်းဂဏမရွေး အမြဲစိုက်ထောင်ထားရမည့် ကျောက်စာတော်ကြီးပေတကား"

"အရှင်ဘုရား ဖတ်ပြီးပြီဘုရား"

"ဖတ်ပြီးတော့ သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"**ကိစ္စပြီးနေပြီမှတ်လို့**"ဆိုပြီး ရပ်နေဦးမယ်လား"

"မရပ်တော့ပါဘုရား၊ ဆက်ကြိုးစားနေပါပြီ"

"အေး...ကြိုးစား...ကြိုးစား... ရပ်နေသူတွေလဲ သနားပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

- မင်္ဂလ်မရ၊ မင်္ဂလ်ရ၊ ကျန သိရမည်။
- မရမင်္ဂလ်၊ ရသည်ဆို၊ လူထိုလွဲတတ်သည်။
- လွဲချော်ပါက၊ ခုဘဝ၊ အရနာသည်။
- ဆရာသမားကောင်း၊ တရားကောင်း၊ ရွေ့ပြောင်းပေးရမည်။
- မပြောင်းလွဲကြ၊ မှားနေက၊ ဒုက္ခများတော့သည်။

http://www.dhammadownload.com



# နိဗ္ဗာန်ဆိုတာ ကျွယ်ထဲမှာ ရှိပါသလားဘုရား

{၁၈}

ဗုဒ္ဓဘာသာဝင် ဗုဒ္ဓဝါဒီတို့၏ ပန်းတိုင်ကား နိဗ္ဗာန်ပင်ဖြစ်၏။ ယင်းနိဗ္ဗာန်ကို မဂ်ဉာဏ်ရသော အရိယာပုဂ္ဂိုလ်များ မျက်မှောက်ပြုအပ်၊ တိုက်ရိုက်မြင်အပ်၏။

မှန်၏။ နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သည်။ မဂ်ဖိုလ်မရသော ပုထုဇဉ်တွေမှာ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံမပြုနိုင်။

နိဗ္ဗာန်ကို ရည်မှန်း၍ ဆုတောင်းရာ၊ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရာ စသည်တို့၌ အနုမောဒနာအားဖြင့် ရော်ရမ်းမှန်းဆလျက် နိဗ္ဗာန်၏ ငြိမ်းအေးပုံကို အခြင်းအရာအာကာရ ပညတ်လောက်ကိုသာ အာရုံပြုနိုင်လေသည်။

ချဲ့ဦးအံ့-ကမ္ဘာလောက၌ ရှိသမျှ ပုထုဇဉ် သေက္ခတွေသည် တဏှာ၏ဆက်သွယ်မှုကြောင့် အရာရာ၌ အဆက်မပြတ်နိုင်ဘဲ

http://www.dhammadownload.com



ရှိကြ၏။ သတ္တဝါတို့၏ သန္တာန်၌ဝယ် သံသရာကို ချဲ့ထွင်တတ်သည့်အတွက် 'ပပဉ္စ' အမည်ရသော တရားတို့သည် 'တဏှာ၊ မာန၊ ဒိဋ္ဌိ'ဟု သုံးမျိုးရှိ၏။

ချဲ့ဦးအံ့၊ ယင်းတွင် 'သက္ကာယဒိဋ္ဌိ'ခေါ်သော 'ဒိဋ္ဌိ'သည် ခန္ဓာငါးပါးအပေါ်၌ အထည်ကိုယ် အမာခံ အနှစ်သာရဟူသော အတ္တသည် ကေန်ရှိ၏ဟု စွဲလမ်း၏။

'မာန'က ထိုအတ္တကိုပင် 'ငါ၊ ငါ'ဟု မှတ်ထင်၏။ 'ငါမြတ်သည်၊ ငါတတ်သည်'ဟု အထင်အမြင်ကြီး၏။

ယင်း **ဒိဋ္ဌိ–မာန** အရင်းခံမှုကြောင့် မိမိ၏ ရုပ်နာမ်တရားတွေကို အားရပါးရ တဏှာဖြင့် စွဲလမ်း၏။

"**အတ္တသမံ ပေမံ နတ္ထိ**"ဟူသည်နှင့်အညီ မိမိထက်ပို၍ မည်သူ့ကိုမျှ မချစ်နိုင်ကြပေ။ မိမိကိုချစ်ခင်မှုကြောင့် မိမိအား ကျေးဇူးပြုနေသူ၊ သို့မဟုတ် မိမိအား ကျေးဇူးပြုလိမ့်မည်ဟု ထင်ရသူတို့အပေါ်မှာ မခွဲနိုင် မခွာရက်အောင် စွဲမက်ဆက်သွယ်ရပြန်တော့၏။

မိမိကိုယ်နှင့်တကွ အဆက်အသွယ်ဟူသမျှတို့အပေါ်မှာ မခွဲနိုင် မခွာရက်အောင် ရာသက်ပန် တည်နေပြီးနောက် စုတေခါနီးသို့ ရောက်သည့်အခါ တွယ်တာဖွယ်အဖုံဖုံ၌ အာရုံကြော မပြတ်တပြတ်မှာပင် တဏှာနုသယက ဘဝအသစ်ကို ရော်ရမ်းယှက်မြွေးလျက် ဆက်ပေးပြန်လေ၏။

http://www.dhammadownload.com



ယင်းကဲ့သို့ တဏှာနုသယ ညွှန်ပြသည့်ဘဝ၌ ရောက်၍မျှ မကြာခင် ဘဝနိကန္တိကလောဘဇောခေါ်သော တဏှာက ရခါစ အတ္တဘောကို မက်မောတွယ်တာပြီးလျှင် ယခင်နည်းတူ ဘဝသစ် ထူထောင်လေတော့၏။

ယင်းကဲ့သို့ တဏှာက အရာရာဝယ် ဆက်သွယ်နေမှုမှာလည်း ဒိဋ္ဌိနှင့်မာနတို့က အားပေးအားမြှောက် ထောက်ပံ့ကူညီနေသည့်အတွက်ကြောင့်ဖြစ်ရကား ဤတရားသုံးပါးသည် သံသရာခရီးထွင်ရာ၌ လေးလေးနက်နက် ဆောင်ရွက်လျက်ရှိသော တရားဆိုးများပေတည်း။

ရုပ်–နာမ်–ခန္ဓာ၏ ချုပ်ငြိမ်းရာ လွန်စွာ အေးမြသော ဓာတ်တစ်မျိုးမှာ အခါခပ်သိမ်း အရောင်ယှက်၍ တလက်လက်တောက်ပသကဲ့သို့ အလွန်အလွန် မြင့်မြတ်ရကား အပုပ်အစပ်၌ နားလေ့ရှိသော ယင်ကောင်သည် အလျှံတရဲရဲ သံတွေခဲ၏။ အပါး၌ မကပ်၊ မနားဝံ့သကဲ့သို့ ထိုကဲ့သို့ အလွန်အလွန် မြင့်မြတ်သော အသခ်တဓာတ် နိဗ္ဗာန်တရားမြတ်၌ တဏှာဟူသော အယုတ်တမာတရားလည်း မနားမကပ်ဝံ့တော့ပြီ။ ထို့ကြောင့် နိဗ္ဗာန်ကို တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး ထွက်မြောက်သော တရားဟု မိန့်ဆိုလေသည်။

ယင်းနိဗ္ဗာန်သည် ငြိမ်းအေးသည့် သန္တိသဘောလက္ခဏာ ရှိ၏ဟု ဆိုခဲ့ပြီ။ ထိုသန္တိသဘောအားဖြင့် နိဗ္ဗာန်တစ်မျိုးတည်းသာ ရှိ၏။

http://www.dhammadownload.com



ဤ၌ "နိဗ္ဗာန်တစ်မျိုးတည်းသာရှိ၏"ဟူသော စကားအရ အရိယာပုဂ္ဂိုလ်ဟူသမျှ၏ နိဗ္ဗာန်သည် အများဆိုင် ပစ္စည်းတစ်ခုကဲ့သို့ တစ်ပါးတည်းသာ ရှိသည်ဟု မှတ်မှားတတ်သည်။

ထိုကဲ့သို့ ဆိုလိုရင်းမဟုတ်ပေ။ စိတ်မှန်လျှင် အာရုံကိုသိခြင်းတစ်မျိုးသာရှိသကဲ့သို့ နိဗ္ဗာန်မှန်လျှင် သန္တိသဘောတစ်မျိုးသာ ရှိသည်ဟု ဆိုလိုသည်။

မှန်၏။ ပုဂ္ဂိုလ်တိုင်း၌ ကိုယ့်စိတ်နှင့်ကိုယ် ရှိသကဲ့သို့ အရိယာပုဂ္ဂိုလ်တိုင်းမှာလည်း ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် ရှိကြသည်။

ယင်းသို့ ငြိမ်းအေးသည့် သန္တိသဘောအားဖြင့် တစ်မျိုးတည်းရှိသော်လည်း–

၁။ ဒိဋ္ဌဓမ္မနိဗ္ဗာန်၊

၂။ သမ္ပရာယိကနိဗ္ဗာန်ဟူ၍ နှစ်မျိုးကွဲပြား၏။

ယင်းနှစ်မျိုးတွင်–

၁။ ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာနဓာတ်၊

၂။ သမ္ပရာယိကနိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာနဓာတ်ဟု ခေါ်သည်။

## ရှင်းပြချက်

သတ္တဝါတို့ သန္တာန်ဝယ် မှုတည်သဘောအားဖြင့် အမြဲရှိနေသော တရားကား ဘဝင်ကိုစွတပ်သော ဝိပါက်ဝိညာဉ်နှင့် ကမ္မဇရုပ်များ ဖြစ်ပေ၏။ ထိုအကျိုးများကို စီမံလိုက်သောကံက "ငါ့ဉစ္စာ၊

http://www.dhammadownload.com



ငါ့အကျိုး"ဟု စွဲယူ၏။ ကိလေသာတို့က "ငါ၏အာရုံပြုရာတရား" ဟု စွဲမှတ်လျက် အာရုံပြု၏။

ထို့ကြောင့် ဝိပါက် ဝိညာဉ်နှင့် ကမ္မဇရုပ်ကို 'ဥပါဒိ'ဟု ခေါ်ဆိုရလေသည်။ တစ်နည်းဆိုသော် တဏှာဒိဋ္ဌိတို့က အာရုံပြုသောအားဖြင့် စွဲယူအပ်သော ဥပါဒါနက္ခန္ဓာငါးပါးကို 'ဥပါဒိ'ဟု ခေါ်၏။

"အနမတဂ္ဂ သံသရာဝယ် ဝိပါက် ကမ္မဇရုပ်များသည် ကိလေသာတို့နှင့် ထွေးရောယှက်တင် လာခဲ့ရာ မဂ်တရားက ကိလေသာတွေကို ပယ်သတ်လိုက်သည့်အခါ ကြွင်းကျန်ရစ်သော ဝိပါက် ကမ္မဇရုပ်ကို 'ဥပါဒိသေသ'ဟု ခေါ်သည်။ တနည်းဆိုသော် ရဟန္တာအရှင်မြတ်၏ ခန္ဓာငါးပါးကို ခန္ဓာကိုယ်တစ်ခုလုံးကို 'ဥပါဒိသေသ'ဟု ခေါ်သည်။

"**သဟ ဥပါဒိသေသေန ဝတ္တတီတိ သဉပါဒိသေသာ**= အကြင်နိဗ္ဗာနဓာတ်သည် ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်ခန္ဓာ ကမ္မဇရုပ်နှင့် တကွ ဖြစ်တတ်၏။ ထို့ကြောင့် 'သဉဒိပါသေသ'မည်၏။

ဤ၌ 'ဝိပါက်ခန္ဓာ၊ ကမ္မဇရုပ်တို့နှင့်တကွဖြစ်သည်"ဟု ဆိုသော်လည်း စိတ်နှင့်စေတသိက် တကွဖြစ်သကဲ့သို့ မဟုတ်ပေ။ အဟုတ်ကား ကြွင်းကျန်ရစ်သော ဝိပါက်ကမ္မဇရုပ်များဖြင့် နိဗ္ဗာန်ကို မှတ်သားရသောကြောင့် နိဗ္ဗာန်က မှတ်သားအပ်သော "လက္ချ" ဝိပါက်ကမ္မဇရုပ်များက မှတ်သားကြောင်း "လက္ခဏာ" ဖြစ်၍ "လက္ချ-လက္ခဏာ"အားဖြင့်တကွ ဖြစ်သည်ဟုမှတ်ပါ။

http://www.dhammadownload.com



"ပရိနိဗ္ဗာန်စံတဲ့အခါ ယင်းကဲ့သို့ ဝိပါက်ကမ္မဇရုပ် မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာနဓာတ်"ဟု အမည်ရလေသည်။

ယင်းသို့လျှင် ကြွင်းကျန်ရစ်သော ဝိပါက်ကမ္မဇရုပ်တို့ရှိခြင်း မရှိအားဖြင့် မှတ်သားကြောင်း လက္ခဏာက နှစ်မျိုးပြားသည့် အတွက်အကြောင်း "လက္ခဏာ"၏ "သဉပါဒိသေသာအနုပါဒိသေသာ"ဟူသော အမည်ကို မှတ်သားအပ်သော အကျိုးလက္ခုပေါ်၌ တင်စား၏။ ကာရဏူပစာရအားဖြင့် "သဉပါဒိသေသနိဗ္ဗာနဓာတ်၊ အနုပါဒိသေသနိဗ္ဗာနဓာတ်"ဟု နှစ်မျိုးကွဲပြားရလေသည်။

နိဗ္ဗာန်လိုလား အမျိုးကောင်းသားသမီးတို့သည် နိဗ္ဗာန်အကြောင်း သိကောင်းသည်။ တတ်ကောင်းသည်။ သို့ဖြစ်၍ နိဗ္ဗာန်အကြောင်းကို လေ့လာသင့်သည်။ သို့လေ့လာသူကား ရှာမှရှားထဲကဖြစ်၏။ ယင်းသို့ ရှာမှရှားထဲက တစ်ယောက်ကို တွေ့ခဲ့ရ၏။ တစ်ချိန်သော ဆောင်းကာလကဖြစ်ခဲ့၏။ မိမိသည် ဒေသနာခရီး လှည့်လည်ယင်း မြို့ကြီးတစ်မြို့တွင် တရားဓမ္မဟောပြောပြသခိုက် ဖြစ်၏။ ထိုစဉ် လူငယ်တစ်ယောက် ရောက်ရှိလာသည်။ ရှိခိုးပြီးလျှင် စကားစလာသည်။

"တေဒဂ်–အရှင်ပညာဇောတဆိုတာ အရှင်ဘုရားပါလား ဘုရား"

"အင်း…ဟုတ်တယ်"

http://www.dhammadownload.com



"အရှင်ဘုရားရေးတဲ့ စာအုပ်တွေ ဖတ်ရကတည်းက ဖူးချင်နေတာ ကြာပါပြီဘုရား။ ယခုမှပဲ ဖူးရသဖြင့် အာသာဆန္ဒပြည့်ဝပါတယ်"

"အင်း..."

"မိမိမှာ ဖူးချင်ပါသည် ဆိုသူများနှင့် တွေ့ဆုံပြီး အဖူးမျှော်ခံရမှာ မျက်နှာပူလှသည်။ အနေအထိုင်ခက်လှသည်။ သို့ဖြစ်၍ မြန်မြန်ပြန်ပါစေဟုပဲ ဆုတောင်းမိသည်။ သို့သော် ယခုလူငယ်မှာ ဆုတောင်းသော်လည်း ပြန်ပုံမရသော မိမိအတွက် ဆုတောင်းမပြည့် လူငယ်ဖြစ်ဟန်ရှိသည်။

"အရှင်ဘုရား တပည့်တော် ပြဿနာ မေးလျှောက်ပါရစေဘုရား"

အင်း...ထင်သည့်အတိုင်းပင် ဖြစ်ရုံမျှမက ပြဿနာပင်မေးချေပြီ။ အဘယ်မျှ ရှည်ဦးမည်မသိ။ အားလပ်ချိန်လေးတော့ ကုန်ဆုံးတော့မည်ဟု စဉ်းစားမိသည်။

"ဘာများမေးချင်လို့လဲ၊ မသိတာတွေ မေးနေမှ အခက်ပဲ"

"အရှင်ဘုရား သိနိုင်ပါတယ်ဘုရား"

"ကဲ...သိနိုင်ရင် မေးစမ်းပါဦး။ ဘာတွေလဲ၊ ဘယ်နှစ်မျိုးမေးမှာလဲ"

"ပြဿနာကတော့ တိုစိတိုစိနဲ့ သုံးမျိုးလေးမျိုးလောက်ရှိမှာပါ ဘုရား"

"နိဗ္ဗာန်ပြဿနာများလား"

http://www.dhammadownload.com



"မှန်ပါဘုရား။ အဲဒါလဲ ပါပါတယ်ဘုရား"

"အဲဒါမှ ခက်တယ်"

"ဘာဖြစ်လို့ပါလဲဘုရား"

"ကျယ်ဝန်းလို့ပါ"

"အဆိုချုပ်ပေါ့ဘုရား"

"ကဲ...ကဲ...ဘယ်လိုလဲ ပြဿနာက"

"နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာ ရှိပါသလားဘုရား"

"မရှိဘူး"

"အကြောင်းပြပါဦးဘုရား"

"နိဗ္ဗာန်ဆိုတာ ကိုယ်ထဲမှာ ရှိတယ်ဆိုရင် အမေမွေးကတည်းက နိဗ္ဗာန်ရနေမှ ဘာလုပ်စရာလိုသေးလဲ"

"နို့...ယခုလဲ ဘယ်လိုမှ မလုပ်ဘဲနဲ့ ရနေမယ်လို့ တချို့က ပြောပါလားဘုရား"

"တချို့ဆိုတဲ့ စကားကို မပြောပါနဲ့။ မင်းသိချင်တာသာ မေးပါ။ တော်တော်ကြာ အဖြေမှာ သူများတွေ၊ အဲဒီတချို့တွေ သူတို့ကို စောင်းတယ်၊ ထိခိုက်တယ် ပြောဦးမယ်"

"အရှင်ဘုရား အပြောခံရတယ်နဲ့ တူပါတယ်ဘုရား"

"ခံရတာပေါ့၊ ယခုလိုအမေးရှိလို့ ဖြေရတာပေါ့၊ သူတို့ အချင်းချင်း ပြောလို့ ဖြစ်လာတဲ့ပြဿနာမျိုး၊ ကိုယ်ကမေးလို့ ဖြစ်လာတဲ့ ပြဿနာမျိုးစတဲ့ ပြဿနာတွေကိုရေးတော့ 'အနာပေါ်တုတ်ကျ'သူ အချို့က ပြောကြတယ်"

http://www.dhammadownload.com



"ဒါကတော့ဘုရား အနားပေါ်တုတ်ကျလို့ နာတာတော့ ဘယ်တတ်နိုင်မလဲဘုရား။ မနာချင်ရင် အနာပျောက်အောင် လုပ်ဖို့ပဲ ရှိတာပေါ့"

"အေး...အေး...မင်းလိုသိရင်တော့ အကောင်းသားပဲပေါ့။ မင်းလိုမှ မသိတတ်လို့ ခက်နေတာပေါ့"

"ဘာသာရေးနယ်မှာ တပည့်တော်ဟာ အညံ့စားပါဘုရား၊ တပည့်တော်ဟာ ယခုမှ ဘာသာရေးလိုက်စားပါတယ်ဘုရား၊ လိုက်စားခါစ တပည့်တော်တောင် သိသေးရင် တပည့်တော်ထက် ဘာသာရေး ဝါရင့်နေတဲ့သူတွေဟာ သိဖို့ကောင်းပါတယ်ဘုရား"

"သိဖို့ကောင်းပေမယ့် မသိတာက ခက်တယ်"

"တင်ပါဘုရား၊ ပြဿနာဆက်ပါရစေဘုရား"

"ကဲ...ဆက်ပေါ့"

"နိဗ္ဗာန်ဟာ အငြိမ်းဓာတ်မို့ ငြိမ်းအောင်လုပ်စရာလိုပါသေးသလားဘုရား"

"နိဗ္ဗာန်က အငြိမ်းဓာတ်မို့ အငြိမ်းဓာတ်နိဗ္ဗာန်ကို ကိုယ်က ဘာမှ လုပ်စရာမလိုဘူး"

"မလိုရင် နဂိုရ်အတိုင်းနေ၊ အသာနေ ဒီလိုလားဘုရား"

"ဒီလိုဆို လူတိုင်း နိဗ္ဗာန်ရနေပြီပေါ့၊ ဗုဒ္ဓသာသနာမှတစ်ပါး တခြားသောဘာသာဝင်တွေလဲ နိဗ္ဗာန်ရကုန်မှာပေါ့၊ တိရစ္ဆာန်တွေတောင် ရကုန်မှာပေါ့၊ ဒီလိုတော့ ဘယ်ဟုတ်မလဲ"

"နို့...ဘယ်လိုပါလဲဘုရား"

http://www.dhammadownload.com



"နိဗ္ဗာန်ရဲ့ဓာတ်သဘောကတော့ အအေးအငြိမ်းမို့ အအေး အငြိမ်းလို့ ပြောရတာပဲနော်"

"မှန်ပါဘုရား"

"အဲဒီအအေးအငြိမ်း နိဗ္ဗာန်ကို မိမိမှာ ကိလေသာ မငြိမ်း အေးပဲနဲ့ အာရုံပြုနိုင်ပါ့မလား"

"ရှင်းပါဦးဘုရား"

"မင်းက ပူပူဆူဆူသမားဆိုတော့ အေးအေးဆေးဆေးသမား နှင့် အတူနေလို့ ဖြစ်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား"

"အေး...အဲဒီသဘောပဲ၊ အငြိမ်းဓာတ်နိဗ္ဗာန်ကို ကိလေသာ မငြိမ်းသူတွေ အာရုံပြုလို့မရဘူး။ ကိလေသာ ထကြွသောင်းကျန်း နေသူတွေ ကပ်လို့မရဘူး"

"ဒီလိုဆိုရင် အငြိမ်းဓာတ်နိဗ္ဗာန်ကို လိုချင်ရင် ရချင်ရင် ကိုယ့်မှာ ကိလေသာငြိမ်းအောင် လုပ်ရမယ်ပေါ့ဘုရား"

"အင်းပေါ့"

"နို့–လောဘ, ဒေါသစတဲ့ ကိလေသာတွေကလည်း နဂိုရ် ကမှမရှိတော့ ငြိမ်းနေပြီးသားမို့ ငြိမ်းအောင် ထပ်လုပ်စရာ လိုသေး သလားဘုရား"

"နဂိုရ်က မရှိသော်လည်းဖြစ်ဖို့ အကြောင်းဆုံလာရင် မင်းမှာ မဖြစ်ဘူးလား၊ ဖြစ်မှာလား"

"ဒါကတော့ ဖြစ်မှာပေါ့ဘုရား"

http://www.dhammadownload.com



"ဖြစ်ရင်မငြိမ်းဘူးပေါ့၊ ငြိမ်းရင်လဲ မဖြစ်ဘူးပေါ့"

"ဒီလိုဆိုတော့ ဘုရားရဟန္တာများဟာ ကိလေသာငြိမ်းလို့ မဖြစ်တော့တာပေါ့ဘုရား"

"အေးပေါ့၊ ငြိမ်းလို့မဖြစ်တော့တာပေါ့၊ မင်းတို့ ငါတို့မှာတော့ ကိလေသာ မငြိမ်းသေးလို့ ဖြစ်နေတာပေါ့"

"ဒါဖြင့် ကိလေသာ ငြိမ်းအောင် ဘာလုပ်ရပါ့မလဲဘုရား"

"ကိလေသာငြိမ်းအောင် မဂ္ဂဘာဝနာကို ပွားရမယ်"

"မဂ္ဂဘာဝနာ ပွားတယ်ဆိုတာ ဘာမှမလုပ်ဘဲနဲ့ နေတာလို့ ဆိုကြပါတယ်ဘုရား။ ဟုတ်ပါသလား"

"မင်းပဲ မင်းစကားပြန်စဉ်းစားကြည့်။ "**မဂ္ဂဘာဝနာပွား**" **မဂ္ဂ**–တဲ့၊ **ဘာဝနာ**–တဲ့၊ **ပွား**–တဲ့၊ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီမှာ မြန်မာလို ရှင်းနေတယ်"

"ဘယ်လိုပါလဲဘုရား"

"**ပွား**ဆိုတဲ့စကားပေါ့၊ "**ပွား**"ဆိုတာ များအောင်လုပ်တာကွ"

"တင်ပါ သဘောပေါက်ပါပြီဘုရား"

"ဘယ်လိုသဘောပေါက်လဲ၊ ဘာမှမလုပ်ဘဲ နေတာကို မဂ္ဂဘာဝနာပွားတယ်၊ ပွားပြီးလို့ သဘောပေါက်တာလား"

"မဟုတ်ပါဘုရား၊ ဒီလိုဆိုရင် အရှင်ဘုရား အစကပြော ခဲ့သလို အမေမွေးကတည်းက နိဗ္ဗာန်ရသလို ဘာသာခြားတွေ ပါ ခလေးတွေ ခွေးတွေပါ နိဗ္ဗာန်ရသလို ဖြစ်သွားမှာပေါ့ဘုရား"

http://www.dhammadownload.com



"ဒါဖြင့် ဘယ်လိုလဲ ပြောစမ်းပါဦး"

"မဂ္ဂဘာဝနာ"ကို အများကြီးဖြစ်အောင် ပွားများရပါမယ် ဘုရား"

"ပွားများတော့ ဘာဖြစ်မလဲ"

"ပွားများတော့ သိပါမယ်ဘုရား"

"သိတော့ဘာဖြစ်မလဲ"

"သိတော့ ငြိမ်းပါလိမ့်မယ်ဘုရား"

"ငြိမ်းတော့ ဘာဖြစ်မလဲ"

"ငြိမ်းတော့ အငြိမ်းဓာတ်နိဗ္ဗာန်ကို ရပါမယ်ဘုရား"

"အေး...ဟုတ်ပြီ။ မင်းတော်တော် သဘောပေါက်လွယ်တယ်။ ပိုပြီးသဘောပေါက်အောင် ထပ်ပြီး ရှင်းပြမယ်"

"ရှင်းပါဘုရား"

"နိဗ္ဗာန်ဟာ အငြိမ်းဓာတ်ဆိုတာ မင်းလက်ခံပြီးသားနော်"

"မှန်ပါ လက်ခံပြီးသားပါဘုရား"

"အဲဒီအငြိမ်းဓာတ် နိဗ္ဗာန်ကို ကိလေသာ မငြိမ်းသူ အာရုံ မပြုနိုင်ဘူး၊ မရောက်နိုင်၊ မရနိုင်ဘူးဆိုတာလဲ မင်းလက်ခံတယ် နော်"

"မှန်ပါ၊ လက်ခံပါတယ်ဘုရား"

"ဒါဖြင့် အဲဒီကိလေသာက ဘယ်သူ့မှာ ငြိမ်းလဲ"

"သိတဲ့သူမှာ ငြိမ်းပါတယ်ဘုရား"

"အေး...အေး...ဟုတ်ပြီ၊ ငါလိုချင်တဲ့အဖြေကလဲ အဲဒါပဲ"

"ရှင်းပါဦးဘုရား"

http://www.dhammadownload.com



"ဟိုး-သစ္စသံယုတ်တို့၊ မဂ္ဂသံယုတ်တို့မှာ ဗုဒ္ဓဟောထားတဲ့ သုတ္တန်တွေ များစွာရှိပါတယ်။ ဘာတဲ့လဲ?"

"ရဟန်းတို့၊ သိသောသူ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ငါဘုရား ဟောတော်မူ၏။ မသိသောသူအား မမြင်သော သူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟော ကြတော်မမူ"လို့ ဟောထားတဲ့ သုတ္တန်တစ်ခု မှတ်ထားနော်"

"မှန်ပါဘုရား၊ မှတ်ထားပါမယ်ဘုရား"

"သိသောသူ၊ မြင်သောသူအား အာသဝေါ တရားတို့ ကုန်ခြင်းကို ဟောသလိုပဲ သိသောသူ မြင်သောသူအား ကိလေသာကုန်ခြင်း၊ သံယောဇဉ် ကုန်ခြင်းကိုလည်း ဗုဒ္ဓဟော တော်မူတယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား၊ မှတ်ထားပါ့မယ်ဘုရား"

"ကဲ...ဒီတော့ အဲဒီမှာ အမေးတစ်ချက်ဝင်ရမယ်"

"ဘယ်လို ဝင်ရမလဲဘုရား"

"ဘာကို သိသောသူအား မြင်သောသူအား ဘယ်လိုသိသော မြင်သောသူအား အာသဝေါတွေ ကိလေသာတွေ သံယောဇဉ် တွေ ကုန်ခြင်း ခန်းခြင်းကို ဟောတော်မူပါသလဲလို့ အမေးတစ် ချက် ဝင်စရာ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

http://www.dhammadownload.com



"ရှိတော့ အမေးဝင်မလား၊ မဝင်ဘူးလား"

"ဝင်ပါ့မယ်ဘုရား"

"အဲဒါ ငါ့ပြောနေတာ၊ ငါ့အာဘော်နဲ့ ငါပြောနေတာ မဟုတ်ဘူး။ ဗုဒ္ဓရဲ့သစ္စသံယုတ်ပါဠိတော်၊ မဂ္ဂသံယုတ်ပါဠိတော်တွေကို ပြောနေတာနော်"

"မှန်ပါဘုရား"

"ကဲ...ဝင်တော့ ဗုဒ္ဓကပဲ မေးပြီးဖြေတယ်၊ ဘယ်လိုဖြေလဲ ဆိုတော့–

"ရဟန်းတို့ မျက်စိကိုအနိစ္စလို့သိသောသူ မြင်သောသူအား အာသဝေါတရား ကုန်ခြင်းကို ငါဘုရား ဟောတော်မူ၏။ မသိသောသူ မမြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောကြားတော်မမူ"တဲ့။ အဲဒီလိုဖြေတယ်။ ကဲ...အဖြေရှင်းရဲ့လား"

"ရှင်းပါတယ်ဘုရား"

"အဲဒီအတူပဲ နားကိုအနိစ္စလို့ သိသောသူ၊ မြင်သောသူ၊ နှာခေါင်းကို၊ လျှာကို၊ ကိုယ်ကို၊ စိတ်ကို အနိစ္စလို့ သိသောသူ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောတယ်။ မသိသူ မမြင်သူအား မဟောဘူးနော်"

"မှန်ပါဘုရား"

"အဲဒီအတူပဲ ရုပ်ကို အနိစ္စလို့ သိသောသူ မြင်သောသူအား ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဏ်ကို၊ အဆင်းကို၊

http://www.dhammadownload.com



အသံကို၊ အနံ့ကို၊ အရသာကို၊ အတွေ့အထိကို၊ သဘောတရားကို အနိစ္စလို့ သိသောသူ မြင်သောသူအား အာသဝေါတရားတို့ ကုန်ခြင်းကို ဟောတယ်။ မသိသောသူ မမြင်သောသူအား မဟောဘူးနော်"

"မှန်ပါဘုရား"

"အာသဝေါတရားတို့ ကုန်ခြင်းကို ဟောသလိုပဲ သံယောဇဉ်တို့ ကိလေသာတို့ ကုန်ခြင်းကိုလည်း ဟောတယ်နော်"

"မှန်ပါဘုရား"

"အနိစ္စကို သိသောသူ မြင်သောသူအား ဆိုသလိုပဲ ဒုက္ခကို သိသောသူ မြင်သောသူအား အနတ္တကို သိသောသူ မြင်သောသူအား အာသဝေါတို့ ကိလေသာတို့ သံယောဇဉ်တို့ ကုန်ခြင်းကို ဟောတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အဲဒီလို သိတယ်ဆိုတာ အသာနေလို့ သိတာလား"

"သိအောင် သတိ-ဝီရိယ-ပညာနဲ့ ရှုပွားလို့ သိတာလား"

"ရှုပွားလို့ သိတာပါဘုရား"

"မရှုပွားဘဲ အသာနေလို့ သိတယ်ဆိုရင် သတိ-ဝီရိယ-ပညာတို့ရဲ့ တန်ဖိုး ဘာရှိဦးမလဲ"

"မရှိတော့ပါဘုရား"

"မလုပ်ရဆိုတဲ့ အကိရိယဝါဒီဒိဋ္ဌိလဲ ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

http://www.dhammadownload.com



"ဗုဒ္ဓကလဲ မလုပ်ရလို့ ပြောပါတယ်။ ဘာတွေမလုပ်ရလို့ ပြောလဲဆိုတော့ ကာယကံအကုသိုလ်တွေ၊ ဝစီကံအကုသိုလ်တွေ၊ မနောကံ အကုသိုလ်တွေကိုတော့ မလုပ်ရလို့ ဗုဒ္ဓဟောတယ် နော်"

"မှန်ပါဘုရား"

"ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်တွေ ကိုတော့ ဗုဒ္ဓက လုပ်လို့ ဟောတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ ဗုဒ္ဓက အကုသိုလ်ကို မလုပ်ရဘူးလို့ ဟောတယ်၊ ကုသိုလ်ကို လုပ်ရမယ်လို့ ဟောတယ်နော်"

"မှန်ပါဘုရား"

"**တန်ဖိုးပေးမှ တန်ရာကိုရတယ်**" နိဗ္ဗာန်လိုချင်ရင် မဂ်ဖိုလ် ရမှ၊ မဂ်ဖိုလ်ရချင်ရင် ဝိပဿနာတရားကို သတိ–ဝီရိယ–ပညာ လက်ကိုင်ထားပြီး မိမိရဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကိုသိအောင် မြင်အောင် ရှုပွားမှ ရမယ်နော်"

"မှန်ပါဘုရား"

"သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"အေး...မင်းသိထားဖို့က မလုပ်ရတဲ့ အကိရိယဆိုတာ အကုသိုလ်၊ လုပ်ရတဲ့ ကိရိယဆိုတာ ကုသိုလ်လို့ သေသေချာချာ သိထားပါ"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အေး...မင်းတို့ လူ့ဘဝမှာ တစ်ဘဝ တစ်နပ်စာ ချမ်းသာရေးတောင်မှ အသာနေ၊ ဘာမှမလုပ်ပဲနဲ့ မချမ်းသာနိုင်ရင် အထွတ်အမြတ် နိဗ္ဗာန်ချမ်းသာ ဆိုတာတော့ ဘာမှမလုပ်ဘဲနဲ့ အသာနေရုံနဲ့ သတိ-ဝီရိယ-ပညာ အသုံးမချဘဲနဲ့ မရဘူးလို့သာမှတ်ပါ"

"ကဲ...တော်သေးပြီ"

- နိဗ္ဗာန်လိုချင်၊ မဂ္ဂင်ယာဉ်၊ တွင်တွင်စီးရမည်။
- မဂ္ဂင်မပွား၊ နိဗ္ဗာန်နား၊ လားလားမသိပြီ။
- အကုသိုလ်မှန်၊ မပြုရန်၊ အမှန်ဟောခဲ့သည်။
- ကုသိုလ်မှန်က၊ ပြုလုပ်ကြ၊ ဗုဒ္ဓဟောခဲ့သည်။
- မပြုရမှု၊ ပြုရမှု၊ ခွဲရှုသိသင့်သည်။

http://www.dhammadownload.com



# နှင့်ဆရာတရေးမျိုး မျှတ်သွေ့ပြား

{၁၉}

ဗုဒ္ဓသည် ယထာဘူတဉာဏ် ရရေးအတွက် ဆရာကောင်း ဆရာမြတ်ကို ရှာရမည်ဟု အကြိမ်ကြိမ် ဟောထားတော်မူခဲ့၏။

သို့ဖြစ်၍ ယထာဘူတဉာဏ်ကို ရရန်လိုလားသော အမျိုးကောင်းသားသမီးတို့သည် ဆရာကောင်း ဆရာမြတ်ကို ဦးစွာ ရှာရမည်ဖြစ်၏။

ဆရာကောင်း ဆရာမြတ်ကို ရှာလိုသူ ရှာသူသည် ယင်းဆရာကောင်း ဆရာမြတ်၏ ဆန့်ကျင်ဘက် ဆရာယုတ် မိတ်ဆွေယုတ်ကို သိဖို့လိုသည်။

မှန်၏။ လောကသည် အစုံ–အစုံနေသော လောကဖြစ်သည်။ အကောင်းရှိက အဆိုးရှိသည်။ အမြတ်ရှိက အယုတ်ရှိသည်။ ဆရာကောင်းဆရာမြတ်ရှိသလို ဆရာညံ့ ဆရာယုတ်လည်း ရှိသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ဆရာကောင်း၊ ဆရာမြတ်ကို ရှာလိုသူသည် ဆရာဆိုး၊ ဆရာယုတ်ကို သိဖို့လိုသည်။ သို့မှသာ အယုတ်နှင့် အမြတ်၊ အဆိုးနှင့်အကောင်းကို ခွဲခြားပြီး သိမည်ဖြစ်သည်။

ဆရာဆိုး ဆရာယုတ်၊ မိတ်ဆိုး မိတ်ယုတ်ကား အသို့နည်းဆိုသော်–

၁။ ယုံကြည်မှုသဒ္ဓါတရားမရှိ၊

၂။ အကျင့်သီလမရှိ၊

၃။ အကြားအမြင် ဗဟုသုတမရှိ၊

၄။ ဝန်တိုတယ်၊

၅။ ပညာမရှိ။ ယင်းအင်္ဂါ ငါးချက်နှင့် ပြည့်စုံသောသူသည် ဆရာဆိုး၊ ဆရာယုတ်၊ မိတ်ဆိုး၊ မိတ်ယုတ်ပင် ဖြစ်၏။

ယင်းမိတ်ဆိုး မိတ်ယုတ်၊ ဆရာဆိုး ဆရာယုတ်ကို မှီဝဲခြင်း၊ အမြဲမှီဝဲခြင်း၊ ကောင်းစွာမှီဝဲခြင်း၊ ချဉ်းကပ်ခြင်း၊ ကောင်းစွာချဉ်းကပ်ခြင်း၊ ညွတ်ကိုင်းရှိုင်းခြင်းကို မိတ်ဆိုး မိတ်ယုတ် ဆရာဆိုး ဆရာယုတ်တို့၌ ပေါင်းသင်းခြင်းလို့ ခေါ်သည်။

ချဉ်းကပ်အံ့၊ မှီမှီဆည်းကပ်သည့် ဆရာသည် ဘုရားတရားသံဃာကို တကယ် ယုံကြည်သည့် သဒ္ဓါတရား ရှိ မရှိ သိရမည်။ ကံ–ကံ၏အကျိုးကို ယုံကြည် မယုံကြည် သိရမည်။ မယုံကြည်လျှင် ဆရာယုတ်ဟု မှတ်ပါ။

ရဟန်းဆိုရင် ရဟန်းသီလ ရှိမရှိ၊ လူဆိုလျှင် လူနှင့်စပ်သွယ်တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ အာဇီဝဋ္ဌမက သီလစသည်

http://www.dhammadownload.com



ရှိ,မရှိ သိရမည်။ ဒါန သီလထက် သာလွန်သော ဝိပဿနာ တရား ပြသဟောကြားသူသည် သီလမှုမရှိလျှင် အကျင့်ဖောက် ပြန်နေလျှင် ဆရာယုတ်ဟူ၍ မှတ်ပါ။

ဘုရားဟော ပါဠိတော် စသည်တွေကို ပြည့်စုံ လုံလောက် အောင်မလေ့လာ၊ မသင်ကြား၊ မနာကြားဘူးခြင်း၊ သမာဓိပညာ စခန်းကို ကိုယ်တွေ့ဉာဏ်တွေ့မရှိလျှင် ဗဟုသုတ မရှိသူဖြစ်၏။

အချို့မှာ မိမိကိုယ်တိုင် ကျမ်းဂန် ဗဟုသုတ၊ အကျင့် ဗဟုသုတ ဘာမှမရှိပေ။ သို့သော် ယင်းတို့က ပြောကြ၏။ "ဆရာမမှားစေနဲ့"တဲ့။ ယင်းသည် ဆရာကောင်းလော။ ဆရာ ကောင်း မဟုတ်လော။ စင်စစ်တော့ ဆရာယုတ်ပင်ဖြစ်၏။

## ဝန်တိုခြင်းငါးမျိုး

ဝန်တိုတယ်ဆိုတာတော့ ငါးမျိုးရှိသည်၊ အကျဉ်းပြရသော်-

၁။ အရိပ်အာဝါသ၊ ကျောင်းဇရပ် စသည်နှင့်စပ်ပြီး ဝန်တိုခြင်း၊ မိမိထက် သာသူများ မနေစေလိုခြင်းကို ဝန်တိုသည်ဟု ခေါ်သည်။

၂။ ဒကာ-ဒကာမများနှင့် စပ်ပြီး ဝန်တိုခြင်း၊ ဤ၌ မိမိ ဒကာ၊ ဒကာမများ တခြားရဟန်းများ ကျောင်းများကိုးကွယ်မှာ စိုးရိမ်ခြင်းကို ဝန်တိုသည်ဟု ခေါ်သည်။

၃။ လာဘ်လာဘ ပစ္စည်းပစ္စယနှင့် ပတ်သက်ပြီး မိမိသာရချင် တယ်၊ သူတစ်ပါးမရစေချင်ဘူး။ ရပြီးသားလည်း ကိုယ်သာ

http://www.dhammadownload.com



သုံးချင်တယ်၊ သူတစ်ပါးမပေးချင်၊ လာဘ်နှင့်ပတ်သက်ပြီး ဝန်တိုတာပါပဲ။

၄။ ချီးမွမ်းဖွယ်နှင့် ဝန်တိုခြင်း၊ သူတစ်ပါးကို ချီးမွမ်းတာ မကြိုက်ဘူး၊ မချီးမွမ်းနိုင်ဘူး။

၅။ တရားဓမ္မနှင့်ပတ်သက်ပြီး ဝန်တိုခြင်း၊ သူတစ်ပါး ကိုယ့်လောက် မတတ်သိစေချင်ဘူး၊ သူတစ်ပါး သိသွား တတ်သွားမှာ စိုးခြင်းဟူ၍ ဝန်တိုခြင်းငါးမျိုးရှိသည်။ ယင်းတွင် တရားပြ ဆရာတွေ အများဆုံးဖြစ်တတ်သော ဝန်တိုမှုမှာ ကိုယ့်အခြေအရုံပရိသတ် ကိုယ့်ဒကာ ဒကာမတွေ သူတစ်ပါးထံ ရောက်သွားမှာကို စိုးရိမ်မှုဖြစ်၏။ ယင်းတရားရှိရင် ဆရာယုတ်ပဲ။

အကြားအမြင်နှင့် စပ်သွယ်ပြီး သုတမယ ပညာလည်း မရှိဘူး၊ ကြံစည်စဉ်းစားမှု စိန္တာမယ ပညာလည်းမရှိဘူး၊ ပွားများအားထုတ်မှု ဘာဝနာမယပညာလည်း မရှိဘူးဆိုရင် ပညာရှိသူ မဟုတ်ဘူး၊ ဆရာယုတ်ပဲ။

ယခု ပြောပြ ဖော်ပြခဲ့သော အင်္ဂါတွေနှင့် ပြည့်စုံသော ဆရာယုတ်ကို မမှီဝဲရ၊ မပေါင်းသင်းရပါ။ ပေါင်းသင်းသော် ယင်းဆရာယုတ် အတုတွေ မိမိတွင် ကူးစက်ပါလိမ့်မည်။

မှန်၏၊ ဆရာယုတ်က ဘုရားတရားကို မယုံကြည်တဲ့အတွက် ဘုရားတရားကို မယုံကြည်အောင် ဟောပြောသည့်အခါ မိမိတို့လည်း မယုံကြည်သည့်ဘက်သို့ ပါသွားနိုင်ပါသည်။

http://www.dhammadownload.com



ကံ–ကံ၏အကျိုးမယုံကြည်သူဆရာယုတ်ကလည်း "ကုသိုလ် ပြုဖို့မလိုဘူး၊ အကုသိုလ်လည်း ရှောင်ဖို့မလိုဘူး"စသည် ပြော သဖြင့် မိမိတို့လည်း အတုလိုက်ပြီး ယင်းသို့ ပြုပြောတတ် ပါသည်။

သီလမရှိတဲ့ဆရာ၊ နှုတ်ကြမ်း အာကြမ်းတဲ့ဆရာကို မှီဝဲ ဆည်းကပ်ရင် မိမိလည်း ဆရာအလေ့ အတုယူပြီး သီလမရှိသူ၊ နှုတ်ကြမ်း အာကြမ်း ဖြစ်တတ်သည်။

အကြားအမြင် ဗဟုသုတမရှိတဲ့ ဆရာယုတ်ဟာ အကြား အမြင် ဗဟုသုတကို မရှိသေတတ်ပါ။ မိမိက စာမတတ်တော့ စာတတ်တဲ့သူတွေကို မချီးမြှောက်ချင်ပါ။ အပြစ်ပြောတတ်ပါသည်။ စာတတ်ဖို့ မလိုတော့သလို စာပဲပိုနေတော့သလို ပြောတတ်ပါ သည်။

တရားအားထုတ်တဲ့အခါ စာကပဲ ခံနေတော့သလိုလို ပြော ဆိုတတ်ပါသည်။ ယင်းဆရာသည် ဆရာယုတ်ပင်ဖြစ်၏။ ဆရာ ကောင်း မဟုတ်ပေ။

ယင်းသို့သော ဆရာယုတ် ဆရာဆိုးကို မမှီဝဲသင့်ပေ။ မှီဝဲ သော် ယင်းဆရာယုတ်၏ အတုတွေ အတတ်တွေ မိမိတွင် စွဲကပ်သော် အကျိုးယုတ်ပါလိမ့်မည်။

ဝန်တိုတဲ့ ဆရာယုတ်၊ မိတ်ဆွေယုတ်က မိမိ၏တပည့်တွေ၊ သို့မဟုတ် မိမိမိတ်ဆွေတွေ မိမိတို့ဆရာ မိမိတို့ ကျောင်းမှ တစ်ပါးတခြားမှာ လှူတာကို ပိတ်ပင်တတ်သည်။

http://www.dhammadownload.com



မိမိတို့အသိုင်းအဝိုင်း၊ တပည့်တပန်း၊ မိတ်ဆွေသင်္ဂဟများ တခြားသူထံ ရောက်သွားမှာ၊ တခြားကျောင်း ကိုးကွယ်သွားမှာ စိုးရိမ်သည်။ ရောက်မသွားအောင် ပိတ်ပင်သည်။ တားဆီးသည်။ ကိုယ့်ဆီလာအောင် ဆွယ်တရားဟောသည်။ ယင်းသို့ မိတ်ဆွေယုတ်ကို ရှောင်ရမည်။ ဆရာယုတ်ကို မပေါင်းရ။

သို့ဖြစ်၍ ယောဂီ သူတော်စင်သည် ဤသို့ ကျင့်ရမည်။ ဆောက်တည်ရမည်--

> "တစ်ပါးသော သူတို့သည် ယုတ်ညံ့သော ဆရာ၊ ယုတ်ညံ့သော မိတ်ဆွေရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ဤအရာမှာတော့ ငါတို့သည် ကောင်းမြတ်သော မိတ်ဆွေ၊ ကောင်းမြတ်သော ဆရာရှိကုန်သည် ဖြစ်ကုန်အံ့"ဟူ၍ ကိလေသာခေါင်းပါးစေသော အကျင့်ကို ပြုကျင့်အပ်၏"လို့ **သလ္လေခသုတ်** မှာ ဗုဒ္ဓဟောထားပါသည်။

သို့ဖြစ်၍ တရားအားထုတ်လိုသော ယောဂီ၊ တရားအားထုတ်နေသော ယောဂီသည် မိမိကို တရားပြတဲ့ဆရာ၏ ကောင်းဆိုးကို သတိပြု၍ ကြည့်ရှုရမည်။ သတိပြုကြည့်ရှုသော် ဆရာဆိုးဟု သိက ဖဲခွာ၊ ဆရာကောင်းဟု သိက ဆက်လက်မှီဝဲရမည်။

ဆရာဆိုးမှန်းသိလျက် အစွဲအလန်းကြီးပြီး မိဘဘိုးဘွားက ကိုးကွယ်တဲ့ဆရာ၊ ကိုယ့်ကျောင်းက ဘုန်းကြီးမို့ မခွဲနိုင် မခွာနိုင် မစွန့်ရက် မစွန့်နိုင်လျှင် မိမိတို့ပဲ နစ်နာမည်။

http://www.dhammadownload.com



အများစုသည် ဆရာဆိုး ဆရာကောင်း မခွဲခြားတတ်ကြပေ။ ခွဲခြားတတ်သည့် ဉာဏ်ပညာလည်း မရှိပေ။ ရှိသူကား အလွန်ရှား၏။ ယင်းသို့ ရှားသူတွေထဲမှာမှ ရှားရှားပါးပါး တစ်ယောက်နှင့် တွေ့ရ၏။

## ရှာမှရှားသူ

တစ်ချိန်သော ဆောင်းကာလဖြစ်သည်။ မိမိသည် မြို့ကြီးတစ်မြို့တွင် ဆယ်ရက်စခန်း တရားပြနေသည်။ တစ်နေ့ညနေတွင် ယောဂီသုံးလေးယောက် ရောက်ရှိလာပြီး ရှိခိုးဦးချ ထိုင်နေကြသည်။

မိမိသည် ယောဂီများအား သီးခြားလာ၍ အကြောင်းထူးရှိလို့ဟုထင်၍ မေးသည်–

"ဘယ်လိုလဲ တရားအားထုတ်ရတာ ထူးခြားမှုရှိရဲ့လား"

"ရှိပါတယ်ဘုရား"

ယောဂီသုံးလေးယောက်မှ တစ်ယောက်က ဖြေလိုက်ခြင်းဖြစ်၏။

"တရားအားထုတ်ရတာ ပင်ပန်းဆင်းရဲသေးလား"

"မပင်ပန်း မဆင်းရဲပါဘုရား"

"အင်း...တရားဆိုတာ ဘုရားကိုယ်တိုင် ဟောထားတာရှိသားပဲ။ ကိုယ်ဆင်းရဲမှု–ဒုက္ခ၊ စိတ်ဆင်းရဲမှု–ဒေါမနဿတွေ ချုပ်လိမ့်မယ်လို့ ဟောထားတာပဲ။ ဒီတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်အောင် အားထုတ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား၊ ဒီမှာတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်လို့ တရားလည်း တိုးတက်ပါတယ်ဘုရား"

"ဒီမှာတော့ တိုးတက်တယ်ဆိုတော့ ဘယ်မှာ မတိုးတက်လဲ"

"တပည့်တော် ဒီမှာ အားမထုတ်ခင်က ဟို(-----)ရိပ်သာ မှာ အားထုတ်ပါတယ်ဘုရား"

ယောဂီပြောသော ရိပ်သာမှာ ထိုမြို့တွင် ထင်ရှားသော ရိပ်သာတစ်ခုဖြစ်၏။

"အင်း...အားထုတ်တော့ ဘယ်လိုအကျိုးထူးလဲပြောစမ်း ပါဦး"

"တရားပြဆရာက ဒေါသသိပ်ကြီးတယ်ဘုရား"

"အို...တရားပြဆိုတာ မယဉ်ကျေးတဲ့သူကို ယဉ်ကျေးအောင် တရားပြရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နို့–ဘယ့်နှယ် ကိုယ်မယဉ်ကျေးတဲ့အကြောင်း ယောဂီတွေ သိသွားအောင် ရိုင်းတဲ့ မိုက်တဲ့ ဒေါသကို ထုတ်ပြရတာလဲ"

"မှန်ပါဘုရား၊ အဲဒီ တရားပြဆရာက ဒေါသကြီးပြတာ တော့ နာမည်ကြီးပါပဲဘုရား"

"အို–ဘယ့်နှယ် တရားပြဆရာလဲ၊ ဒေါသကြီးတဲ့လူကို ဒေါသမကြီးအောင် တရားပြရမှာ ဘယ့်နှယ့် ကိုယ့်ဒေါသကို ယောဂီတွေကိုကြီးပြရလဲ"

"မှန်ပါ၊ ယောဂီတွေ သိပ်ကြောက်ရပါတယ်ဘုရား"

http://www.dhammadownload.com



"ဒေါသဆိုတော့ တရားလား၊ မတရားလား"

"မတရားပါဘုရား"

"ဒါဖြင့် အဲဒီဆရာဟာ တရားပြဆရာ မဟုတ်ဘူး။ မတရားပြဆရာဘဲ"

"မှန်ပါ ဒီအတိုင်း ဖြစ်နေပါပြီဘုရား"

"မတရားဟာ ပယ်ရမှာလား၊ ထုတ်ပြရမှာလား"

"ပယ်ရမှာပါဘုရား"

"အေး...ပယ်ရမယ့်ဒေါသကို ထုတ်ပြသင့် မပြသင့် ဘယ့်နှယ်လဲ"

"မပြသင့်ပါဘုရား"

"အေး...မှတ်ထား"

"မှန်ပါ၊ သူ့ဘာသာသူ ဒေါသကို ထုတ်ပြတာတော့ တပည့်တော် ခံနိုင်ပါတယ်ဘုရား"

"ဒါဖြင့် ဘာတော့ မခံနိုင်လဲ"

"ဆရာသမားကို ထိခိုက်တော့ မခံနိုင်ပါဘုရား"

"ဆရာသမားကို ဘယ်လို ထိခိုက်လဲ"

"တရားစစ်ရင်းနဲ့ တပည့်တော် တရားအစစ်ခံတာ မကျေနပ်တော့ တရားပြဆရာက ဒေါသကြီးပြီး "**တို့တရားက နင့်ဆရာတရားမျိုးမှတ်လို့လား**"လို့ ပြောပါတယ်ဘုရား"

"အင်း"

http://www.dhammadownload.com



"ဒီတော့ တပည့်တော်လည်း မခံနိုင်တာနဲ့ ပြန်ပြီးပြောပါတယ်ဘုရား"

"အို...ဘာဖြစ်လို့ ပြန်ပြောရမလဲ"

"သူက တောထွက်ကြီးဘုရား"

"အို...တောထွက်ကြီးတော့ ဘာဖြစ်လဲ"

"တောထွက်ကြီးက တရားပြတယ်ဆိုပြီး ဒေါသလည်း ကြီးသေးတယ်။ သူတစ်ပါးဆရာလည်း ထိခိုက်သေးတယ်ဆိုတော့ ဘယ်ခံနိုင်မလဲဘုရား"

"အင်း"

"ဒါနဲ့ တပည့်တော်က ပြန်ပြော၊ သူက ပြန်ပြောနဲ့ အဲဒီ ပြဿနာ ဆရာတော်ဆီ ရောက်သွားပါတယ်ဘုရား"

"အင်း"

"တပည့်တော်လည်း တရားဆက်အားမထုတ်တော့ဘူး၊ ပြန်တော့မယ်လို့ ဆရာတော်ကို လျှောက်ပါတယ်ဘုရား"

"အင်း"

"ဆရာတော်က ကောင်းရှာပါတယ်ဘုရား။ ဆက်အားထုတ်ဖို့ တရားဟောပါတယ်"

"အင်း"

"ဒါနဲ့ တပည့်တော်လည်း သူဒေါသကြီးတာက သူ့အပြစ်နဲ့သူ။ ဒီက ရိပ်သာဆရာတော်နှင့် တပည့်တော် ဆရာတော်တို့ ဂုဏ်မထိခိုက်စေချင်တာနဲ့ ဆက်ပြီးတော့အားထုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အင်း"

"နောက်တော့လည်း ပြန်ချော့တယ်ဘုရား"

"အင်း"

"တပည့်တော်လည်း စိတ်မှာ အခုအခံ ဖြစ်ထားတော့ တရားမတိုးတက်တော့ပါ ဘုရား"

"အင်းပေါ့ တရားဆိုတာ မဘာရားဝင်လာရင် ပျောက်ရော။ မရတော့ မပေါ်တော့ဘူးပေါ့နော်"

"မှန်ပါဘုရား"

"တပည့်တော်လည်း မတရားကို ဖယ်ပြီး ဆက်ပြီးအားထုတ်သော်လည်း '**နင့်ဆရာတရားမျိုး မှတ်လို့လား**' လို့ဆိုတာက ဝင်ဝင်လာတယ်ဘုရား"

"အင်း"

"တောထွက်ကြီးက တပည့်တော်ဆရာလည်း သေသေချာချာ မသိဘဲနဲ့ တပည့်တော်ဆရာရဲ့တရားလည်း သေသေချာချာ မသိဘဲနဲ့ ပြောတော့ မခံနိုင်တာကို ပျောက်လို့မရဘူးဘုရား"

"အင်း"

"သူက စာမတတ် ပေမတတ်၊ ဒေါသကြီးတယ်၊ တပည့်တော်ဆရာက စာတတ်ပေတတ် ဒေါသမကြီးဘူး၊ အကျင့်ကောင်းတယ်"

"အင်း"

"ဒီတော့ တပည့်တော်က ဘယ်ခံနိုင်မလဲဘုရား"

http://www.dhammadownload.com



"အင်း"

"အဲဒါနဲ့ ဆက်လက်အားထုတ်တော့လည်း မရတော့တဲ့အတူ ထွက်မယ်ဆိုပြီး တရားထွက်လိုက်ပါတယ်ဘုရား"

"အင်း–အင်း–တရားကတော့ သူ့တရား ကိုယ့်တရားဆိုတာ မရှိပါဘူး။ ဘုရားတရားချည်းပဲ မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"အေး–ခုတော့ ဆရာယုတ် ဆရာဖျင်းတွေကြောင့် သူ့တရား ကိုယ့်တရားလုပ်ပြီး သူ့ပုတ်ခတ် ကိုယ့်ပုတ်ခတ်နဲ့ အကုသိုလ်တွေ ဖြစ်ကုန်ကြတာပေါ့"

"မှန်ပါဘုရား"

"တရားကတော့ ဘုရားတရားတွေမို့ အမှန်တွေပဲနော်"

"မှန်ပါဘုရား"

"ဆရာဖျင်း ဆရာယုတ်တွေကြောင့် ဘုရားတရားတော်တွေ နာမည်ပျက်နေပြီနော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် ဆရာဖျင်း ဆရာယုတ်ကြောင့် တရားတော့ အားမထုတ်ဘဲ မနေပါနဲ့၊ တရားလည်း စိတ်မပျက်ပါနဲ့၊ တစ်နေရာ ရွှေ့ပြီး အားထုတ်ပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကဲ–တော်သေးပြီ"

- ကိုယ့်အတွက်များ၊ မြတ်တရား၊ ပျက်ပြားရှောင်ပါလေ။
- တရားပြလျှင်၊ ကိုယ့်မှာပင်၊ အလျှင်တရား တည်ပါစေ။
- ကိုယ့်မှာရှိရ၊ ယုတ်ဒေါသ၊ အပြရှောင်ပါလေ။
- အယုတ်ဒေါသ၊ ရှိလေက၊ ယုတ်ရဆရာပေ။
- ဆရာယုတ်မြင်၊ သူတော်စင်၊ အလျှင်ရှောင်ပါလေ။

http://www.dhammadownload.com



# ကိုယ့်မင်္ဂလာကိုယ်ဖော် မသူတော်တဲ့

## {၂၀}

ယနေ့မျက်မှောက်လောက မျက်မှောက်ခေတ်ကိုကြည့်ပါ။ တရားပွဲတွေ ခေတ်စားနေတာကို တွေ့ရမည်ဖြစ်၏။ တရားပွဲတွေ ခေတ်စားသလောက် တရားဟောသူလည်း များပြားလှ၏။ တရားနာသူတွေလည်း များပြားလှ၏။

ယင်းသို့ တရားပွဲများခြင်း၊ ဟောသူနာသူ များလာခြင်း သည်ကောင်း၏။ အလွန်တရာကောင်း၏။ သို့သော် များလာလျှင် ယင်းအများတွင် မကောင်းတာတွေပါလာမြဲ ဖြစ်လာသည်။

အဘယ်သို့ မကောင်းပါလာသနည်း? တစ်နေ့ ဒကာ တစ်ယောက်နှင့်တွေ့၏။ ယင်းဒကာသည် ရိုးသားစွာနှင့် တရားပွဲ ဖြစ်မြောက်ရေး ဆောင်ရွက်နေသူ တစ်ယောက် ဖြစ်၏။

http://www.dhammadownload.com



ယင်းဒကာနှင့် တရားပွဲများအကြောင်း စပ်မိရာမှ ယင်းဒကာက ပြောလာသည်–

"အရှင်ဘုရား၊ တရားပွဲတွေ ခေတ်စားလာတော့ ဒီအထဲမှာ မရိုးသားမှုတွေ ပါလာပါတယ်ဘုရား"

"အို...တရားပွဲထဲ ဘယ်လို မရိုးသားမှုတွေ ပါလာသလဲ"

"တရားပွဲတွေက ငွေရမှန်းသိတော့ တချို့က တရားပွဲနဲ့ ငွေရှာတယ်ဘုရား"

"အင်း...အဲဒါမှ အခက်ပဲ"

"ဒီတော့ ငွေရအောင် ရှာနိုင်တဲ့ ဓမ္မကထိကကို ပင့်ပြီးတော့ တရားပွဲ ကျင်းပကြတယ်ဘုရား"

"ဒီလိုဆိုတော့ တရားနာချင်တာမှ မဟုတ်တာ၊ ငွေလိုချင်တာပဲ၊ ပရိသတ်လည်း တရားပေးချင်လို့မှ မဟုတ်တာလို့၊ ပရိသတ်ထဲက ငွေလိုချင်လို့ဟာပဲ"

"မှန်ပါဘုရား"

"ဒါတော့ ရည်ရွယ်ချက် မကောင်းဘူးဒကာကြီး၊ ဒီလို တရားပွဲမျိုး ကျင်းပလို့တော့ ဘာကုသိုလ်မှလည်း ရမှာမဟုတ်ဘူး"

"တချို့ ဓမ္မကထိကတွေကလည်း ဒကာ–ဒကာမတွေကို မြှောက်ပင့် ချီးမွမ်း ဆွေမျိုးစပ်ပြောတယ်ဘုရား"

"ဘယ်လို ဆွေမျိုးစပ်လဲ"

"ပရိသတ်ကို ကိုယ့်ဘက်ပါအောင် အသံကလေး ချွဲချွဲနဲ့ ဘုရား"

http://www.dhammadownload.com



"အင်း"

"မိဟောင်း၊ ဖဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်း၊ အစ်ကိုဟောင်း၊ အစ်မဟောင်း၊ ညီဟောင်း၊ ညီမဟောင်း စသည်နဲ့ ဘုရား"

"အင်း"

"တပည့်တော်တို့ကတော့ ဒါကို သိပြီဘုရား"

"ဘယ်လိုသိလဲ"

"ပရိသတ်ကို ဆွေမျိုးစပ်ပြီး လာဘ်လာဘ ချပြီး ပရိသတ်ဆွဲပြီလို့ သိတယ်ဘုရား"

"အင်း"

"ပြီးတော့ ကိုယ့်ဘက်ကလည်း ဂုဏ်သတင်းတွေ ဖော်တယ်ဘုရား"

"အင်း"

"ပြီးတော့ သူများအပြစ်တွေလည်း ပြောတယ်ဘုရား"

"အင်း...အင်း...ဒီလိုဆိုတော့ ဟိမဝန္တာဒေဝလက်ာကြီးနဲ့ ညီနေပါပေါ့လား"

ရှင်ဆိုးရှင်ညစ်၊ ရဟန်းဖြစ်လည်း၊
စင်စစ်ယုတ်မာ၊ ပါမိစ္ဆာဖြင့်၊
ဒကာလူပိုလ်၊ ချီးမွမ်းဆိုနှင့်၊
ထိုထိုဖြင်ပည်း၊ ပစ္စည်းလာဘ်ကို၊
တောင်းတလို၏။

http://www.dhammadownload.com



လိုသည့်ရမ္မက်၊ ကြံဝိတက်ကြောင့်၊
အုတ်ကျက်အုန်းအင်း၊ ကြော်ငြာလျှင်း၍၊
သတင်းပေးကာ၊ ဒေသစာဖြင့်၊
မြို့ရွာဇနပိုဒ်၊ နယ်တိုက်တိုက်ကို၊
လိုက်၍ဖျက်ဆီး၊ ခိုးသူကြီးသို့၊
ရံသီးများစွာ၊ ပရိဝါနှင့်
မလိမ္မာသူ၊ ရှင်လူဗလ၊
အပ္ပသုတ၊ မိန်းမယောက်ျား၊
သူတို့အားလျှင်၊ လှည့်ဖြားသမှု၊
သက်မွေးပြု၏...တဲ့။

"အရှင်ဘုရား သိပ်မှန်တာပဲဘုရား၊ ယနေ့ခေတ်နဲ့ အဲဒီလင်္ကာနဲ့ သိပ်ညီတာပဲဘုရား"

"အင်း"

"ကြော်ငြာတွေ အထပ်ထပ်၊ အသံချဲ့စက် ရှေ့နောက်ဝဲယာတွေနဲ့ဘုရား"

"အင်း"

"ဂုဏ်သတင်းတွေကို အုံကျင်းဖွဲ့ပြီး ပြောကြ၊ ကြော်ငြာကြတယ်ဘုရား"

"ဒါက သူများက ဖော်တာပဲဟာ၊ သူ့ဘာသာသူဖော်ရင်တော့ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်တဲ့"

http://www.dhammadownload.com



"သူများကဖော်လည်း ဘယ်ကောင်းမလဲဘုရား၊ ကွယ်ရာမှာ ဆိုတော့ တော်သေးတာပေါ့၊ ကိုယ့်ရှေ့တည့်တည့်ချည်းမှာဟာ"

"အင်း"

"ပြီးတော့ ဝိပဿနာဆိုပြီး တဟားဟားနဲ့ဘုရား"

"အင်း"

"ပြီးတော့ ကိုယ်သာအကောင်း၊ ကိုယ့်နည်းသာ အကောင်း လို့ ချီးမွမ်းသေးတယ်ဘုရား"

"ဒါကတော့ တရားမယှဉ်သေးတဲ့ ပုထုဇဉ်တွေရဲ့ သဘာဝ ပဲဟာ"

"ကိုယ့်ဂုဏ်ကိုယ်ဖော်၊ ကိုယ့်နည်းကိုယ်ချီးမွမ်းတာကတော့ ထားပေါ့ဘုရား၊ 'မပြည့်တဲ့အိုး ဘောင်ဘင်ခတ်တယ်' လို့ ခွင့်လွှတ် နိုင်သော်လည်း သူများနည်း ပုတ်ခတ်၊ သူများတွေ ပုတ်ခတ်တာ ကတော့ မကောင်းဘူးဘုရား"

"ဒါကလည်း ဘာမှ ဒကာကြီးက စိတ်မပျက်နဲ့၊ မဃဒေဝ လင်္ကာနဲ့ အညီပဲ"

ရှင်တု ရှင်ဝါ၊ မဟာစောရ၊
ရှင်ခားပြုတို့၊ ပါပကျင့်မျိုး၊
အလိုဆိုးဖြင့်၊ အကျိုးမဟုတ်၊
မိုက်သင်းဖွဲ့၍၊ ငရဲစီးပွား၊
ရှာသောလားသို့၊ တရား တရား၊
တဟားဟားနှင့်၊ ပြစ်များပြောဟုံ၊
တောင်နှယ်ပုံ၏...တဲ့။

http://www.dhammadownload.com



"အရှင်ဘုရား၊ ယနေ့ခေတ် အဖြစ်အပျက်တွေကလည်း ရှေးကစာပေတွေနဲ့ တစ်ထပ်တည်း ကိုက်ညီနေပါလားဘုရား"

"ကိုက်ညီဆိုရင် မြော်မြင်ဉာဏ်ရှိတဲ့ ဆရာတော်ကြီးပဲ၊ ပြီးတော့ ဘုရားဟော ကျမ်းဂန်တွေ ကြည့်ရေးထားတော့ မှန်တာ ပေါ့"

"မှန်ပါဘုရား"

"တချို့က ထင်တာက သူများအပြစ်တွေ ပြောတော့ ကိုယ့် ဂုဏ်တက်လာမယ် ထင်တယ်၊ ဘယ်တော့မှ မတက်ဘူး ဒကာကြီး"

"မှန်ပါဘုရား"

"အဲဒီအကြောင်းလည်း မဃဒေဝလင်္ကာမှာ လင်္ကာရှိတယ်၊ ဘာတဲ့လဲ လင်္ကာက–

သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်ပျောက်၏၊
ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊
သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏။
စည်းစိမ်အရာ၊ သူ့ချမ်းသာ၌၊
ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့၊
သူ့ကိုစောင့်မှ၊ သူက ကိုယ့်ကို၊
ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏...တဲ့။

"ဒီလင်္ကာကလည်း တယ်မှန်ပါလားဘုရား၊ ဒီလင်္ကာတွေ အပြစ်ပြောတဲ့ ဓမ္မကထိကတွေ မရဘူးနဲ့တူပါတယ်"

http://www.dhammadownload.com



"ရတော့ ရမှာပေါ့ ဒကာကြီးရဲ့"

"ရရင် ဘာဖြစ်လို့ တရားဟောပါဆိုမှ သူများအပြစ်တွေ လျှောက်ပြောရတာလဲ ဘုရား"

"အဲဒါ သူ့တရား သူမကြားလို့ပေါ့ ဒကာကြီးရဲ၊ သူ့တရား သူကြားရင် ဘယ် ဒီလိုဖြစ်မလဲ"

"ဒါဖြင့် တရားဟောတဲ့ ဓမ္မကထိကက တရား ရှိ–မရှိ ဟောတဲ့ တရားသံနဲ့ ညှိကြည့် သိနိုင်တာပေါ့နော်ဘုရား"

"သိနိုင်တာပေါ့ ဒကာကြီးရဲ့"

"ယနေ့ တပည့်တော်တို့ တွေ့ရသလောက် ဓမ္မကထိက သုံးမျိုးသုံးစားလောက် တွေ့ရတယ်ဘုရား"

"အင်း...ဒကာကြီးကတော့ တရားပွဲနယ်ထဲ ဘယ်လောက် ကျင်လည်နေလဲ မသိဘူး၊ တော်တော်သိပါလား"

"မှန်ပါ၊ တပည့်တော် တရားပွဲတွေလည်း ကျင်းပတယ် ဘုရား၊ နာလည်း နာပါတယ်ဘုရား"

"အင်း"

"ခုတော့ အတွေ့အကြုံတွေ ရင့်ကျက်လာတော့ သိလာပါ တယ်ဘုရား"

"ကဲ...ဘယ်လိုလဲ ပြောစမ်းပါဦး၊ ဓမ္မကထိက သုံးမျိုး သုံးစားက ဘာတွေလဲ"

http://www.dhammadownload.com



## ဓမ္မကထိက သုံးမျိုး

" ၁။ ပါဠိတော်ဟောစဉ် ဓမ္မကထိကဘုရား၊

၂။ ဝိပဿနာဟော ဓမ္မကထိကဘုရား၊

၃။ ယပ်လှဲဟော ဓမ္မကထိကဘုရား"

"အင်း...အင်း...ဒကာကြီးပြောမှပဲ သတိရမိတယ်၊ ဒကာကြီးက ဘယ်ဓမ္မကထိက ကြိုက်လဲ"

"အားလုံး သူ့နည်းသူ့ဟန်နဲ့ ကောင်းကြတာချည်းပါပဲဘုရား"

"အင်း"

"ပါဠိတော်ဟောစဉ် ဓမ္မကထိကတွေကလည်း ပါဠိတော်ကြီးတွေ ရွတ်ရွတ်ပြီး ဟောနေလိုက်တာ ကြည်ညိုစရာပဲ၊ ဘုရားနဲ့ တွေ့နေရသလိုပဲ စိတ်ထဲမှာ ဖြစ်မိပါတယ်ဘုရား"

"အင်း"

"တပည့်တော်တို့တော့ ပါဠိတော်တွေ နာနေရတော့ သဘောပေါက်တယ်ဘုရား၊ ပါဠိတော်ဟောစဉ်က တရားရိုးတယ်၊ အပြစ်အနာအဆာ မပါဘူးဘုရား"

"နို့...ဘယ်က ဆန်းလဲ၊ အပြစ်အနာအဆာပါလဲ"

"ယခု ဝိပဿနာဟော ဓမ္မကထိက အချို့ဟာ ဝိပဿနာ မဆန်တော့ဘူးဘုရား"

"ဘယ်လို ဆန်ကုန်လဲ"

http://www.dhammadownload.com



"အဆွဲအငင်တွေနဲ့ ရင်ကော့မော့ကြွားပြီး ငါလိုလူ ဇမ္ဗူ မရှိသယောင် မာန်တဝင့်ဝင့်နဲ့ဘုရား"

"အင်း"

"ဟိတ်ဟန်ကလည်း ပြဇာတ်လို ရုပ်ရှင်လိုလိုဘုရား"

"ဟင်...ဘယ့်နှယ် ဝိပဿနာပါဆို၊ ပြဇာတ်လို ရုပ်ရှင်လို ဖြစ်ရတာလဲ"

"တွေ့ရ၊ မြင်ရ၊ ကြားရ၊ နာရတာတွေ လျှောက်တာပဲ ဘုရား"

"အင်း...ဒီလိုဆိုရင်တော့ ဗုဒ္ဓရဲ့ ဝိပဿနာတရားတွေဟာ အပြစ်ပြော၊ အပြစ်ပြ၊ မာန်ထောင်လွှားတဲ့ ဝိပဿနာဓမ္မကထိက အချို့ကြောင့် ပညာရှိတွေလက်ထဲ မရောက်မှာ စိုးရိမ်ရတယ်"

"မှန်ပါဘုရား၊ တချို့ ပြောသံကို တပည့်တော်တို့ နား ဆတ်ဆတ်နဲ့ကို ကြားရပါတယ်ဘုရား၊ 'ဒါလား ဝိပဿနာတရား' တဲ့ ဘုရား"

"ဟုတ်တာပေါ့၊ ပြောစရာပေါ့၊ ဝိပဿနာတရား ဟောရ တာက ဘာတဲ့လဲ အကျိုးက–

## ဝိပဿနာရကျိုး

၁။ အကုသိုလ်တွေ၊ ကိလေသာတွေ စင်ကြယ်ရန်၊

၂။ စိုးရိမ်ရတဲ့ သောက၊ ငိုကြွေးရတဲ့ ပရိဒေဝတွေ လွန်မြောက်ရန်၊

http://www.dhammadownload.com



၃။ ကိုယ်ဆင်းရဲဒုက္ခ၊ စိတ်ဆင်းရဲ ဒေါမနဿတွေ ချုပ်ရန်၊

၄။ အရိယမဂ်ကို ရရန်၊

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်တဲ့။

"အဲဒီအကျိုးတွေရဖို့ ဝိပဿနာ တရားဟောရ နာရတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ယခုတော့ ဘယ့်နှယ်လဲ၊ တရားဟောတဲ့ ဝိပဿနာ ဓမ္မကထိကကလည်း မာန်မာနတကြီး၊ ဒေါမနဿဒေါသတကြီးနဲ့ ဆိုတော့ ပရိသတ်အလယ်ခေါင်မှာ ကိုယ့်အထုပ် ကိုယ်ဖြေပြနေတာနဲ့ တူနေတာပေါ့"

"မှန်ပါဘုရား"

"ဒီလိုဆိုတော့ တရားပြဆရာဟာ ကုသိုလ်တရား မပြဘဲ အကုသိုလ်တရားပြတဲ့ မတရားပြဆရာဖြစ်မှာပေါ့နော်"

"မှန်ပါဘုရား"

"အင်း–ဒီနေ့ခေတ် ပရိသတ်က ပြောတိုင်းယုံ ပရိသတ် မဟုတ်တော့ဘူးဆိုတာကို တရားဟောတဲ့ ဓမ္မကထိကတိုင်း သိဖို့လိုလာပြီ။ ယနေ့ ပရိသတ်က–

"ခံတွင်းနှုတ်ဆော့၊ ကျင့်သွမ်းသော့လျက်၊
တမော့ကြွားကြွား၊ တလွှားလွှားနှင့်၊
တရားဟောယောင်၊ ချို့ရှင်ပြောင်လည်း၊
တောင်တောင်မြောက်မြောက်၊

http://www.dhammadownload.com



ပင့်မြှောက်ချနိုပ်၊ ရောင်ရိပ်ဝဲရစ်၊
လာဘ်ကိုညွှစ်လျက်၊ ဗလစ်–ဗလစ်၊
နှုတ်မထစ်ဘဲ၊ မဆစ်မဆိတ်၊
မတိတ်အသံ၊ တည့်ညံ့ဖြင့်၊
တရံမစဲ၊ ဘွာစီကြဲ၍၊
နှုတ်ရဲလွှာရွ၊ တချို့ကမူ၊
မာနတောင်နီး၊ တက်ဘိစီး၍၊
ထေရ်ကြီးဝါကြီး၊ သိက္ခာကြီးအား၊
ခရီးလမ်းကြား၊ တွေ့ကြုံငြားလည်း၊
လေးစားမဲ့ဘိ၊ အတိမာနီ၊
မချီလက်အုပ်၊ မတုပ်မကွ၊
ဦးမချဘူး"တဲ့။

"အဲဒီကဲ့သို့ သော စာပေတွေကို ဖတ်ရှုထားတဲ့ ပရိသတ်တွေ များနေတယ်။ ပရိသတ်ဘွေမှာ တရားအမျိုးမျိုး နာထားရတော့ အသိအမြင် အမျိုးမျိုးရှိတယ်၊ တိုးတက်နေတယ်"

"မှန်ပါဘုရား"

"အဲဒါကို တရားဟောတဲ့ ဓမ္မကထိကတွေ သတိမူသင့်တယ်။ အထူးသဖြင့် ဝိပဿနာ ဓမ္မကထိကတွေ ပိုပြီး သတိမူသင့်တယ်"

"မှန်ပါဘုရား"

"သတိမမူလို့, နှုတ်မစောင့်စည်းရင် အဲဒီလို ဓမ္မကထိကမျိုးကို ပညာရှိတဲ့ပရိသတ်တွေက ဘယ်လိုမြင်လာမလဲဆိုတော့–

http://www.dhammadownload.com



တပွဲထွက်ဝင်၊ ငါ့ပြင်မရှိ၊
ဟူဘိဝါဝင့်၊ မလျော်ကျင့်၏၊
သမင့်အလား၊ တောသစ်ကျားနှင့်၊
တောသားတို့သွင်၊ ဘယ်ကျိုးထင်လိမ့်။

"အဲဒီလို ထင်မြင်လာလိမ့်မယ်။ ထင်မြင်နေသံလည်း ကြားရတယ်။ အဲဒါကိုအချိန်မီသိရှိပြီး ဇက်ကြိုးသတ်ဖို့ တော်ရုံတွင်မကလွန်ပင် လွန်နေပါပြီနော်"

"မှန်ပါဘုရား"

"ရှေးပညာရှိတွေရဲ့ စာပေတွေဟာ တယ်ပြီး တန်ဖိုးရှိပါလားဘုရား"

"ဟုတ်တယ်ဒကာကြီး၊ ဒီမဃဒေဝလင်္ကာမှာ လိုချင်တာရှာသုံး အကုန်တွေ့ပဲ။ တန်ဖိုးသိပ်ရှိတာပဲ"

"ပြီးတော့ ယနေ့တပည့်တော်တို့ တွေ့နေရတာက တရားပွဲချင်းလည်း ပြိုင်တယ်ဘုရား၊ ဓမ္မကထိကချင်းလည်း ပြိုင်တယ်ဘုရား"

"အဲဒါမှ ခက်တာဒကာကြီး"

"အမိန့်ရှိပါဘုရား"

"တရားက ပြိုင်ဖို့မဟုတ်ဘူး၊ အသိဉာဏ်ပေးဖို့၊ ပြိုင်ဆိုင်အနိုင်လုနေတဲ့သူတွေကို ငြိမ်းအေးဖို့တရားဟောတာ၊ တရားပွဲကျင်းပရတာ မဟုတ်လား"

"အမှန်ကတော့ ဒီအတိုင်းပါပဲဘုရား"

http://www.dhammadownload.com



"ခု–ဘယ်လိုဖြစ်လို့လဲ"

"သူတို့အဖွဲ့က ဒီနေရာတရားပွဲချရင် တို့အဖွဲ့က ဒီနေရာမှာ တရားပွဲချမယ်။ သူတို့က ဒီဝမ္ဘကထိက ပင့်ရင် တို့က ဟိုဝမ္ဘကထိကပင့်မယ် စသည်ဖြင့် ကျင်းပကြတယ်ဘုရား"

"အင်း…"

"ဆိုင်းဘုတ်တင်ရေး ကြိုးစားကြတယ်ဘုရား၊ ပြီးတော့ ပရိသတ်ချင်း ပြိုင်ကြတယ်ဘုရား"

"အင်း…အင်း…အဲဒါလည်း ဟိုမဃဒေဝလင်္ကာနဲ့ ညီလွန်းလို့ ရွတ်ပြရဦးမယ်"

"ဒကာ–ဒကာမ၊ ဒုပ္ပညတို့၊
မြှောက်ကြွအံ့လှည့်၊ ကူညီဖြည့်လျက်၊
သူ၏ဆရာ၊ ငါ့ဆရာဟု၊
တဏှာရောရှက်၊ မာနတက်၍၊
သူ့ဘက်ငါ့ဘက်၊ တီလက်ဆော်ရိုက်၊
နွားနှယ်တိုက်သို့၊ အမိုက်ပွဲခံ၊
ပါပကံဖြင့်၊ အုန်းညံ့ဝိုင်းညာ၊
ပြုကြံခါဝယ်၊ ဆရာကြွက်ဖျင်း၊
ပညာကင်းတို့၊ အတင်းစောင်၍၊
နွားနှယ်ဇော့၏"တဲ့။

"တယ်နာစရာကောင်းပါလားဘုရား၊ တော်တော်အလင်္ကာ မြောက်တဲ့ လင်္ကာပဲဘုရား၊ ယနေ့ခေတ်များ လှမ်းကြည့်ပြီး ရေးထားတာလား မသိဘူးဘုရား"

http://www.dhammadownload.com



"အင်း..."

"အမှန်က သူ့နည်းသူ့ဟန်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်နိုင်သလို နိုင်ရာဘက်က သာသနာပြုကြတာပဲဘုရား။ သာသနာဖျက်ရာမရောက်ဘဲ ပြုရာရောက်ဖို့ မဟုတ်လားဘုရား"

"အင်း"

"အချင်းချင်း နှိုးနှော်ပြီး မတည့်တာ တည့်အောင် ပြုပြင်ပေးဖို့ မဟုတ်လားဘုရား"

"အင်း"

"ခုတော့ ခက်တယ်ဘုရား"

"ဘာမှ ခက်မနေနဲ့ဒကာကြီး၊ ကိုယ့်မူသာ မများစေနဲ့ ကိုယ့်ဝမ္မကထိကတွေလည်း မများစေနဲ့၊ သတိပေး၊ ကဲ...တော်ကြစို့"

❀ မိမိတရား၊ မိမိအား ရှေ့ထားဟောရမည်။

❀ ကိုယ့်ရဲ့တရား၊ ကိုယ်မကြား၊ ပင်းနားစောင်းတီးမည်။ (နားပင်းစောင်းတီးမည်)။

❀ နားပင်းစောင်းဟာ၊ သူများသာ၊ ကိုယ့်မှာမကြားပြီ။

http://www.dhammadownload.com



# သူခိုး . . . သူခိုး အော်ကောင်းပါသလား

{၂၁}

မိမိတို့နှင့် သက်ဆိုင်သော မည်သည့်ကိစ္စမဆို ကျွမ်းကျွမ်းကျင်ကျင် တတ်သိလိမ္မာထားဖို့ လိုအပ်ပေသည်။ ယင်းသို့ ကျွမ်းကျင်စွာ တတ်သိလိမ္မာမရှိက အကျိုးမယုတ်သင့်ဘဲ အကျိုးယုတ်ရပေသည်။

လောကထဲမှာ နေသူများအဖို့လည်း သိစရာ မှတ်စရာ တတ်စရာတွေ များလှ၏။ "များလွန်းလှတယ်၊ တို့မနိုင်ဘူး" ယင်းသို့ ဆင်ခြေပေးကာ ရှောင်ရှားနေပါက မိမိတို့ အကျိုးယုတ်မည်သာ ဖြစ်၏။

သိမှတ်စရာ တတ်စရာအများ သိမှတ်သင့် တတ်သင့်သော်လည်း မနိုင်ပါက မိမိနှင့်စပ်ဆိုင်သော သိမှတ်စရာ တတ်စရာကိုမူ ကျွမ်းကျင်စွာ သိမှတ်ထား တတ်ထားဖို့ လိုပေသည်။

http://www.dhammadownload.com



ယင်းသို့ သိမှတ်ထား တတ်ထားလိုသောသူ ရှိသလို၊ မိမိနှင့် ဘာမှမဆိုင်သလို နေသူများလည်း ရှိသည်။ ယင်းနှစ်မျိုးတွင် သိမှတ်ထား တတ်ထားလိုသူ တစ်ဦးနှင့်တွေ့ရ၏။

တစ်ချိန်သော နွေကာလက ဖြစ်ခဲ့၏။ မိမိသည် နွေရာသီ တရားပွဲများအပြီး အနားယူ စာရေးနေချိန်ဖြစ်၏။ ရဟန်းတော် တစ်ပါးက မေးသည်-

"ညဥ့်အခါ သူခိုးလာပြီး ပရိက္ခရာ ဘဏ္ဍာများကို ခိုးယူနေသည်ကိုမြင်လျှင် လူအများကြားလောက်အောင် "**သူခိုး သူခိုး အော်ကောင်းပါသလား**"

"အင်း... အဲဒီအမေးဟာ သိပ်ပြီးတော့ မေးဖို့ကောင်းတဲ့ အမေးပဲနော်"

"နို့-မေးဖို့ကောင်းလို့ မေးတာပဲ၊ အဲဒါဖြေ၊ ပြီးတော့ ဗုဒ္ဓဝမ္မ ပြဿနာထဲမှာ ထည့်စမ်းပါ"

"အမယ်လေး ဖြေဆိုဖို့ မလွယ်ပါလား။ စာကြည့်ရဦးမှာ ပေါ့"

"အေးလေ-ကြည့်ပြီးတော့ ဖြေတာပေါ့"

"အများအားဖြင့် တစ်ဆင့်စကားနဲ့ သူခိုး သူခိုး မအော် ကောင်းဘူးလို့ မှတ်ထားကြတယ်"

"အေး...ဒါကြောင့် သူခိုး ခိုးရင် ရဟန်းသံဃာတွေက မအော်ပဲနေတော့ သူခိုးတွေက အတင့်ရဲပြီး ခိုးနေတာပေါ့"

http://www.dhammadownload.com



"မှန်ပါ၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဖြေရမှာကတော့ ပေါ့ပေါ့ ဖြေလို့ မရဘူးဘုရား။ ဝိနည်းရေးနဲ့ပတ်သက်နေတဲ့ အတွက် လေးလေးနက်နက်ဖြေရမယ့်ကိစ္စ ဖြစ်နေတယ်"

"အေး...လေးလေးနက်နက်ပဲ ဖြေပေါ့"

"ဖြေဆို အဲဒီအဆုံးအဖြတ်ကို လယ်တီဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားတာ ရှိတယ်မဟုတ်လား"

"ရှိတယ်"

"ဒါဆိုရင် ပြီးနေတာပဲ၊ တပည့်တော်က ဘာဖြေဆိုစရာ လိုသေးလဲ"

"လိုတာပေါ့၊ လယ်တီဆရာတော်ဘုရားကြီး အဖြေက ပြီးခဲ့ပြီ ယခုဆို မေ့ကုန်ကြပြီ၊ ယခုက တပည့်တော် အမေး၊ အရှင်ဘုရားက အဲဒီ လယ်တီဆရာတော်ဘုရားကြီး အဖြေကို ကြည့်ပြီး တစ်ခါဖြေဦးပေါ့"

"အဲဒီ အဆုံးအဖြတ်ကို လယ်တီဆရာတော်ဘုရားကြီး သာသနဝိသောဓနီကျမ်း ဒုတိယတွဲထဲမှာ ဆုံးဖြတ်ထားတယ် မဟုတ်လား"

"အင်း...ဟုတ်တယ်"

"ကဲ...ဒါဖြင့် အဲဒီအဆုံးအဖြတ်ပဲ ကြည့်ပြီးတော့ ဖြေကြည့် ရအောင်၊ ဟောဒီမှာ တွေ့ပြီ၊ ကဲ...နားထောင်နော်၊ ဖတ်ပြမယ်–

၁။ သူခိုး သူခိုး အော်တဲ့နေရာမှာ အဲဒီသူခိုးကို ပစ်ခတ် ဖမ်းဆီးစေလိုတဲ့အတွက် ကြော်ငြာတဲ့ သဘောနဲ့ အော်ခြင်းက တစ်မျိုး၊

http://www.dhammadownload.com



၂။ အဲဒီစိတ်မျိုးတော့ မရှိဘူး။ ပကတိသက်သက် ကြောက်လန့်တဲ့စိတ်နဲ့ အော်တာကတစ်မျိုး။

၃။ ခိုးယူသွားတဲ့ ပစ္စည်းဥစ္စာ ပရိက္ခရာ ဘဏ္ဍာတွေကို ပြန်ပြီးတော့ ချထားခဲ့စေလိုတဲ့ သဘောနဲ့ အော်ခြင်းက တစ်မျိုးတဲ့။

"ဟိုမှာတော့ (၂+၃) ကို ပေါင်းပြီးတော့ တစ်မျိုးတည်း ပြထားပါတယ်၊ တပည့်တော်က ခွဲပြီးတော့ ဖတ်ပြတာပဲ"

"ကဲ...ရှင်းရင်ပြီးတာပဲ၊ အကျယ်ဆက်ပြီးတော့ ရှင်းပြပါဦး"

"အဲဒီသုံးမျိုးမှာ ခိုးသူကို ပစ်ခတ်ဖမ်းဆီးစေလိုစိတ်နဲ့ ဟစ်အော် ကြော်ငြာခဲ့ရင် အမှုသည်တင်းလင်းရှိ၍ အမည်နာမကို မထုတ်ဖော်သော်လည်း ရည်ညွှန်းတဲ့ အရာရောက်တယ်၊ ဖမ်းဆီးပြီး ခိုးသူကို ဒဏ်တပ်ခဲ့သော် ဟစ်အော် ကြော်ငြာသူ ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်လို့ အဋ္ဌကထာမှာလာရှိတယ်"

"နေပါဦး၊ ခုနက စကားထဲမှာ 'ရည်ညွှန်းတဲ့ အရာမြောက်တယ်' ဆိုတဲ့ စကားကို ရှင်းပြပါဦး"

"အော်တာက ပါဠိလို 'ဩဒိဿ' ကို မြန်မာလို တိုက်ရိုက် ပြန်ပြောလိုက်တာပါ"

"အဓိပ္ပာယ် လင်းပါဦး"

"ခိုးသူရဲ့ နာမည်ကို ထုတ်ဖော်ပြီးတော့ 'မည်သူခိုးပါသည်၊ မည်သူခိုးယူသည်ကို ငါမြင်သည်'လို့ ပြောကြားခြင်း၊ သက်သေခံခြင်းမျိုးကို 'ဩဒိဿ–ရည်ညွှန်း'တဲ့ အရာ မြောက်တယ်လို့ ဆိုပါတယ်၊ အဲဒီ ဩဒိဿဟာ ရဟန်းတော်တွေမှာ မအပ်ပါဘူး"

http://www.dhammadownload.com



"သြဒိဿရှိရင် အနောဒိဿ ရှိရမယ်၊ အဲဒီ အနောဒိဿ ရှင်းပြပါဦး"

"အနောဒိဿဆိုတာက ခိုးသူရဲ့ နာမည်ကို မထုတ်ဖော်ဘဲ 'ငါတို့ကျောင်းမှာ မည်သည့်ညက သူခိုးခိုးပါသည်၊ ဓားပြတိုက်ပါသည်၊ မည်သည့်ပစ္စည်းများ ပါသွားပါသည်၊ အဲဒီပစ္စည်းဥစ္စာများကို ပြန်ပြီးတော့ ရအောင် ထောက်လှမ်းရှာကြ၊ တောင်းခံပြီးတော့ ပေးကြပါလို့'တိုင်ကြား ပြောကြားခြင်းဟာ 'မရည်ညွှန်းတဲ့–အနောဒိဿ' ပေါ့၊ အဲဒီ အနောဒိဿတော့ အပ်တယ်"

"ကဲ...သြဒိဿရည်ညွှန်း မအပ်ပုံ ရှင်းပါဦး"

"ရည်ညွှန်း–သြဒိဿ မအပ်ဆိုတာကတော့ ရဟန်းတော်က ခိုးသူရဲ့ နာမည်ကို ထုတ်ဖော်ဟစ်အော် ပြောကြားတဲ့အတွက် အစိုးရတို့က အဲဒီသူခိုးကို ခိုးရာပါပစ္စည်း၊ ထိုက်ရာတန်ဖိုးမျှမက မိုက်ပြစ်ဒဏ် ငွေချမယ်၊ ဒဏ်တပ်မယ်ဆိုရင် ပြောကြားဟစ်အော်တဲ့ ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်"

"ဘဏ္ဍာစားထိုက်ပုံ ရှင်းပြပါဦး"

"ဘဏ္ဍာစားထိုက်တယ်ဆိုတာက ဘဏ္ဍာစားပြန်ပေးရတာကို ဆိုပါတယ်၊ ဘယ်လိုလဲဆိုတော့ ယူမိတဲ့ အထည်ပစ္စည်းအတိုင်း ရှိသေးရင် အဲဒီအထည်ပစ္စည်းကို ပြန်ပေးခြင်းဟာလည်း ဘဏ္ဍာစားပေးခြင်းပဲ"

"အင်း"

http://www.dhammadownload.com



"သို့မဟုတ် ယူမိတဲ့ပစ္စည်းဟာ သုံးစွဲလို့ ကုန်ခဲ့သော် အဲဒီ ပစ္စည်းမျိုးကို ပေးခြင်းဟာလည်း ဘဏ္ဍာစားပေးခြင်းပဲ"

"အင်း"

"သို့မဟုတ် အဲဒီပစ္စည်းမျိုးကို မပေးဘဲ ထိုက်ရာ တန်ဖိုး ကြေးငွေပေးခြင်းဟာလည်း ဘဏ္ဍာစားပေးခြင်းပဲ"

"အင်း"

"ပစ္စည်းဥစ္စာကို ယူမှုမဟုတ်ဘဲ သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို ဖျက်ဆီးမှုမျိုးဖြစ်ခဲ့ရင် အဲဒီပျက်စီးတဲ့ ပစ္စည်းကို အစားပေးခြင်း၊ သို့မဟုတ်ဘဲ ထိုက်ရာတန်ဖိုး ပေးခြင်းဟာလည်း ဘဏ္ဍာစား ပေးတာပဲ"

"အင်း"

"အဲဒီလို ပေးရခြင်းမျိုးများကိုလည်း 'လျော်ကြေး လျော်ဒဏ်' လို့ပင် ခေါ်ရတယ်၊ 'ဒဏ်' လို့ပင် ခေါ်သော်လည်း မင်းပြစ် မင်းဒဏ် မိုက်ပြစ်မိုက်ဒဏ်ပေးခြင်းမျိုး စကားမျိုးမဟုတ်၊ အစား ပေးရိုး၊ လမ်းရိုးလမ်းမှန် ဓမ္မကံသဘောမျိုးတဲ့"

"မရည်ညွှန်းတဲ့ အနောဒိဿ အပ်ပုံကို ရှင်းပြပါဦး"

"မရည်ညွှန်းတဲ့ အနောဒိဿ အပ်တယ်ဆိုတာက ရဟန်း တော်က ခိုးသူ တိုက်သူကို ဖျက်ဆီးသူကို အမည်နာမ ထုတ်ဖော် ပြီးတော့ 'မည်သူမည်ဝါ ခိုးပါတိုက်ပါဖျက်ဆီးပါသည်'ဟု မပြောတဲ့ အတွက် အဲဒီ ခိုးတိုက် ဖျက်ဆီးသူတွေကို အစိုးရက ငွေဒဏ် တပ်သော်လည်း ပြောကြားသူ ရဟန်းတော်မှာ ဘဏ္ဍာစားထိုက်မှု မရှိဘူးလို့ အဋ္ဌကထာမှာ လာရှိပါတယ်"

http://www.dhammadownload.com



"အင်း"

"ကဲ–အချုပ်ရှင်းပြမယ်၊ မိမိပစ္စည်းများကို သူခိုး ခိုးယူနေတာကို မြင်တဲ့အခါ အဲဒီသူခိုးမှာ အကျိုးမဲ့ အမှု–အပြစ်ဖြစ်စေလိုတဲ့ စိတ်နှင့် 'သူခိုးဟဲ့–သူခိုးဟဲ့' လို့ ဟစ်အော် ကြော်ငြာတာတော့ မအပ်ဘူး၊ အဲဒီလို အော်လို့ သိသူတို့က ပြစ်မှုလုပ်လို့ သူခိုးမှာ ငွေဒဏ်ထိခဲ့သော် ဟစ်အော်သူ ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်လို့ အဋ္ဌကထာမှာ ပြတယ်"

"အင်း"

"သက်သက် ကြောက်လန့်တဲ့စိတ်နဲ့ 'သူခိုး–သူခိုး' လို့ အော်မယ်၊ သို့မဟုတ် ပစ္စည်းဥစ္စာများကို ပါမသွားစေချင်လို့ 'သူခိုး–သူခိုး' လို့ အော်ဟစ်ကြော်ငြာခဲ့ရင် သူခိုးမှာ ဒဏ်ထိသော်လည်း ဟစ်အော်သော ရဟန်းမှာ ဘဏ္ဍာစားမထိုက်ဘူးလို့ ဋီကာတို့မှာ ဆိုထားပါတယ်"

"အင်း"

"ပြီးတော့ အဆိုတစ်ခုရှိသေးတယ်၊ ဘယ်လိုလဲဆိုတော့ ဒဏ်တပ်နိုင်တဲ့ သူရဲ့အထံမှာ ခိုးသူရဲ့ နာမည်ကို ထုတ်ဖော်ပြောကြားရာ၌သာ ဘဏ္ဍာစားထိုက်တယ်တဲ့"

"အင်း"

"ဒဏ်မတပ်နိုင်တဲ့ ရဟန်း၊ သာမဏေ၊ ကျောင်းသား၊ အရာမ်စောင့် စသည်တို့ရဲ့ ရှေ့မှောက်မှာ 'မည်သူဟာ သူခိုးပဲ၊ မည်သူ၏ ဥစ္စာကို ခိုးတာဟာ သူပဲ'လို့ ပြောကြားတယ်၊

http://www.dhammadownload.com



အဲဒီ ပြောကြားသံကို ကြားသူတွေက အစိုးရထံမှာ တစ်ဆင့် တိုင်တန်းပြောကြားလို့ ခိုးသူမှာ ဒဏ်ထိသော်လည်း ပြောကြား သူမှာ ဘဏ္ဍာစား မထိုက်ဘူးတဲ့"

"အင်း"

"ဘာ့ကြောင့်လဲဆိုတော့ မိမိပြောကြားတဲ့ သူတွေက တပ်သောဒဏ်လည်းမဟုတ်၊ ပြီးတော့ ဒဏ်တပ်နိုင်တဲ့ အစိုးရအား ဟစ်အော်ပြောကြားခြင်းလည်း မဟုတ်သောကြောင့်တဲ့ ဋီကာက ဆိုတယ်"

"အင်း...အဲဒါ ရှင်းတယ်"

"ပြီးတော့ ပိုရှင်းတာ ရှိသေးတယ်၊ ရည်ညွှန်းတဲ့ ဩဒိဿ ပင်ဖြစ်သော်လည်း အစိုးရသူသည် မိမိရဲ့စကားကို နားထောင်သူ ဖြစ်ပေလို့ 'မည်သူမည်ဝါဟာ ငါ့ရဲ့ ပစ္စည်းတွေကို ခိုးယူသွားတယ်၊ ရအောင် တောင်းယူပေးပါ၊ အဲဒီသူခိုးကိုတော့ ဒဏ်မတပ်ပါနဲ့'လို့ ပြောခဲ့သော် အပြစ်မရှိလို့ အဋ္ဌကထာမှာ ဆိုတယ်"

"ဒီမှာ ရှင်းချက်ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့ ခိုးရာပါ ပစ္စည်းများကိုပင် ဖြစ်စေ၊ အဲဒီပစ္စည်းများကို သုံးစွဲလို့ ကုန်သွားတဲ့ အတွက် ထိုက်ရာတန်ဖိုး ငွေကြေးကို ဖြစ်စေ၊ တောင်းယူပေး ရင် ရရာကိုပဲ ယူရမယ်တဲ့"

"အစိုးရက တောင်းတဲ့အခါမှာလည်း အသာတကြည်နဲ့ မပေးတဲ့အတွက် ခြိမ်းခြောက် တောင်းယူသော်လည်းကောင်း၊ ချုပ်နှောင်၍သော်လည်းကောင်း၊ တောင်းယူသော်လည်း ရဟန်းတော်မှာ အပြစ်မရှိဘူးတဲ့"

http://www.dhammadownload.com



"အင်း"

"ပြီးတော့ အချုပ်ထောင် အတွက်နဲ့ အသွားအလာစရိတ် ကုန်ကျမယ်၊ ဝတ်ကြေးပဏ္ဏာ ကုန်ကျမယ်ဖြစ်သော်လည်း ရဟန်းတော်မှာ ဘဏ္ဍာစားမထိုက်ဘူးတဲ့"

"ခိုးသူက 'ငါမခိုး'ဘူး၊ တရားခုံပြီး တွေ့ရှိပြီးတော့ ရှေ့နေငှားခစသည့် တရားစရိတ် ကုန်ကျသော်လည်း ရဟန်းတော်မှာ ဘဏ္ဍာစားမထိုက်ဘူးတဲ့"

"ပြီးတော့ ဒီနေရာမှာ 'မိမိစကားကို နားထောင်တဲ့ အစိုးရအား ပြောကြားအပ်တယ်လို့ ဆိုတဲ့စကားဟာ အလျော်အားဖြင့် ဆိုတဲ့စကားတဲ့"

"အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့ 'ဒီအမှုအတွက်နဲ့ ဒီလူကို ဒဏ်မတပ်ပါနဲ့'လို့ ဒဏ်တပ်မှုကို တားမြစ်ချက်ပါခဲ့သော် မိမိစကားကို နားမထောင်မည့်သူကိုပင် ပြောကြားသော်လည်း အပြစ်မရှိတဲ့၊ ခိုးသူကို ဒဏ်တပ်သော်လည်း ရဟန်းတော်မှာ ဘဏ္ဍာစားမထိုက်ဘူးတဲ့၊ ဋီကာက ဖွင့်တယ်"

"ဒီနေရာမှာ ဒဏ်ဆိုတဲ့ အဓိပ္ပာယ်က တစ်မျိုးပဲ၊ ဘယ်လိုလဲဆိုတော့ ခိုးရာပါပစ္စည်း ဖျက်ဆီးရာပါ ပစ္စည်းများအတွက် ထိုက်ရာတန်ဖိုး လျော်ကြေးလျော်ဒဏ်ကို ဆိုတာ မဟုတ်ဘူးတဲ့၊ အဲဒီလျော်ကြေး လျော်ဒဏ်ဆိုတာကတော့ ဘဏ္ဍာစားအတိုင်းပင် ဖြစ်တယ်တဲ့၊ ဒီတော့ အပိုအမိုဖြစ်တဲ့ မင်းပြစ်မင်းဒဏ်ကိုသာ ယူရမယ်တဲ့"

http://www.dhammadownload.com



"သူတစ်ပါးရဲ့ ပစ္စည်းကို ခိုးယူနေတာကို ရဟန်းတစ်ပါးက ဒိဋ္ဌတွေ့မြင်လို့ ကိုယ်တိုင် ရှုံးလိုက်ပြီး 'ငါမြင်တယ်၊ မှန်တယ်၊ ဒါပေမယ့် ဒီအမှုအတွက် ဒဏ်မတပ်ပါနဲ့'လို့ ပြောဆိုပြီးတော့ ဥစ္စာရှင်အား ပြန်ပေးရာမှာလည်း သက်သေခံသူ ရဟန်းမှာ အပြစ်မရှိဘူးတဲ့"

"အင်း...ရှင်းပါတယ်"

"အင်း...အဲဒါကို လောကမှာ အချို့က ဥစ္စာရှင်ရဟန်းမှာသာ အပြစ်မရှိတာ၊ ဥစ္စာရှင်မဟုတ်တဲ့ သက်သေခံ ရဟန်း အဲဒီအမှုအတွက် ဥစ္စာရှင်နှင့် တိုင်ပင်ဖက်ပြုသောရဟန်း၊ နှုတ်ပေးသွန်သင်မှုပြုမိသော ရဟန်းများမှာ အပြစ်ရှိတယ်လို့ ထင်ကြတယ်"

"ပြီးတော့ ခိုးသူမှာ ခိုးယူမိတဲ့ ပစ္စည်းများကို ပစ္စည်းရှင်များ ပြန်ပေးရတဲ့အတွက်မှာပင် ထိုရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်လို့ မှတ်ယူမှားကြတယ်"

"ဟုတ်တယ်၊ ဒီအတိုင်းပဲ ထင်နေကြတယ်"

"တချို့က ဝိနည်းမပွက်နဲ့ လျော်ညီစွာ တရားခံပုဂ္ဂိုလ်မှာ ဘဏ္ဍာစားထိုက်သည်ဟု သိ၍ ပစ္စည်းရှင်အား အဲဒီပစ္စည်းကို ပြန်ပေးစေ၊ သို့မဟုတ် အဲဒီပစ္စည်းတန်ဖိုး ပေးလျော်စေ"လို့ ဆုံးဖြတ်ကြရာ၌ တရားခံသည် မပေးလိုဘဲနဲ့ ပေးရသည်ဖြစ်ခဲ့သော် စီရင်တဲ့သူတွေမှာ ဘဏ္ဍာစားထိုက်တယ်လို့ ထင်မှတ်ကြတယ်"

"အင်း...အဲဒါလည်း အဲဒီအတိုင်းပဲ ထင်ကြတာပဲ"

http://www.dhammadownload.com



"တချို့ကလည်း ညအခါ သူတစ်ပါးပစ္စည်းကို သူခိုး ခိုးနေတာကို ပစ္စည်းရှင်မဟုတ်တဲ့ ရဟန်းတစ်ပါးက မြင်သော်လည်း မဟာစ်အော်ကောင်း ဟာစ်အော်တဲ့အတွက် အဲဒီပစ္စည်းများကို ချပြီးပြေးခဲ့သော် ဟာစ်အော်သော ရဟန်းမှာ ဘဏ္ဍာစားထိုက်တယ်တဲ့"

"အင်း...အဲဒါလည်း ပြောကြတာပဲ"

"အကြောင်းပြက ဘာလဲဆိုတော့ ဟာစ်အော်တဲ့ရဟန်းဟာ ပစ္စည်းရှင် မဟုတ်သောကြောင့်တဲ့၊ ပြီးတော့ ခိုးသူလက်သို့ ရောက်ပြီးတဲ့ ဝတ္ထုပစ္စည်းဟာ သူခိုးဥစ္စာ ဖြစ်သောကြောင့်လို့ ပြောဆိုကြတယ်"

"အင်း...အဲဒါ အများဆုံးပဲ ပြောတာပေါ့၊ အဲဒါပဲ ဖြေစေချင်တာပဲ"

"လယ်တီဆရာတော်ဘုရားကြီးက အဲဒီ အလုံးစုံဟာ ဉာဏ်မနိုင်တဲ့သူတွေရဲ့ ယူဆချက်များတဲ့"

"အင်း"

လောကမှာ ဥစ္စာရှင် သိမ်းပိုက်လျက်ရှိနေတဲ့ သူတစ်ပါး ပစ္စည်းကို ပစ္စည်းရှင်အား မပြောဘဲနဲ့ ခဏမျှယူပြီးတော့ အသုံးပြုရာ၌လည်းကောင်း၊ ပစ္စည်းရှင်အား ပြောကြား ငှားရမ်း၍ အသုံးပြုရာ၌လည်းကောင်း၊ အဖိုးအခနှင့် ငှားရမ်း၍ အသုံးပြုရာ၌လည်းကောင်း၊ မိမိဥစ္စာမှတ်၍ ယူမိသုံးမိကြရာမှာလည်းကောင်း၊ ပစ္စည်းရှင် အလိုရှိလျှင် ပြန်ပြီးတော့ပေးမြဲပဲ၊ ပျောက်ပျက်ခဲ့သော်

http://www.dhammadownload.com



ဘတ္တာစားပေးမြဲပဲ၊ ထိုက်ရာတန်ဖိုး ပေးလျော်မြဲဆိုတဲ့ တရားဟာ ကမ္ဘာ့ထုံးစံ တရားမှန်တရားဖြောင့်ကြီးပဲ၊ ခိုးလိုတဲ့ ယူရာမှာ ဆိုဖွယ်ရာမရှိဘူး။ ပစ္စည်းရှင်အလိုရှိလျှင် ပြန်ပြီးတော့ ပေးရမြဲ ဘတ္တာစားပေးရမြဲ ထိုက်ရာတန်ဖိုး လျော်ကြေးပေးရမြဲ လမ်းမှန် လမ်းရိုးကြီးပဲတဲ့"

"အင်း...အဲဒါက ပိုရှင်းတယ်"

"အဲဒါထက် ရှင်းတာရှိသေးတယ်၊ ဘာတဲ့လဲ? ပစ္စည်းရှင် မဟုတ်သော်လည်း လမ်းရိုးလမ်းမှန်ကြီးအတိုင်း ပစ္စည်းရှင်မှာ မဆုံးရှုံးပါစေခြင်းငှာ သက်သေခံ ရဟန်းတို့ အမှုအတွက်နဲ့ တိုင်ပင်ဖက်ပြုတဲ့ရဟန်း။ နှုတ်ပေးသွန်သင်တဲ့ရဟန်း၊ ပြန်၍ပေးစေ ဘတ္တာစားပေးစေလို့ စီရင်တဲ့ ဝိနည်းမိုရ်ဆရာ အဲဒီသူတွေမှာ လမ်းရိုးလမ်းမှန်ကြီးအတိုင်း ပြုလုပ်ကြသည်ဖြစ်၍ အပြစ်ဆိုရန် မရှိဘူးတဲ့"

"မြတ်စွာဘုရားကလည်း ဝိနည်းတော်မှာ အာဏာဒေသနာ တော်ဖြစ်သည်နှင့်အညီ သူတစ်ပါးပစ္စည်းကို ယူမှုမှာ အမှုအား လျော်စွာ အပြစ်အာပတ် တင်လောက်ရာ၌ အာပတ်ကြီးငယ် ပညတ်တော်မူတာဟာ မြတ်စွာဘုရားရဲ့ အာဏာအရာ ဖြစ်တယ် မဟုတ်လား"

"အင်း"

"ဘတ္တာစား ထိုက်မှုမျိုးမှာတော့ မြတ်စွာဘုရား အထူး ပညတ်ရတာ မဟုတ်ဘူး၊ ရှေးကမ္ဘာ လမ်းရိုးကြီးအတိုင်း

http://www.dhammadownload.com



ဟောတော်မူတယ်၊ ဘဏ္ဍာစားထိုက်လျက် မပေးဘဲ နေရာမှာ တစ်ဖန် အပြစ်အာပတ် ထင်တော်မူပြန်တယ်"

"ကဲ...ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ၊ တော်ပါတော့ နော်"

❀ ဝိနည်းအရာ၊ ကျင့်စရာ၊ သေချာသိသင့်သည်။
❀ လိုက်နာစရာ၊ ရှောင်စရာ၊ နှစ်ဖြာသိသင့်သည်။
❀ နှစ်ဖြာသိမှ၊ အချက်ကျ၊ ကျနကျင့်နိုင်မည်။
❀ ကျနသိမှ၊ နိဗ္ဗာန၊ ရောက်ရမြန်လေမည်။

http://www.dhammadownload.com



# မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

{၂၂}

တရားတော်သည် အလင်းရောင်ဖြစ်၏။ အမှားသည် အမိုက်မှောင် ဖြစ်၏။ ယင်းအမှားတည်းဟူသော အမိုက်မှောင်ကို မည်သူသည် ပယ်ဖျောက် ဖျက်ဆီးခြင်းငှာ စွမ်းဆောင်ပါသနည်း။

အမေးကား မေးသင့်သော အမေးဖြစ်၏။ မေးသင့်၍ မေးပြီ၊ အဖြေကား အသို့နည်း။ အမှားတည်းဟူသော အမိုက်မှောင် အမိုက်တိုက်ကို တိုက်ဖျက်ပယ်လှန်နိုင်သော လက်သည်ကား တရားတော်မှတစ်ပါး အခြားမရှိပြီ၊ သို့ဖြစ်၍ အမှားတည်းဟူသော အမိုက်မှောင် အမိုက်တိုက်ကို တရားတည်းဟူသော အလင်းရောင်ဖြင့် ပယ်ဖျောက် ဖျက်ဆီးခြင်းငှာ စွမ်းဆောင်နိုင်ပါသည်။

မှန်၏။ တရားတည်းဟူသော အလင်းရောင်သည် သတ္တဝါများ၏ ဉာဏ်အတွင်းသို့ ဝင်ရောက်ကာ အမှောင်ပယ်ဖျောက် အလင်းရောင် ရောက်စေခဲ့လေသည်။

http://www.dhammadownload.com



တရားတော်တည်းဟူသော အလင်းရောင်သာ မရရှိခဲ့သော် ကမ္ဘာသူကမ္ဘာသား သတ္တဝါများသည် အမှောင်အတိ လွှမ်းမိုးခြင်း ခံရ၍ သတ္တဝါများ၏ အခြေအနေသည် အောက်တန်းစားတိရစ္ဆာန်တို့၏ အဆင့်အတန်းမျိုးဖြင့်သာ နေရမည် ဖြစ်၏။

တရားအလင်းရောင် မရခဲ့သော် အကြောင်းအကျိုးကို မဝေခွဲနိုင်။ အကောင်းအဆိုးကို မချင့်ချိန် မစဉ်းစားနိုင်။ ယင်းသို့ဖြစ်သော် သတ္တဝါများသည် ထင်ရာမြင်ရာ စည်းလွတ်ကမ်းလွတ် စည်းကမ်းလွတ် ပြုလုပ်ပေလိမ့်မည်။

ယင်းသို့ စည်းကမ်းလွတ်ပြုလုပ်သော် သတ္တဝါသည် ဒုက္ခပင်လယ်အတွင်းသို့ တစ်ဖန် ပြန်၍ ဝင်ရချေဦးမည် မဟုတ်ပါလော။

ဒုက္ခပင်လယ်ဝေသော် သတ္တဝါသည် အလိုမပြည့်ခြင်း၊ တပ်မက်ခြင်း၊ စွဲလန်းခြင်းတည်းဟူသော အပူသောကတွေ ရောက်ရပြန်၏။ ယင်းအပူသောကကို မည်သူ အေးအောင် ပြုစွမ်းနိုင်ပါမည်နည်း။

ယင်းအပူကိုလည်း တရားသည်သာလျှင် အေးမြစေအောင် ပြုစွမ်းဆောင်နိုင်ပါ၏။

တရားသည် ကြီးမားလေးလံလှစွာသော သတ္တဝါအများ ကမ္ဘာသူ ကမ္ဘာသားတို့၏ ဒုက္ခပင်လယ် ကျယ်ထက်ကျယ်ကို ပယ်ဖျက်ခြင်းငှာ စွမ်းနိုင်သော အင်အားရှိ၏။

http://www.dhammadownload.com



တရားသည် ဒုက္ခပင်လယ် ကျယ်ထက်ကျယ်၏ ရေသောက်မြစ်ကို ထက်လှစွာသော ဓားပမာလျှင်မြန်စွာ ဖြတ်တောက်ပစ်နိုင်သော သတ္တိထူးရှိ၏။

တရားသည်အရှိန်အဝါပြင်းထန်၍ ထက်မြက်လှစွာသော မိုးကြိုးစက်ကဲ့သို့ အမှားဆိုင် အမှားခဲကို တစ်ချက်တည်းနှင့် ဖောက်ခွဲနိုင်၏။

တရားသည် ပြင်းထန်လှစွာသော တောမီးကြီးကဲ့သို့ ခြောက်သွေ့နေသော အမှားတောကို ပြောင်စင်အောင် လောင်ကျွမ်း၍ ပြာကျစေနိုင်သော သတ္တိရှိ၏။

တရားတော်သည် အမှားရေယာဉ်ကို ကူးသန်းဖြတ်ကျော်နိုင်ရန် ခိုင်ခံ့လှစွာသော မဟာတံတားကြီးနှင့် တူလှပေ၏။

တရားတော်သည် သတ္တဝါများ၏ အသိဉာဏ်တည်းဟူသော ပဒုမ္မာကြာပန်းကို ကားကားစွင့်စွင့် ကြက်သရေ တင့်အောင် ပွင့်လင်းစေနိုင်သော နေမင်း၏ အရောင်နှင့်လည်း တူလှပေ၏။

အချုပ်ဆိုရသော် တရားတော်သည် မည်သူမည်ဝါ၊ မည်သည့် အာဏာရှင်မှ ပယ်ဖျောက်ဖျက်ဆီးခြင်းငှာ မစွမ်းဆောင်နိုင်သော အမှားမှောင် အမှားမိုက်တိုက်ကို ကျူပင်ခုတ်က ကျူငုတ် ပါမကျန် အရင်းအမြစ်မှ လှန်ပြန်၍ ခုတ်ထွင်သုတ်သင်နိုင်သော အစွမ်းသတ္တိရှိလေသည်။

မိမိသည် ယင်းတရားတော်တို့ကို မသိသေးသူများသိအောင်၊ သိသူများ သိသထက်သိအောင် ဆိုသည့်သဘောနှင့် ဗုဒ္ဓဓမ္မ

http://www.dhammadownload.com



ပြဿနာအမည်ဖြင့် ရေးသားခဲ့ရာ ယခုအခါ အမှတ်(၅)သို့ပင် ရောက်ရှိချေပြီ။

ယင်းဗုဒ္ဓဓမ္မပြဿနာများမှာ အမှားပယ်ရှင်း အမှန်လင်းစေရန် ပြဿနာများကို အများအားဖြင့် တင်ပြခဲ့၏။ ယင်းကို ဖတ်ရသူအများစုမှာ အမှားပယ်ရှင်း အမှန်လင်းကြ၏။

အမှန်လင်းသူအချို့က မိမိထံသို့ ကိုယ်တိုင်လာ၍ ဆွေးနွေးကြ၏။ အချို့က တစ်ဆင့် ဆွေးနွေးကြ၏။ အချို့က စာပေဖြင့် ဆွေးနွေးကြ၏။ အချို့က စာပေဖြင့်မေးမြန်းကြ၏။ ဤ၌ စာပေဖြင့် ဆွေးနွေးမေးမြန်းသောလူငယ်တစ်ယောက်၏စာကို ဖော်ပြပါမည်။

**ရန်ကုန်ဆေးရုံကြီး**

**တေဒဂ်အရှင်ပညာဇောတ** **၁၀–၁၀–၇၇**

ရှိသေစွာဖြင့် လျှောက်ထား မေးမြန်းအပ်ပါသည်။ ဆရာတော်ဘုရား။

တပည့်တော်သည် ဘာသာရေးစာပေများကို အတော်အတန် လေ့လာဖတ်ရှုသော လူငယ်တစ်ဦးဖြစ်ပါသည် ဘုရား။

စာအုပ်ကောင်းများကိုသာ ရွေးချယ်ဖတ်ရှုတတ်သော စိတ်ရှိသည်နှင့်အညီ ယခုဆရာတော်ဘုရား ရေးသားတော်မူသော ဗုဒ္ဓဓမ္မပြဿနာ အမှတ်(၂)ကို ဖတ်ရှုမိပါသည်။

အတွဲ(၂)သည် ဗုဒ္ဓဘာသာဝင်များအတွက် မရှိမဖြစ် သိအပ်သော အကြောင်းအရာများပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ထို့အတူ အတွဲ(၁)နှင့် ဒါနဝတ္ထု၊ သီလဝတ္ထု၊ ဘာဝနာဝတ္ထုများကိုပါ ဖတ်ရှုလိုပါသည်။ လုံးဝ ဝယ်ယူ၍မရပါ။

ဆရာတော်ဘုရား၏ အတွေးအခေါ် အားလုံးသည် ဓမ္မဓိဋ္ဌာန်ကျသော၊ ခေတ်မီသော အမှန်တရားများသာ ဖြစ်ပါသဖြင့် တပည့်တော်တို့ လူငယ်များအတွက် ဘာသာရေး အသိပညာ ပြည့်ဝစေပါသည်။ ပြောင်မြောက်စေပါသည် ဘုရား။

ထို့ကြောင့်ပင် မကုန်နိုင်အောင် များပြားလှတဲ့ ဗုဒ္ဓဓမ္မပြဿနာများကို ဆက်လက်ဖြေကြားပြီး စာအုပ်အဖြစ် ထုတ်ဝေမှုပြုရန် လျှောက်ထားပါသည်ဘုရား။

တပည့်တော်သိရှိလိုသော နားမလည်သည့် မေးခွန်းအချို့ကိုလည်း အမှတ်(၃)တွင် ထည့်သွင်းဖြေကြားပေးပါရန် လျှောက်ထားပါသည်ဘုရား။

ယခင်ထွက်ပြီး စာအုပ်များတွင် ပါရှိပြီးဖြစ်နေပါက မည်သည့်စာအုပ်တွင် ပါရှိကြောင်း ကရုဏာထားသော အားဖြင့် ပြန်ကြားပေးစေလိုပါသည်ဘုရား။

**မေးခွန်း(၁)။** အမှတ်(၂) စာအုပ် စာမျက်နှာ (၄၂၂၊၄၂၃) မှာ အသုဘဆိုင်းထည့်ခြင်းကြောင့် အကျိုးမများပုံ တွေ့ရှိရပါသည်။ သို့ရာတွင် သေဆုံးတဲ့အခါ ချက်ချင်း သက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းနှင့် ပတ်သက်၍ မတွေ့ရပါ။

http://www.dhammadownload.com



ပရိဒေဝသောကမီး လောင်နေချိန်မှ သက်ပျောက် သပိတ် ခွမ်းသွတ်ခြင်းသည် အကျိုးများ,မများ၊ ဆက်လက် လုပ်သင့်, မလုပ်သင့်၊ မည်သည့်ခေတ်က စတင်လုပ်ခဲ့သည်။ ဘုရားရှင်လက်ထက်တော်က မည်သို့မည်ပုံ လုပ်ခဲ့သည်ကို သိလိုပါသည်။

စာမျက်နှာ (၃၄၁) တွင် သေလွန်ပြီးသူကို တရားနာ ဖိတ်ခြင်းကို တွေ့ရပါသည်။ မည်သို့မည်ပုံ ဖိတ်ရပုံကိုလည်း ဖြေကြားစေလိုပါသည်။

**မေးခွန်း(၂)။** အလှူဒါနလုပ်ရာတွင် ရေစက်ချ ခြင်း၏ ရည်ရွယ်ချက် အကျိုးသက်ရောက်ပုံ စတင်ခဲ့သည့် ကာလကိုလည်း သိလိုပါသည်ဘုရား။

**မေးခွန်း(၃)။** ယနေ့ လူ့ရပ်ခွင်တွင် ကိုးဆူကပ်ခြင်း သည် တော်တော်များများ တွေ့ကြုံရပါသည်။ ၎င်းသည် လူမှုရေးအရ ကိုးဆူကပ် ဂြိုဟ်စာကျွေးခြင်းလော၊ ဘာသာ ရေးအရ လုပ်ခြင်းလော၊ ဘုရားရှင်လက်ထက်က ရှိ,မရှိ၊ ဆက်လက်ပြီး လက်ခံကျင့်သုံးရန် သင့်,မသင့်၊ အကျိုးများ, မများ သိလိုပါသည်ဘုရား။

**မေးခွန်း(၄)။** မသာတစ်ခေါက် ကျောင်းဆယ်ခေါက် ဆိုသည့် စကား၏ အဓိပ္ပာယ်နှင့် မည်သို့အကျိုးများရစေရန် ဘယ်ကဲ့သို့ စိတ်မျိုးဖြင့် မသာပို့ရပါမည်လဲ။

http://www.dhammadownload.com



**မေးခွန်း(၅)။** ကထိန်သင်္ကန်းကပ်လှူရာတွင် ဆင်းရဲနွမ်းပါးသော ရဟန်းသံဃာများကိုသာ လှူရန် ပညတ်ချက်ထားသည်ဟု သိရပါသည်။ ယနေ့အလှူများသည် ချမ်းသာတောင့်တင်းသော နာမည်ကြီး ဆရာတော်ကြီးများကိုသာ ကထိန်သင်္ကန်း ကပ်လှူနေကြောင်း တွေ့ရပါသည်။ ၎င်းအလှူမျိုးသည် အကျိုးများ,မများ၊ ခေတ္တပစ္စည်းစွန့်ပြီး အလှူခံပစ္စည်းကို အလှူခံခြင်းမှာ ဗုဒ္ဓသာသနာတော်ကို လှည့်စားရာ မကျပါသလော သိလိုပါသည်။

အရှင်ဘုရားထံမှ တိကျမှန်ကန်သောအဖြေများကိုသာ စောင့်မျှော်နေပါသည်ဘုရား။

ရိုသေစွာနှင့်
ရွှင်လန်းချမ်းမြေ့ပါစေ။
(---------)

သို့

(---------)

**ကျုံးမာရေးဆရာများအဆောင်**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**၂၈-၄-၇၉**

ပြန်ကြားသိစေပါသည်။

(---------)ရဲ့ ပေးစာရရှိတဲ့အချိန်တွင် ဗုဒ္ဓဝမ္မပြဿနာများ(၃)မှာ ရေးပြီးဖြစ်နေသဖြင့် (-------)ရဲ့ မေးခွန်းများကို (၃)တွင် ထည့်သွင်းဖြေကြားခြင်း မပြုနိုင်ခဲ့ပါ။

http://www.dhammadownload.com



တဖန် အမှတ်(၄)တွင် ထည့်သွင်းဖြေကြားရန် ဖြစ်သော်လည်း အမှတ်(၄) ရေးသားသောအခါတွင်(––––––)ရဲ့စာမှာ တစ်နေရာ တွင်ကျန်နေ၍ ထည့်သွင်းမရေးသားနိုင်ခဲ့ပါ။

ယခု အမှတ်(၅)ကိုရေးမည်ဆိုတဲ့အခါမှာတော့(–––––)ရဲ့စာကို သွားလေရာသို့ လျှောက်ပြီးတော့ ယူသွားရပါတယ်။

အကြောင်းကတော့ စာရေးတယ်ဆိုတာ စာရွက်နဲ့ ဖောင်တိန်ရှိတိုင်း စာရေးလို့ မဖြစ်တဲ့အတွက်ပါပဲ။ စိတ်ကူးပေါက်တုန်း၊ စိတ်ရွှင်လန်းတုန်းရေးမှ ဖြစ်တဲ့အတွက် သွားလေရာလျှောက်ယူပြီး လျော်တဲ့နေရာမှာ ရေးဖို့ပါပဲ။ (၄)တုန်းက မယူမိလို့ ကျန်ခဲ့တာ ယခုတစ်ခါ မကျန်ရအောင်ပေါ့။

(–––––)တို့လို ပါဠိစာပေ မကျွမ်းကျင်သူတွေ၊ ပါဠိစာပေ ကျွမ်းကျင်သော်လည်း ကြည့်ရှုနိုင်ခွင့် မရရှိသူတွေ အလွယ်တကူနဲ့ သာသနာရေး သိပါစေဆိုတဲ့ သဘောနဲ့ ဓမ္မဒေသနာခရီး လှည့်လည်ရင်း တွေ့ကြုံခဲ့ရသော ပြဿနာအများမှ သင့်လျော်တဲ့ ပြဿနာတွေကို တင်ပြခဲ့ရာ ယခုအခါ (၅)သို့ပင် ရောက်ပါပြီ။ နောက်လည်း (၆–၇)စသည်ဖြင့် ဆက်ပြီးတော့ ရေးဦးမှာပါပဲ။

## မေးခွန်း(၁)အဖြေ

"ကဲ...မေးခွန်း(၁)ကိုဖြေကြည့်ရအောင်။ အသုဘဆိုင်းထည့်ခြင်းကြောင့် အကျိုးမများပုံ တွေ့ရှိပြီး သေဆုံးတဲ့အခါ ချက်ချင်းသက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းနှင့် ပတ်သက်၍ မတွေ့ရ

http://www.dhammadownload.com



တာကတော့ အမေးရှိ၍ ဖြေရသဖြင့် မေးသလောက်ပဲ ဖြေထားလို့ မတွေ့ရတာလို့ပဲ မှတ်ပါ"

"ပရိဒေဝ၊ သောကမီး လောင်နေချိန်မှ သက်ပျောက်သပိတ် ဆွမ်းသွတ်ခြင်းဟာ အကျိုးများ မများနှင့်ပတ်သက်၍ ဖြေရလျှင် သောကပရိဒေဝမီးဆိုတာ အကုသိုလ်တွေပါ။ အကုသိုလ်ဖြစ်နေချိန် ကုသိုလ်ဖြစ်အောင် လုပ်ရတော့ လုပ်သလောက်တော့ အကျိုး မရဘူးပေါ့။ ရသင့်သလောက်တော့ ရတာပေါ့"

"ရှင်းရှင်းပြောရရင် ပကတိစိတ်ကြည်လင် သဒ္ဓါစေတနာ ထက်သန်တဲ့အခါမှာ လုပ်သလောက်တော့ မရဘူးပေါ့။ သို့မရ သော်လည်း အသက်ပျောက်တဲ့သူမှာ တကယ်လို့များ ဆွမ်းသွတ်လို့ ကျွတ်လွတ်နိုင်တဲ့ဘဝမျိုး ရောက်သွားရင် အမြန်ကျွတ်လွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သွတ်ခြင်းပါပဲ"

"အဲဒီလို ကျွတ်လွတ်အောင် သွတ်နိုင်ရင်တော့ အကျိုးများပါတယ်။ ယခုခေတ်လို သောကပရိဒေဝမီး တောက်သထက် တောက်အောင် ဆိုင်းတွေဗုံတွေနဲ့ဆိုရင်တော့ အကျိုးမများပါ"

"ဆက်လက် လုပ်သင့် မလုပ်သင့် ဆိုတဲ့ ပြဿနာကို ဖြေရရင် အကျိုးများများ အကျိုးရှိရှိ ရရှိအောင် လုပ်နိုင်လျှင် ဆက်လက်လုပ်သင့်ပါသည်။ အကျိုးမများ အကျိုးမရှိ လုပ်မယ် ဆိုရင်တော့ အသက်ပျောက်တဲ့လူလည်း ကျွတ်မှာ မဟုတ်တော့ မလုပ်တာဘဲ ကောင်းပါသည်"

http://www.dhammadownload.com



"ဘုရားရှင်လက်ထက်က သက်ပျောက်ဆွမ်းသွတ်တယ်လို့ သီးခြားမတွေ့ရပါ။ သေသူကိုရည်မှန်းပြီး လှူဒါန်း အမျှဝေတာ တော့ တွေ့ရပါတယ်"

"အဲဒီလို သေသူကိုရည်မှန်းပြီး အမျှဝေတဲ့အခါမှာ ယခုခေတ် လို ပက္ကာသနတွေ ခြံရံပြီး အပူသောကမီးတွေ ပွားစေရန် ဆိုင်းဗုံ တွေ မပါပါ"

"မြင့်မြတ်တဲ့ အလှူခံ ရဟန်း သံဃာတော်အား ဆွမ်း၊ သင်္ကန်း ကျောင်းဆိုတဲ့ ပစ္စည်းတွေကို သေသူ ရည်မှန်းပြီး လှူဒါန်းကာ အမျှဝေလိုက်တာပဲ တွေ့ရပါသည်"

"ယင်းသို့ပြုလုပ်သဖြင့် ကျွတ်လွတ်သွားတာလည်း တွေ့ရ ပါသည်။ သို့ဖြစ်၍ ယင်းသို့ ပက္ကာသနမဖက်ဘဲ၊ ဆိုင်းဗုံစသည် တွေလည်း မပါစေဘဲ အပူ သောကမီး ငြိမ်းအေးတဲ့အခါမှာ ပြုလုပ်လျှင်ကောင်းပါသည်"

"သေလွန်ပြီးသူကို တရားနာ ဖိတ်ခြင်းနှင့်ပတ်သက်၍ ဖြေရ လျှင်တော့ သေသူရဲ့မူလ လူ့ဘဝကနာမည်ကိုခေါ်ပြီး ဥပမာ "မောင်ဖြူ မင်းအတွက်ရည်မှန်း လှူဒါန်းအမျှဝေမလို့၊ လာရောက် ပြီး သရဏဂုံ သီလယူပါ။ တရားနာပါ။ အမျှဝေတဲ့အခါ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်လှည့်ပါ"လို့ မိမိတို့ ကုသိုလ်ပြုရာ အရပ်ကပင် ဖိတ်ရပါမည်။ သေတဲ့သူမြှုပ်ထား သည့် သုသာန်သွားပြီး ဖိတ်စရာမလိုပါ၊ ဖိတ်လျှင်လည်း မမှား နိုင်ပါ"

http://www.dhammadownload.com



"ဤမျှလောက်ဆိုလျှင် မေးခွန်း(၁)အတွက် ပြေလည်လောက်ပါပြီ။ ယခုအမှတ်(၂) မေးခွန်းကို ဖြေရအောင်"

## မေးခွန်း(၂)အဖြေ

"အလှူဒါနလုပ်ရာတွင် ရေစက်ချခြင်း ရည်ရွယ်ချက်အကျိုးသက်ရောက်ပုံစတင်ခဲ့သည့်ကာလ"နှင့် ပတ်သက်၍ ဖြေရလျှင်တော့ ဒါန ဝတ္ထုမှာကြည့်ပါလို့ ညွှန်ကြားလိုက်ပါသည်"

"အကျိုးသက်ရောက်တာကတော့ ယခုခေတ်လို ရေစက်ချအမျှဝေလျှင် ပရိသတ်အများ သာဓုအနုမောဒနာ ခေါ်ရတော့အကျိုးများပါသည်"

"စတင်ခဲ့သည့် ကာလကတော့ ရှေးရှေးခေတ်ကာလတွေထဲက စခဲ့ပါသည်။ သို့သော် ရှေးရှေးကရေစက်ချနှင့် ယခုခေတ်ရေစက်ချမှာ မတူပါ။ ရှေးရှေးကရေစက်ချမှာ အလှူခံပုဂ္ဂိုလ်လက်ထဲသို့ ရေသွန်ချလိုက်ပြီး လှူဖွယ်ပစ္စည်းများကို အလှူခံအားလှူလိုက်ပါသည်။

"ယခုခေတ် ရေစက်ချမှာတော့ မျက်မြင်အတိုင်းပင် ဖြစ်ပါသည်။ ယင်းအကြောင်းလည်း "ဗုဒ္ဓ၏ သက်သတ်လွတ်"တွင် ရှင်းထားပါသည်။ ယင်းတွင် ဖတ်ရှုပါ"

http://www.dhammadownload.com



## မေးခွန်း(၃)အဖြေ

"ဘုရားကိုးဆူကပ်ခြင်းနှင့် ပတ်သက်၍ အမေးရှိ၍ ဗုဒ္ဓဓမ္မပြဿနာများ(၄)တွင် ဖြေထားပြီး ဖြစ်ပါသည်။ ယင်းကို ဖတ်ရှုကြည့်ပါလျှင် (......)ရဲ့ အမေးပုစ္ဆာတွေအားလုံး ပြေလည်သွားပါလိမ့်မည်။ သို့ပါ၍ ဤတွင် ယင်းအမေးကို မဖြေလိုက်ပါ။ ဖြေပြီးဟု မှတ်ပါ"

## မေးခွန်း(၄)အဖြေ

**"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"**ဆိုသည်မှာ မသာတစ်ခေါက်သွားသည့်ကုသိုလ်နှင့် ကျောင်းဆယ်ခေါက်သွားသည့်ကုသိုလ် တူညီတယ်လို့ ဆိုလိုတဲ့အဓိပ္ပာယ်ပါပဲ"

"တစ်နည်းပြောရရင် မသာသို့ တစ်ခေါက်သွားလို့ရတဲ့ သံဝေဂနဲ့ ကျောင်းသို့ ဆယ်ခေါက်သွားလို့ရတဲ့ သံဝေဂ တူညီတယ်လို့ ဆိုလိုတဲ့ အဓိပ္ပာယ်ပါပဲ"

"သဘောကတော့ ဒီလိုပါ။ ကျောင်းသို့ ရောက်တဲ့အခါ ဆရာတော် သံဃာတော်တွေက တရားဟောလို့ တရားနာရတဲ့အခါ ကုသိုလ်တွေရပါတယ်။ သံဝေဂတွေ ဖြစ်ပါတယ်။ ဒါပေမယ့် အားနည်းတတ်ပါတယ်။ အရနည်းတတ်ပါတယ်။ ဒီတော့ ဆယ်ခေါက်သွားမှ နည်းနည်းပဲရတယ်ပေါ့"

"မသာတစ်ခေါက်သွားတဲ့ အခါမှာတော့ ကိုယ့်လိုလူ တစ်ယောက်က သေပြီး ပုပ်ပွ အသုံးမကျတဲ့ဘဝ ရောက်သွားတာကို

http://www.dhammadownload.com



မျက်မြင်ကိုယ်တွေ့ဖြစ်တော့ "ငါလည်း တစ်နေ့ကျ သူ့လိုပဲဖြစ်ရမှာပဲ"လို့ သေသူရဲ့ အသုဘသဘောကို မိမိကိုယ်ပေါ်တင်ကြည့်လိုက်တော့ မိမိကိုယ်ရဲ့ တန်ဖိုးမရှိပုံ၊ အသုဘဖြစ်ပုံ၊ မသာဖြစ်ပုံကို မြင်လာမယ်၊ သိလာမယ်ပေါ့"

"အဲဒီလိုမြင်သိလာခြင်းဟာ ကျောင်းဆယ်ခေါက်သွားလို့ရတဲ့ကုသိုလ် သံဝေဂနဲ့ တူတယ်ဆိုတဲ့ သဘောပြောတာပဲ"

"ဒီတော့ အကျိုးများများရစေရန် သေသူ အသုဘရဲ့ သဘာဝကို မိမိကိုယ်ပေါ်သို့တင်ပြီးတော့ ရှုပွားပြီး အသုဘပို့ပါ။ မသာသွားပါ။ အဲဒီလို မသာရဲ့ သဘာဝ ကိုယ်ပေါ်တင်လိုက်တော့ ကိုယ့်ကိုယ်ကြီး အသုံးမကျပုံ မြင်တဲ့အခါ ဒီကိုယ်အတွက် တွယ်တာမှုတွေ ကင်းလာမယ်။ တွယ်တာမှုကင်းတော့ ဒီကိုယ်အတွက် အကုသိုလ်ပြုပြီး အသက်မမွေးတော့ဘူးပေါ့။ ကုသိုလ်ပဲ ရှာတော့မယ်ပေါ့"

"မသာသွားတတ်ရင် အဲဒီလို အကုသိုလ်ကြောက် ကုသိုလ်ရောက်ပြီး အကျိုးရှိလို့ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်လို့ ဆိုတာလို့ သဘောပေါက်ပြီး အဲဒီလိုဖြစ်အောင် နှလုံးသွင်းပြီးပို့ပါ"

"သို့သော် ဒီခေတ်အနေနဲ့ကတော့ အသုဘကို သုဘလုပ်ပြီး တန်ဆာဆင်ချတော့ ပို့သူတွေကလည်း ပွဲနေပွဲထိုင်သွားတာကျနေတာပဲ၊ ကျော့လို့မော့လို့ဆိုတော့ အသုဘသဘော မထင်ဘဲ ကုသိုလ်လည်း မဝင်ဘဲ လူစည်ကားတဲ့အသုဘ၊ အဆင်

http://www.dhammadownload.com



အပြင်လုတဲ့ အသုဘတွေ့လျှင် ဒီလိုဆို ငါတောင် သေချင်သေး တယ် ဖြစ်တတ်ပါတယ်။ အဲဒီလို အသုဘပို့နည်းကား မသာ တစ်ခေါက် သွားနည်းကားကတော့ ဆယ်ခေါက်သွားလည်း မထူးပါ"

"အမှန်ကတော့ မတင့်တယ်တဲ့ အသုဘကို မတင့်တယ်တဲ့ အသုဘသဘောအတိုင်း ချခြင်းက လူအများကို ကုသိုလ်ပွား စေပါတယ်၊ မေ့လျော့ခြင်းကင်းစေပါတယ်"

"အသုဘကို သုဘလုပ်ပြီး ချတော့ လူတစ်ယောက်လုံး ဆုံးထားရတဲ့အထဲမှာ ထပ်ပြီးတော့ ပကာသနတွေ လွှမ်းရတော့ နှစ်ထပ်ကွမ်း ဆုံးရပါတယ်။ ပစ္စည်းလည်းဆုံး၊ လူလည်းဆုံးပေါ့"

"ဒီခေတ်မှာ (......)တို့လို အသိဉာဏ်ရှေ့သွားရှိတဲ့ လူငယ် တွေ များစွာလိုလာပါတယ်။ မိမိစာရေးတဲ့ ရည်ရွယ်ချက်မှာလည်း (......)တို့လို ခေတ်အမြင်ရှိသူတွေအတွက် ခေတ်ပြင်စာပဲ ရေး တာပါပဲ။ ရှေ့လည်း ဆက်လက်ပြီး ရေးပါဦးမယ်"

## မေးခွန်း(၅)အဖြေ

"ကထိန်သင်္ကန်းကပ်လှူရာမှာ ဆင်းရဲနွမ်းပါးသော ရဟန်း သံဃာများကိုသာလှူရန် ပညတ်ထားသည်ဟု သိချက်ကတော့ တစ်ဝက်မှန် တစ်ဝက်မမှန်ပါဘဲ"

"အဲဒီအကြောင်းကို မဖြေကြားမီ ကထိန်ရဲ့ အစိပ္ပာယ် သဘောကို အဦးအစ ပြောပြပါမယ်–

http://www.dhammadownload.com



၁။ "ငါးပါးသောအာနိသင်တို့ကို သီမဒ္ဒကာသံဃာ အတွင်း၌ ပြုခြင်းငှာ စွမ်းနိုင်၍ မြဲမြံခိုင်ခံ့ တည်တံ့တဲ့ အနက် သဘောသတ္တိရှိသည်၏အဖြစ်ကြောင့် ကထိန်လို့ ခေါ်ပါတယ်"

၂။ "တစ်မျိုးပြောရရင် ငါးပါးသောအာနိသင်တွေကို သီမဒ္ဒကာသံဃာအတွင်းမှ အပသို့သွားခြင်းငှာ မပေးဘဲ သိမ်းပိုက်နိုင်၍ မြဲမြံခိုင်ခံ့တည်တံ့တဲ့ အနက်သဘော သတ္တိရှိသည်၏အဖြစ်ကြောင့် ကထိန်လို့ ခေါ်ပါတယ်"

၃။ "တစ်နည်းပြောရရင် ကောင်းမွန်လှစွာ ရသဩဇာနှင့် ပြည့်စုံသော မြေပြင်အရပ်၌ မစိုက်မပျိုးဘဲ မြဲမြံ စည်ကားစွာ အလိုအလျောက် ပေါက်ရောက်လာသော သစ်ပင်ကြီးကဲ့သို့ မချို့ပြည့်စုံစွာ အနာမန္တစသည် ငါးအင်အာနိသင်တို့ဖြင့် စည်ပင်တည်တံ့ ခိုင်ခံ့မြဲမြံသော အနက်သဘောကြောင့် ကထိန်လို့ ခေါ်ပါတယ်"

"ဒီလောက်ဆိုရင် ကထိန်သဘော ပေါက်လောက်ပြီပေါ့ နော်။ ရှင်းရှင်းပြောရရင် ကထိန်ခင်းတာ ချမ်းသာတဲ့ကျောင်းပဲ ဖြစ်ဖြစ် ဆင်းရဲတဲ့ကျောင်းပဲဖြစ်ဖြစ် အဲဒီကျောင်းထဲမှာ ရှိနေတဲ့ သံဃာတော်တွေမှာ ကထိန်အကျိုး အာနိသံသငါးပါး ရစေချင်လို့ ခင်းရတယ်လို့ မှတ်ပါ"

"ဒီတော့ ကထိန်သင်္ကန်းဟာ ဆင်းရဲရဲ ချမ်းသာသာ တစ် ကျောင်းလုံးရှိ သံဃာအားလုံးကို ရည်မှန်းခင်းရတယ်လို့မှတ်ပါ"

http://www.dhammadownload.com



"အဲဒီလို ဒကာ ဒကာမတွေက တစ်ကျောင်းလုံးရှိ သံဃာအားလုံးကို ရည်မှန်းပြီးတော့ လှူဒါန်းလိုက်တဲ့ ကထိန်သင်္ကန်းကိုမှ အဲဒီကျောင်းတိုက်ထဲမှာရှိတဲ့ သင်္ကန်းဆင်းရဲနွမ်းပါးတဲ့ရဟန်းကို အဲဒီကထိန်သင်္ကန်း ပေးရပါတယ်"

"တကယ် ကထိန်ခင်းတာကတော့ သင်္ကန်းတစ်ထည်တည်းနဲ့သာ ခင်းတာပါပဲ။ ကျန်တဲ့သင်္ကန်းတွေက အဲဒီ ကထိန်သင်္ကန်းရဲ့ အကျိုးသင်္ကန်းတွေဖြစ်ပါတယ်"

"အဲဒီသင်္ကန်းနဲ့ ကထိန်ခင်းလိုက်တော့ အားလုံး ကျောင်းရှိသံဃာအားလုံးမှာ–

ကထိန်အာနိသင်ငါးပါး

၁။ ဘောဇဉ်ဖြင့် ပင့်ဖိတ်သည်ကို လက်ခံထားသောရဟန်းဟာ ထင်ရှားရှိတဲ့ ရဟန်းတစ်ပါးထံ မပန်မကြားဘဲ ချမ်းသာစွာ တစ်ပါးသော ဒါယကာအိမ်သို့ သွားလာသဖြင့် အာပတ်မသင့်ခြင်းဆိုတဲ့ အကျိုး၊

၂။ အမည်ဖြင့် အဓိဋ္ဌာန်တင်ထားသော တိစီဝရိက်သင်္ကန်းတို့ကို အရပ်တစ်ပါး သွားလေရာရာ မဆောင်မယူ လွယ်ကူလိုရာ ကိုယ်ချည်းသာလျှင် ချမ်းသာစွာ သွားလာတော်မူသဖြင့် အာပတ်မသင့်ခြင်းဆိုတဲ့အကျိုး၊

၃။ မှားသောဖိတ်ခြင်း၊ မအပ်မစပ်သောဖိတ်ခြင်းဖြင့် ဖိတ်အပ်သော ဂဏဘောဇဉ်ကို လေးပါးထက်အလွန် တစ်ပေါင်းတည်းခံ၍ စားရခြင်း၌ အပြစ်ကင်းခွင့်ရ အာပတ်မသင့်ခြင်းဆိုတဲ့အကျိုး၊

http://www.dhammadownload.com



၄။ ငါးလအတွင်း အစီအစဉ်ဝိပဿနာမပြတ်ဘဲ အလိုရှိတိုင်း ရသမျှ သက်နှင်းတို့ကို သိမ်းမြန်း သုံးဆောင်တော်မူရသဖြင့် အာပတ်မသင့်ခြင်းအကျိုး။

၅။ ကထိန်ခင်းရာ တိုက်တာအတွင်း၌ အချင်းခပ်သိမ်းဖြစ်သမျှ သံဃိက သက်နှင်းတို့ကို ကထိန်ခင်းအပ်၊ အရှင်မြတ်တို့သာ ဆက်ဆက်သိမ်းခြို အလုံးစုံရထိုက်တော်မူခြင်းဆိုတဲ့အကျိုး။

"အဲဒီအကျိုး အာနိသံသငါးပါးရပါတယ်။ အဓိကတော့ အဲဒီအကျိုးငါးပါး ရစေချင်လို့ ကထိန်ခင်းတာလို့ မှတ်ပါ"

"(......)အဲဒီကထိန်နဲ့ ပတ်သက်တဲ့ ဝေါဟာရတွေတော့ နားလည်ချင်မှ နားလည်ပါမည်။ နားလည်အောင် ရှင်းရရင်လည်း သိပ်ရှည်သွားမှာစိုးလို့ မရှင်းနိုင်ပါ။ နီးစပ်ရာ ရဟန်းသံဃာတွေထံမှာ တစ်ဆင့်ထပ်မေးပါ"

"ခေတ္တပစ္စည်းစွန့်ပြီး အလှူခံပစ္စည်းကို အလှူခံခြင်းသဘောကိုတော့ တကယ့်ဂိုနည်းကျင့်ဝတ်နှင့်အညီ နေတော်မူကြတဲ့ သာသနာတော်ကို ချစ်မြတ်နိုးသူ ရဟန်းသံဃာကောင်းတွေဟာ လုပ်လေ့လုပ်ထရှိတာကို မတွေ့ရပါ"

"စွန့်တယ်ဆိုတာ ခေတ္တစွန့်လျှင်လည်း အစွန့်မမြောက်ပါ၊ အပြီးအာသာပြတ် အာလယပြတ်စွန့်မှ အစွန့်မြောက်ပါသည်။ အာလယပြတ် အပြီးစွန့်ပြီးလျှင်လည်း ကိုယ်ပြန်ပြီး အလှူမခံတော့ပါ"

http://www.dhammadownload.com



"ယင်းကိုထောက်လျှင် ဗုဒ္ဓသာသနာတော်ကို လှည့်စားရာ ကျ,မကျ (……)ကိုယ်တိုင် သိနိုင်လောက်ပါပြီ"

"(……)အမေးတွေက တစ်ခုချင်းကို တော်တော်ကျယ်ကျယ် ဖြေဖို့ကောင်းပါတယ်၊ ဒါပေမယ့် ပြဿနာက (၅)ခုတောင်ဆိုတော့ ဒီမျှပဲ အကျဉ်းချုပ်ဖြေပါရစေတော့"

"မရှင်းလင်းသေးတဲ့ တခြားရှိသေးရင်လည်း မေးနိုင်ပါတယ်၊ အများလည်း အကျိုးများ၊ သာသနာတော်လည်း အကျိုးများပါလျှင် ဖြေပါမည်"

"ကျန်းမာချမ်းသာစွာနှင့် တိကျမှန်ကန်သော သာသနာရေးကို အားပေးချီးမြှောက်နိုင်ပါစေသော်"

ကျန်းမာချမ်းသာစွာနှင့်<br>
တေဒင်္ဂအရှင်ပညာဇောတ<br>
ဓမ္မဒူတတောရ<br>
တောင်စွန်းမြို့၊ဘီးလင်းမြို့နယ်၊<br>
မွန်ပြည်နယ်

- မသိတာကို၊ သိအောင်ဆို၊ ထိုထိုမေးရမည်၊
- မမေးမမြန်း၊ ပညာကန်း၊ မေးမြန်းပညာစည်၊
- မမေးမြန်းငြား၊ ပညာရှား၊ အမှားပြုတော့မည်၊
- အမှားပြုက၊ အပါယ်ကျ၊ ဒုက္ခများတော့မည်၊
- မေးမြန်းသိက၊ မှန်ပြုရ၊ သုခပွားတော့မည်။

http://www.dhammadownload.com



# အရှင်ဘုရားဟော မပြောင်းသေးဘူးလား

{၂၃}

"အဆင်းသာရှိ၍ အနံ့မရှိသော၊ တင့်တယ်လှပသော ပေါက်ပွင့်စသောပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသောအကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော ဘုရားတရား၊ ဘုရားစကားတော်သည် မလိုက်နာ မကျင့်ကြံသူအား အကျိုးကို မဆောင်နိုင်" **(ဓမ္မပဒ)**

"အဆင်းအနံ့ပြည့်စုံ၍ တင့်တယ်လှပသော စံပယ်၊ စကားစသော ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော ဘုရားတရား၊ ဘုရားစကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကိုဆောင်နိုင်၏" **(ဓမ္မပဒ)**

http://www.dhammadownload.com



အထက်ဖော်ပြပါ တရားဂါထာတော်ကို အဖန်ဖန်ဖတ်ရှု၍ စဉ်းစားကြည့်ပါလျှင် အဓိပ္ပာယ်သွားမှာ **လယ်ပြင်မှာဆင်သွား သလို** ထင်ရှားလှပါတော့သည်။ ရှင်းစရာပင်မလိုလှပါ။

## ပရိယတ်သမား

ယင်းသို့ကျင့်ကြံသူအား အကျိုးကိုတကယ်ဆောင်သော ဗုဒ္ဓ တရားတော်တွေကို စည်ပင်ပြန့်ပွား အကျိုးများရန်လုပ်ငန်းမှာ "ပရိယတ်လုပ်ငန်း"ပင် ဖြစ်၏။

ယင်းပရိယတ်လုပ်ငန်းမှာ အရာကျယ်၏။ ယင်းကို အရင်း အမြစ်ကျကျ သိဖို့လို၏။ ပရိယတ်တွင် ကျက်,မှတ်,နာကြား, ဟောကြား,သင်အံပို့ချမှု စသည်ဖြင့် အခန်းအပိုင်း အရပ်ရပ် ပါဝင်လျက်ရှိ၏။

ယင်းအရပ်ရပ်ကို ခေတ်အနေနဲ့ ခွဲလိုက်သည်ရှိသော် "**သင်ပရိယတ်၊ ဟောပရိယတ်**"ဟူ၍ နှစ်ပိုင်းခွဲနိုင်သည်။ ယင်း နှစ်ပိုင်းတွင် ပါဝင်သူအားလုံးသည် ပရိယတ်သမားတွေပင်ဖြစ် သည်။

## ခွန်တွဲနေသည်

ပရိယတ်သမားသည် ပရိယတ်လုပ်ငန်းကို ဇောက်ချ၍ သင်စဉ် ဟောစဉ်မှာလည်း ပရိယတ်က လာတဲ့အတိုင်း အကျင့် ပဋိပတ်ပါရမည်ဖြစ်သည်။ ပရိယတ်တခြား၊ ပဋိပတ်တခြား ဒီလိုသဘောထားရန်မဟုတ်ပေ။

http://www.dhammadownload.com



ပရိယတ်နှင့်ပဋိပတ် ခွဲခြားလို့လည်းမရပေ။ နှစ်ခုမှာ ဒွန်တွဲနေ၏။ မှန်၏။ ပရိယတ်ကိုသင်နေစဉ် ဟောနေစဉ် သူ့တွင် သီလရှိနေ၏၊ သမာဓိရှိနေ၏၊ လောကီဝိပဿနာပညာလည်း ရှိသင့်သလောက်ရှိနေ၏။

သို့ဖြစ်၍ သင်အံ့ပို့ချ ဟောပြောပြသနေသော ပရိယတ်သမားကို "ပဋိပတ်အကျင့်မရှိသူ"ဟူ၍ မပြောသင့်၊ မစွပ်စွဲသင့်ပါ။

## ပဋိပတ်သမား

တစ်ဖန် ပဋိပတ်သက်သက် လုပ်နေပါသည်ဟု ပဋိပတ်သမား အမည်ခံသူတွင်လည်း ပရိယတ်ရှိနေသည်။ သူလည်း ပရိယတ်နှင့် မကင်းပေ။ ပရိယတ်ကို ဖယ်ထား၍မရပေ။ ပဋိပတ်သမားသည် ယင်းပဋိပတ်ကို ပရိယတ်နှင့် ဆက်သွယ်ယူရသည်။

မှန်၏၊ မိမိ၏အကျင့် ပဋိပတ်ကို ပဋိပတ်သက်သက်ဖြင့် ကျယ်ပြန့်အောင် မပြနိုင်။ ပရိယတ်နှင့်မှ ကျယ်ပြန့်အောင် ပြနိုင်သည်။

## ဒွန်တွဲနေသည်

သို့ဖြစ်၍ ပဋိပတ်နှင့် ပရိယတ်သည်လည်း ဒွန်တွဲနေသည်။ တစ်ခုနှင့် တစ်ခုကင်း၍မရပါ။ ခွဲခွာ၍မရပါ။ ခွဲလည်းမခွဲခွာပါနှင့်။ ရှေ့သွားနောက်လိုက်သာ ကွာပါသည်။

အသို့ ကွာသနည်း? ပရိယတ်သမားသည် ပရိယတ်ကို ဓောက်ချဆောင်ရွက်နေခိုက် ပရိယတ်အားကောင်း၍ ပရိယတ်

http://www.dhammadownload.com



ရှေ့သွားဖြစ်၏။ ပဋိပတ်အားနည်းတတ်သည်။ ပဋိပတ် လုံးဝ မပါတော့ မဟုတ်ချေ။

ယင်းအတူပင် ပဋိပတ်သမားသည် ပဋိပတ်ကို ဖောက်ချ ဆောင်ရွက်နေခိုက် ပဋိပတ်အားကောင်း၍ ပဋိပတ် ရှေ့သွား ဖြစ်၏။ ပရိယတ် အားနည်းတတ်သည်။

ပရိယတ် လုံးဝမပါတော့ မဟုတ်ချေ။ ပါသည်သာဖြစ်၏။

## မပယ်သင့်

ယင်းသို့ ပရိယတ်နှင့် ပဋိပတ်သည် အချင်းချင်း အညမည အနေဖြင့် ကျေးဇူးပြုနေရကား တစ်ခုခုလွှန်ကဲပြီး တစ်ခုခုကို မပယ်သင့်ပေ။ ပယ်လျှင်လည်း မိမိလုပ်ငန်းသည် မှန်ကန်နိုင်မည် လော? မမှန်ကန်နိုင်ပေ။

ပရိယတ်နှင့် ပဋိပတ် နှစ်ခုမှာ ဒွန်တွဲနေသည့်အလျောက် နှစ်ခုလုံး လွှန်ကဲပါမူကား "အချိုမှာသကာလောင်း" ဘိသကဲ့သို့ သာ၍သာ၍ မကောင်းပါလော? ကောင်းလှတော့သည်သာ။

## အကဲ့ရဲ့ခံရတတ်သည်

ကောင်းအောင်လည်း ကြိုးစားသင့်၏။ သို့မဟုတ်က ဉာဏ် မျက်စိ အမြင်ရှိသူတို့၏ အဝေဖန်ခံရမည်။ အကဲ့ရဲ့ ခံရတတ် သည်။ မိမိ၏လုပ်ငန်းလည်း မအောင်မြင်ပေ။

http://www.dhammadownload.com



ယင်းစကားကို မိမိသည် သာဓကမရှိ ရေးသားသည် မဟုတ်ပေ။ သာဓကနှင့် ရေးသားခြင်းဖြစ်သည်။ သာဓကကား အဘယ်နည်း?

တစ်ချိန်သော ဆောင်းကာလက ဖြစ်ခဲ့၏။ မိမိသည် မြို့ကြီးတစ်မြို့တွင် ၁၀ ရက်စခန်း တရားပြနေသည်။

တစ်နေ့ညနေ အားလပ်ချိန်တွင် ဒကာ ဒကာမကြီးငယ်တစ်စု ရောက်လာပြီး ရှိခိုး ထိုင်ကြသည်။ ရောက်လာသူများမှာ ရှေးယခင်က ရင်းနှီးပြီးသူများ ဖြစ်ကြ၏။ ပြောရဲဆိုရဲသူများ ဖြစ်ကြ၏။

တရားဓမ္မရေးများ ပြောဆိုကြသည်။ မေးကြ လျှောက်ကြသည်။ ယင်းသို့ မေးလျှောက်ရင်းမှ ဒကာမကြီးတစ်ယောက်က မေးလျှောက်သည်။

"သူများတွေတော့ ပြောင်းကုန်ပြီ။ "**အရှင်ဘုရားကော မပြောင်းသေးဘူးလား?**"

"သူများတွေဆိုတာ ဘယ်သူတွေလဲ၊ သူတို့က ဘယ်ပြောင်းလဲ။ ဘုန်းကြီးကလည်း ဘယ်ပြောင်းရမလဲ"

မိမိမှာ မေးမြန်းလျှောက်ထားသူ ဒကာမကြီး၏ အမေးကို မရှင်းလင်းသဖြင့် ယင်းသို့ပင် ပြန်မေးလိုက်သည်။

"သူများတွေဆိုတာ တပည့်တော်တို့ တွေ့ရတဲ့ ဓမ္မကထိကအချို့ပြောတာပါဘုရား"

"အင်း...ဓမ္မကထိကအချို့ ဘာဖြစ်လဲ၊ ပြောစမ်းပါဦး"

http://www.dhammadownload.com



"ဓမ္မကထိကအချို့ဟာဟို...ဟောခါစတုန်းကတော့ အတော်သားဘုရား။ ဟောလို့ လူကြိုက်များလာ၊ ဘုန်းကြီး လာပြီဆိုရင် ပြောင်းသွားရောဘုရား"

"ဘယ်ပြောင်းသွားလဲ"

မိမိမှာ ဒကာမကြီးထံမှ စကားလိုချင်သည်နှင့် စကားတောင်းလိုက်ခြင်း ဖြစ်သည်။

"ပြောင်းသွားဆိုတာ ရှေးကသွားသလို မသွားနိုင်တော့ဘူး။ ရှေးကစားသလိုလည်း မစားနိုင်တော့ဘူး။ ရှေးက ထားသလိုလည်း မနေနိုင်ဘူး၊ ရှင်းရှင်းပြောရရင် "**ဘဝင်ကိုင်လာတယ်**"ပေါ့ဘုရား"

"ဩော်...အသက်က ကြီးလာတော့ အစားအသောက်၊ အနေအထိုင်၊ အသွားအလာတွေဟာ ဘယ်ကလာ ရှေးကနဲ့ တူနိုင်တော့မှာလဲ၊ ပြောင်းရတော့တာပေါ့"

"ယခုပြောင်းတာက အသက်ကြီးလို့ ပြောင်းတာမျိုး မဟုတ်ဘူးဘုရား၊ ဘုန်းကြီးလာလို့ ဘဝင်ကိုင်ပြီး ပြောင်းတဲ့အပြောင်းမျိုးဘုရား"

## မကျင့်တတ်ဘူး

"အင်း...ရှိမှာပေါ့၊ တချို့တချို့ ဓမ္မကထိကတွေဟာ သူများတွေ ဟောဖို့ ပြောဖို့လောက်သာ အမြဲတမ်းဂရုစိုက်တတ်တယ်၊ ပရိသတ်ကြိုက်နှစ်သက်ရေး အလေးပေးပြီး စဉ်းစားတတ်ပါတယ်။ ပရိသတ်ကြိုက်ရင်ပြီးရော၊ ဟောတတ်တယ်၊ မိမိအတွက် မိမိဟောတဲ့ တရားတော်ထဲက ကျင့်ကွက်ကိုရှာပြီး မကျင့်တတ်ဘူးတဲ့"

http://www.dhammadownload.com



"အဲဒီလို ဟောစဉ်ကတည်းက အများကြိုက်၊ အများအတွက် ဟောလို့ အများကြိုက်ပြီး ဘုန်းကြီး လာဘ်ပေါ်လာတဲ့အခါ အဲဒီ ဓမ္မကထိကဟာ ဘဝင်ကိုင်ပြီး ပြောင်းသွားတတ်တယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲဒီစကားအရဆိုရင် တရားတော်ကို တရားတော်အတိုင်း ရိုးရိုးသားသားဟောသူသည်ပင် မိမိဟောတိုင်း မကျင့်နိုင်ရင် တစ်နေ့ဒီလိုပဲ ဘဝင်ကိုင်ပြီး ပြောင်းမသွားနိုင်ဘူးလား?"

"ပြောင်းသွားနိုင်ပါတယ်ဘုရား"

"ဒါဖြင့် တရားတော်ကို တရားတော်အတိုင်း မဟောဘဲ ပရိသတ်ကြိုက်အောင်ဆိုပြီး အဆိုတွေ၊ အငိုတွေ၊ သံသေး သံကြီး သံနိမ့် သံမြင့်၊ သံတို သံရှည်တွေနဲ့ ဟောတဲ့သူဆိုရင် ပိုပြီးတော့ ဘဝင်ကိုင်ပြီး ပြောင်းမသွားဘူးလား"

"ပိုပြီး ပြောင်းသွားမှာပါဘုရား"

"အဲဒါကြောင့် ဘုရားရှင်က ဟောကြားတော်မူခဲ့တာပေါ့"

"ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏။ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏။ ပညာရှိသူသည် သူတစ်ပါးကဲ့ရဲ့ခြင်းဖြင့် မညစ်ညူးစေရာ"တဲ့။ **(ဓမ္မပဒ)**

"ဒါတွင်မကဘူး ပြီးတော့ရှိသေးတယ်၊ ဘုရားရှင် ဟောထားတာတစ်မျိုးပေါ့၊ ဘယ်လိုလဲဆိုတော့–

http://www.dhammadownload.com



"သူတစ်ပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီး သော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ယဉ် ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား"တဲ့။

(ဓမ္မပဒ)

"အဲဒီတရားတော်အတိုင်း ကျင့်သုံးပြီး ဟောပြောနေထိုင်ရင် ဘယ်တော့မှ မပြောင်းလဲဘူး။ အေး...ကိုယ်ဟောတဲ့တရား ကိုယ် မကျင့်သုံးရင်တော့ ပြောင်းလဲမှာအမှန်ပဲနော်"

"မှန်ပါဘုရား"

"အေး...အဲဒါမျိုးဟာ ဘာနဲ့တူလဲဆိုတော့ ဟိုသုသာန်မှာ စောင့်နေရတဲ့ 'အသုဘရာဇာ'နဲ့ တူသတဲ့"

"ဘယ်လိုတူပါသလဲဘုရား"

"ဟို...သုသာန်ထဲမှာ စောင့်နေတဲ့ 'သုဘရာဇာ'တွေဟာ သူတို့ထံ အသုဘအလောင်းကောင်တွေ ရောက်လာရေး၊ အဖိုး အခ ထိုက်ထိုက်တန်တန်ရရေးကိုသာ နေ့စဉ်နေ့စဉ် စဉ်းစားပြီး အသုဘပဲ မျှော်နေသတဲ့"

"မှန်ပါဘုရား"

"တကယ်ဆိုရင် မိမိတို့ထံ ရောက်လာတဲ့ အသေကောင် အသုဘကို ကြည့်ပြီးတော့ မိမိကိုယ်ကိုမိမိ–

"ဒီသူသေကောင်ဟာ မတင့်တယ်သကဲ့သို့သာလျှင် ဒီအသေကောင် အတူပဲ ဒီအသက်ရှင်နေတဲ့ ငါ့ကိုယ်လည်း

http://www.dhammadownload.com



မတင့်မတယ်၊ အသုဘသာတည်း။ အငှားပြုပြင် တန်ဆာဆင်ခြင်းဖြင့် ဖုံးလွှမ်းထားအပ်သည့်အတွက်သာ ယင်းသို့ အသုဘအဖြစ်ဟာ မထင်မရှား ဖြစ်နေသည်"

"ပင်ကိုယ်ပကတိ သဘောအားဖြင့် ဒီငါ့ကိုယ်ဟာ စိုစွတ်တဲ့ အရေထူနဲ့ မြှေးယှက်ထားအပ်တယ်။ အရေပါးနဲ့ ဖုံးလွှမ်းထားကာအသား၊ အကြော၊ အရိုးတို့ရဲ့ အပေါင်းစုသာ ဖြစ်တယ်"

"ဒီငါ့ကိုယ်ဟာ နံစော်ညှီလှောင်း မကောင်းတဲ့အနံ့ရှိတယ်။ မစင်မကြယ် အပုပ်အတိသာ ဖြစ်တယ်၊ ကျင်ကြီးကျင်ငယ် စွန့်ရာ အရပ်နဲ့ တူတယ်။ ဒီကိုယ်ကို ပညာမျက်စိအမြင်ရှိကြတဲ့ သူတော်ကောင်းတွေ ကဲ့ရဲ့အပ်တယ်။ လူမိုက်တွေသာ ဒီကိုယ်ကို လွန်စွာ နှစ်သက်အပ်တယ်"စသည် စသည်ဖြင့် အသုဘဘာဝနာပွားရင် အသုဘရာဇာအတွက် အခွင့်ကောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ခုတော့ အသုဘဘာဝနာတရား ပွားများသင့်ပါရက်ကနဲ့ မပွားများဘဲ ဘဝင်မြင့် အထင်ကြီးပြီး ပြောင်းလဲသွားတတ်သတဲ့နော်"

"မှန်ပါဘုရား"

"အဲဒီလို အသုဘအလောင်းကောင်တွေ ကြည့်ပြီးအသုဘဘာဝနာ မထင်မြင်ရင်လည်း သေဘေးကို အဖန်ဖန်အမှတ်ရတဲ့ မရဏာနုဿတိ ထင်သင့်တယ်။ ဘယ်လို ထင်သင့်သလဲ ဆိုတော့-

http://www.dhammadownload.com



၁။ **အဒ္ဓုဝံ မေ ဇီဝိတံ**=ငါ့ရဲ့အသက်သည် မမြဲပါတကား၊
၂။ **ဓုဝံ မေ မရဏံ**=ငါ့ရဲ့သေခြင်းဟာမြဲပါတကား။
၃။ **အဝဿံ မယာ မရိတဗ္ဗမေဝ**=ငါဟာ မချွတ်ကေန် အမှန်အားဖြင့် သေရမှာပါတကား။
၄။ **မရဏပရိယောသာနံ မေ ဇီဝိတံ**=ငါ့ရဲ့အသက်ဟာ သေခြင်းလျှင် အဆုံးရှိချေ၏တကား။
၅။ **ဇီဝိတမေဝ အနိယတံ**=အသက်ရှင်ခြင်းသည်သာလျှင် မမြဲပါတကား။
၆။ **မရဏံ နိယတံ**=သေခြင်းကတော့ မြဲပါတကား။

"အဲဒီလို အဲဒီလို စသည်ဖြင့် မရဏာနုဿတိဘာဝနာတရား ပွားများသင့်တယ်။ ပွားများဖို့ အခွင့်ကောင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း...ခုတော့ အသုဘဘာဝနာလည်း မပွားများ၊ မရဏာနုဿတိ ဘာဝနာလည်း မပွားများဘဲ အဖိုးအခရရေးကို မက်မောပြီးတော့ သူ့ဘဝနဲ့ သူလုပ်ရပ်ဟာ မကပ်ဘဲနဲ့ နောက်ပိုင်းကျတော့ ပြောင်းလဲသွားတတ်တယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဒီမှာလည်း မှတ်ထားဦး၊ အများသုံးက 'သုဘရာဇာ' တဲ့။ 'အ' ပျောက်နေတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အမှန်က 'သုဘာရာဇာ' မဟုတ်ဘူး၊ 'အသုဘာရာဇာ'မှ ဟုတ်တယ်၊ မှန်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ 'အသုဘာ'အပေါ် မှာ မင်းမူနေလို့နော်"

"မှန်ပါဘုရား"

"ပြီးတော့ ရှိသေးတယ်၊ ကိုယ်လုပ်နေတဲ့ အလုပ်တခြား၊ ဖြစ်နေတာတခြား၊ ပုဂ္ဂိုလ်တစ်မျိုး၊ သူက ဘယ်သူလည်းဆိုတော့ '**ဘုရားထုသူ**'၊ တစ်နည်းပြောရင် '**ကျောက်ဆစ်သမား**'ပေါ့။ အဲ-သူလည်း ပြောင်းတာပဲနော်"

"မှန်ပါဘုရား"

"အဲဒီ ဘုရားထုတဲ့ ကျောက်ဆစ်သမားဟာလည်း ဘုရားတွေကို ထုလုပ်နေပေတဲ့ ဘုရားကို မရိုမသေ မလေးမစား လုပ်တတ်တယ်တဲ့။ ရိုသေလေးစားရမှန်း မသိဘူးတဲ့။ '**ဘုရားဆိုတာ တို့ကဖြစ်တာပဲ**' ဆိုပြီး မရိုသေ မလေးစားတတ်ဘူးတဲ့နော်"

"မှန်ပါဘုရား"

"တကယ်ဆိုတော့ အဲဒီဘုရားထုသူ ကျောက်ဆစ်သမားဟာ ဘုရားထုနေရင်း-

၁။ ကိလေသာ ရန်သူတို့ကို၊ သတ်တော်မူတတ်သော မြတ်စွာဘုရားပါတကား။

၂။ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူပြီးသော မြတ်စွာဘုရား။

http://www.dhammadownload.com



၃။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ–၁၅ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၅။ လောကသုံးပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၆။ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသော လူယောက်ျား၊ နတ်ယောက်ျား၊ တိရစ္ဆာန်ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၇။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားပါတကား။

၉။ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရားပါတကား။

"ယင်းသို့ စသည်ဖြင့် ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများပြီး ဗုဒ္ဓါနုဿတိဘာဝနာတရား ထင်သင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



## ပြောင်းလဲတတ်သူ ၃–မျိုး

"ကဲ...ဒီတော့ ဘုရားထုတဲ့သူလည်း ကိုယ့်အလုပ်နဲ့ လိုက်လျောညီစွာ မလုပ်ရင် ပြောင်းလဲမသွားဘူးလား"

"ပြောင်းလဲသွားပါတယ်ဘုရား"

"ကဲ...ဒီမှာအချုပ်ပြောမယ်၊ ပြောင်းလဲတတ်သူ ၃–မျိုးက ဘာတွေလဲဆိုတော့–

၁။ တရားဟောသူဟာ ကိုယ့်တရားကို မလေးစားရင် ပြောင်း လဲတတ်တယ်၊

၂။ အသုဘရာဇာဟာလည်း ကိုယ်ကိုင်နေရတဲ့ အသုဘ ကိုယ်မထင်ရင် ပြောင်းလဲတတ်တယ်။

၃။ ဘုရားထုသူအားလည်း ကိုယ်ထုနေတဲ့ ဘုရားကို ကိုယ်မရှိသေရင် ပြောင်းတတ်တယ်နော်၊ အဲဒီဟာ ပြောင်းလဲတတ်သူ သုံးမျိုးပဲ။ အလုပ်အကိုင် လိုက်ပြီးတော့ နှလုံးသွင်းရင်တော့ မပြောင်းလဲဘူးပေါ့နော်"

"မှန်ပါဘုရား"

"ကဲ...ပြောင်းလဲတတ်သူသုံးမျိုးကို သိသွားပြီ မဟုတ်လား"

"မှန်ပါ၊ သိပါပြီဘုရား"

"သိရင် ဘယ်လိုဝေဖန် ဆွေးနွေးချင်သေးလဲ"

"ဒီလိုဆိုတော့ ဝေဖန်ဆွေးနွေးစရာ မလိုတော့ပါဘုရား၊ အရှင်ဘုရားသာ မပြောင်းလဲပါစေနဲ့လို့ပဲ ဆုတောင်းမေတ္တာ ပို့ရတော့မှာပဲဘုရား"

http://www.dhammadownload.com



"စိတ်ချဒကာကြီး၊ ဘယ်တော့မှ မပြောင်းလဲဘူးဒကာကြီး၊ ရှေးနဲ့ခု၊ ခုနဲ့နောင် တူရစေမယ်"

"ဝမ်းသာပါတယ်ဘုရား"

"ကဲ...ဒါဖြင့်တော်ကြစို့"

"သူတစ်ပါးတို့၏အပြစ်ကို မြင်လွယ်၏။ မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲ၏။ ထိုသူသည် ဖွဲကို လွှင့်သကဲ့သို့ သူတစ်ပါးတို့ရဲ့အပြစ်ကို လွှင့်၏။ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကိုသစ်ရွက်စသည်ဖြင့် ဖုံးလွှမ်း သကဲ့သို့ မိမိရဲ့ အပြစ်ကိုမူကား ဖုံးလွှမ်း၏။ **(ဓမ္မပဒ)**

- မိမိဟောကြား၊ မြတ်တရား၊ ကိုယ့်အားအလျင် တည်စေသော်။
- ကိုယ့်တရားသံ၊ ကိုယ်နာခံ၊ ပြန်လှန်ကြားစေသော်။
- သူများသာကြား၊ ကိုယ်မကြား၊ တရားဝေးမည်နော်။
- တရားဝေးပါး၊ အပါယ်သွား၊ ကြောက်အားသန်စေသော်။

http://www.dhammadownload.com



# မရွှန်ရွှန်းဘူးသောတဲ့ဘုရား

{၂၄}

ကောင်းဆိုးစစ်၍ ကျိုးပြစ်ရှုမျှော်၊
သိမြင်မြော်လော့၊ သူတော်မဟုတ်၊
သူယုတ်တို့ဩ၊ တစ်ခိုက်မျှဖြင့်၊
ပေါင်းမိသင့်က၊ စိန်နှင့်သံပုရာ၊
အဆိပ်စာသို့၊ မိစ္ဆာတိမ်းပါး၊
ယူဖောက်ပြား၍၊ တရားမလျော်၊
မှားယွင်းချော်၏။

သူတော်သူစင်၊ ပညာရှင်တို့၊
မိန့်ကျင်စကား၊ တစ်ခွန်းကြားက၊
ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်၊
ကေန်မုချ၊ တစ်လုံးရသို့၊
နှဂ္ဂဖိုးမွန်၊ ကျိုးကဲလွန်၏။

http://www.dhammadownload.com



"အို…စာရှုသူ၊ အထက်ပါ မယဒေဝလင်္ကာစကားကလေး ကို ရှုကြည့်စမ်းပါဘိ၊ အမှားနှင့်အမှန်၊ အကျိုးရှိနှင့်အကျိုးမဲ့ ဖြစ်တတ်တဲ့သဘောရဲ့ အဓိကမှာဘာလဲ၊ ယင်းကို အဖြူနှင့်အမည်း ကွဲသလိုကွဲအောင် ရှုကြည့်တတ်ဖို့ လိုပါသည်။

ယင်းသို့ အဖြူနှင့်အမည်း၊ အမှားနှင့်အမှန်၊ အကျိုးရှိ အကျိုးမဲ့ကို ဝေဖန်ဆန်းစစ်သွားရာ၌မူ ပုဂ္ဂိုလ်ရေးသဘော၊ ဂိုဏ်း ဂဏရေးသဘော၊ ဝါဒရေးသဘောတွေ မပါစေရပါ။ မှားသော် ပုဂ္ဂိုလ်ရေး၊ ဂိုဏ်းဂဏရေး၊ ဝါဒရေးကို ငဲ့ကွက်သဖြင့် မမှန် ကန်နိုင်ပါ။ အမှန်သို့ရောက်အောင် မဝေဖန် မဆန်းစစ်နိုင်တော့ပါ။

မှန်ပါသည်။ တစ်ချိန်သောအခါက ဖြစ်ပါ၏။ ထိုအချိန်မှာ မိမိရဲ့ ဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ် ထွက်ပြီးစအချိန်ပင် ဖြစ်ပါ သည်။

ယင်းဗုဒ္ဓ၏ သက်သတ်လွတ် စာအုပ်ကို ဖတ်ရှု၍ အမြင်မှန် ရသွားသူအများက အားရကြ၊ နှစ်သက်ကြ၊ ကျေနပ်ကြသော အချိန်ဖြစ်ပါ၏။

အချို့မှာ ယင်းစာအုပ်မှအစ မဖတ်ရသေးသော ကျန်စာ အုပ်များပါ ပြန်ဖတ်ပြီး ဘဝအခြေအနေ ပြောင်းသွားသူများလည်း တွေ့ရပါသည်။

မိမိထံသို့ ဗုဒ္ဓ၏ သက်သတ်လွတ်ရေးသားထားသည်မှာ အလယ်ဗဟိုမှ တိကျစွာ ရေးသားထား၍ ကောင်းလှပါသည်ဟု စာများလည်း ရောက်ပါသည်။ တချို့ကလည်း တချို့နေရာမှာ ရေးသားတာ လျှော့လွန်းတယ်ဟု လာပါသည်။

http://www.dhammadownload.com



ယင်းသို့ အကောင်းဖက်မှ အမျိုးမျိုး လာနေချိန်တွင် အဆိုးဖက်မှလည်း လာပါသည်။ တစ်ညနေတွင် ရင်းနှီးသူ ဒကာမကြီးနှစ်ယောက်နှင့် အဖော်များရောက်လာ လျှောက်ထား၏။

"ဘုန်းဘုန်း...တပည့်တော်တို့ (......)ရောက်ခဲ့တယ်ဘုရား"

"ဩော်...ဟုတ်လား"

"ဆရာတော်ကလည်း စကားတွေ တော်တော်ပြောတယ်ဘုရား၊ စကားစပ်မိတော့ ဘုန်းဘုန်းအကြောင်း ရောက်သွားတယ်ဘုရား"

"ဘာတွေရောက်သွားလဲ ပြောစမ်းပါဦး"

"ဘုန်းဘုန်းကို မတွေ့ဘူးပေမယ့် စာအုပ်တွေ ဖတ်ရလို့ ကြည်ညိုပါတယ်တဲ့။ ပထမစာအုပ်တွေတော့ အတော်သဘောကျတယ်တဲ့။ ယခု ဗုဒ္ဓသက်သတ်လွတ်စာအုပ်ကတော့ မလွန်လွန်းဘူးလားတဲ့ဘုရား၊ မေးတယ်"

"ဒါကတော့ သူလည်း စာတတ် ပေတတ်ပဲ။ ကျမ်းဂန်အရ အမှန်အကန် အကုန်ရေးထားတာပဲဟာ။ မှန်လွန်းအားကြီးလို့ လမ်းလွဲသူအချို့အား သွားထိလို့ ပြောတာနဲ့ တူပါတယ်"

"တပည့်တော်တို့ မသိပါဘုရား၊ 'တောင်ဂ်အရှင်ပညာဇောတနဲ့ ရင်းနှီးလား၊ လျှောက်ရဲလား' လို့ မေးလို့ တပည့်တော်တို့က ရင်းနှီးပါတယ်၊ လျှောက်ရဲပါတယ်လို့ ပြန်လျှောက်တော့ 'မလွန်လွန်းဘူးလား' လို့ မေးလျှောက်ပါတဲ့ ဘုရား၊ ဒါ့ကြောင့် လျှောက်ပါတယ်ဘုရား"

http://www.dhammadownload.com



## စကား ၆–ခွန်း

"အင်း...ဒါဖြင့် ဒီနေရာမှာ စကား ၆–ခွန်း ပြောပြမယ်၊ မှတ်ထား။ အဲဒီစကား ၆–ခွန်းမှာ ၄–ခွန်းကိုပယ် နှစ်ခွန်းကိုသာ ဘုရားရှင်တို့ ပြောတယ်ဆိုတာလဲ မှတ်ထား။ စကား ၆–ခွန်းက ဘာတွေလဲဆိုတော့–

၁။ ဟုတ်လည်းမဟုတ်၊ သူလည်းမနာလို၊ အကျိုးမရှိတဲ့ စကားတဲ့။

၂။ ဟုတ်ကားဟုတ်တယ်၊ သူကားမနာလိုဘူး၊ အကျိုးလည်း မရှိတဲ့စကားတဲ့။

၃။ ဟုတ်လည်း မဟုတ်၊ အကျိုးလည်းမရှိ၊ သူကား နာလိုတဲ့ စကားတဲ့။

၄။ ဟုတ်လည်းဟုတ်တယ်၊ သူလည်းနာလိုတယ်၊ အကျိုးကား မရှိတဲ့ စကားတဲ့။

"အဲဒီစကား ၄–ခွန်းကို ဘုရားရှင်တို့ တစ်သက်လုံး မသုံးဘဲနဲ့ အမြဲရှောင်ကြဉ်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ကဲ...ဘုရားရှင်တို့ တစ်သက်လုံး သုံးနှုန်းပြောဆိုတဲ့ စကား နှစ်ခွန်းက ဘာတွေလဲဆိုတော့–

၁။ ဟုတ်လည်းဟုတ်တယ်၊ အကျိုးလည်းရှိတယ်၊ သူကား မနာလိုတဲ့စကားတဲ့။

http://www.dhammadownload.com



၂။ ဟုတ်ကားဟုတ်တယ်၊ အကျိုးလည်းရှိတယ်၊ သူလည်း နာလိုတဲ့စကားတဲ့။

"အဲ...စကား ၂–ခွန်းကို ဘုရားရှင်ပြောတယ်။ ဒါကြောင့် **'စကား ၆–ခွန်း၊ လျှို့ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်'** လို့ ဆိုကြတာပေါ့။ ယခု ဗုဒ္ဓ၏သက်သတ်လွတ် စာအုပ်ဟာ လေးခွန်းပယ်ပြီး နှစ်ခွန်းတယ်ထားတာဘဲ"

"ရေးထားတာတွေက ဟုတ်လဲ ဟုတ်တယ်၊ အကျိုးလည်း ရှိတယ်။ ဒါပေမယ့် အချို့သောသူကား မနာလိုကြပါဘူး။ ဟုတ်ကား ဟုတ်တယ်၊ အကျိုးလည်းရှိတယ်၊ အများစုက နာလို ကြပါတယ်။ အဲဒီနှစ်ခုမှာ အချို့ကြည့်မလား၊ အများကြည့်မှာလား"

"အမှန်ချည်းပဲဆိုတော့ အများပဲကြည့်ရမှာပေါ့ဘုရား"

"နောက်မှ အဲဒီဆရာတော်နှင့် တွေ့တဲ့အခါ သဘော သဘာဝ ရှင်းပြရလျှင် သဘောပေါက်သွားမှာပါ။ ယခုတော့ ရှိစေဦးတော့"

"မှန်ပါဘုရား"

ယင်းသို့ဖြင့် အချိန်တွေကုန်ခဲ့သည်။ ဇွဲရာသီ ဓမ္မဒေသနာ ခရီးသည် အဖြစ်နှင့် လှည့်လည်စဉ် တစ်နေရာတွင် ရင်းနှီးသူ ဒကာတစ်ယောက်နှင့် စာအုပ်အကြောင်း ဆွေးနွေးရာမှ ဗုဒ္ဓ၏ သက်သတ်လွတ် စာအုပ်အကြောင်း ရောက်သွားပြန်သည်။

ဒကာကြီးက ဗုဒ္ဓ၏ သက်သတ်လွတ် စာအုပ်ကို ချီးမွမ်းပြီး လယ်တီဆရာတော်ဘုရားကြီး မီးလွတ်စား သက်သတ်လွတ်စား

http://www.dhammadownload.com



ရသေ့တွေအား ဆုံးမတဲ့စာကို ဖတ်ရကြောင်း၊ အရှင်ဘုရား ဖတ်ရလားဟု မေးလျှောက်လျှင် အမှတ်တမဲ့ ဖြစ်ကြောင်း ပြော သောအခါ သူ၏မှတ်စုကို ပြပါသည်။ မိမိမှာ ညလည်းဖြစ်၊ သူ့လက်ရေးကလည်း ရှုပ်၍သွက်လက်စွာ မဖတ်နိုင်ပါ။ ထိုအခါ ဒကာကြီးက သူ့မှတ်စု သူပြန်ယူပြီး ဖတ်ပြပါသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၆၀–ပြည့်နှစ်၊ သေက္ခုတောင်ဦးတိလောက၏ ပင့်လျှောက် ချက်အရ ကျိုက်ထိုသို့ ကြွတော်မူ၏။

သေက္ခုတောင်၌ တန်ဆောင်မုန်း၊ နတ်တော် နှစ်လ ခန့်ကြာ၏။ ထို၌နေစဉ် တိုက်ကျောင်းကြီးများ၌ မနေ၊ သစ်ခက်တဲ၌ပင် အချိန်ပြည့် ရှုပွားနေတော်မူ၏။

ဆရာတော်ဘုရားကြီးသည် နတ်တော်လဆန်း ၄– ရက်နေ့တွင် ဘီးလင်းမြို့သို့ ကြွ၍ ကုသိနာရုံဘုရားကို ဖူးမျှော် တော်မူသည်။ ထိုဘုရား၌ ညအိပ် နားနေတော်မူရာ ထို ဘုရား၌ နေကြသော ရသေ့သုံးလေးဦးလည်း ဆရာတော် အား လာရောက်ကန်တော့ကာ အလ္လာပ သလ္လာပ စကား များ လျှောက်ထား ဆွေးနွေးကြ၏။ ထိုတွင် ခေါင်းဆောင် ရသေ့က–

"ဆရာတော်ဘုရားကို ဖူးတွေ့ရတာ အလွန်ဝမ်းမြောက် ပါတယ်။ တပည့်တော်လည်း ရသေ့ပြုတာ ဆယ်နှစ်ရှိပါပြီ။ သတ္တဝါတွေ ကိုယ်ကျင့်တရားပျက်ပြီး ကပ်ဒုက္ခတွေ ဆိုက်

http://www.dhammadownload.com



ရောက်နေတာ အလွန်သနားစရာဖြစ်လို့ ယခု (၁၀၈)ရက် သက် သတ်လွတ်စားပြီးလို့ (၄၅)ရက် မီးလွတ်စားနေပါ တယ်။ နေ့စဉ် သီလ–သစ္စာ–မေတ္တာပွားပြီး အဓိဋ္ဌာန်ထားကာ အာနာပါနတရား အားထုတ်ပါတယ်။ ရောက်တဲ့အခါ တပည့် များကိုလဲ ဆုံးမပါဘုရား"ဟု လျှောက်၏။

## အကျင့်မှန်သော်သဲ ပန်းတိုင်လွဲ

"အေး...ကောင်းပေတယ်။ သတ္တဝါတွေ ကယ်ဖို့ အထူးလုပ်နေတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ကုန်းပေါ် အရင်ရောက်အောင် ကယ်တင်ကူးမြောက်ပြီးမှ နစ်နေတဲ့ လူကို ကယ်နိုင်တာ။ ခုလို ကိုယ့်တရား ကိုယ်အားထုတ် နေတာဟာ သတ္တဝါတွေကို ကယ်နေတာပဲ"

"ဒါပေမယ့် နည်းလမ်း အခြေခံမှန်ဖို့ လိုတယ်။ ဒကာရသေ့ပြောတဲ့ သီလ–သစ္စာ အစရှိတဲ့ တရားတွေ ဟာ အခြေခံပဓာန ပါရမီတရားကောင်းကြီးတွေပဲ။ အမည် တူသော်လည်း အစစ်အမှန်ဖြစ်ဖို့ မလွယ်ဘူး"

"အစစ်အမှန် ဖြစ်စေဦး၊ တောင့်တချက် **ပဏိဟိတ** မမှန်ရင်လဲ အကျိုးမများဘူး။ ပဏိဟိတဆိုတာ ရည်ရွယ် မှန်းထားတာကို ခေါ်တယ်။ နိဗ္ဗာန်ကို ရည်ရွယ်ပြီးလုပ်မှ သာ ကောင်းသော တောင့်တချက် **သမ္မာပဏိဟိတ** ဖြစ်ပြီး ဒုက္ခခံရကျိုး၊ သာသနာနှင့်တွေ့ရကျိုးနပ်တယ်။

http://www.dhammadownload.com



"သတ္တဝါတွေအတွက်ဟု ဆို၍ မြင့်မြတ်တဲ့ သဘော လက္ခဏာ ဆောင်စေကာမူ ဝဋ်၌ မွေ့ပျော်သော ဝဋ္ဋာဘိရတာ လောကီယနယ်၌သာ တစ်စုံတစ်ခုသော တန်ခိုးအထူးဖြင့် ငြိတွယ်စေပြီး ဝဋ်နွယ် ရှည်စေမယ့် သီလ–သစ္စာ–မေတ္တာ အဓိဋ္ဌာန်နဲ့ အာနာပါနတွေ ဖြစ်နေလျှင် ဝဋ္ဋာဝ ကူးမြောက် ကြောင်း ပါရမီဆိုတဲ့ စကားနဲ့ တစ်ခြားစီ ဖြစ်တယ်၊ အသံမျှ သာ တူတယ်ဦးရသေး၊ အစွမ်းထက်လှတဲ့ ဝရဇိန်လက်နက် ကို မုဆိုးလိုက်ရုံမျှ သုံးသလိုဖြစ်နေတယ်"

"အင်း... အဲဒီ စကားအသုံးလေးဟာ သိပ်ကောင်းတယ် နော်။ နားလည်တဲ့လူဆိုရင်တော့ အဲဒီစကားတစ်ခု လောက်နဲ့ပဲ အစွဲကျွတ်လောက်တယ်"

"မှန်ပါဘုရား"

"ကဲ–ကဲ...ဆက်ဖတ်ပါဦး"

"သက်သတ်လွတ် မီးလွတ်စားတဲ့အကျင့်လဲ သာသနာ တော် ကျင့်ထုံးမဟုတ်၊ သီလကအစ သမာဓိအဆုံး ဒါတွေ အားလုံးဟာ 'စရဏ'ပဲ၊ ဒီစရဏ မမှန်ရင် ဝိဇ္ဇာဉာဏ် မရနိုင်ဘူး၊ ဒီစရဏပါရမီမှန်မှန်နဲ့ သက်စွန့်ကြိုးပမ်း ကမ္မဋ္ဌာန်း အားထုတ်သူများပင်လျှင် နိဗ္ဗာန်ကို လိုချင်ကာမတ္တနဲ့ မရနိုင် ဘူး၊ '**ပဟိတတ္တော**' နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ် အမြဲရှိနေရမယ်လို့ ဟောတော်မူတာ ဒီဘဝနဲ့ ဒီအလုပ်ပဲလို့ တစ်ခါတည်း ၀ုတ်ရိုက်ထားတာကို ပဟိတတ္တခေါ်တာပဲ"

http://www.dhammadownload.com



"ခါတ်လုံး ဝါသနာသန်တဲ့ ပုဂ္ဂိုလ်ဟာ သွားလည်း ဒီစိတ်၊ စားလည်းဒီစိတ်၊ အိပ်လည်း ဒီစိတ်ရှိနေသလို ရှိရမယ်ကွယ့်။ အခြေပါဒ စရဏကလဲ မခိုင်မာ၊ ရည်ရွယ် မှန်းထားချက်ကလည်း သမ္မာပဏိဟိတမဖြစ်၊ ပဟိတတ္တ စိတ်လည်း မစွဲမြဲလျှင် မည်သို့ပင် ခြိုးခြံခေါင်းပါးစွာ အနှစ် အရာ၊ အထောင် ကျင့်ကြံသော်လည်း **ပဋိဝေဓ** သို့ မဆိုက်ရောက်နိုင်ဘူး"

"ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ သာသနာတော် ရှိရာ စားဝတ်နေ ခြိုးခြံတာတွေပင်လျှင် တဒင်္ဂပဟာန်မျှသာ ဖြစ်၍ ဥပါဒါန် လွန်မြောက်နိုင်သော အလုပ်မျိုးမဟုတ်။ တောချုံပုတ်ကို ခုတ်ထွင်ခြင်းသည် အသစ်တဖန် စည်ပင် ရန်ဖြစ်သလို နောက်ဘဝအတွက် ဥပါဒါန်ချုံပုတ်ကြီး ပိုပြီး စည်ကားရန် ပြုသလိုဖြစ်နေတယ်"ဟု မိန့်တော်မူသည်။

## ဝိဇ္ဇာမဂ္ဂဒီပနီဖွင့်ဆိုရခြင်း

ဆရာတော် အမိန့်ရှိသည်ကို အထူးစိတ်ဝင်စားစွာ နာယူ နေသော ရသေ့ဆရာက "ဆရာတော် အမိန့်ရှိတော် မူလိုရင်းကို တပည့်တော်ကောင်းစွာ သဘောကျ ကျေနပ်ပါ သည်ဘုရား"

"အမှန်အတိုင်း ဝန်ခံရပါလျှင် အသက်ထောင်နှင့်ချီ၍ သတ္တဝါ တွေကို ကယ်တင်ရင်း အရိယာဖြစ်တဲ့ ဝိဇ္ဇာကြီးများ

http://www.dhammadownload.com



ကို အားကျ နေမိပါသည်ဘုရား"ဟု ဖွင့်ဟ၍ ရိုးသားစွာ ဝန်ခံလျှောက်ထား၏။

ဆရာတော်က "အင်း...အသက် ထောင်ချီပြီး ရှည်တဲ့ နည်းကတော့ သာသနာပြင်ပမှာလဲ ရှိနိုင်တယ်၊ သာသနာ တော်မှာလဲ ကပ္ပဋ္ဌိပါဒ်ဆိုတာရှိတယ်။ ဒါပေမယ့် သစ္စာလေးပါး ကို မြင်ကြတဲ့ အရိယာ သူတော်ကောင်းကြီးတွေဟာ တစ်ရက်နေရရင် တစ်ရက် ဒုက္ခခံရတာပဲလို့ မြင်တော်မူ ကြလို့ ပရိနိဗ္ဗာန်ဝင်စံရတာကိုပဲ အလွန်ဝမ်းသာလေ့ရှိကြ တယ်။ အသက်ရှည်တာကို လိုလားတော်မမူကြဘူး"

"ဆံချည်မျှင်ဟာ လက်ဝါးပေါ်မှာ ကပ်နေရင် မသိသာ ပေမယ့်လို့ မျက်စိထဲဝင်ရင် အလွန်သိသာသလို ပုထုဇဉ် နှင့် အရိယာတွေဟာ သင်္ခါရဒုက္ခကို မြင်ရာမှာ သည်မျှမက ကွာခြားတယ်"

"အသက်ရှည်ချင်တဲ့ ဝါဒ၊ အရှိ မေတ္တေယျအထိ အချိန်ဆွဲတဲ့ ဝါဒဟာလဲ မမှန်ကန်ဘူး"

"အရိယာဝိဇ္ဇာဆိုတာလဲ ဝေါဟာရ တူပေမယ့် ဝိဇ္ဇာ၊ ဇော်ဂျီတွေ လမ်းစဉ်နဲ့ ဖြစ်နိုင်တာမျိုး မဟုတ်ဘူး၊ ပိလိန္ဒဝစ္ဆ နဲ့ တခြားစီပါ။ မယောင်နဲ့"

"အင်းနဲ့၊ ဆေးနဲ့၊ ဓာတ်နဲ့ ထွက်ကြတဲ့ ဝိဇ္ဇာကြီးတွေ လောကမှာ အရိယာ ဖြစ်ဖို့ဆိုတာ အလွန် မအပ်စပ်တဲ့ စကားပဲ။ ဒါပေမယ့် သူတို့ကိုယ်သူတို့ အရိယာလို့ အထင်

http://www.dhammadownload.com



ခံလိုကြတယ်။ ဒါသည်ပင် အရိယာလို့ ထင်နေတာလဲ ဖြစ်နိုင်တယ်။ ကမ္မဋ္ဌာန်းတွေလဲ ဟောတတ်ကြတယ်။ သမထ လောက်ပဲ သူတို့လိုချင်တယ်။ သံသရာထွက်မှာကို ကိုယ်တိုင်လဲ ကြောက်တယ်။ သူများထွက်မှာလဲ မလိုလားကြဘူး"

"စင်စစ်တော့ဦးရသေ့၊ မြတ်စွာဘုရားရှင်ရဲ့ အနတ္တ သာသနာတော်ကြီးကို မှေးမှိန်အောင် သတ္တဝါတွေ အကြိုက် ဇန်းပြုပြီး ဆွဲဆောင်နေကြတာ အတ္တဝါဒကြီးပဲ"

"အင်း...အဲဒီအချက်ဟာ အလွန်တရာ မှတ်ထိုက်တဲ့အချက် ပဲနော်။ အမှန်ကို လိုချင်တဲ့ ရိုးသားသူသာဖြစ်ရင် ဒီအချက်နဲ့ လိုင်းပြောင်းနိုင်တယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဆက်ဖတ်ပြစမ်းပါဦး"

"အရိယာဝိဇ္ဇာဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုသာ ခေါ်တယ်။ တကယ့်သီလကို အခြေခံမှသာ ရတာ။ တန်ခိုး ပြတဲ့နေရာမှာ ဆင်တူရိုးမှားရှိသော်လဲ အခြေခံကအစ လုံးဝ မတူကြဘူး"

"အတ္တဝါဒပါဒါန်ကြီး တန်းလန်းနဲ့နေကြရတဲ့ လူတိုင်း အသက်ရှည် တန်ခိုးပြတဲ့ 'လောကယတ=သံသရာနယ်ချဲ့' လမ်းစဉ်များကြီးကို ပရိယတ် အသိဉာဏ်နည်းလျှင် နည်း သလောက် အားကိုးမှားမိရှာကြတယ်"ဟု ဟောပြတော် မူသည်။

http://www.dhammadownload.com



ဆရာတော်က "လောကာယတ တန်ခိုးရှင်အချို့သည် တစ်စုံတစ်ခုသော ရောဂါ၊ ဘေးအန္တရာယ်ကို ဦးစွာဖန်တီး၍ ကယ်တင်ရှင်လုပ်ပြီး ဆွဲဆောင်တတ်ပုံ စသည်တို့ကို ပွင့်ပွင့် လင်းလင်းကြီး ရှင်းပြတော်မူသည်။

လောကီဝိဇ္ဇာ အမျိုးမျိုးနှင့် အရိယာဝိဇ္ဇာ ခြားနားပုံကို လည်း ရှင်းပြတော်မူ၏။ ပတ္တမြားတောင်ကိုရောက်ပြီးခါမှ ဖိုခနောက်ကို မကောက်မှားရန် ဆုံးမ၍ အကြည်ခါတ် ခြောက်ပါးကို ဟောတော်မူသည်။

ထိုအခါမှစ၍ ရသေ့ဆရာတော်များလည်း လှည့်စား သော အာရုံနိမိတ်၊ အိပ်မက်၊ အထင်ဝိပလ္လာသများ ကင်းစင် လျက် မဂ္ဂင်လမ်းမပေါ်သို့ ပြန်လည်တက်ရောက်လာကြလေ တော့၏။ **ဂမ္ဘီရဝိဇ္ဇာကြီးတို့** "ယခုအခါတွင်လည်း အသိ **နောင်တဖြစ်ရှာကြ**။ ဉာဏ်နည်းပါးသူတို့သည် အလွန်တရာ မြင့်မြတ်လှစွာသော သာသနာတော်ကြီးနှင့် တွေ့ခဲ တွေ့ကြုံ ရပါလျက် မပြောပလောက်သော တန်ခိုးထူး အနည်းငယ်မျှ ဖြင့် လမ်းခုလပ်၌ ဘဝခါးပြတ်ကြရရှာ၏။

အချို့ ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးများသည် "**ဝိဇ္ဇာကို အားမကိုးကြနဲ့ မ–မနိုင်ဘူး**"ဟု လေသံပစ်ကာ အထင်ကြီး အောင် တန်ခိုးပြလျက် နောက်ဆုံး သူတို့ဝါဒဘက်ကိုသာ ဆွဲဆောင်သွားကြ၏။ သို့ရာတွင် ရိုးဖြောင့်ဖြူစင်၍ ဗဟုသုတ အမြင်ကြီးမားကြသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး တော်

http://www.dhammadownload.com



တော်များကမူ 'ငါတို့ကို အားမကျကြနဲ့။ သူများကို ကယ်တင်ကာ အရိယာအဖြစ်နဲ့ နိဗ္ဗာန်ဝင်ရမယ်ထင်ပြီး ဂန္ဓာရီလမ်း လိုက်ခဲ့မိတာ မှားကုန်ပြီ။ ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်နေရသည်။ မင်းတို့ မမှားကြလေနဲ့'ဟု နောင်တကြီးစွာ ကရုဏာကြီးစွာဖြင့် ပွင့်ပွင့်လင်းလင်းကြီး ပြောဆိုနေကြသည်ကို မကြာခဏ ကြားနေကြရသည်။ ကျေးဇူးတင်ထိုက်ပေစွ။

ကမ္ဘာ့အရိုးစွဲ အတ္တဝါဒကြီးနှင့် ယင်းကို အမာခံထားသော မဟာယာန ဝိဇ္ဇာဓရကြီးတွေကား ကြောက်ဖွယ်ကောင်းလေစွ။ သတိပြုကြပါလေ သူတော်ကောင်းတွေတို့။

ထို့ကြောင့် "အရိယာဝိဇ္ဇာမဂ္ဂ အလမ်းပြကျမ်းကို ရေးသားတော်မူသော သိမ်တောင်ဆည်ကြီးတောရ ဆရာတော် ဘုရားကြီးက "ကောက်ကျစ်စဉ်းလဲသော လောကီဝိဇ္ဇာဓိုရ်ကြီးများသည် သူတို့၏ ရုပ်ပြောင်းရုပ်လွှဲတန်ခိုးအမျိုးမျိုးပြ၍ နဂါးကို ဂဠုန်သုတ်သကဲ့သို့ အုံပြုတ်အောင်စုပ်ယူနေကြသည်။

"အရိယာဝိဇ္ဇာ အစစ် မဖြစ်ကြသေးသည့်အတွက် စိတ္တဝိပလ္လာသ ဖုံးအုပ်နေကြသောကြောင့် ခံနေကြရပေသည်။ သို့အတွက် အရိယာဝိဇ္ဇာအစစ် သောတာပန် စသည်ဖြစ်အောင် အားထုတ်ကြကုန် သူတော်ကောင်း အပေါင်း

http://www.dhammadownload.com



တို့”ဟု အစစ်အတုကို ခွဲခြားနိုင်သော ကိုယ်တွေ့ပညာကြီးမားသော ကရုဏာဖြင့် သတိပေးတော်မူခဲ့၏။

“ကဲ...မကောင်းဘူးလားဘုရား”

“အင်း...သိပ်ကောင်းတယ်၊ အဲဒီ ရှင်းပြချက်နဲ့စာမယ် ဆိုရင် ဗုဒ္ဓ၏ သက်သတ်လွတ် ရှင်းပြချက်ဟာ နည်းတောင်မနည်းဘူးလား”

“နည်းတာပေါ့ဘုရား”

“အင်း...သတ္တဝါတစ်ယောက် အမှန်ရတို့ဆိုတာ တကယ်တော့ လွယ်တဲ့ကိစ္စမဟုတ်ဘူးနော်”

“ဘယ်လွယ်ပါ့မလဲဘုရား”

“ဟိုင်ငဲ့ သည်ငဲ့၊ ဆရာငဲ့ ပတ်ဝန်းကျင်ငဲ့နဲ့ အဲဒီလို အငဲ့အစွဲတွေ ရှိနေသမျှ အမြင်မှန်ရဖို့လည်း မလွယ်ဘူး၊ အကျွတ်တမ်းဝင်ဖို့လည်း မလွယ်ဘူးနော်”

“မှန်ပါဘုရား”

“ဦးပဥ္စင်းရေးတဲ့ ဗုဒ္ဓ၏ သက်သတ်လွတ်ဟာ ဗုဒ္ဓရဲ့ ဟောကြားချက်အတိုင်း အခြေခံမူထားပြီး တခြားဟောကြားချက်တွေ အကုန်သွင်းပြီး ဟောထားရေးထားတော့ စုံနေတာပေါ့။ ဒီတော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ရှင်းပြချက်နဲ့ အံဝင်ခွင်ကျသွားတာပေါ့နော်”

“မှန်ပါဘုရား”

http://www.dhammadownload.com



"ကဲ...တော်ပြီ ဒကာကြီးဖတ်ပြတဲ့ မှတ်စုတွေ အကုန်ထည့် ရေးလိုက်မယ်နော်"

"မှန်ပါဘုရား"

- စာဖတ်သည့်အခါ၊ စွဲစရာ၊ ဖယ်ခွာဖတ်ရမည်။
- စာမှန်မမှန်၊ ချင့်ဝေဖန်၊ လယ်ဉာဏ်ရှိရမည်။
- လယ်ဉာဏ်မရှိ၊ အစွန်းငြိ၊ အသိလွဲတော့သည်။
- အသိလွဲက၊ ပြစ်ထ-နှ၊ ကောက်ကြလေတော့သည်။
- အပြစ်ကောက်က၊ စာဖတ်ရ၊ ကျိုးမှလွဲတော့သည်။

http://www.dhammadownload.com



# မျက်နှာကင်ချိတ မြှုးစိမြှုးစိန်

## {၂၅}

အနမတဂ္ဂသံသရာ ဘဝများစွာ ကမ္ဘာအနန္တ ကျင်လည်ခဲ့ရသဖြင့် သုခကားဘယ်မျှ ဒုက္ခကား ဘယ်လောက်ဟု ဘဝဖုံးလွှမ်း၍ မသိရတော့ပေ။ ယခု မျက်မှောက်ဘဝ ကျင်လည်ရသည်မှာမူ သုခနှင့် ဒုက္ခ ဤနှစ်ဝတွင် ဒုက္ခကားများ သုခရှားလှတော့၏။

မှန်၏။ မိမိဘဝ၏ လက်ရှိအခြေအနေမှာ ပုံစံအမျိုးမျိုးနှင့် ကျင်လည်နေရ၏။ စာချဆရာအဖြစ်နှင့် တဝ၊ တရားပြဆရာအဖြစ်နှင့်တစ်သွယ်၊ တရားဟောဆရာအဖြစ်နှင့်တစ်မျိုး၊ စာရေးဆရာအဖြစ်နှင့်တစ်ဖုံ ဘဝစုံလှ၏။ ကျရာသာသနာ့ တာဝန်ကို ထမ်းဆောင်၍ သံသရာခရီးလမ်းကို မမောမပန်း လျှောက်နေရ၏။

http://www.dhammadownload.com



ဓမ္မဒေသနာခရီးသည်အဖြစ်နှင့် ခရီးသွားနေရစဉ် တစ်နေ့ ဖြစ်ခဲ့၏။ မိမိမှာ တစ်မြို့မှ ဓမ္မဒေသနာကိစ္စပြီး၍ တစ်မြို့သို့ ခရီးဆက်ရန် ပြင်ဆင်နေချိန်ဖြစ်၏။

ဒကာ–ဒကာမကြီးငယ်တစ်စု ရောက်လာပြီး ရှိခိုးလျှောက်ထားကြသည်။

"ဘုန်းဘုန်းဘုရား တပည့်တော်တို့တော့ အဆာမပြေ ဖြစ်ကျန်ရစ်ခဲ့ပါတယ်ဘုရား။ ဒီနှစ်ထဲ တရားပွဲရက် ပြန်မရရင်လဲ ရှေ့နှစ်ခါတော့ အနည်းဆုံး (၇)ရက်လောက် ပေးပါဘုရား"

"အမယ်လေး (၇)ရက်တောင် များလှချည်လား။ ယခုတောင် ရက်တွေမပေးနိုင်လို့ ရှော့ပေးနေရတာ။ ရှေ့နှစ်ခါ ဒါထက်ရှော့ဖို့ပဲရှိတာပဲ"

"တခြားနေရာတွေ ရှော့ချင်ရှော့ပါဘုရား၊ တပည့်တော်တို့နေရာတော့ မရှော့ပါနှင့်ဘုရား"

မိမိမှာ ဤလိုအသံမျိုး ဤလိုလျှောက်ထားမှုမျိုးကို ကြားရဖန်များ၍ မဆန်းလှချေ။ သို့တမူ ယခုအခါမှာ ဆန်းသလိုလိုဖြစ်၏။ လျှောက်ထားသူများမှာ တကယ့်ကိုပင် တရားအဆာမပြေသူများ ဖြစ်နေ၍ဖြစ်သည်။

သို့သော် မိမိအနေနှင့် ဒီနှစ်ထဲလည်း နောက်ထပ်ပြန်ဟောပေးစရာ ရက်မရှိ။ ရှေ့နှစ်ဆိုတာလည်း ဝေးသေးသည်။ မလာသေးသော အနာဂတ်ကို အနာဂတ်အဖြစ်နဲ့လဲ ထားတာကောင်းသည်။ သို့နှင့် မိမိက ပြောလိုက်သည်။

http://www.dhammadownload.com



"အေးလေ...ရှေ့နှစ်အတွက် ရှေ့နှစ်ကျတော့ စီစဉ်တာပေါ့ ဟုတ်လား၊ ကဲ...ဒီနှစ်တော့ ဟိုမှာ ကားလည်းရောက်နေပြီ။ ခရီးဆက်ကြဦးစို့"

"မှန်ပါဘုရား၊ ဘုန်းဘုန်းကျန်းမာချမ်းသာစွာနဲ့ သာသနာပြုနိုင်ပါစေလို့ တပည့်တော်တို့ ဆုတောင်းပါတယ်ဘုရား"

မိမိတို့ကားပေါ်ရောက်လျှင် ကားထွက်တော့သည်။ မကြာမီဘူတာရောက်တော့သည်၊ ဘူတာရောက်လျှင် ဒီနေ့ရထား နောက်ကျမည်ဟု ကြားရတော့၏။

ဓမ္မဒေသနာ ခရီးသည်အဖြစ်နှင့် နှစ်ရက်တစ်ခါ သုံးရက်တစ်လှည့် တစ်ရက်တစ်ပြန် အဖန်ဖန် သွားနေရသူအဖို့ ဤလိုရထားနောက်ကျမှုမျိုးနှင့်လည်း အကြိမ်ကြိမ် ကြုံခဲ့ရပေပြီ။

ဓမ္မဒေသနာ ခရီးသည်ဖြစ်သော မိမိအဖို့ ရံခါလမ်းကြမ်းမှာနှင့်ရ၍ ရံခါမူ လမ်းချောနှင့်မြန်းခဲ့ရ၏။ ရံခါမှာတော့ လမ်းကောက်နှင့်တိုး၍ ရံခါမှာမူ လမ်းဖြောင့်နှင့် လျှိုးခဲ့ရ၏။ ရံခါမူ ဆင်းရဲနှင့် ကြုံခဲ့ရ၍ ရံခါမူ ချမ်းသာနှင့် ဆုံခဲ့ရ၏။ ရံခါမူမြန်၍ ရံခါမူ နှေးခဲ့ရ၏။

ယနေ့ကားနှေးချေပြီ။ အသို့တတ်နိုင်အံ့နည်း၊ မိမိမပိုင်သော အနတ္တမဟုတ်ပါလား။ ရထားကား လာချေပြီ၊ ခါတိုင်းအချိန်ထက် ၂နာရီကျော် နောက်ကျ၏။ လောင်စာဆီ အခက်အခဲကြောင့် ရထားတစ်စင်း ပျက်၍ နှစ်စင်းစာ တစ်စင်းထဲ တင်လာရသည်တဲ့။

http://www.dhammadownload.com



ရထားကားထွက်ချေပြီ၊ အမြန်ဖြစ်သော်လည်း နှေးခဲ့ရတော့၏။ ထွက်ချိန်လည်း နောက်ကျ၏။ ရပ်ချိန်လည်း ကြာသဖြင့် ရောက်ချိန်မှာ များစွာနောက်ကျတော့၏။

အထိုင်များခဲ့ရသော မိမိအဖို့ တည်းခိုရာဌာနသို့ ရောက်သော် တုံးလုံးပက်လက် ဖြစ်တော့၏။ ရောက်လာသူ ဧည့်သည်များလည်း တုံးလုံးပက်လက်ကပင် စကားပြောနိုင်တော့၏။

ထိုအချန်တွင် မိမိကပ္ပိယက စာတစ်စောင်လာကပ်၏။ မိမိမှာ မဖတ်ချင်၊ မဖတ်နိုင်သဖြင့် "ဘယ်ကစာလဲ၊ အရေးမကြီးရင် နောက်မှဖတ်ပါရစေ"ဟု ပြောကာ တုံးလုံးပင်နေရတော့၏။ တရားဟောရန်အချိန်မှာလည်း တစ်နာရီသာသာမျှ လိုတော့၍ ဤမျှ လောက်တော့ နားမှဖြစ်မည်။

ထိုနေ့ည တရားပွဲပြီး၍ နောက်နေ့နံနက်မှ စာကို ဖတ်ဖြစ်တော့၏။ စာမှာ ပြဿနာတွေပါနေ၍ ကိုရင်တစ်ပါး ခေါ်ကာ ဖတ်ခိုင်းပြီး ပြဿနာရှင်အနေထား၍ ပြဿနာကို ဖြေရှင်းရ၏။

"ကိုရင်...လာစမ်းပါဦး၊ ဟောဒီစာ ဖတ်ပြစမ်းပါဦး၊ ပြီးတော့ အဲဒီစာထဲက ကိုရင်သိချင်တာလည်း မေးနော်။ အဖြေထုတ်ရအောင်"

ကိုရင်မှာ စာကိုဖတ်တော့သည်–

၁၈–၁–၅၉

ဦးပဋ္ဌင်းဘုရား–

"တပည့်တော် စာရေးလျှောက်ထားပါရစေဘုရား၊ ဦးပဋ္ဌင်း တပည့်တော်တို့(......)ကို တရားဟောမကြွမီက

http://www.dhammadownload.com



တပည့်တော်မှာ အပြင်းအထန် စိတ်သောကရောက်ပြီး စိတ်ညစ်နေပါတယ်ဘုရား"

"ဘုန်းဘုန်း သူက ဘာဖြစ်လို့ စိတ်သောကရောက်ပြီး စိတ်ညစ်နေရတာလဲဟင်"

"အို...ကိုရင်ကလည်း စာမှ မဖတ်ရသေးဘူး၊ ပြဿနာက မေးလာပြီး"

"နို့...ဘုန်းဘုန်းက စာထဲက သိချင်တာမေးဆို ဘုရား"

"အေး...အေး...ရှေ့ကျတော့ သူ့အကြောင်းက သူ့ဘာသာ သူ ပါလာလိမ့်မယ်။ ဆက်ဖတ်စမ်းပါဦး"

"ဦးပဥ္စင်းရဲ့ စာအုပ်တွေကိုလည်း ပြန်ဖတ်ပါတယ်။ တရားလည်း အားထုတ်ပါတယ်။ စာဖတ်တဲ့အခိုက် တရား အားထုတ်တဲ့ခဏပဲ စိတ်ညစ်ပြေပြီး ခဏကြာရင် စိတ်ကို ထိန်းလို့မရဖြစ်ပြီး ဒုက္ခရောက်နေပါတယ်ဘုရား"

"ဘုန်းဘုန်းဘုရား၊ သူ့ဒုက္ခကလည်း တယ်ပြီးကြီးပါလား ဘုရား"

"အဲဒါ ကိုရင် မကြောက်ဘူးလား ဒုက္ခရောက်မှာကို"

"ကြောက်ပါတယ်ဘုရား"

"ဒုက္ခကြောက်ရင် ဒုက္ခရောက်ကြောင်းတွေ မလုပ်နဲ့နော်"

"မှန်ပါ မလုပ်ပါဘုရား။ ဘုန်းဘုန်း ဒီလိုဆိုရင် သူဒုက္ခရောက်နေတာ ဒုက္ခရောက်ကြောင်းတွေ လုပ်လို့ပေါ့နော်ဘုန်းဘုန်း"

"ဒါကတော့ ဘယ်သိမလဲ။ ကဲဆက်ဖတ်ပြပါဦး"

http://www.dhammadownload.com



"ဦးပဉ္ဇင်းလည်း တရားဟောကြွလာရော အလယ်ညှ ဟောတဲ့ တရားလေ၊ ဦးပဉ္ဇင်းက တပည့်တော်မှာဖြစ်နေတဲ့ ဖြစ်ရပ်တွေနဲ့ တပည့်တော်မေးမယ့် မေးခွန်းတွေကို ကြိုတင် သိထားပြီး ပြောဆိုဖြေကြား ဟောကြားသလို ထင်ပါရဲ့ ဦးပဉ္ဇင်းရယ်"

"ဘုန်းဘုန်း...သူ့မေးခွန်းတွေကလည်း ဘာလဲဟင်။ သူ့ ဖြစ်ရပ် တွေကလည်း ဘာတွေလဲ"

"ဟ...ဘယ်သိမလဲ ကိုရင်ရဲ့။ သူ့စာမှ မဆုံးသေးတာ။ ဆုံးတော့ ပါမှာပေါ့"

"ဘုန်းဘုန်းကလည်း သူမမေးခင် ကြိုတင် တရားဟောသလို တပည့်တော်ကိုလည်း ကြိုတင်ပြောလိုက်ရင် ပြီးတာပဲ"

"ငါက သိလို့ ဟောတာဖြေတာမှ မဟုတ်တာ။ တိုက်ဆိုင် လို့ ဖြစ်သွားတာပဲဟာ"

"ဘုန်းဘုန်းကလည်း မပြောချင်တာနဲ့"

"နောက် မပြောဘဲသိလိမ့်မယ်၊ ဆက်ပြီး ဖတ်ပြစမ်းပါဦး"

"ကိုယ့်ဖြစ်ရပ်တွေနဲ့ တရားနဲ့ကိုက်နေတော့ စိတ်တွေ ကြည်ပြီး ညစ်ထာ နောက်ထာတွေပျောက်ပြီး အိပ်ချင်စိတ် ဆိုတာ ရှာလို့တောင်မရတော့ပါဘုရား"

"တရားကျေးဇူး သိပ်ကြီးတာပဲနော် ဘုန်းဘုန်း။ တရား နာတာနဲ့ စိတ်ညစ်စိတ်နောက်တွေ ပျောက်ကုန်တယ်"

http://www.dhammadownload.com



"အေးပေါ့၊ ဘုရားရှင်ရဲ့ တရားတော်တွေဟာ ဒုက္ခပျောက်ဆေးတွေပဲ။ တရားနာတယ်ဆိုတာ ဒုက္ခပျောက်ဆေး သောက်တာပဲ"

"ဒါဖြင့် ဘုန်းဘုန်းက ဆေးဆရာပေါ့"

"ငါက ဆရာမဟုတ်ဘူး၊ ဆရာက ဘုရားရှင်ပါ။ ဘုရားရှင်ရဲ့ဆေးကို ငါက တိုက်ပေးရတာပါ။ ကဲ–ကဲ...ဆက်ပြီးဖတ်ပြစမ်းပါဦး"

"ပြီးတော့ အလိုက်သိစွာနဲ့ ဦးပဥ္စင်းက တရားတွေကို ကက်ဆက်ကတစ်ဆင့် ကူးခိုင်းတော့ ပိုပြီး ကျေးဇူးတင်ရပါတယ်ဘုရား"

"ကက်ဆက်ကို နည်းနည်းလေးဖွင့်လိုက် ကူးလိုက် လုပ်ရတော့ ဖွင့်နေတုန်း စိတ်ညစ်တဲ့ကိစ္စကို တွေးနေမိရင် ဘာဟောလိုက်မှန်း မသိတာနဲ့ ပြန်ပတ်ပြီး ဖွင့်ရတော့ အထပ်ထပ် နာရတာပေါ့ဘုရား"

"အချိန်ကြာပြီး ကူးမပြီးမှာလည်း စိုးရတော့ စိတ်ညစ်တာကို လက်မခံနိုင်တော့ပါဘုရား"

"ဒါပေမယ့် တစ်ခါတစ်ခါကျတော့ ကက်ဆက်ကလေးကိုရပ်ပြီး စိတ်ညစ်ကို လက်ခံမိပါသေးတယ်ဘုရား"

"စိတ်ညစ်တာ တယ်ဆိုးပါလားနော်။ ဘုန်းဘုန်း တရားကူးတုန်းတောင် ဝင်လာတယ်"

"အေး...ကိုရင်လည်း အဲဒါနမူနာယူပြီး စိတ်မညစ်အောင်နေနော်"

http://www.dhammadownload.com



"မှန်ပါ...နေပါမယ်ဘုရား"

"ကဲ...နေရင် ဆက်ဖတ်ဦး"

"ဦးပဥ္စင်းဘုရား၊ တရားဖက်ကို ဂရုစိုက်လေ အဲဒီ စိတ်ညစ်မှုက ဝင်လာလေပဲဘုရား။ တပည့်တော်က လက်ခံထားတော့ အိမ်သားလိုဖြစ်နေပါတယ်ဘုရား"

"အဲဒါကို တပည့်တော်က နှင်ထုတ်ပြီး တရားသြဿသည့်ကို ပြောင်းရွှေ့လက်ခံတော့သူက ရင်းနှီးမှုနဲ့ တစ်ခါတစ်ခါ လှည့်ပြီး ဝင်ဝင်လာပါသေးတယ်ဘုရား"

"နောက်တော့ ရင်းနှီးလွန်းနေတဲ့ စိတ်ညစ်မှု စိတ်သောကရောက်မှုလေးတွေ အလစ်လစ်ဝင်လာတာကို နှင်ထုတ်ရတာဟာ ပျော်စရာဖြစ်လာပါတယ်ဘုရား"

"ဘုန်းဘုန်း၊ စိတ်ညစ်မှု လက်ခံတယ်ဆိုတာ ဘယ်လိုပါလဲဘုရား။ နှင်ထုတ်တယ်ဆိုတာ ဘယ်လိုပါလဲဘုရား"

"လက်ခံတယ်ဆိုတာ **စိတ်ညစ်စရာ အာရုံကိုပြုရင် စိတ်ညစ်မှုဖြစ်လာတော့ လက်ခံရာကျတာပေါ့။ စိတ်ညစ်စရာအာရုံကို အာရုံမပြုဘဲ တရားကိုအာရုံပြုတော့ စိတ်ညစ်မှုထွက်သွားတော့ နှင်ထုတ်တယ်** ဆိုတာပေါ့။ ကဲ...ဆက်ဖတ်ပါဦး"

"ဦးပဥ္စင်းတရားဟော မကြွခင်တုန်းကတော့ သူတို့တစ်တွေနဲ့ ပျော်နေတော့ တပည့်တော်မှာ ဘာအလုပ်မှ မလုပ်ချင်ပဲနဲ့ အိပ်နေတာသာများပြီး လေးလေးလံလံ ဖြစ်နေပါတယ်ဘုရား"

http://www.dhammadownload.com



"ယခုတော့ ဦးပဥ္ဇင်းက တပည့်တော်ရဲ့ စိတ်ညစ်တွေကို ဖယ်ရှားသွားလို့ တပည့်တော်မှာဖြင့် ကြည်လင်ပြီးပေါ့ပါးနေပါပြီဘုရား"

"ဘုန်းဘုန်းက သူ့စိတ်ညစ်တွေကို ဘယ်လိုဖယ်ရှားပါလဲဘုရား"

"ဩော်...ဒါက တင်စားပြီးရေးတာပါ။ တရားဟောတာကိုပဲ ဖယ်ရှားတယ် ပြောတာပေါ့"

"ဒါဖြင့် တရားနာရင် စိတ်ညစ် ပျောက်တာပေါ့နော် ဘုန်းဘုန်း"

"အေး...ပျောက်တာပေါ့။ ကဲ...ဆက်ဖတ်ပါဦး"

"ဦးပဥ္ဇင်းကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်သောအားဖြင့် တရားပွဲပြီးတဲ့နေ့ကစပြီး ညမှာ ရှစ်ပါးသီလယူပြီးနေ့မှာ "ကောမာရီ ဗြဟ္မစရိယသီလ"ကို ယူပါတယ်ဘုရား"

"ပန်း၊ ရေချမ်းနဲ့ ဆီမီးလည်း ညတိုင်း ကပ်လှူပါတယ်ဘုရား။ တရားလည်း မပြတ်အားထုတ်ပါတယ်ဘုရား။ သမ္ဗုဒ္ဓေဘုရားရှိခိုးလည်း သက်စေ့ရှိခိုးပါတယ်ဘုရား"

"ယခုပြုလုပ်ခဲ့တဲ့ အလုပ်တွေ ပျက်ကွက်ခဲ့ရင် ဦးပဥ္ဇင်းပြောတဲ့အတိုင်း ဒုက္ခတွေ့မှာ သေချာပါတယ်ဘုရား"

"တကယ်တော့ တရားအားထုတ်တယ်ဆိုတာ ကုသိုလ်နဲ့ အကုသိုလ် စစ်တိုက်နေတာမို့ ပျော်စရာပါပဲဘုရား"

http://www.dhammadownload.com



"ဦးပဉ္ဇင်းဘုရား စိတ်ကြည်လင်သွားပေမယ့် မေးစရာ ပေါ်လာတာတော့ မေးပါရစေဘုရား–

၁။ "တရားအားထုတ်တဲ့အခါ ကြည်လင်အေးချမ်းမှုတွေ တွေ့တဲ့အတွက် စိတ်ညစ်တဲ့အခါမှာ တရားကို တောင့်တရင်းနဲ့ စိတ်ညစ်နေမှု။

၂။ တရားအရသာတွေ ခံစားဖူးပါသော်လည်း တရားကို ဖယ်ရှားပြီး အင်း...အင်းနဲ့ ညြော်ညည်းပြီး စိတ်ညစ်နေမှုလို့ စိတ်ညစ်မှုနှစ်မျိုးကို တွေ့နေရပါတယ်ဘုရား။ အဲဒီ ၂–မျိုးဟာ ဘာတွေ ကွာခြားနေလို့ စိတ်ညစ်ပုံ မတူပါသလဲ ဘုရား"

"ဘုန်းဘုန်းဒီမှာ အမေးရောက်လာပြီဘုရား၊ ဖြေပါတော့"

"ဒါကလွယ်ပါတယ်၊ အမေးဟာ ၂–ခုဆိုပေမယ့် တစ်ခု တည်းပါပဲ"

"ဘယ်လိုတစ်ခုတည်းပါလဲဘုရား"

"တရားအားထုတ်တဲ့အခါ ကြည်လင်မှု အေးချမ်းမှုတွေ့ထား တယ်ဆိုတာလည်း တရားအရသာခံစားဖူးထားတာပဲမဟုတ်လား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"စိတ်ညစ်တဲ့အခါ ဒီတရားကို ပြန်ပြီး နှလုံးသွင်းရမှာ၊ နှလုံးမသွင်းဘဲ အလိုလိုကြည်လင်အေးချမ်းမှုတွေ ပေါ်လာမလား လို့ ချမ်းသာမှုကို မျှော်လင့်တောင့်တနေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"တောင့်တတိုင်း ပေါ်မလာတော့ ပိုပြီးတော့ စိတ်ညစ်လာမယ်။ တရားပေါ်မှာလည်း သံသယဖြစ်လာမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တရားအရသာ ခံစားဖူးပါသော်လည်း တရားကို ဖယ်ရှားပြီး ဆိုတာကတော့ ရှင်းနေတယ်။ တရားအရသာကို ခံစားနိုင်အောင် တရားကို ပြန်ပြီး နှလုံးသွင်းရမှာ မသွင်းဘဲနဲ့ စိတ်ညစ်မှုကို အရသာတစ်ခုထင်ပြီး အင်း–အင်းနဲ့ အော်ညည်းပြီး စိတ်ညစ်ခံနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"စင်စစ်တော့ နှစ်ခုလုံး တရားဖယ်ထားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တစ်ခုက တရားဖယ်ပြီး အလိုလိုချမ်းသာ ပေါ်မလားလို့ တရားကို အချောင်တောင့်တတာနော်"

"မှန်ပါဘုရား"

"နောက်တစ်ခုတော့ ရန်သူကိုနိုင်နင်းတဲ့ လက်နက်ရှိပါရက်နဲ့ လက်နက်အသုံးမပြုဘဲ လက်နက်ချ အရှုံးပေးပြီး ရှုံးခါမှ ညည်းသူပမာပဲပေါ့နော်"

"မှန်ပါဘုရား"

"စင်စစ်တော့ ၂–မျိုးလုံး တရားအားမကိုးတာဘဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဒီတော့ စိတ်ညစ်ပျောက်ချင်ရင် စိတ်ညစ်စရာ အာရုံကို အာရုံမပြုဘဲ မူလက ရခဲ့ဖူးတဲ့ တရားအာရုံကို ပြန်ပြီး အာရုံပြုရင် စိတ်ညစ်လည်းပျောက်မယ်၊ ချမ်းသာလည်းပေါ်လာမယ်နော်"

"မှန်ပါဘုရား"

"တရားဖယ်ထားပြီး တောင့်တရုံသက်သက် ညည်းနေရုံသက်သက်နဲ့တော့ စိတ်ညစ်ပျောက်ပြီး ချမ်းသာမရောက်ဘူးနော်။ ကဲ... ရှေ့ဆက်ပါဦး"

"နောက်တစ်ခုက တပည့်တော်က ကုသိုလ်ကောင်းမှုတွေကို ပြုပြီး သီလဆောက်တည်နေတော့ စိတ်ကြည်လင်ပြီး လုပ်ငန်းခွင် ပျော်ရွှင်နေပါတယ်ဘုရား"

"ကောင်းမှုတွေပြုလုပ်ထားတော့ မျက်နှာကပြုံးသလိုဖြစ်နေတာနဲ့ တူပါတယ်ဘုရား။ (အမေရိကန် ဘာသာရေးပါရဂူကြီးပြောသလိုပေါ့ဘုရား")

"အဲဒီတော့ တပည့်တော်ကို သီလမစောင့်တဲ့ သူငယ်ချင်းတချို့က မျက်နှာကိုက ပြုံးစိပြုံးစိနဲ့ အဲဒါကြောင့် ခက်နေတာလို့ အပြောခံရပါတယ်ဘုရား"

"အဲဒါ ဘာပြုလို့ ပြောတာလည်းဘုရား၊ တပည့်တော် သူတို့ကို ဘယ်လိုပြန်ပြောရမှာလည်းဘုရား"

"ဘုန်းဘုန်း ဒီမှာ အမေးတစ်ချက်လာပြန်ပြီ။ ဘယ်လိုဖြေမှာလဲ"

"မင်း... ဖြေကြည့်စမ်း"

http://www.dhammadownload.com



"တပည့်တော်မှ မဖြေတတ်တာ ဘုန်းဘုန်းကလဲ"

"ကဲ–ဒါဖြင့်နားထောင်။ သူ့ကိုပြောတာက သူနဲ့အတူနေ သူငယ်ချင်းတွေက ပြောတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လူဆိုတာ သိပ်ခက်တာပဲ၊ အခွင့်အရေးကို သိပ်လိုချင် တယ်၊ ဒါပေမယ့် အရည်အချင်းတော့ရှိအောင် မလုပ်ချင်ဘူး။ အရည်အချင်းမရှိတော့ အခွင့်အရေးရဦးမလား"

"မရပါဘုရား"

"ကိုယ့်မှာ အခွင့်အရေးမရတော့ သူများမှာ ရတာကို ကျေနပ်သေးလား"

"မကျေနပ်တော့ပါဘုရား"

"မကျေနပ်တော့ တောင်ပြော မြောက်ပြော ပြောရော မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ အရည်အချင်းရှိတဲ့လူဟာ အခွင့်အရေးရတဲ့လူဟာ အရည်အချင်းမရှိ၊ အခွင့်အရေးမရသူတွေရဲ့ အပြောအဆိုကို ခံရရော မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါဟာ ဓမ္မတာပဲ"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အမှန်က သူ့မှာ ဘာဖြစ်လို့ ဒီအခွင့်အရေးရတာလည်းလို့ အကြောင်းရှာပြီး ကိုယ်လည်း အဲဒီအကြောင်းပြည့်စုံအောင် ဖြည့်လို့ အရည်အချင်းရှိလာရင် သူရတဲ့ အခွင့်အရေးမျိုး မရဘူးလား"

"ရပါတယ်ဘုရား"

"ဒီတော့ သူလည်းကောင်း၊ ကိုယ်လည်းကောင်း၊ နှစ်ဦးလုံး ကောင်းမသွားဘူးလား"

"ကောင်းသွားပါတယ်ဘုရား"

"ဒီတော့ ကိုယ်ကောင်းတာဟာ သူ့ကိုအားကျ အတုယူလို့ ကောင်းတာဖြစ်တော့ သူ့ကို ကျေးဇူးတောင်မတင်ရဘူးလား"

"တင်ရပါတယ်ဘုရား"

"ခုလိုအပြစ်ပြောတော့ ကိုယ့်မှာ အကုသိုလ်တက်ရုံမှ တစ်ပါး ဘာအခွင့်အရေးတွေ ရသေးလဲ"

"ဘာအခွင့်အရေးမှ မရပါဘုရား"

"အဲဒီလိုပြောတဲ့လူကို ဘာပြန်ပြောရဦးမလဲ"

"မလျှောက်တတ်ပါဘုရား"

"ဘာမှလည်း ပြန်မပြောနဲ့၊ သူ့အပေါ်လည်း မေတ္တာမပျက်နဲ့၊ သူပြောခြင်းကြောင့်လည်း ကိုယ်ရဲ့အမူအကျင့်၊ အရည်အချင်း ကိုလည်း မဖျက်လိုက်နဲ့၊ သူ့အပေါ်မှာ ပိုပြီးမေတ္တာထား၊ ကိုယ့် အမူအကျင့်၊ အရည်အချင်းကိုလည်း ပိုပြီးမြှင့်တင်ပေးဟုတ်လား"

"မှန်ပါဘုရား"

"ကဲ...ရှည်တောင်သွားပြီ၊ ဆက်ပြီးတော့ ဖတ်ပြစမ်းပါဦး"

http://www.dhammadownload.com



"နောက်တစ်ခုက တပည့်တော်က မေတ္တာမပျက်ဘဲနဲ့ တပည့်တော်ကို မနာလိုတွေ ဖြစ်နေကြပါတယ်ဘုရား၊ တပည့်တော်ကို မေတ္တာပျက်ကြောင်းသိတော့ တပည့်တော်လဲ မေတ္တာပို့ပါတယ်ဘုရား"

"ဒါပေမယ့် သူတို့က တပည့်တော်ရဲ့ပညာမှာရော အဝတ်အစား အနေအထိုင်ကိုပါ အစစအရာရာ အပြစ်ပြောပြီး ပြိုင်ဆိုင်နေပါတယ်ဘုရား"

"သူတို့တွေနဲ့ ဆက်ဆံလို့ ပြေလည်အောင် ဘယ်လိုကောင်းမှုတွေကို ပြုရပါ့မလဲဘုရား"

"တပည့်တော် နောက်နောက်က ဘာတွေ လုပ်ခဲ့လို့ ပြိုင်သူ ဆိုင်သူ မနာလိုသူတွေ များနေပါလဲဘုရား"

"ဘုန်းဘုန်း အမေးတွေကို အများကြီးပဲဘုရား၊ ဖြေပါဦးဘုရား"

"အေး...ဖြေတာပေါ့"

"တပည့်တော်လည်း သိချင်လာတယ်ဘုန်းဘုန်း"

"အေး...ငါက တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် မင်းကို ခေါ်ပြီး ဖတ်ခိုင်းတာပဲ၊ ခုတော့ နှစ်ချက်ပြတ်တာပေါ့"

"မှန်ပါဘုရား"

"သူ့ကို သူ့သူငယ်ချင်းတွေက မေတ္တာပျက်မှန်းသိတော့ သူက မေတ္တာပို့တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါဟာ အင်မတန်မှန်ကန်တဲ့ လမ်းစဉ်ပဲ၊ ဒါပေမယ့် ကိုယ်ပို့တဲ့မေတ္တာက ကိုယ့်မှာအပူကင်းပြီး သန့်ရှင်းတဲ့မေတ္တာဖြစ်ဖို့ အရေးကြီးပါတယ်။ ကိုယ့်အပေါ် မေတ္တာပြန်ရှိလာစေချင်လို့ ပို့တာမျိုးလည်း မဖြစ်စေရဘူးနော်"

"မှန်ပါဘုရား"

"သူတို့အမြင်မှန်ရပြီး အပြစ်မရှိ ကိုယ်စိတ်ချမ်းသာစွာနဲ့ လောကီလောကုတ် အကျိုးတရား တိုးပွားစေရေးကို ရှေ့ရှုပြီး ဖြူစင်တဲ့မေတ္တာမျိုး ဖြစ်မယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို စိတ်က မနောကံ မေတ္တာထားပြီး ကိုယ်ကလည်း သူတို့အပေါ်မှာ ပြုရမယ့်လုပ်ငန်းတွေကို ကာယကံမေတ္တာထားပြီး ပြုလုပ်ပေးပါ။ နှုတ်က ဝစီကံမေတ္တာထားပြီး ပြောဆိုပေးပါနော်"

"မှန်ပါဘုရား"

"အဲဒီကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ကုသိုလ်ပဲ ပြုလုပ်ပေါ့နော်"

"မှန်ပါဘုရား"

"နောက်နောက်က ဘာတွေလုပ်ခဲ့လို့လည်း ဆိုတာတော့ အတိအကျက ဘုရားမှသိမှာပေါ့နော်၊ အခုတော့ မှန်းဆပြောရရင် နောက်နောက်က သူများတွေကို ပြိုင်ခဲ့ ဆိုင်ခဲ့လို့ ယခုအခါမှာ ကိုယ့်ကို ပြိုင်သူ ဆိုင်သူတွေ မနာလိုသူတွေ များနေတာလို့ ဖြေရမှာပဲနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...ရှေ့ဆက်ပြီး ဖတ်စမ်းပါဦး"

"နောက်တစ်ခုက တပည့်တော် ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပြီး အများကောင်းကျိုးအတွက် ၅–လတာမျှ ဆောင်ရွက်ခဲ့ပါတယ်ဘုရား။ အကောင်းထင်သူ ရှိသလောက် အပြစ်ပြောသူတွေ များနေပါတယ်ဘုရား"

"သက်သတ်လွတ်ကို ဦးစားပေးပြီး ဥပုသ်ရက်ရှည်စောင့်တတ်တဲ့ အလေ့ရှိသူတွေပါဘုရား"

"အနုပညာတွေ ထူးချွန်ပြီး အပျော်အပါး လိုက်စားကြသူတွေပါဘုရား၊ တပည့်တော်ရောက်သွားကာမှ တစ်သက်လုံးက ဥပုသ်မစောင့်တာတွေ ဝါတွင်းမှာ လိုက်စောင့်ကြပါတယ်ဘုရား"

"အဲဒီလူတွေထဲက တချို့က တပည့်တော်ရဲ့ လမ်းညွှန်မှုတွေကို ထိခိုက်အပြစ်ပြောလာကြပါတယ်ဘုရား၊ အဲဒါမျိုးတွေ နောင်ကြုံခဲ့ရင် ဘယ်လိုဆောင်ရွက်ပါ့မလဲဘုရား"

"ကဲ...ဘုန်းဘုန်း၊ အမေးတွေအများကြီးပဲ လာပြန်ပြီ၊ ဖြေပါဦးဘုန်းဘုန်း"

"အေး...အေး၊ ဖြေရတာပေါ့၊ လောကမှာ ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူလည်း ရှိတယ်ဆိုတာတော့ မျက်ခြည်မပြတ် သတိချပ်ဖို့လိုတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကောင်းတဲ့လူတွေဟာ သူတို့အတူ ကောင်းသူတွေကို ကူညီဖို့ စောင်မဖို့ ချီးမွမ်းဖို့ အဆင်သင့်ဖြစ်သော်လည်း မကောင်းသူတွေကလည်း မိမိအတူ မကောင်းသူတွေကိုရော၊ မိမိထက် ကောင်းသူတွေကိုပါ ကဲ့ရဲ့ဖို့ စောင်းမြောင်းဖို့ တိုက်ခိုက်ဖို့ အဆင်သင့်ပဲဆိုတာကို မမေ့နဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ကောင်းတာကို ပြုကျင့်ပါရက်နဲ့ မကောင်းတဲ့သူတွေရဲ့ တိုက်ခိုက်ခံရတာတော့ မှုစရာမလိုပါဘူးနော်၊ ဓမ္မတာ မို့လို့ပေါ့"

"မှန်လှပါဘုရား"

"ကြောက်ရမှာ၊ အမှုထားအလေးပြုရမှာက မကောင်းတာ ဆောင်ရွက်မိလို့ ပညာရှိသူတော်ကောင်းတွေရဲ့ ပြစ်တင်ရှုတ်ချ ခံရမှုပဲ ကြောက်ရမှာပဲ၊ ပညာမရှိတဲ့သူကတော့ အဲဒီလို မကောင်း တာလဲ ချီးမွမ်းချင် ချီးမွမ်းနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ နောင်အခါမှာ အဲဒါမျိုးကြုံရင် '**မတောင်ကြီးလို့ လေတိုက်ခံရတာပဲ**'လို့ သဘောထား၊ '**သူတို့ထက်သာလို့ အပြော ခံရတာပဲ**'လို့ သဘောထား၊ ကိုယ့်အမှုအကျင့်ကို တိုးပြီးတော့ ဖြည့်ကျင့်ပါ။ သူများပြောတာနဲ့ ရှောင်သွားမယ်၊ အမှုအကျင့် ဖျက်လိုက်မယ်ဆိုရင် ရှောင်စရာမြေလည်း မလောက်ဘူး၊ လူကောင်းသူကောင်းတစ်ယောက်လည်း ဘယ်တော့မှ မဖြစ် တော့ဘူးနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...ရှေ့ဆက်ဖတ်ပါဦး၊ မဆုံးသေးဘူးလား"

"နောက်ထပ်သိချင်တာက သီလရှင် မဝတ်နိုင်တဲ့ အတူတူ ဒီပညာတွေ တတ်ထားတော့ ဒီလိုပဲ တစ်နယ် တကျေးကို ထွက်ရမှာတော့ သေချာပါတယ်ဘုရား၊ ထွက် ရတဲ့အခါမှာ တွေ့တဲ့အရပ်က လူတွေနဲ့ သင့်အောင် ပေါင်း နိုင်ဖို့နဲ့ သတိထား ပြုပြင်ရမှာကို လမ်းညွှန်ဟောပြပါဦး ဘုရား"

"ယခုချက်ချင်း စာမပြန်နိုင်ရင်လည်း တရားပွဲတွေ ပြီးတော့ စာဆက်ဆက် ပြန်ပေးပါဘုရား။ ပြန်စာကို စောင့် မျှော်လျက်–

တပည့်တော်
(.........)

"ဘုန်းဘုန်းစာတော့ ဆုံးသွားပြီ။ တော်တော် စာရေးတတ် တယ်၊ မေးလည်းမေးတတ်တယ်နော်၊ သူက ဘာပညာတွေ တတ်ထားလို့လဲ ဘုန်းဘုန်း"

"တက္ကသိုလ်ပညာတွေ တတ်ထားတယ်"

"ဒါကြောင့် စာရေးတတ်၊ မေးတတ်တာပေါ့နော်ဘုန်းဘုန်း"

"အင်းပေါ့၊ မင်းလည်း စာရေးတတ်၊ မေးတတ်အောင် ကြိုးစားနော်"

"မှန်ပါဘုရား။ ကြိုးစားပါမယ်၊ သူမေးတာလည်း ဖြေပေးပါဦး ဘုန်းဘုန်းဘုရား"

http://www.dhammadownload.com



"အေး...မင်းလည်းမှတ်ထား၊ ရောက်ရာအရပ်မှာ တွေ့တဲ့ သူနဲ့ သင့်အောင်ပေါင်းနိုင်ဖို့က သိပ်ပြီးတော့အရေးကြီးပါတယ်၊ သင့်အောင်မပေါင်းနိုင်ရင် အမြဲတမ်း ကိုယ်စိတ်ဆင်းရဲနဲ့ကြုံရမယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဒီနေရာမှာ ငါအမြဲတမ်းကျင့်သုံးတဲ့ အကျင့်လမ်း ကြောင်းတစ်ခု ပြောပြမယ်–

"လူတိုင်းဟာ ကိုယ့်ဟာကိုယ်တော့ ကောင်းတယ်ထင် ပြီး ပြုမူလုပ်ကိုင်နေခြင်းဖြစ်သည်"

"အဲဒီအကျင့်လမ်းကြောင်းပဲ၊ ဒီတော့ ကိုယ့်ကို သူ့ဖက်က နေထားပြီးတော့ကြည့်စမ်း၊ ကြည့်တော့ သူလုပ်တာဟာ မှန်တယ် လို့ မသိမြင်ဘူးလား၊ သိမြင်မလား"

"သိမြင်ပါမယ်ဘုရား"

"ဒီတော့ သူ့ကို သူ့အနေတော့ အကောင်းလို့ထင်ပြီး လုပ် နေတာပဲလို့ သိလိုက်၍ ငါ့အနေနဲ့သာ မကောင်းဖြစ်နေတာပဲလို့ သိလိုက်ရင် ခွင့်လွှတ်လို့မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အဲဒီလို ခွင့်လွှတ်ရင် သူနဲ့ပတ်သက်ပြီး ကိုယ့်မှာ ပြဿနာ ပေါ်ဦးမလား"

"မပေါ်တော့ပါဘုရား"

http://www.dhammadownload.com



"ခဏတော့ မပြေလည်ဘူး၊ နောက် လိပ်ပတ်လည်လာရင် ပြေလည်လာလိမ့်မယ်၊ အဲဒီရန်သူဟာ ကိုယ့်ရဲ့မိတ်ဆွေ၊ ကိုယ်ရဲ့ နောက်လိုက် ဖြစ်လာလိမ့်မယ်။ အဲဒီလိုသာ အရာရာမှာ သူများ အပေါ် ခွင့်လွှတ်ဖို့ကြိုးစား၊ ရောက်ရာအရပ်မှာ တွေ့တဲ့သူနဲ့ သင့်လိမ့်မယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဒီလောက်ဆို တော်လောက်ပါပြီ။ ဖြေရတာလည်း မောပြီ"

"မှန်ပါဘုရား"

❀ အရာရာပင်၊ သူများတွင်၊ ပြစ်မြင်ခွင့်လွှတ်လေ၊
❀ ကိုယ်မှုကျင့်လည်း၊ အစဉ်ပဲ၊ စွဲမြဲကျင့်ပါလေ၊
❀ မလိုသူတွက်၊ ကိုယ်ကျင့်ပျက်၊ အမျက်ရှောင်ပါလေ၊
❀ တိုက်ခံတွေ့လေ၊ ကျင့်မြဲစေ၊ တိုးလေအမြဲပေး။

http://www.dhammadownload.com



# အတ္တစွဲမကြီးရှွန်းဟူးလားဘုရား

{၂၆}

ငါနှင့်မဆိုင် ငါပိုင်မဟုတ် နာမ်ရုပ်နှစ်ခု ခေတ်စုခေတ်ခဲကြီးကို ငါပဲကိုယ်ပဲ အထင်လွဲလျက် အနည်းနည်းမှောက်မှား၍ သက္ကာယတရားကြီး ရှိနေသည့်အတွက် အေးဖက်သို့မကူး အရှူးအသွင် ဘုံသုံးခွင်မှာ ကျင်လည်မျောပါး၍ ရဟတ်ချားကဲ့သို့ ပြေးသွားကာ နေကြရကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေ အို,နာ,သေ,ရေး ဒုက္ခပေးတို့သည် ခဏမစဲ အမြဲနှိပ်စက်အပ်ကုန်သော ရုပ်ခဲ နာမ်ခဲကြီးတွေသာ ဖြစ်ကြကုန်၏။

ရုပ်နာမ်မှတစ်ပါး သတ္တဝါဟူ၍မရှိ။ သတ္တဝါဟူသည် ရုပ်နာမ်နှစ်ခု အစုအခဲကြီးသာဖြစ်၏။ ရုပ်နာမ်တို့သည် ပဋိသန္ဓေနေရသည့်ဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးစသော ဘေးအပေါင်းတို့ နှိပ်စက်အပ်ကုန်သော တရားအစုတို့သာ ဖြစ်ကြကုန်သည်

http://www.dhammadownload.com



ဖြစ်၍ စင်စစ်အားဖြင့် ဒုက္ခခဲကြီး၊ ဒုက္ခအစုကြီးသာ ဖြစ်ကြကုန်၏။

ရုပ်နာမ်တရားတို့သည် ချမ်းသာမဖက် သက်သက်သော ဒုက္ခတရား သဘောတွေသာဖြစ်၏။ ဒုက္ခမှတစ်ပါးသော တရားသဘောသည် ဖြစ်ပေါ်လာသည်ဟူ၍မရှိ။ ချုပ်ပျက်၍သွားသည်ဟူ၍မရှိ။ ဒုက္ခတရားသည်သာလျှင် ဖြစ်ပေါ်လာပြီး ဒုက္ခတရားသည်သာလျှင် တည်၏။ ဒုက္ခတရားသည်သာလျှင် ချုပ်ပျက်၏။ ထို့ကြောင့် ဗုဒ္ဓကဟော၏။

> "လောက၌ စင်စစ်ကေန် အမှန်အားဖြင့် ဒုက္ခတရားသည်သာလျှင် ဖြစ်ပေါ်လာ၏။ ဒုက္ခတရားသည်သာလျှင် တည်၏။ ပျက်လည်းပျက်၏။ ဒုက္ခတရားကို ကြဉ်ထား၍ တစ်စုံတစ်ခုသော တရားသဘောမည်သည် မဖြစ်၊ ဒုက္ခတရားမှ တစ်ပါးသော တရားသဘောမည်သည် မပျက် မချုပ်ပြီ။ **(သံယုတ်)**

ရုပ်နာမ်တရား ဖြစ်ပေါ်လာလျှင် ပဋိသန္ဓေနေရခြင်း ဇာတိမီး၊ အိုရခြင်း ဇရာမီး၊ သေရခြင်း မရဏမီး သုံးပါးသည် အမြဲတန်း ပါ၍ ပါ၍ နေသောကြောင့် ရုပ်နာမ်နှစ်ပါးတို့ ဖြစ်တိုင်းဖြစ်တိုင်း ထိုမီးသုံးပါးတို့သည် အမြဲလောင်၍လောင်၍ လိုက်ကုန်၏။

သို့ဖြစ်၍ ရုပ်စုနာမ်ပုံဖြစ်သော အလုံးစုံသော သတ္တဝါတို့သည် မီးစာတုံးကြီး မီးလောင်ဒုတ်ကြီးတွေသာ ဖြစ်ကြကုန်၏။

http://www.dhammadownload.com



မီးသေ၍မနေအောင် ထင်းအမှိုက်စသော မီးစာတို့ကို အမြဲ စောင့်လျက် ထည့်၍နေရဘိသကဲ့သို့ ရုပ်သစ်နာမ်သစ်တွေ အသစ် အသစ်ဖြစ်ပေါ်၍ အစဉ်မပြတ် တည်၍နေအောင် အားထုတ်၍ နေကြရကုန်၏။

လောက၌ စားမှု သောက်မှု အမျိုးမျိုးတို့သည် မီးထည့်မှု တွေသာ ဖြစ်ကြကုန်၏။ အိပ်မှု, ထိုင်မှု, ဝတ်မှု ချိုးမှုစသော အမှုတို့သည်လည်း မီးထည့်မှုတွေသာ ဖြစ်ကြကုန်၏။

ခန္ဓာကိုယ်ကြီးကို ပြုပြင်ဖို့ရာ အစာအာဟာရစသည်တို့ကို ရှာနေမှုတို့သည် ထင်ရှာမှုတွေသာဖြစ်ကုန်၏။

နောင်သံသရာဖြစ်ဖို့ရန် ဒါန, သီလ, စသော ကုသိုလ်ပြုမှု တို့သည်လည်း မီးထည့်မှုတွေသာ ဖြစ်ကြကုန်၏။ အကုသိုလ် ပြုမှုတို့သည်လည်း မီးထည့်မှုတွေသာ ဖြစ်ကြကုန်၏။

ယင်းတို့ကို မြင်ဖို့ရာ အလွန်တရာ ခဲယဉ်းလှပါပေ၏။ မြင် အောင်ကြည့်ပါလေ၊ မီးစာတုံးကြီးဖြစ်သော ခတ်ခဲကြီးကို 'ငါပဲ၊ သူပဲ'ဟု စွဲလန်းသော သက္ကာယဒိဋ္ဌိကြီး ရှိနေသည့်အတွက်ကြောင့် ခတ်အမှုတွေကို ကိုယ့်မှုမှတ်ထင်၍ ထိုမီးထည့်မှု ထင်းရှာမှုတွေ ကို ချမ်းသာကြီးတစ်ခု ပြုလုပ်၍ နေကြရကုန်၏။

"ငါသွားသည်၊ ငါလာသည်၊ ငါကြားသည်၊ ငါမြင်သည်၊ ကိုယ်ခံစားသည်၊ ကိုယ်သုံးဆောင်သည်"ဟူသောအနေနှင့် ကိုယ် ခံစားဖို့ ကိုယ်သုံးဆောင်ဖို့ရန် အထည်ဝတ္ထုအစုစုတို့ကို သူ့ထက် ငါ အားကျ၍ အမျိုးမျိုးခဲကြ၊ မဲကြ၊ ဆည်းပူးကြရကုန်၏။

http://www.dhammadownload.com



သို့အတွက် အကုသိုလ်ကံတွေ အမျိုးမျိုးဖြစ်ပွား၍ နေကြလေကုန်၏။ ဆင်းရဲဒုက္ခတွေ များစွာဖြစ်ပွား၍ နေကြလေကုန်၏။

ယင်းကဲ့သို့ ပဉ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောအရေးမှာ အေးမွယ်မရှိ၊ အတိဒုက္ခဖြစ်၍ နေကြကုန်သောအမှုတို့သည် သက္ကာယဒိဋ္ဌိလျှင် အရင်းအမြစ် ဖြစ်ကြပေကုန်၏။

သို့ဖြစ်၍ ဝဋ်ဒုက္ခ၏ အရင်းမူလဖြစ်သော သက္ကာယဒိဋ္ဌိကြီးကို မပယ်မဖြတ်မူ၍ ပဉ္စုပ္ပန် သံသရာ ချမ်းသာအောင် ပြုလုပ်ကြသော်လည်း ချမ်းသာကိုမရ၊ ဘေးဒုက္ခတွေကိုသာ ရကြကုန်သည်ဖြစ်၍ ချမ်းသာနှင့် ဝေးကွာ၍ ပဋိသန္ဓေနေရသည့်ဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးတို့ နှိပ်စက်အပ်သော ဒုက္ခကောင်ကြီးတွေသာ ဖြစ်၍ နေကြကုန်၏။

သို့ဖြစ်၍ အပါယ်ဘေးမှ ကင်းဝေးအောင် ပုညကိရိယာကုသလာကို အခါခါပြု၍ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် အတွင်စုံခုန်၍ ကန်၍ ပြေးကြကုန်သော်လည်း 'သူခိုးရှိရာ ဝန်ထုပ်ဝန်ပိုးထမ်း၍ ပြေးသောသူ' နှင့်တူကြကုန်၏။

မှန်၏။ ပုညကိရိယာ ကုသိုလ်အတွက်နှင့် လူ့ချမ်းသာ နတ်ချမ်းသာတို့ကို ရကြကုန်သော်လည်း ခေတ္တမျှသာ ဖြစ်ကြကုန်၏။

ဥပမာသော် အကိုင်းအခက်တို့ကို ခုတ်ဖြတ်၍ ထားသော သစ်ပင်သည် အမြစ်မပြတ်ခဲ့လျှင် နောက်ထပ်တစ်ဖန် ပေါက်ရောက်ပြန်သကဲ့သို့ ထို့အတူ လောကီချမ်းသာတို့ကို ရကြကုန်

http://www.dhammadownload.com



သော်လည်း လောဘတည်းဟူသော အမြစ်မပြတ်ခဲ့လျှင် ပဋိသန္ဓေ အစရှိသော ဆင်းရဲတို့သည် အဖန်တလဲလဲ ဖြစ်ကြရလေကုန် လေ၏။ ထို့ကြောင့် ဗုဒ္ဓက ဟောတော်မူ၏–

"အမြစ်မှာ ဥပါဒ်မရှိ၊ မြဲမြံခိုင်ခံ့သည်ရှိသော် အခက် အလက်ကို ဖြတ်အပ်သော်လည်း သစ်ပင်သည် တစ်ဖန် ပြန်လည် ပေါက်ရောက်စည်ကားပြန်သကဲ့သို့ ထို့အတူပင် တဏှာအနုသယ မပြတ်သည်ရှိသော် ဤပဋိသန္ဓေအစရှိ သော ဆင်းရဲသည် အဖန်တလဲလဲ ဖြစ်ရလေ၏။ **(ဓမ္မပဒ)**

"ပဋိသန္ဓေနေခြင်း အစရှိကုန်သော ဝဋ်ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကို အလိုရှိကြကုန်သော သူတော် ကောင်းတို့သည်–

**"မူလံ ပညာယ ဆိန္ဒထ** = တဏှာတည်းဟူသော အမြစ်ကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့"

ဟူ၍ ဗုဒ္ဓဟောသည်နှင့်အညီ သံသရာဝဋ်ဒုက္ခ၏ အမြစ်မူလ လောဘ၊ သက္ကာယဒိဋ္ဌိကြီးကို ဝိပဿနာပညာဖြင့် ရှင်းလင်း သုတ်သင် ခုတ်ထွင်၍ မဂ်ပညာဖြင့် မြန်စွာ ဖြတ်တောက်၍ ပစ်ကုန်ရာ၏။

သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီး ငုတ်တုတ်နှင့် ဈာန်ရပုဂ္ဂိုလ်ကြီး ဖြစ်၍ ယနေ့ ကောင်းကင်မှာ တဝဲဝဲပျံ၍နေသော်လည်း နက်ဖြန် ခါ အဝီစိမှာ ကားရားကြီးကျနိုင်လေ၏။

http://www.dhammadownload.com



ယနေ့ သီလစင်ကြယ်သော သီလဝိသုဒ္ဓိ ပုဂ္ဂိုလ်ကြီးဖြစ်၍ နေသော်လည်း နက်ဖြန်ခါ သီလမရှိသော ဒုသီလပုဂ္ဂိုလ်ကြီး ဖြစ်နိုင်လေ၏။

ယခုဘဝမှာ ပညာရှိပုဂ္ဂိုလ်ကြီး ဖြစ်၍နေသော်လည်း နောင်ဘဝမှာ ပညာမိုက်ကန်းသည့် အန္ဓဗာလပုဂ္ဂိုလ်ကြီး ဖြစ်နိုင်လေ၏။

ယနေ့ သက္ကာယဒိဋ္ဌိအပါယ်မြစ်ကြီး အပြီးတိုင် ပြတ်ခဲ့ပါလျှင် ယနေ့ အပါယ်တံခါး ပိတ်လေတော့၏။ ထို့ကြောင့် ဗုဒ္ဓက ဟောတော်မူ၏–

"သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို ပယ်ဖြတ်ပြီးသော သောတာပန် ပုဂ္ဂိုလ်သည် အပါယ်လေးပါးတို့မှလည်း ကျွတ်လွတ်လေ၏" **(ရတနသုတ်)**

သို့ဖြစ်၍ အပါယ်ဘေးမှ ကင်းဝေးလိုသော ပုဂ္ဂိုလ်တို့သည် သက္ကာယ ဒိဋ္ဌိအပါယ်မြစ်ကြီးကို အလျင်အမြန် ပြတ်တဲ့အောင် အားထုတ်ထိုက်လေကုန်၏။

ဦးခေါင်းမှာ မီးလောင်၊ ရင်ဝမှာ လှံစူးနေသော ယောက်ျားသည် တစ်ပါးသော အမှုကိစ္စကို မပြုသာဘဲ အလျင်အမြန် အပမ်းတကြီး လောင်သောမီးကို ငြိမ်းသတ်လိုဘိသကဲ့သို့ စူးနေသော လှံကို နှုတ်လိုဘိသကဲ့သို့ ယခု ဘုရားသာသနာနှင့် ကြုံကြိုက်သည့်အခါ သက္ကာယဒိဋ္ဌိ အပါယ်မြစ်ကြီးကို အပြီးတိုင် ပြတ်တဲ့အောင်ကိုသာ အရေးတကြီး အားထုတ်ဖို့ရာ သင့်မြတ်လှ လေတော့သည်။ ထို့ကြောင့် ဗုဒ္ဓကလည်း ဟောတော်မူ၏–

http://www.dhammadownload.com



"အသွားနှစ်ဘက် မြမြထက်သော လှံကြီး ရေမျို ရင်ဝမှာ တန်းလန်းကြီးစူးနေသောသူသည် လှံနုတ်ရေးကို သာ ကြိုးစားနေဘိသကဲ့သို့လည်းကောင်း။ ဦးခေါင်းတစ်ခုလုံး မီးတောက်လောင်ခံနေရသောသူသည် မီးငြိမ်းရေးကိုသာ ကြိုးစားနေသကဲ့သို့လည်းကောင်း သံသရာဘေး၊ အပါယ် ဘေးကို မျှော်တွေးမြင်သူ ရှင်လူရဟန်းသည် သက္ကာယ ဒိဋ္ဌိကို ပါယ်ဖျက်ခြင်းငှာ မမေ့မလျော့ မပေါ့ဘဲ မြဲသော သတိရှိသည်ဖြစ်၍ ဝိပဿနာအလုပ်ကို နောက်မဆုတ်ဘဲ အမြဲအားထုတ်ရာ၏" **(သံယုတ်)**

ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ကြုံကြိုက်သည့်အခါ အရေး တကြီး ပြုလုပ်ရမည်ဖြစ်သော အလုပ်မှာ သက္ကာယဒိဋ္ဌိ ပယ် ဖြတ်မှု ဝိပဿနာအလုပ်ပင် ဖြစ်၏။

ယင်းဝိပဿနာအလုပ်ကို ယခုအခါ လုပ်ဖို့ရန် တိုက်တွန်း ဟောပြောသူတွေ များလှပါ၏။ သို့သော် သက္ကာယဒိဋ္ဌိ ကွာနိုင် သော ဝိပဿနာတရားများမှာ နည်းပါးလှပြီး ကန္တတ်ကင်းလျှောက် ပြီးပျောက်တရားတွေသာ ဟောလေ့ပြောလေ့ ရှိကြကုန်၏။

ဝိပဿနာတရားကိုတော့ ဟောပါ၏။ သို့သော် ကိုယ်ဟော သော ဝိပဿနာတရားမှာပင် ကိုယ်ပြန်ပြီး ငါတို့နည်း၊ ငါတို့ တရား' အနေနှင့် သက္ကာယဒိဋ္ဌိ အစွဲတရားတွေ ဖြစ်ပွားလျက် နေကြသူတွေ များနေသည်။

http://www.dhammadownload.com



ယင်းသို့ ဟောသူ ပြသူတို့က 'ငါတို့နည်း၊ ငါတို့တရား' အနေနှင့် အစွဲတန်းလန်းနှင့် ပြသော ဟောသော တရားကို အားထုတ်သော ယောဂီတွေမှာလည်း 'ငါတို့နည်း၊ ငါတို့တရား၊ ငါတို့ဆရာ' ဟူသော သက္ကာယဒိဋ္ဌိ အစွဲတရားများ ပွားလျက် များလျက် ဖြစ်တော့၏။

ယင်းကို မမြင်သူက မမြင်သော်လည်း မြင်သောသူက မြင်၏။

တစ်ချိန်သော နွေကာလဖြစ်၏။ မိမိသည် ဓမ္မဒေသနာ ခရီးသည်အဖြစ်နှင့် ခရီးသွားခဲ့ဖြစ်၏။ မိမိနှင့် မိမိကပ္ပိယ၊ အခြား ခရီးသည်တစ်ဦးနှင့် သုံးဦးတို့မှာ ရောဝတီမြစ်လယ်ဝယ် သင်္ဘော ငယ် ဦးခန်းတွင် ဆုံမိကြ၏။

မိမိမှာ ခရီးသွားသောအခါတွင် မထင်မရှား အညတရပဲ သွားလေ့ရှိပါသည်။ မိမိကိုယ်ကို မည်သူမည်ဝါဟူ၍ မသိစေပါ။ ယင်းသို့ သွားရခြင်းဟာ ချမ်းသာသည်ဟု ထင်ပါသည်။ သို့ဖြစ်၍ မိမိတို့နှင့် ဆုံမိနေသော ခရီးသည်မှာ မိမိကို မည်သူမည်ဝါဟူ၍ မသိပါ။

မိမိသည် အချိန်အားခိုက် စာကြည့်နေသည်။ မည်သူနှင့်မျှ စကားမပြော။ အတန်ကြာသော် မိမိကပ္ပိယနှင့် ခရီးသည်ဒကာ ကြီးသည် တီးတိုး တီးတိုး စကားပြောသံကြားသည်။ အသံမှာ မကွဲပြားပါ။

သူတို့နှစ်ဦး တီးတိုးပြော၍ ပြီးပြီးနောက် မကြာမီ ခရီးသည်

http://www.dhammadownload.com



ဒကာကြီးမှာ လက်အုပ်ချီကာ မိမိဘက်သို့ ဦးတည်လာတော့သည်။ မေးလျှောက်သည်။ စကားပြောသည်၊ စကားမှာ ဓမ္မရေးစကားများ ဖြစ်သည်။ စုံလင်သည်။ အလေးပေးဆွေးနွေးသော စကားမှာ ဝါဒစွဲစကား ဖြစ်သည်။ ဒကာကြီးက မေးလျှောက်သည်–

"အရှင်ဘုရား ဘယ်ဂိုဏ်းကပါလဲဘုရား"

"ဘယ်လို ဂိုဏ်းကို ပြောတာလဲဒကာကြီး၊ ရွှေကျင်၊ ဒွါရ၊ သုဓမ္မာ၊ ငှက်တွင်း ဒီလိုဂိုဏ်းကို ပြောတာလား"

"မဟုတ်ပါဘုရား"

"ဒါဖြင့် ဘယ်လိုဂိုဏ်းလဲ"

"အခုခေတ်ပေါ်နေတဲ့ ဝိပဿနာဂိုဏ်းတွေထဲက ဘယ်ဂိုဏ်းလဲ မေးတာပါဘုရား"

"သြော်...ဒီလိုလား၊ အင်း...ခခေတ်ပေါ်နေတဲ့ ဝိပဿနာဂိုဏ်းတွေထဲမှာတော့ ဘယ်ဂိုဏ်းထဲမှ မပါဘူး၊ ဘယ်ဂိုဏ်းထဲကမှ မဟုတ်ဘူး"

"ဒါဖြင့် အရှင်ဘုရား တရားပြတော့ ဘယ်နည်းနဲ့ ပြပါသလဲဘုရား"

"ဘုရားရှင် ဟောတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာန်သုတ္တန်နည်းတွေနဲ့ ပြပါတယ်"

"တပည့်တော်ကြားချင်တာက အဲဒီအသံမျိုး ကြားချင်ပါတယ်ဘုရား"

http://www.dhammadownload.com



"နို့...ခု...ကြားချင်တဲ့အသံမျိုး ကြားရပြီမဟုတ်လား"

"ဒီအသံမျိုးက ဒီတစ်ခါပဲ ကြားရသလို ဖြစ်နေပါတယ် ဘုရား"

"ဒါဖြင့် ဘယ်လို မကြားချင်တဲ့ အသံတွေ ကြားနေရလဲ၊ ပြောစမ်းပါဦး၊ ဗဟုသုတအဖြစ်ပေါ့"

"ခုတော့ဘုရား၊ ဘုရားပျောက်ပြီးတော့ သူ့နည်း ငါ့နည်းတွေ ဖြစ်ကုန်ပြီဘုရား"

"အင်း"

"သူ့နည်း၊ ငါ့နည်းဖြစ်တော့ သူ့နည်းကောင်းတယ်၊ ငါ့နည်း ကောင်းတယ်နဲ့ အပြိုင်တွေ ဖြစ်လာတယ်ဘုရား"

"အင်း"

"ဒီတော့ ဆရာချင်းလဲပြိုင်၊ နည်းချင်းလဲပြိုင်၊ သူ့နည်း ပုတ်ခတ်၊ ငါ့နည်းပုတ်ခတ်နဲ့ ပြိုင်မှုဆိုင်မှု ပုတ်ခတ်မှုတွေ ဖြစ်လာ ပါတယ်ဘုရား"

"အင်း"

"တရားဟောတယ်၊ တရားပြတယ်၊ တရားအားထုတ်တယ် ဆိုတာ အတ္တဒိဋ္ဌိ အစွဲပြုတ်အောင် အားထုတ်ရတာမဟုတ်လား ဘုရား"

"အင်းပေါ့"

"ယခုတော့ အတ္တစွဲ မကြီးလွန်းဘူးလားဘုရား"

"ဘယ်လိုဖြစ်လို့လဲ"

http://www.dhammadownload.com



"ဘုရားတရားလည်း ငါ့တရား။ ငါ့နည်းလုပ်တယ်၊ ငါ့တရား၊ ငါ့နည်းလုပ်ပြတယ်၊ ငါ့တရား၊ ငါ့နည်းကောင်းတယ်ပြောတယ်၊ ဒါတွေဟာ ဆရာ့ထံကလာတဲ့ အတ္တစွဲသံတွေ မဟုတ်လားဘုရား"

"အင်း"

"ဆရာကိုယ်တိုင်က အဲဒီလို အတ္တစွဲကြီးတော့ တပည့်တွေကလည်း ကျွန်မတို့ဆရာ ကျွန်တော်တို့ဆရာရဲ့နည်းကို လာ အားထုတ် ကြည့်စမ်းပါ၊ သိပ်ကောင်းတာပဲ စသည်ဖြင့် အတ္တစွဲသံတွေ ထွက်မလာဘူးလားဘုရား"

"အင်း"

"ဒီတော့ ဝိပဿနာတရားပြ ဆရာနှစ်ဦးဆုံရင် တည့်စရာ အကြောင်းမရှိတော့ပါဘုရား"

"အင်း"

ဆရာနှစ်ဦးဆုံလို့ တည့်စရာအကြောင်း မရှိသလို တပည့် ယောဂီနှစ်ယောက်လည်း ဆုံမရတော့ပါဘုရား"

"အင်း"

"အဲဒါတွေဟာ ဘုရားနည်းကို ငါ့နည်းလုပ်ရာမှ ပေါ်လာတဲ့ အတ္တစွဲပြဿနာတွေပဲဘုရား"

"အင်း..."

"အတ္တစွဲပြုတ်အောင် အားထုတ်ကာမှ အတ္တစွဲတွေ ကြီးလွန်း လာတယ်ဆိုတော့ တပည့်တော်က အဲဒီဆရာတွေပြတဲ့တရားကို သံသယဖြစ်လာတယ်ဘုရား"

http://www.dhammadownload.com



"တရားတော့ သံသယမဖြစ်ပါနဲ့၊ တရားကတော့ ဘုရားတရားမို့ အမှန်ပါပဲ၊ ဆရာမှာသာ တကယ့်စစ်မှန်တဲ့ တရားမတည်သေးလို့ အတ္တစွဲကြီး အသံတွေ ထွက်နေသေးတယ်လို့ မှတ်ပါ"

"ဒီလိုဆိုရင်တော့ တော်သေးတာပေါ့ဘုရား"

"ဒီလိုပဲ မှတ်ရမှာပဲ"

"ယခုတော့ တောရောမြို့ပါ ဝိပဿနာတွေ ခေတ်စားပါတယ်ဘုရား၊ ဒါပေမယ့် မငြိမ်းချမ်းတဲ့အတ္တစွဲ ဝိပဿနာတွေများနေလို့ ဝိပဿနာဆို ခပ်လန့်လန့်ဖြစ်နေရပါတယ်ဘုရား"

"ဝိပဿနာကို မလန့်နဲ့၊ ဝိပဿနာတရားဟာ သာသနာတွင်းတရားပဲ၊ အားထုတ်ရမယ့် တရားပဲ၊ အားထုတ်ပါ"

"ဆည်းကပ်ရမယ့်ဆရာ ရှားနေတယ်ဘုရား၊ တပည့်တော်တွေ့ရသလောက်တော့ အတ္တစွဲပြုတ်တဲ့ လေသံပါတဲ့ဆရာကို မတွေ့ရသလောက် ဖြစ်နေပါတယ်ဘုရား"

"အင်း...၊ ဒီလောက်တောင်ပဲလား"

"တပည့်တော်ပြောတာ နည်းတောင် နည်းပါသေးတယ်ဘုရား၊ တရားပွဲ သွားနာကြည့်မှ ဒီထက်ဆိုးတာ တွေ့ရ၊ ကြားရပါဦးမယ်ဘုရား"

"ဒါတော့ မသိဘူး"

"အရှင်ဘုရားက 'မဟာသတိပဋ္ဌာန်သုတ္တန်' လာတဲ့နည်းတွေနဲ့ ပြတယ်ဆိုတော့ ငါ့နည်း မလုပ်ဘူးလား ဘုရား"

http://www.dhammadownload.com



"ဩော်...ဒကာကြီးကလဲ 'ဖိုးကွက်၊ ဖိုးကွက်' အော်နေပါ လျက်ကနဲ့ ဘာငှက်လဲ မေးနေရသေးလား"

"မသိလို့ပါဘုရား"

"ဦးပဥ္စင်းတို့ဟောတဲ့အခါ မဟာသတိပဋ္ဌာန်သုတ္တန်ဆိုရင် ဒီဃနိကာယ် သုတ်မဟာဝါမှာပါတယ်၊ ဒီတော့ ဒီသုတ်ကို ဟောမယ်ဆိုရင် ယခု ဟောမယ့်သုတ္တန်က ဒီဃနိကာယ်သုတ် မဟာဝါပါဠိတော်လာ မဟာသတိပဋ္ဌာန် သုတ္တန်တရားတော်ကို ဟောမယ်လို့ ခေါင်းစဉ်တပ်ဟောတာပဲ၊ ဒီတော့ ငါ့နည်းလုပ်သေး လား"

"မလုပ်တော့ပါဘုရား"

"ပြီးတော့ အဲဒီတရားဟောကာနီးမှာ အဲဒီတရားတော်ကို ဟောတော်မူတဲ့ဆရာ ဘုရားရှင်ကို ရှိခိုးတယ်"

"တပည့်တော် ကြားရတာက ဒါမျိုးမဟုတ်ဘူးဘုရား"

"ဘယ်ဟာမျိုးလဲ"

"ကျေးရွာရှင် (    )ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယ အတိုင်း ဟောမယ်ဆိုပြီး ဆရာပဲရှိခိုး၊ ဆရာပဲချီးကျူးပြီးဟောတာ တွေ့ရပါတယ်ဘုရား"

"အင်း"

"တပည့်တော် တရားကို တော်တော်စိတ်ကုန်ပါတယ်ဘုရား၊ အရှင်ဘုရားနဲ့တွေ့တော့ စိတ်နည်းနည်းဖြစ်လာပါတယ်ဘုရား"

"ဘယ်လိုဖြစ်လာလဲ"

http://www.dhammadownload.com



"ဘုရား တရားတွေ မပျောက်သေးပါလားလို့"

"အင်း"

"လျှောက်ပါရစေဘုရား၊ အရှင်ဘုရားက စာရေးဆရာ ဆိုတော့ တပည့်တော်နဲ့ အရှင်ဘုရားနဲ့ ဆွေးနွေးချက်ကို နိုင်ငံ သိအောင် တင်ပြပေးစေချင်ပါတယ်ဘုရား"

"အင်း"

"နိုင်ငံကသိရင် ဆရာတွေရော တပည့်တွေပါ အတွက်ပျောက် ပြီးတော့ အနုတ္တဉာဏ် ပေါက်ရောက်နိုင်ကြပါလျှင် အရှင်ဘုရားနဲ့ တပည့်တော်ရဲ့ ဒီသဘောဦးခန်းကလေးက ဆွေးနွေးချက်ဟာ တန်ဖိုး ရှိပါမယ်ဘုရား"

"စိတ်ချ ဒကာကြီး၊ အဆင်သင့်တဲ့အခါ ဗုဒ္ဓမေ့ပြဿနာများ စာအုပ်ထဲ ထည့်ရေးလိုက်မယ်"

"ကျေးဇူးပါပဲဘုရား"

ယင်းသို့ဖြင့် စကားဝိုင်း ပြီးဆုံးသွားသည်။

- ဘုရားတရား၊ ငါ့တရား၊ လုပ်မှားတတ်ကြသည်။
- လုပ်မှား ယူမှား၊ အဟောမှား၊ ပြောမှားဖြစ်တော့သည်။
- ဆရာလွဲမှား၊ တပည့်မှား၊ ရန်များဖြစ်တော့သည်။
- တရားရှာလမ်း၊ မငြိမ်းချမ်း၊ ပူခန်းဆိုက်တော့သည်။
- ယခုပူကာ၊ သေပါယ်ရွာ၊ သေချာရောက်တော့မည်။

http://www.dhammadownload.com



# ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ်

{၂၇}

၁။ "**သော ဘဂဝါ ဣတိပိ အရဟံ** = ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း **အရဟံ** = မည်တော်မူပါပေ၏။"

၂။ "**သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ** = ထိုမြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသော ဤအကြောင်းကြောင့်လည်း **သမ္မာသမ္ဗုဒ္ဓ** = မည်တော်မူပါပေ၏။"

၃။ "**သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော** = ထိုမြတ်စွာဘုရားသည် 'အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း **ဝိဇ္ဇာစရဏသမ္ပန္န** = မည်တော်မူပါပေ၏။"

http://www.dhammadownload.com



၄။ "**သော ဘဂဝါ ဣတိပိ သုဂတော** = ထိုမြတ်စွာဘုရားသည် ကောင်းသောစကားကို ဆိုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း **သုဂတ** = မည်တော်မူပါပေ၏။"

၅။ "**သော ဘဂဝါ ဣတိပိ လောကဝိဒူ** = ထိုမြတ်စွာဘုရားသည် လောကသုံးပါးကို ပိုင်းခြား၍ သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း **လောကဝိဒူ** = မည်တော်မူပါပေ၏။"

၆။ "**သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ** = ထိုမြတ်စွာဘုရားသည် ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း **အနုတ္တရောပုရိသ ဒမ္မသာရထိ** = မည်တော်မူပါပေ၏။"

၇။ "**သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ** = ထိုမြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း **သတ္ထာဒေဝမနုဿာန** = မည်တော်မူပါပေ၏။"

၈။ "**သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ** = ထိုမြတ်စွာဘုရားသည် သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတစ်ပါးတို့ကို သိစေတော်မူတတ်သော ဤအကြောင်းကြောင့်လည်း **ဗုဒ္ဓ** = မည်တော်မူပါပေ၏။"

http://www.dhammadownload.com



၉။ "**သော ဘဂဝါ ကုတိပိ ဘဂဝါ** = ထိုမြတ်စွာဘုရားသည် ဘုန်းတော်ခြောက်စုံ ကျေးဇူးတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း **ဘဂဝါ** = မည်တော်မူပါပေ၏။"

ပါဠိစာပေကို ဖတ်ရှုံသာဖတ်တတ်၍ မြန်မာစကားသက်သက်ကိုသာ တတ်သိသော ဗုဒ္ဓသာသနာဝင် မြန်မာသူတော်စင်သည် အထက်၌ ဖော်ပြအပ်သည့်အတိုင်း ဘုရားဂုဏ်တော်ကိုးပါးတို့ကို ပါဠိ–မြန်မာ နှစ်ဘာသာဖြင့် အရကျက်၊ နှုတ်တက်ဆောင်ပြီးလျှင် ဂုဏ်တော်တစ်ရပ်ရပ်ဆီအတွက် နှေးလည်းမနှေး၊ မြန်လည်းမမြန်လွန်းစေဘဲ နှုတ်မြွက်ရွတ်ဆိုကာ ထိုပါဠိမြန်မာ စကားရပ်တို့၌ ပါရှိသော မြတ်စွာဘုရား၏ "**အရဟံ**" အစရှိသော ဂုဏ်တော်တို့ကို ထပ်တလဲလဲ အောက်မေ့ဆင်ခြင်ပွားများရာ၏။

ယင်းသို့ ပွားများခြင်းကို ဗုဒ္ဓါနုဿတိဘာဝနာပွားများသည်ဟု ခေါ်သည်။ ဗုဒ္ဓါနုဿတိနှင့် နေသည်ဟု ခေါ်သည်။

ယင်းဗုဒ္ဓါနုဿတိဘာဝနာသည် သာသနာတော်ကြီးနှင့် ကြုံကြိုက်တဲ့အခါမှာမှ ပွားများခွင့်ရသည့် ကမ္မဋ္ဌာန်းမြတ်ဖြစ်သည်။

သာသနာပအခါမှာ သမထဘာဝနာကမ္မဋ္ဌာန်းတွေ ရှိသည်ဆိုသော်လည်း ကမ္မဋ္ဌာန်းလေးဆယ်လုံး အကုန်အစုံ မရှိနိုင်ပါပေ။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ဥပသမာနုဿတိဟူသော သာသနာတွင်း အနုဿတိဘာဝနာများ ရှိနိုင်ဖို့ မဆိုထားဘိ၊ ပွားများဖို့မဆိုထားဘိ၊ အသံမျှပင် မကြားနိုင်ပါပေ။

http://www.dhammadownload.com



ယခုအခါ ကြားရဖို့ပင် ခဲယဥ်းလှသော သမထကမ္မဋ္ဌာန်းတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်နိုင်ခွင့် အချိန်အခါကောင်းကြီး ရရှိလျက်ရှိပေ၏။

ယင်းသို့ အချိန်အခါကောင်းကြီးကို ရရှိသဖြင့် ယင်းဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော မည်သို့သော အကျိုးရှိသနည်း။

ဗုဒ္ဓါနုဿတိဘာဝနာကို အခါခါ ကြိုးကုတ်အားထုတ်သော သူတော်စင်သည် မြတ်စွာဘုရားရှင်၏ သူမတူတန် ရိုသေကျိုးနွံခြင်းရှိသူ ဖြစ်လေ၏။

ထို့ကြောင့်ပင် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့် အလားတူစွာ သဒ္ဓါကြီးထွား ပြန့်ပြောခြင်းသို့ရောက်၏။

ဘုရားရှင်ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သောအားဖြင့် ဘာဝနာတရား ဖြစ်ပွားသောကြောင့် သတိတရားကြီးထွား ပြန့်ပြောခြင်းသို့လည်း ရောက်၏။

ယင်းသို့ အောက်မေ့အပ်သော ဘုရားရှင်ဂုဏ်တော်တို့က အလွန်နက်နဲလှ၊ အထူးများပြားလှသောကြောင့် ပညာတရားကြီးထွားပြန့်ပြောခြင်းသို့လည်း ရောက်၏။

ထိုသို့ အောက်မေ့အပ်သော ဘုရားရှင်ဂုဏ်တော်များကို၌က အလွန်ပြန့်ပြောကြီးမြတ်သည့် ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းကြီးသဖွယ် ဖြစ်သောကြောင့် ကုသိုလ်တရားတိုးပွား ပြန့်ပြောခြင်းသို့လည်း ရောက်ရှိလေ၏။

http://www.dhammadownload.com



ဗုဒ္ဓါနုဿတိဘာဝနာ ကိုယ်၌က နှစ်သက်မှုပီတိ သမ္ဗောဇ္ဈင်၏ အကြောင်းဖြစ်သောကြောင့် နုသောပီတိ၊ ရင့်သောပီတိတို့ ပြန့်ပြောများပြားသူ ဖြစ်လေ၏။

ဘုရားရှင် ဂုဏ်တော်ကို အာရုံပြုသော သတိကိုယ်၌က ဘေးကြီးဘေးငယ် ကြောက်ခြင်းကြီးငယ်အသွယ်သွယ်ကို လွှမ်းမိုးနိုင်နင်းသော တန်ခိုးသတ္တိရှိသောကြောင့် ဘေးကြီးဘေးငယ် ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို သီးခံပယ်ဖျောက်နိုင်သူ ဖြစ်လေ၏။

ဗုဒ္ဓါနုဿတိဘာဝနာ ကိုယ်၌က ပိန်းကြာဖက်၌ ရေလိုကဲ့သို့ 'သာရီရိကဒုက္ခ=ကိုယ်၌ကျရောက်သော ဆင်းရဲဒုက္ခများ' ကို ပယ်ရှားဆုတ်နစ်စေတတ်သောကြောင့် ဒုက္ခကို သည်းခံနိုင်သောသူ ဖြစ်လေ၏။

ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများလျှင် မြတ်စွာဘုရားရှင်နှင့် အတူတကွ နေထိုင်ရသည့် အမှတ်သညာကို ရရှိလေ၏။

ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်တရား၏ ဖြစ်ပွားကိန်းတည်ရာ ယင်းဗုဒ္ဓါနုဿတိ ပွားများသူ၏ ကိုယ်ခန္ဓာသည် စေတီတိုက်အိမ်ကြီးကဲ့သို့ ပူဇော်အထူးကို ခံယူခြင်းငှာ ထိုက်တန်လေ၏။

ထိုဗုဒ္ဓါနုဿတိ ဘာဝနာအလုပ်ကို အားထုတ်သောသူ၏ စိတ်သည် အမြဲတစေ ဗုဒ္ဓဘူမိခေါ်သော သမ္မာသမ္ဗောဓိဉာဏ်၌ ညွတ်၍နေလေ၏။

http://www.dhammadownload.com



ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို အားထုတ်ပွားများသော သူ၏ အဖို့ရာ ထိုဘာဝနာအစွမ်းဖြင့်ပင် အခါခပ်သိမ်း ဘုရားရှင်၏ ဂုဏ်တော်များက စိတ်၌ အပြန်ပြန်အလှန်လှန် ဖြစ်ပေါ်ထင်မြင်၍ နေရကား သီလပျက်စီးရန် လွန်ကျူးအပ်သည့် လွန်ကျူးရမည့် ဝတ္ထုအာရုံနှင့် ကြုံကြိုက်ပေါင်းဆုံမိစေကာမူ မြတ်စွာဘုရားရှင်ကို မျက်ဝါးထင်ထင် ဖူးမြင်နေရသူ၏ သန္တာန်မှာကဲ့သို့ ဒုစရိုက်မှုမှ ရှက်ခြင်း၊ ထိတ်လန့်ခြင်းတရားတို့ အဖန်ဖန်ဖြစ်ပွားလေ၏။

ဤဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံပြု၍ တည်ရာထား၍ ဝိပဿနာတရား ပွားများအားထုတ်လျှင် မဂ်ဖိုလ်ကို အလွယ်တကူနှင့် ရနိုင်ပါ၏။

ပါရမီမပြည့်စုံ မလုံလောက်သေး၍ ယခုဘဝ မဂ်ဖိုလ်ကို မရသေးလျှင်လည်း ကောင်းရာသုဂတိဘုံဘဝသို့ လားရောက်ရ၏။

ဤကား ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးအာနိသံသ အချို့ အဝက်ဖြစ်၏။ ဤမှတစ်ပါး များပြားသော အကျိုးတရားတွေ ရှိချေသေး၏။

တနည်း-

ဗုဒ္ဓါနုဿတိဂုဏ်တော်ပွားများရကျိုးလင်္ကာ

စေတီအတူ၊ စိတ်မူတည်ကြည်၊
ရောက်မှီနတ်ရွာ၊ တွေ့ကာသိလွယ်၊
မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊

http://www.dhammadownload.com



ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊
ကြီးထူပညာ၊ နက်စွာထက်ရှင်၊
လျင်မြန်ဆန်းကြယ်၊ ကောင်းကွယ်စကား၊
ဆိုနိုင်ငြားသည်၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။

ဤသို့ ဗုဒ္ဓါနုဿတိ ပွားများပုံနှင့် အကျိုးတရားအချို့ကို ဖော်ပြရသည်မှာ အကြောင်းရှိ၍ ဖြစ်ပါသည်။ ယင်းအကြောင်းကား အသို့နည်း?

တစ်ချိန်သော မိုးကုန်ခါစ ဆောင်းကာလသို့ မဝင်သေးမီဖြစ်၏။ မိမိသည် တောရတစ်ခုမှ တောရတစ်ခုသို့ ရွှေ့၏။

ရောက်ရှိသောတောရကား တောရသဘာဝ မကျလှပါ။ အနေမှာလည်း ရွာနေဆန်ဆန်နေ၍ ကျောင်းများမှာလည်း ရွာကျောင်းဆန်ဆန် ဖြစ်ပါ၏။

တောရကျောင်းဆရာတော်မှာ အသက်ကြီးခါမှ လူ့ဘောင်ကို ခွာရှောင်၍ ရဟန်းဘောင်သို့ရောက်လာသော ဆရာတော်ဖြစ်၏။ သဒ္ဓါတရားမှာ အပြည့်အဝရှိ၏။ သို့သော် ကျင့်ကြံအားထုတ်ရေးမှာ မကျွမ်းကျင်လှပါပေ။

ဆရာတော်မှာ ရိုသား၏၊ ပွင့်လင်း၏၊ ဖြောင့်စင်း၏၊ ဖြူစင်၏၊ ကျောက်ကျစ်မှုလုံးဝမရှိ။ မိမိသည် ဆရာတော်အား ကြည်ညိုပါ၏။ သို့သော် တောရသဘာဝ မကျလှသော ယင်းတောရတွင် မနေချင်လှပါ။

http://www.dhammadownload.com



သို့ဖြစ်၍ မိမိကလည်း ယင်းတောရတွင် မနေချင်၍ တောရတစ်ခု ပြောင်းပါရန် လျှောက်ထားရ၏။ ထိုအခါ ဆရာတော်က မြွက်ကြား၏။

“အရှင်ဘုရား၊ ဒီမှာပဲ သီတင်းသုံးပါ”

“ဆရာတော်ဘုရား၊ တပည့်တော် ဒီမှာနေဖို့ရန် သပ္ပာယမမျှတလှပါဘုရား”

“လိုတဲ့ သပ္ပာယကို ပြောပြပါ၊ တပည့်တော် မျှတအောင်ဖြည့်တင်းပေးပါ့မယ်”

အဲဒါမှအခက်၊ မိမိမှာ ယင်းသို့သော စိတ်ထဲမှ မြည်တမ်းမိပါသည်။ အသံမူမထွက်ပါ။

“တပည့်တော်ဟာ အရှင်ဘုရား မမျှော်လင့်ဘဲ ရောက်လာတော့ အားကိုးပါတယ်”

မိမိမှာ ဘာမျှမပြောနိုင်ပါ။

“အမှန်အတိုင်းပြောရရင် တပည့်တော် ပရိယတ် မတတ်ကျွမ်းပါဘူး၊ သဒ္ဓါတရားရှိလို့ ရဟန်းဘောင် ဝင်ပါတယ်”

မိမိမှာ အင်းမလှုပ်၊ အဲမလှုပ် ငုတ်တုတ်ပဲ ငြိမ်၍နားထောင်နေပါသည်။

“ရဟန်းဘောင် ရောက်တယ်ဆိုရင်ပဲ အချိန်ကရှိသေးတော့ ပရိယတ် လိုက်စားပါသေးတယ်။ ပရိယတ်အခြေခံကလေးရှိတော့ တရားပြဆရာတစ်ပါးနဲ့ တွေ့တယ်၊ သူက တရားအားထုတ်ဖို့ တိုက်တွန်းတယ်၊ အတန်တန်တိုက်တွန်းတော့ တရားအားထုတ်ဖြစ်တယ်”

http://www.dhammadownload.com



"တရားအားထုတ်တော့ တော်တော်ကြာတယ်ဆိုရင်ပဲ သူတို့ ဥာနအနေနဲ့ တရားလမ်းဆုံး ရောက်တယ်ပေါ့ဘုရား"

"ဒီတော့ တပည့်တော်က ပရိယတ်ဆက်လက်ပြီးတော့ သင်ကြားမယ်လုပ်တော့ အဲဒီတရားပြဆရာက ပြောတယ်ဘုရား–

"အရှင်ဘုရားစာသင်တာ ဘာအတွက်သင်တာလဲ၊ ဒီတရားတွေ အားထုတ်ဖို့ သင်တာမဟုတ်လား၊ ယခု အရှင်ဘုရား ဒီတရားတွေ အားထုတ်တတ်နေမှပဲ၊ ဘာအတွက် နောက်ထပ် ပရိယတ်ကို သင်ယူနေရဦးမှာလဲ။ တော်ရောပေါ့၊ အရှင်ဘုရား တရားပြပေတော့၊ ရိပ်သာခွဲ တည်ထောင်ပေတော့"တဲ့။

"အဲဒီလိုပြောတယ်ဘုရား၊ တပည့်တော်လည်း အဲဒီဆရာတော်ရဲ့စကားကို နားယောင်တယ်ဘုရား။ ပြီးတော့ တပည့်တော်ရဲ့ ဆရာသမားကလည်း တပည့်တော်ကို တရားတွေ ဘာတွေ အားထုတ်ပြီးပြီဆိုတော့ ပြန်ပြီးတော့ ခေါ်တယ်ဘုရား"

"တပည့်တော်ကလည်း ဆရာသမားကလည်း အခေါ် တရားပြဆရာကလည်း ရိပ်သာခွဲတည်ထောင်ဖို့ ပြောတော့ အတော်ပဲဆိုပြီး ဆရာသမားရှိရာ ပြန်လာပါတယ်ဘုရား"

"ဒီရောက်တော့ တရားပြတဲ့အခါမှာ ဆရာသမားတွေက တပည့်တော်ပြတဲ့နည်းကို လက်မခံချင်ကြပါဘုရား"

"ဘာဖြစ်လို့ လက်မခံချင်ကြတာလဲ"

http://www.dhammadownload.com



"ဆရာတော်တွေက သူတို့ကိုယ်တိုင်က ပရိယတ်လည်း ကျွမ်းကျင်၊ ပဋိပတ်လည်း အားထုတ်နေကြတဲ့ ဆရာတော်တွေ ဖြစ်နေတော့ ပရိယတ် ပဋိပတ် စွယ်စုံတွေကိုဘုရား"

"အင်း"

"ဒီတော့ တပည့်တော်ပြတဲ့တရားနည်းကို မှားတယ် မှန်တယ်မပြောဘဲ မသိချင်ယောင်ဆောင်ပြီး နေတယ်ဘုရား။ အားမပေးဘဲနေတယ်၊ ကန့်လည်းမကန့်ကွက်ဘူး"

"တပည့်တော်မှာ အနေခက်လိုက်တာဘုရား။ ဘာလုပ်ရမှန်းလည်းမသိဘူး။ တပည့်တော် ဆက်အားထုတ်တော့ တရားကလည်း ရှေ့မတက်တော့ဘူးဘုရား"

"တရားမတက်တော့ ဘယ်စာကြည့်လို့ ဘယ်သူ့မေးပြီး ဘယ်လိုဆက်လက်အားထုတ်ရမယ်ဆိုတာ မသိတော့ဘူးဘုရား"

"နို့...မူလတရားပြဆရာတော်ဆီ ပြန်မသွားဘူးလား၊ အဲဒီဆရာ လျှောက်ထားကြည့်ပါလား"

"လျှောက်ထားကြည့်ပါတယ်ဘုရား၊ ထူးခြားတဲ့တရားလမ်းကြောင်းရောက်အောင် သူလည်း မစွမ်းဆောင်နိုင်ပါဘုရား"

"ဒါနဲ့တပည့်တော်မှာ မူလပရိယတ် ဆရာသမားကလည်း အားမပေး၊ မယုံကြည်၊ ပဋိပတ်ဆရာသမားကလည်း လမ်းဆုံးအရောက် မပြပေးနိုင်နဲ့ စိတ်ဒုက္ခရောက်နေပါတယ်ဘုရား"

"စာပြန်ပြီးတော့ သင်ဖို့ရာကလည်း အချိန်က နောက်ကျနေပြီ"

http://www.dhammadownload.com



"ဒါနဲ့ မထူးဘူးဆိုပြီးတော့ ယခု ဒီတောရကလေးကို တည်ထောင်ပြီး ဆရာသမားထံမှ ခွဲထွက်ခဲ့ပါတယ်ဘုရား"

"အင်း...အဲဒီလို ဆရာသမားထံက ခွဲထွက်ပြီး စိတ်ချမ်းသာစွာနဲ့ တောရတည်ထောင်ပြီး ရိပ်သာခွဲကာ အားထုတ်တော့ တရားတိုးတက်ရဲ့လား"

"မတိုးတက်ပါဘုရား"

"အင်း...အဲဒါမှ အခက်ပေါ့နော်"

"တင်ပါ၊ ဒါနဲ့တပည့်တော်လည်း ပရိယတ်လည်း မပိုင်နိုင်၊ ပဋိပတ်လည်း ရှေ့ဆက်မသွားတတ်၊ တရားကလည်း မတက် ဖြစ်နေတော့ **'ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ်'** ဆိုပြီးတော့ အခု အရှင်ဘုရားဖူးတွေ့ရတဲ့အတိုင်း တပည့်တော် ဘုရားတွေလျှောက်ပင့်ပြီး ပြုပြင်မွမ်းမံထားတာပဲဘုရား"

ဟုတ်ပါသည်၊ ဟိုမှ သည်မှ ကျောက်ဆင်းတုဘုရားတွေ လျှောက်ပင့်ပြီး မွမ်းမံထားသည်မှာ အများကြီးဖြစ်ပါသည်။ မိမိမှာ ယင်းဘုရားကျောင်းတွင် နေရပါသည်။ စိတ်မလုံ ဖြစ်နေပါသည်။ သို့နှင့် မိမိကပြောလိုက်သည်။

"ဗုဒ္ဓါနုဿတိနဲ့ပဲ နေတော့မယ် ဆိုပြီးတော့ ဘာဖြစ်လို့ ဘုရားတွေပင့်ထားတာလဲ၊ ဗုဒ္ဓါနုဿတိ ဆိုတာက ဘုရားရှင်ရဲ့ ဂုဏ်တော်တစ်ပါးပါးကိုသော်လည်းကောင်း၊ ကိုးပါးလုံးသော်လည်းကောင်း ပွားများနေတာကို ခေါ်တာမဟုတ်လား"

http://www.dhammadownload.com



"အဲဒါပေါ့ဘုရား၊ တပည့်တော်မှာ ပရိယတ္တိလည်း မကျွမ်းကျင်၊ ပဋိပတ္တိလည်း မပေါက်ရောက်တော့ အခက်တွေ့နေတာပေါ့၊ အခု အရှင်ဘုရားကြွလာတော့ သိပ်ပြီးတော့ ဝမ်းသာပါတယ်။ အရှင်ဘုရားထံမှာ စာလည်းတက်ပါမယ်၊ တရားလည်း အားထုတ်ပါမယ်၊ ဘယ်မှ မကြွပါနဲ့အရှင်ဘုရား"

မိမိမှာ ဘာမှမပြောပါ၊ အာမလည်းမခံ၊ ပယ်လည်းမပယ်လှန်။

"တပည့်တော် သာသနာတော်ကို တကယ်ကိုကြည်ညိုရှိခိုလာသူပါဘုရား၊ အရှင်ဘုရားလည်း မှီခိုပါရစေဘုရား"

မိမိမှာ အပြောရခက်တော့သည်။ မပြော၍လည်းမဖြစ်ပေ။ သို့နှင့် မိမိကပြောလိုက်သည်။ "တပည့်တော် မနက်ဖြန်ခါ နေရာရွှေ့ဖို့ အားလုံးစီစဉ်ပြီးပါပြီဘုရား"

ထိုအခါ ဆရာတော်မှာ မျက်ရည်ကျ၏။ မျက်ရည်ရွှဲသော မျက်နှာဖြင့် ပြောပြန်သည်။ "အရှင်ဘုရား၊ တပည့်တော်မျက်ရည်ဟာ နိုင်မာလှပါသည်ဘုရား၊ အဲဒီ နိုင်မာလာလှတဲ့မျက်ရည်ဟာ အရှင်ဘုရားကြွမယ်ဆိုတော့ ကျရပါတယ်ဘုရား"

မိမိလည်း စိတ်မကောင်းလှပါ။ သို့သော် မိမိအတွက် သပ္ပာယမမျှတ၍ ဆက်လက်နေပါက ကျန်းမာရေး တရားရေးတွေ အားလုံးဆုတ်ယုတ်မည်ဖြစ်ပါ၍ အာမမခံနိုင်ပါ။

"အရှင်ဘုရား၊ တပည့်တော်ရဲ့ ကျမျက်ရည်ဟာ လောကရေး မဖက်၊ ဓမ္မရေးသက်သက်ပါဘုရား"

http://www.dhammadownload.com



အချိန်တွေ ရွေ့လျောခဲ့၏။ ရက်မှလ၊ လမှနှစ်သို့ပြောင်းခဲ့၏။ မိမိလည်း ပြောင်းခဲ့သည်။ ဆရာတော်ကား ဘယ်စခန်းနှင့် ဘယ်လမ်းသွားနေသနည်း၊ အတိတ်ကား ကျန်ခဲ့ပြီတကား။

❀ ပရိယတ်ပဋိပတ်၊ ဤနှစ်ရပ်၊ ထင်ဟပ်သိပါလေ၊
❀ နှစ်ရပ်နှစ်သွယ်၊ စပ်၍ကွယ်၊ အလွယ်ကျင့်တတ်စေ၊
❀ နှစ်သွယ်နှစ်ရပ်၊ မစပ်တတ်၊ ကျင့်ရပ်လွယ်မည်လေ၊
❀ ကျင့်ရပ်လွဲက၊ ပင်ပန်းရ၊ ဒုက္ခဆင်းရဲပေ။
❀ ယခုဆင်းရဲ၊ နောက်ငရဲ၊ မလွဲရောက်မည်ပေ။

http://www.dhammadownload.com



# နိဂုံး

## ရေးခ – ရေးပြီး

ဤမျှသော စကားအစဉ်ဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ **ဓမ္မဒူတတောရ**တွင် သီတင်းသုံးလျက် နွေရာသီ ဓမ္မဒေသနာခရီး လှည့်လည်စဉ်အချိန်ရသမျှ ရေးသား၍ အပြီးမသတ်သေးသော စာမူများကို ဆက်လက်ရေးသားရာ ဤ **ဗုဒ္ဓဝင်မှုပြဿနာ**(၅)သည် ၁၃၄၁–ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဓမ္မဒူတ တောရ တစ်နှစ်တိတိ ပြည့်မြောက်နေ့တွင် ဘေးမသီ ရန်မခ အန္တရာယ် မဖေးယှက်ဘဲ ဆုံးခန်းတိုင်မြောက် အပြီးသို့ ရောက်ပါသည်။

## ကျေးဇူးဆပ်ပါ၏

ဤဗုဒ္ဓဝင်မှုပြဿနာများ(၅)ကို ရေးသားရသော ကောင်းမှုကုသိုလ်များဖြင့် မိမိပေါ်တွင် ကျေးဇူးဥပကာယ အထူးရှိကြပေ

http://www.dhammadownload.com



ကုန်သော မိဘနှစ်ပါး ဆရာသမားများ ရဟန်းဒကာ ရဟန်း အစ်မများ၊ ကျောင်းဒကာ ကျောင်းအစ်မများ၊ ပစ္စည်းလေးပါး ဒကာ ဒကာမများ ဝေယျာဝစ္စပြုလုပ်ပေးသူများ၊ ဆွေမျိုးညာတကာ မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုန့်ပြန်ဆပ်ပါ၏။

## အမှာစေပါ၏

ဤဗုဒ္ဓဓမ္မပြဿနာများ(၅)ကို ရေးသားရသော ကောင်းမှု ကုသိုလ်၏ အဖို့ဘာဂကို "မြင့်မိုရ်စက္ကဝါ၊ ပမာဆယ်စု၊ နိုင်းမတု အောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာ နှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ် နေစု၊ စတုပစ္စယာ၊ ဒါယကာ ဒါယိကာမ၊ ဒေါ်ဝါစရက်၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့်၊ ရုပ်မြတ်ကြည်ဖြူ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုန်း၊ သိမ်းကြုံးလုံးစုံ၊ နိဂုံဇနပဒ၊ ဝေးနီးစသည်၊ ရှိကြထိုထို၊ များလှူ မိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခာ၊ အာကာသစိုး၊ တန်ခိုးမဟိဒ္ဓိ၊ ပုညဖိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္ကာ၊ ဝါသဝနှင့်၊ လောကစောင့်လျှင်း၊ နတ်မင်းလေးဖြာ၊ သာတာဂိရ၊ ဟေမဝတ၊ က္ကန္ဒစိတ္တ၊ စသည်တွက်ဘွဲ့၊ နှစ်ဆယ့် ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီတထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ပြားတတ်သည့်၊ မဏိမေခလ၊ နတ်မယ်လျှနှင့်၊ ဒသက္ကသရ၊ လောကသဟာသ်၊ ဝန်းပတ်ရံခြံ၊ မဟာဗြဟ္မာတို့ ပြော

http://www.dhammadownload.com



ဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေသွားရေပေါက်၊ ထိရွေ့လောက်ထိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြွင်ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငှမသွေ၊ "**အမျှ-အမျှ-အမျှ**" ပေးဝေငှသည်၊ ရစေငါ့နှယ် အတူတည်း။

## ဆုတောင်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာများ(၅)ကို မေတ္တာကရုဏာရှေ့ထားကာဖြင့် ရေးသားရသော သမ္မာဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဖက်ပါသော မဟာခေါ်ဆို မြားမြောက်လှသော ကောင်းမှုကုသိုလ် စေတနာတို့ကြောင့် အရဟတ္တမဂ်ဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါအများကို တရားစည်ကြီး သောင်းထိုက်ဟည်းအောင် ရွက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

## တောင်းပန်တိုက်တွန်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာ(၅)၌ တိမ်းပါး ချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်ခဲ့ကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



ဗုဒ္ဓမိန့်ဟာ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြဒေသနာ ကျင့်ကြံစရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟာ လမ်းစဉ်ပသည့် အပြစ်ရှိငြား၊ လမ်းမှားမိစ္ဆာ ရှောင်ရှားစရာများကိုလည်း နေ့ညမအား ကြိုးစား၍ ရှောင်ရှား နိုင်ကြပါစေကုန်သတည်း။

ယင်းသို့ လိုက်နာကျင့်ကြံစရာ လိုက်နာကျင့်ကြံနိုင်၍ ရှောင် ရှားစရာများကို ရှောင်ရှားနိုင်သဖြင့် လောကီ အကျိုးစီးပွား လောကုတ္တရာ အကျိုးစီးပွားတို့ တိုးပွားနိုင်ကြပါစေကုန်သတည်း။

**တေဒင်္ဂ–အရှင်ပညာဇောတ**
ဓမ္မဒူတတောရ
တောင်စွန်းမြို့၊ ဘီလင်းမြို့နယ်၊
မွန်ပြည်နယ်
၁၃၄၁–ခုနှစ်၊ ကဆုန်လပြည့်နေ့
(၁၀–၅–၇၉)